ဂျူး

# ကြယ်ကြွေတို့ရဲ့အတောင်ပံ

*မေမေ....*

*လောကကြီးမှာ*

*ကြွေသွားတဲ့ ပန်းတွေ အများကြီး။*

*အဲဒီထဲမှာ ပန်းပြန်ပွင့်တဲ့ပန်း*

*မရှိဘူးလို့ ထင်လား။*

*တချို့ ပန်းပွင့်တွေက*

*တစ်စစီ ဖွဲ့ချွေခံလိုက်ရပေမဲ့*

*ပန်းပြန်ပွင့်နိုင်တဲ့ သတ္တိတွေ ရှိတယ်။*

(၁)

အပြာရောင်သည် မျက်စိအေးစရာ ဖြစ်သော်လည်း နံရံကပ် ပိုစတာကြီးထဲမှ အပြာရောင် မြစ်ကြီးကို မြင်လိုက်ရချိန်တွင် သူ့ရင်ထဲမှာ ပူလောင်သွားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဤအခန်းထဲမှာ မြစ်ကြီးတစ်စင်း ရှိနေတာ မကောင်းပါ။ နည်းနည်းမှ မကောင်းတာပါ။

ပိုစတာဓာတ်ပုံထဲက မြစ်ကြီးကြောင့် တစ်ခုခု ပိုဆိုးသွားမှာကို သူစိုးရိမ်မိသည်။ အခုကိုပဲ မေ့မေ့ မျက်လုံးတွေက ထိုမြစ်ကြီးဆီသို့ စိုက်ကြည့်နေပြီ။ မြစ်ပြင်မှာ ရေလှိုင်းတွေ ရှိနေသော်လည်း ကြမ်းတမ်းသည့် လှိုင်းတံပိုးတွေ မဟုတ်။ သို့သော် မြစ်ဆိုသည်ကတော့ ကျယ်ပြန့်သည့် ရေလှိုင်းတွေကို ကိုယ်စားပြုရာရေပြင်ကြီးပါပဲ။

'ကဲ ဆက်ပြောပါဦး ညညကျ မအိပ်ဘဲ ဘုရားချည်း ထိုင်ထိုင် ရှိခိုးနေတာ ဘယ်လောက်ကြာပြီလဲ'

'ဆယ်ရက်လောက်ရှိပြီထင်တယ် ဆရာ'

'ဟုတ်လား ဘာဖြစ်လို့ မအိပ်ဘဲ ဘုရားချည်း ရှိခိုးနေတာလဲ ပြောပါဦး'

မေမေ မဖြေ။
မေမေ သူ့ကို စိတ်ဆိုးနေမလား။
ကျွန်တော့်ဆရာတစ်ယောက်ဆီ သွားကန်တော့ချင်လို့ မေမေလိုက်ခဲ့ပါ ဟု ခေါ်လာခဲ့သည်။ ထိုဆရာမှာ စိတ်ရောဂါကုဆရာဝန်တစ်ယောက် ဖြစ်သည်ကိုတော့ မပြောခဲ့။ မေမေများရိပ်မိနေသလား။ မရိပ်မိလောက်ပါဘူး။ မေမေက ပညာတတ်မှ မဟုတ်ဘဲ။

'မေမေ ဖြေလိုက်လေ မေမေရဲ့ မေမေ ဘာဖြစ်လို့ ညမအိပ်တာလဲဆိုတာ'

'မင်းသိသားပဲ မင်းဖြေလိုက်ပါလား ငါဖြေရင် အမြီးအမောက်မတဲ့ဘဲ နေဦးမယ်'

'မအိပ်တဲ့လူကိုယ်တိုင်က ပြောတော့ ပိုတိကျတာပေါ့။ ဆရာ့ကို ဘာမှ အားနာစရာမရှိဘူး' ဟု ဆရာက ဝင် ပြောသည်။

'ကျွန်မ အိပ်ရင် ရေနစ်မှာ'

'ဘယ်လို ရေနစ်မှာလဲ'

'အိပ်မက်ထဲမှာ ရေနစ်မှာ'

'သြော'

'မြစ်ပြင်ကြီးက အကျယ်ကြီးပဲ လေတွေကလည်း တိုက် ရေလှိုင်းတွေကလည်း အကြီးကြီးတွေ ရေထဲမှာ ကျွန်မမောနေပြီ ဒီတော့ ရေနစ်တော့မှာပေါ့'

မေမေက ဆရာ့နောက် မြစ်ကြီးကို မျက်စိလွှဲလျက် ဖြေသည်။

'အိပ်မက်ထဲမှာလား'

'ဟုတ်တယ်'

'အိပ်မက်ဆိုးဆိုတာ အားနည်းရင် စိတ်ပူပန်ရင် မက်တတ်တာပဲ။ အိပ်ရေးဝဝအိပ် အစားမှန်မှန် စားရင် အိပ်မက်ဆိုး မမက်ဘူး'

'ဒါပေမယ့် အဲဒီမြစ်ကြီးကို ကျွန်မ အိပ်တိုင်းမက်နေတာ ဆရာ။ ဒါကြောင့် ကျွန်မ မအိပ်ရဲတော့တာ။ မအိပ်ရဲတော့ ကျွန်မ ဘုရားထိုင်ထိုင် ရှိခိုးနေမိတာပေါ့'

'ညမှာ မအိပ်တော့ နေ့ခင်းဘက် အိပ်လား'

မေမေက ဘယ်လိုဖြေရင် ကောင်းမလဲဟု စဉ်းစားဟန်ဖြင့် ခဏငြိမ်သွားခိုက် သူ မေ့မေ့ ကိုယ်စား ဝင်ဖြေပေးလိုက်သည်။

'မအိပ်ဘူး ဆရာ နေ့ခင်းကျတော့ မေမေက ငိုငိုနေတာပဲ'

'ကဲ နေ့လည်တွေမှာ ဘာဖြစ်လို့ငိုမိတာလဲ ပြောပါဦး'

'အော် ဒီလိုပါပဲ ဆရာရယ်။ နေ့ခင်းကျတော့လဲ စိတ်ပူစရာတွေ ဝမ်းနည်းစရာတွေ အများကြီး'

'အဲဒီစိတ်ပူစရာတွေထဲက တစ်ခုကို ပြောပါဦး'

'အမေ့ဓာတ်ပုံ ကျကွဲသွားတယ်'

မေမေက တုံးတိတိဖြေသည်။

'ဓာတ်ပုံ ကျကွဲတော့ ဘာကို စိုးရိမ်သွားမိတာလဲ'

ဘယ်တုန်းက ကြွေလုကြွေခင် ဖြစ်နေမှန်းမသိ။ ပန်းစိုက်အိုးထဲက အဝါရောင်နှင်းဆီတစ်ပွင့်၏ ပွင့်ချပ်ကလေးတစ်ခု ကြည့်နေဆဲ မျက်စိအောက်မှာပင် ကြွေကျသွားသည်။ ဒုက္ခပါပဲ။ နွမ်းပြီး ကြွေသော ပန်းပွင့်တစ်ပွင့်ကြောင့် ထူးထူးခြားခြား ဝမ်းနည်းစရာမရှိပေမဲ့ အခုတလော ထိရှကြေကွဲလွယ်နေသည့် မိခင်အတွက် တုန်လှုပ်စရာဖြစ်နေမှာ သေချာသည်။

'အမေများ တစ်ခုခု ဖြစ်သလားလို့ စိုးရိမ်တာပါ'

ဖြူဆွတ်သော စားပွဲခင်းပေါ်မှာ အခုပဲ ကြွေကျသွားခဲ့သော ပွင့်ချပ်လေး။ နိမိတ်ဆိုးကို ကြောက်လန့်နေသော မိခင်သည် ထိုပွင့်ချပ်ကြွေလေးကို ငေးကြည့်နေ၏။

'အမေနဲ့ အတူမနေဘူးလား'

'အမေက အဝေးကြီးမှာဆရာ'

'အမေက ဘယ်သူနဲ့နေတာလဲ။ တခြား သားသမီးတွေ ရှိလား'

'အစ်မနဲ့ အတူနေတယ် ထင်တယ်'

နေမယ်ထင်တယ် ထိုစကား၏ မသေချာမှုကို စိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးနေမျိုးက ထူးခြားဟန်မပြဘဲ အသာ နားထောင်နေပြီးမှ မေးခွန်းမေးသည်။

'အမေနဲ့ ရော အဆက်အသွယ်မှန်မှန်ရလား'

ထိုမေးခွန်းကြောင့် မိခင်မျက်နှာပျက်သွားသည်။ ဖြည်းညင်းစွာ ခေါင်းယမ်းလိုက်သော မိခင်၏ မျက်လုံးတွေ ရီဝေနေ၏။
'စာတွေ တယ်လီဖုန်းတွေလေ'

ဆရာ့ အသံက ပုံမှန်။ မေမေက ခေါင်းကိုသာ ခါယမ်းနေသည်။

'အဆက်အသွယ်မရတာ ကြာပြီလား'

မေမေ ခေါင်းညိတ်သည်။

'ဘယ်လောက် ကြာပြီလဲ'

မေမေ ဘာမှ မဖြေ။ သူ စိုးရိမ်တကြီး လှမ်းကြည့်နေဆဲမှာပင် မေမေ မျက်ရည်တွေတွေကျလာသည်။

'ကြာပြီ။ မောင်မင်းဉာဏ်ရဲ့အသက်နဲ့ အမျှပဲ'

ဆရာ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဆရာဝန်ဖြစ်ပြီး သွားတာ လေးငါးနှစ်မက ကြာပြီဖြစ်သော မင်းဉာဏ်၏ အသက်ကို ဆရာခန့်မှန်းမိမှာပေါ့။ ဆရာ့မျက်နှာမှာ ခံစားချက်တစ်ခုခု မတွေ့ရပါ။

'ကျွန်တော့်အသက် ၂၇ နှစ်ပါ ဆရာ'

'တော်တော်ကြာပြီပဲဆိုပါတော့။ အမေအဆက်အသွယ်မလုပ်တဲ့အချိန်မှာ ကိုယ့်ဘက်ကရော ကြိုးစားပြီး မဆက်သွယ် ခဲ့ဘူးလား'

အခန်းတစ်ခုလုံး တစ်ခဏတိတ်ဆိတ်သွားသည်။ မေမေ ခေါင်းလည်း မညိတ်။ စကားလည်း မပြော။ လှုပ်လည်း မလှုပ်။ တိတ်ဆိတ်မှုကို ဆရာက စိတ်ရှည်ရှည် စောင့်နေသော်လည်း သူက မနေတတ်။ မေမေ့ကို တစ်လှည့် စားပွဲမျက်နှာပြင်ပေါ်မှ နှင်းဆီပွင့်ချပ်ကြွေလေးကို တစ်လှည့် ကြည့်ရင်း သူထိုင်နေရာမှာပင် လှုပ်လှုပ်ရွရွ ဖြစ်နေမိသည်။ ပြောလိုက်လေ မေမေ။ ဆိုဖာလက်တင်ပေါ်တွင် သူ့လက်တွေ အငြိမ်မနေ လှုပ်လှုပ်ရွရွ ဟိုခြစ် ဒီခြစ် ဖြစ်နေသည်။ ဆရာ့ကို ကြည့်လိုက် မိခင်ကို ကြည့်လိုက်။ အခုလို တိတ်ဆိတ်နေတော့ သူမနေတတ်ပါ။ ဆရာ့ကို အားနာနေမိသည်။ ဆရာက အပြုံးမပျက် မေးခွန်းတစ်ခုကို ထပ်မေးသည်။

'မိန်းကလေးကို အမေက စိတ်ဆိုးနေခဲ့လို့လား'

မိန်းကလေးတဲ့။
ဆရာက မေ့မေ့ကို မိန်းကလေးဟု ကြင်ကြင်နာနာ သုံးနှုန်းလိုက်သည်။ မင်းဉာဏ်၏မေမေသည် ဆရာ့သမီးအရွယ်မျှသာ ရှိနိုင်မည်ထင်သည်။ ဆရာ့အသက်က ခုနစ်ဆယ်ကျော်ခဲ့ပြီ။

ထို့နောက် မေ့မေ့ထံမှ ရှိုက်သံကို ကြားရတော့သည်။

'မေမေက ကျွန်မကို စိတ်ဆိုးမနေခဲ့ပါဘူး'

'စိတ်မဆိုးဘဲနဲ့ ဘာဖြစ်လို့ သမီးကို အဆက်အသွယ် မလုပ်ခဲ့တာလဲ'

သမီးကို။
သမီးဟူသောစကားလုံးကြောင့်မေမေ၏ကြိုတင်ကာကွယ်ထားသော တံတိုင်းကြီး ကျိုးပေါက်သွားပုံရသည်။ မေမေ ငိုလေသည်။

'ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မ ဘယ်မှာနေမှန်း အမေမှ မသိဘဲ။ ကျွန်မ အိမ်ကနေ ထွက်ပြေးလာတာ။ ကျွန်မသေပြီလို့ အမေထင်သွားမှာပါ'

မေမေနှင့်ဆရာဝန်ကြားတွင် ဘာမှမခြားနားတော့သည့်အတွက် သူဝမ်းသာသွားပါသည်။ မေမေ အခုလို တစ်ယောက်ယောက်ကို အားကိုးတကြီး ရင်ဖွင့်ပြောပြဖို့ လိုအပ်နေတာ နှစ်ပေါင်း တော်တော်ကြာပြီ။

'ဒီလောက်နှစ်တွေ အကြာကြီးမှာ တစ်ခါမှ အမေ့ကို စိတ်မပူခဲ့ဘူးလား'

'ပူတော့ ပူတာပေါ့။ တစ်ခါတစ်လေ တော်တော်စိတ်ပူပါတယ်။ ဒါပေမယ့် အမေ့နားမှာ အစ်မရှိမှာပဲလို့ တွေးခဲ့တာ။ အစ်မက အမေ့ကို ဂရုစိုက်မယ်လို့ ကျွန်မတွေးမိတော့ စိတ်ချတယ်'

မေမေ မဖြေဘဲ သူ့ကို လှည့်ကြည့်၏။ သူက မေ့မေ့လက်တစ်ဘက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လျက် ပြုံးပြလိုက်သည်။ မေမေက ဆရာ့ကို မကြည့်ဘဲ ဖြေသည်။

'ခါတ်ပုံကွဲသွားလို့ '

ဆရာ ခေါင်းညိတ်သည်။

'ခါတ်ပုံကွဲသွားတော့ မြန်မာထုံးတမ်းဓလေ့ ယုံကြည်မှုအရ ဒါ နိမိတ်မကောင်းဘူးလို့ စိတ်ထင့်သွားတယ်ပေါ့။ ဒါက ဖြစ်တတ်ပါတယ်။ တစ်လလုံး ငိုနေတယ်ဆိုတော့ တစ်လလုံး စိတ်ပူနေခဲ့လို့ ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'
'စိတ်ပူရင် အမေ့ဆီ သွားလို့ မရဘူးလား'

မေမေ ခဏ တိတ်ဆိတ်သွားသည်။

'သမီးက အမေ့ကို စိတ်ဆိုးနေလို့ လား'

မေ့မေ့ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်သွားသည်။

'ဟင့်အင်း ကျွန်မအမေ့ကိုဘယ်တုန်းကမှ စိတ်မဆိုးခဲ့ဘူး။ ကျွန်မ အမေ့ကို စိတ်ဆိုးလို့ အိမ်က ထွက်ပြေးတာ မဟုတ်ဘူးလေ'

'ဒါဖြင့် ဘာဖြစ်လို့ အိမ်က ထွက်ပြေးလာတာလဲ'

'အမေ့ကို သနားလို့ '

'ဘာကြောင့် သနားတာလဲ'

မေမေ မဖြေပါ။ မေမေမဖြေတာကို ဆရာကလည်း ဖွတ်မမေးပါ။ မေးခွန်းကို လွှဲပစ်သည်။

'အမေအခု ဘယ်မှာနေတယ်လို့ သိလား'
'ရွာမှာပဲ ရှိချင်ရှိနေမယ်။ ဒါမှမဟုတ် အစ်မက တစ်နေရာရာ ပြောင်းသွားလို့ အမေလိုက်သွားရင် ရွာမှာ မရှိတော့ဘူး'

'ရှာက ဝေးလား'

'အဝေးကြီးပဲပေါ့'
'ဘာရှာလဲ'
'ဘာရှာမှန်းမသိလို့ ခက်နေတာပေါ့'

သည်တစ်ခါတော့ ဆရာ အံ့ဩသွား၏။

'ရှာနာမည်သာ သိရင် မောင်မင်းဥာဏ်ကို လွှတ်ပြီး စုံစမ်းခိုင်းပြီပေါ့ ဆရာရဲ့။ အခုတော့ ရှာနာမည်ကို မမှတ်မိတော့ ကျွန်မ ငိုရုံက လွဲလို့ဘာတတ်နိုင်မတဲ့တုန်း'

'မြစ်နဲ့တော့ နီးတယ် မဟုတ်လား'

'နီးတယ်'
"ဘာမြစ်လဲ'
'ဧရာဝတီမြစ်'

ဆရာက အသံထွက်ပြီး ရယ်သည်။ မေမေကလည်း လိုက်ရယ်၏။ မေ့မေ့ရယ်သံကြောင့် သူစိတ်ချမ်းသာသွားသည်။

'ဧရာဝတီက အရှည်ကြီး မနင်းမှုန်ရဲ့'

'ကျွန်မသိပါတယ်'
အခုမှ တကယ့်ပြဿနာကို ဆရာတွေးမိသွားတာ ဖြစ်လိမ့်မည်။
ဆရာ ခဏ တိတ်ဆိတ်သွားပြီးမှ

'ကောင်းပြီ အခု သမီးစိတ်ထဲမှာ ဘာတွေ ခံစားနေရလဲ ဘာတွေ ဖြစ်ချင်နေလဲ ဘာကို မဖြစ်ချင်ဘူးလဲ ဆရာ့ကို ပြော'
ဆရာက ပြုံးလျက် မေးသည်။

'ကျွန်မ မြစ်ကို အိပ်မက် မမက်ချင်ဘူး'

'မြစ်ကို အိပ်မက်မမက်ဖို့ကတော့ လွယ်ပါတယ်ဗျာ။ ဆေးလေး တစ်ခြမ်းလောက် သောက်လိုက်ရင် ရတယ်'

'ဟင် တကယ်'

'တကယ်ပေါ့ကွယ်'
မေမေ သူ့ဘက်သို့စောင်းငဲ့ကြည့်သည်။ ဟုတ်နိုင်ပါ့မလား ဟု သားဖြစ်သူထံမှ ထောက်ခံချက် တောင်းနေသလို။ သူ မေ့မေ့ကို ပြုံးပြလိုက်၏။

'ဆေးသောက်မယ် မဟုတ်လား'

'သောက်မယ်'
မိခင် အနည်းငယ် စိတ်တည်ငြိမ်သွားသည်။

'ဟုတ်ပြီ။ ပြီးတော့ ဘာဖြစ်ချင်လဲ'
'အမေ အသက်ရှင်ရက်မှ ရှိနေသေးရဲ့လား စိတ်ပူတယ်'

'အမေ့နာမည်ရော မှတ်မိရဲ့လား'

'အို မှတ်မိတာပေါ့။ အမေ့နာမည်က ဒေါ်လေးရှင်'

မေမေက မေးမှ မေးရက်ပလေဟူသည့် မျက်နှာထားဖြင့် ဆရာ့ကို ခပ်မှုန်မှုန် ပြုံးကြည့်လျက် ဖြေလေသည်။

'နောက်ကော စိတ်ပူစရာတွေ ရှိသေးလား'

မေမေက သူ့ဘက်သို့လှည့်ကြည့်သည်။

'အင်း ကျွန်မသား မဟုတ်က ဟုတ်က မိန်းမတွေနဲ့ရသွားမှာကို စိတ်ပူတယ်'

ဝေလွင်။
မဟုတ်ကဟုတ်ကမိန်းမ ဆိုသောအသုံးအနှုန်းကြောင့် ဝေလွင့်ကို အားနာသွားသည်။ မေမေ အဲဒီလို မပြောပါနဲ့။ သူ့ရင်ထဲမှာ ထိရှနာကျင်လာ၏။
သို့သော် စိတ်ထိခိုက်နေသည့် မိခင်ကို သူ အလျှော့ပေးရမည်။ သူ မိခင်လက်ကို နှစ်သိမ့်ပြုံးဖြင့် ဆွဲယူဆုပ်ကိုင်မိသည်။

* * *

(၂)

ဂရုတစိုက် အသံတိုးထားခဲ့ပေမဲ့ တယ်လီဖုန်းသံသည် သူ့နားထဲမှာ ကျယ်လောင်နေသည်။ အိပ်ရာပေါ်မှာ အိပ်ပျော်ခါစ မေမေ့ကို စိုးရိမ်တကြီး ငုံ့ကြည့်မိ၏။ မေမေများ နိုးသွားမလား။
သူလှစ်ခနဲ ထပြီး ခုတင်ဘေးက တယ်လီဖုန်းဆီရောက်သွားသည်။ ကောက်ကိုင်ဖို့ဟန်ပြင်ပြီးမှ မကိုင်တော့ဘဲ အသံကို အဆုံးထိအောင် တိုးမှိန်ပစ်လိုက်၏။ ထို့နောက် ဧည့်ခန်းဆီသို့ ခြေဖော့လျက် အပြေးအလွှား ထွက်လာခဲ့သည်။

ဧည့်ခန်းထဲက တယ်လီဖုန်းသည် အသံခပ်တိုးတိုးဖြင့် မြည်နေဆဲ။ သူ ကမန်းကတန်း ကောက်ကိုင်လိုက်၏။

'ဟဲလို'
သို့သော် တစ်ဘက်က စိတ်လျှော့သွားပြီ။ တိတ်ဆိတ်နေသော တယ်လီဖုန်းကို သူပေတေပြီး နားထောင်နေသေးသည်။ ပြီးမှ အသာပြန်ချလိုက်သည်။

ဝေလွင်များလား။
ဝေလွင် မနက်ဖြန် ပြန်ရောက်မည်။
လေဆိပ်မှာ လာမကြိုနိုင်ကြောင်း အီးမေးလ်ဖြင့် လှမ်းတောင်ပန်သော မိမိစာကို ဝေလွင်ဖတ်ပြီး စိတ်တိုလို့ လှမ်းဆက်တာ ဖြစ်မည်လား။
သူတယ်လီဖုန်းကို ဘယ်အချိန်မှာများ ပြန်မြည်လာဦးမလဲဟု မျှော်လင့်တကြီး စောင့်နေသည်။ ငါးမိနစ်။ ဆယ်မိနစ်။ တယ်လီဖုန်းက တိတ်ဆိတ်နေခဲ့သည်။

ဟန်မဆောင်ဘဲ ပွင့်လင်းစွာ ရယ်မောတတ်သော ဝေလွင့် အသံကို သူလွမ်းသည်။ သူပြောနေကျ ဒဿနပုံပြင် အတိုအစတို့ကို ပြန်ပြောပါဦးဟု နှစ်သက်တတ်သော ဝေလွင့်မျက်လုံးလေးတွေကို သူလွမ်းသည်။ ဝေလွင်စိတ်ကောက်မှာကို တွေးမိရုံနှင့်ပင် ရင်ထဲက နာကျင်လာခဲ့သည်။

ခပ်ငိုင်ငိုင် ထိုင်နေရာမှ သူ ဖြုန်းခနဲ ထလိုက်သည်။

လက်ဆွဲအိတ်ထဲက မှတ်စုစာအုပ်ကို ထုတ်ပြီး ဝေလွင့်ဖုန်းနံပါတ်ကို ရှာသည်။ စာမျက်နှာတွေသာ ကုန်သွားသည်။ မတွေ့။ ဒီစာအုပ်ထဲမှာမှ ဟုတ်ရဲ့လား။ မှတ်စုစာအုပ်တွေ သုံးလေးအုပ်လောက် ခွဲထားမိသော မိမိကိုယ်ကို ဒေါသထွက်လျက် စာအုပ်တွေ အကုန် မွှေနှောက်ရှာဖွေသည်။ နောက်ဆုံးတော့ ပထမဆုံးရှာသည့် သတိပေးသည့်နေ့စွဲများနှင့် မှတ်စုစာအုပ်ထဲတွင် သွားတွေ့ သည်။ အလောတကြီး ထူထူပူပူ ဖြစ်တတ်သော ကိုယ့်အလေ့အကျင့်ကို ကိုယ်မကြိုက်နိုင်။

သူတယ်လီဖုန်းကို ဖြုန်းခနဲ ကောက်ကိုင်လိုက်ပြီး နံပါတ်တွေကို နှိပ်မိသည်။ မြန်မာနိုင်ငံကနေ တခြားနိုင်ငံသို့ဖုန်းခေါ်ခမှာ တခြားနိုင်ငံမှ မြန်မာနိုင်ငံသို့ခေါ်သည့် နှုန်းထားထက် ပိုပြီး ဈေးကြီးသောကြောင့် တော်ရုံတန်ရုံ ဘယ်တော့မှ ဖုန်းမခေါ်ခဲ့။ အခုတော့ ဝေလွင် စိတ်ကောက်မည့် အဖြစ်ကို သူကြောက်လေသည်။ သူရင်ခုန်စွာ စောင့်သည်။

ကံဆိုးလှပါလား။

တယ်လီဖုန်းထဲမှာ သူနားမလည်သည့်စကားတွေကို မိန်းမသံဖြင့် ပြောနေ၏။ ထိုင်းစကားသံပဲ။ အခိပ္ပါယ်က ဘာပါလိမ့်။

'ဝေလွင်'
စက်ဖြင့် သွင်းထားသော အသံက ရပ်မသွား။ သူ့စကားကိုလည်း ဘယ်သူမှ ကြားမှ မဟုတ်မှန်း သူသိသည်။
ဝေလွင့်တယ်လီဖုန်း မဟုတ်ဘူးလား။ ဖုန်းက ဘာဖြစ်နေပါလိမ့်။

ထို့နောက် သူ့ဟာသူ ရှက်သွားမိသည်။ စောစောက မြည်ခဲ့သည့်ဖုန်းကို ဝေလွင့်ဆီကလို့ တစ်ထစ်ချ တွေးလိုက်မိတာ ပါလား။ဟုတ်ချင်မှ ဟုတ်မှာပေါ့။ သူ့ထံသို့ညအချိန်တွင် တယ်လီဖုန်းဆက်နိုင်လောက်သည့် အသိမိတ်ဆွေ လုပ်ဖော်ကိုင်ဖက် လူစာရင်းက စာမျက်နှာ တစ်မျက်နှာတောင် ကျော်လိမ့်မည်။

ဝေလွင်။

မနက်ဖြန်ပြန်ရောက်လာတော့မည် ဆိုပါမှ သူ ဝေလွင့်ကို အပြင်းအထန် လွမ်းနေမိတော့သည်။ မနက်ဖြန် လေဆိပ်သို့သွားကြို ရမည့်အချိန်သည် မေမေ့ကို ဆရာဦးနေမျိုးက ချိန်းထားသည့် အချိန်နှင့် ကွက်တိတိုက်နေသည်။ ဆရာကလည်း တီဂျီ လေယာဉ်ဆိုက်မည့် အချိန်မှာမှ ချိန်းပဲ ချိန်းတတ်လွန်းသည်။ တခြားကိစ္စဆိုလျှင် ရက်နောက်ရွှေ့လိုက်လို့ရချင် ရဦးမည်။ မေမေ့ စိတ်ဝေဒနာကိစ္စ ဖြစ်လေတော့ တစ်ရက်မှ မရွှေ့သင့်ပါ။

သူ မဟာဒေါတက္ကသိုလ်မှာ ဘွဲ့လွန်တက်ပြီး ပြန်ရောက်လာသည့် နေ့တုန်းကတော့ ဝေလွင် သူ့ကို လာကြိုခဲ့သည်။

'ဥာဏ့်ကို တွေ့ရဖို့လောက် ဘယ်ဟာမှ အရေးမကြီးပါဘူး' တဲ့။

သူကတော့ ဝေလွင့်ကို မနက်ဖြန် သွားမကြိုနိုင်။
ဝေလွင့်ကို အားနာသွားမိ၏။
မေမေ့ကို ဆေးခန်းပြရမှာမို့ပါ ဝေလွင်ရယ်။ မေမေက တို့လိုက်မပို့ရင် သွားမှာ မဟုတ်ဘူး။ ဆေးခန်းကို မသွားရင် မေမေ့ဝေဒနာက ပိုကြာသွားလိမ့်မယ်။
ဝေလွင့်ကို ကြိုဖို့ ဆေးခန်းကို ရက်ရွှေ့ခဲ့လျှင်လည်း တစ်ချိန်ချိန်မှာ မေမေသိသွားခဲ့လျှင် ဝမ်းနည်းကြေကွဲစွာ နာကျင်လိမ့်မည်။
ဝေလွင့်အတွက်မို့ပို၍ နာကျင်ပါလိမ့်မည်။

* * *

(၃)

ဝေလွင်သည် လွန်ခဲ့သည့် ခုနစ်လတုန်းကထက် ပိုဝလာသည်။ နဂိုက ဖြူဖြူဖွေးဖွေး တစ်တစ်ရစ်ရစ် ကိုယ်ခန္ဓာလေးက အခုတော့ ဝဝကစ်ကစ်လေး ဖြစ်နေသည်။ ဝေလွင်ဝတ်ထားသည့် အင်္ကျီက ခပ်ပါးပါး အနက်ရောင်ကြပ်ကြပ်။ ဝေလွင့် စကတ်က ဒူးဆစ်၏အောက် သိပ်မရောက်သလိုပဲ။ မေမေ့ တောသူ မျက်စိထဲမှာဖြင့် ဝေလွင်သည် မဟုတ်ကဟုတ်က မိန်းမရာထူးကနေ တက်လာဖို့ လမ်းမမြင်။ သူ့အတွက်ကတော့ ဝေလွင်သည် ကြည့်ကောင်းရုံ ခေတ်ဆန်သည့် ချစ်သူ မိန်းကလေးတစ်ဦးပါပဲ။

'ဝေလွင် ကျမ်းပြုစုရတာ တော်တော်ပင်ပန်းတယ်ထင်တယ်။ ဝကစ်လို့ပါလား'

တိုက်ခန်းတံခါးကို ဖွင့်ပေးပြီးလျှင်ပြီးချင်း သူ ဝေလွင့်ကလို စနောက်နှုတ်ဆက်သည်။ ဝေလွင်က ခပ်တင်းတင်းပင်။ ကြိုးရှည်ရှည် လက်ကိုင်အိတ်ကို စားပွဲပေါ်ဖျက်ခနဲ ပစ်တင်ပစ်လိုက်၏။

အဖြူဆွတ်ဆွတ် နှင်းဆီပန်းဆယ်ပွင့်ကို ပလတ်စတစ် အကြည်စဖြင့် စုထုပ်စည်းထားသည့် ပန်းစည်းမှာ ဧည့်ခန်းစားပွဲပေါ် ကန့်လန့်တင်လျက်သား။ ဝေလွင့်လက်ကိုင်အိတ် အနက်ရောက်လေးက အဖြူရောင်ပန်းပွင့်တွေပေါ်သို့ တစ်ပိုင်းတစ်စ တင်သွားသည်။

'ဒီမှာကြည့် ဝေလွင့်ကို ပေးဖို့ပန်းစည်း။ မနက်က စျေးသွားရင်း တို့ဝယ်ပြီး ရေစိမ်ထားခဲ့တာ။ ဝေလွင့်အတွက်လေ' သူပြောသည့်အခါ ဝေလွင်က မျက်စောင်းထိုးသည်။

'တော်ပါ။ ညရှစ်နာရီအထိ မရောက်လာတဲ့လူက ဘယ်အချိန်ရောက်လာမှာလဲ။ တို့မှ မလာရင် တွေ့ကြရမှာ မဟုတ်ဘူး။

'တို့ ဖုန်းဆက်တယ်လေ'

'ဖုန်းဆက်တာက လူကို မြင်ရတာမှ မဟုတ်ဘဲ'

ဝေလွင်က မျက်နှာကြောတင်းတင်းနှင့် ရောက်ကတည်းက နည်းနည်းမှ မပြုံးသေး။

'တို့ လာတဲ့အထိ စောင့်ရောပေါ့ဝေလွင်ရယ်'

သူအားနာနေတော့သည်။
'ဘာလဲ ယူ့အမေ အိပ်ပျော်သွားမှ လာဖို့စဉ်းစားထားသလား'

သူခေါင်းပဲယမ်းမိသည်။
'မေမေ နေမကောင်းဘူး ဝေလွင်'
'အိပ်ရာထဲတော့ လဲနေတာ မဟုတ်ပါဘူး'

မိမိရောက်လာခါမှ ဧည့်ခန်းထဲမှထပြီး ဘုရားခန်းထဲဝင်သွားသည်ဟု ဝေလွင်ထင်ပေလိမ့်မည်။ တကယ်တော့ ညရှစ်နာရီဆို သည်မှာ အခုတလော မေမေ ဘုရားခန်းဝင်နေကျ အချိန်ပဲ။

'နေကောင်းလား ဒေါ်လေး'ဟု ဝေလွင် နှုတ်ဆက်တော့ ပူပင်သောကကို လူမသိအောင် တင်းထားသော အပြုံးသဲ့သဲ့ဖြင့် 'အေး ကောင်းပါတယ် သမီးရယ်' ဖြေခဲ့သည်။

'မေမေက လူနေကောင်းတယ်။ စိတ်နေမကောင်းတာ'

'တို့ကမှ ပိုတောင် စိတ်နေမကောင်းသေးတယ်။ ရူးသွားနိုင်တယ် သိလား။ လေဆိပ်လဲလာမကြို အိမ်လဲမရောက်လာ'

ဝေလွင့်စူတူတူ ပြောဟန်ကလေးကို ချစ်စနိုးရယ်ချင်သွားသဖြင့် သူ ရယ်လိုက်မိ၏။

'တို့စိတ်ထဲတော့ ဝေလွင်နဲ့တွေ့နေတာပဲ။ မနက်တည်းက အခုထိပဲ'

ဝေလွင့်လက်ဖျားလေးကိုထွေးဆုပ်လျက်ပြောမိသည်။ အံ့ဩစရာကောင်းလှသည်။ ဝေလွင်ကသူ့လက်လေးကို ရုန်းထွက်လိုက်လေသည်။
'သွား။ စိတ်နဲ့တွေ့လို့ရရင် စိတ်နဲ့ပဲနေတော့။ လူလဲ လာမထိနဲ့'

ဝေလွင့်အသံကနည်းနည်းကျယ်သွားသည်။ သူ့နှုတ်ခမ်းဖျားမှာလက်ညှိုးကပ်လျက် ဟန့်တားမည်ကြံ့ရွယ်ဆဲမှာဘုရားခန်းထဲမှ ကြေးစည်သံတလွင်လွင်ကို ကြားလိုက်ရသည်။

ကြေးစည်သံက လိုအပ်သည်ထက် ကျယ်လောင်နေလား မတွေးကောင်းပေမဲ့ သူတွေးမိသည်။

'ယူမအားပဲနေမှာစိုးလို့တမင်တနင်္ဂနွေနေ့ကို ပြန်ဖြစ်ဖို့စီစဉ်ခဲ့တာ'

'ကဲပါ ဝေလွင်ရယ်။ အခုတွေ့နေရပြီပဲ အဲဒါကိုမေ့လိုက်တော့နော်'

'ဟင် ဘယ်လိုလုပ်မေ့လို့ရမလဲ။ ဆေးခန်းပို့ရမှာမို့လေယာဉ်ကွင်းလာမကြိုတာကို တို့နားလည် ပါတယ်။ တစ်နေ့လုံးနဲ့တစ်ညနေလုံး မရောက်လာတာကိုတော့ ဘယ်လိုမှ နားမလည်နိုင်ဘူး'

'မေမေက ဘုရားစင်ရှေ့က သိပ်ခွာတယ်မရှိဘူး။ ဘုရားရှိခိုးရင်း မျက်ရည်တွေ ကျကျနေတာ ဝေလွင်ရဲ့။ ဒါ ပုံမှန်မဟုတ်ဘူးလေ'
'ယူ့အမေက တို့ဘွဲ့လွန်ပြီးလာရင် လက်ထပ်မယ်ဆိုတာ သိလား'

ဝေလွင်က စဉ်းစဉ်းစားစား မေး၏။

'အင်း သိတယ်။ မေမေ့ကို အသိပေးထားတယ်'

'အဲဒါပဲပေါ့ ကိုဉာဏ်ရဲ့'

သူခေါင်းယမ်းမိသည်။
'မဟုတ်သေးဘူး။ သားလက်ထပ်မဲ့အဖြစ်က စိတ်ဝေဒနာရရလောက်အောင် ဆိုးတာမှ မဟုတ်ဘဲ'

သူ ခပ်တိုးတိုး ပြောသည်။

'ဘယ်သိနိုင်မလဲ'
မေမေ့ကို သူသိပါသည်။

'ဝေလွင် ပြန်လာမဲ့ရက်တွေကျမှ ထဖြစ်ရသလား'

'အဲဒီ လေသံမျိုးနဲ့မပြောနဲ့ တို့က ဝေလွင့်စိတ်ဓါတ်ကို လေးစားမြတ်နိုးနေချင်တာ။ အဲဒီလို မပြောပါနဲ့'

ဝေလွင်က သူစကားပြောမှားသွားမှန်းကို သတိရသွားသလို သက်ပြင်းချသည်။

'ဝေလွင်ကဆရာဝန်မဟုတ်တော့ မိန်းမတွေအသက်လေးဆယ်ကျော်သွေးဆုံးခါနီးကာလတွေမှာ ဟော်မုန်းအပြောင်းအလဲကြောင့် စိတ်ကျဝေဒနာတွေ ဖြစ်လာတတ်တာကို ဘယ်သိမလဲ။ တချို့အမျိုးသမီးတွေအတွက် သွေးဆုံးကာလဟာ တော်တော်ထိခိုက်တယ် ဝေလွင်'

အရင်က စိတ်ခါတ်ခက်မာခဲ့သော မိန်းမတချို့တောင် သွေးဆုံးကာလမှာ အယိမ်းယိမ်းအယိုင်ယိုင် ဝိုလားရယ်လား ဖြစ်တတ်ကြသည်ကို ဝေလွင့်အား အေးအေးဆေးဆေးကျမှ ရှင်းပြဦးမည်ဟု တွေးသည်။

ဝေလွင်က မင်းဉာဏ်၏ပခုံးကို အသာနဲ့မှီလျက် ညည်းလေသည်။

'သိပ်ခက်တာပဲနော်'
'မခက်ပါဘူး ဝေလွင်။ တဖြည်းဖြည်းနဲ့ မေမေပြန်နေကောင်းသွားမှာပါ'

ဘုရားခန်းထဲ မေမေဝင်သွားတာ နာရီဝက်မကတော့ဘူးပေါ့။ ဝေလွင်ရောက်လာတာက ညရှစ်နာရီဆယ်မိနစ်ဆိုတော့ အခုကိုးနာရီထိုးတော့မယ်။ သူ အနည်းငယ် စိတ်ပူလာသည်။ ကြေးစည်သံက လွဲလို့ဘာသံမှလည်း မကြားရ။

'ဝေလွင် ခဏလေးနော်။ မေမေ့ကို ဆေးတိုက်ရဦးမယ်။ မေမေက ဆေးသောက်မှ အိပ်ပျော်မှာ'

သူထိုင်ရာမှ ထမည့်ပြင်တော့ ဝေလွင်က အရင်ထသည်။

'တို့လည်း ပြန်မယ်'

'ဟာ နေဦးလေ ဝေလွင်။ တို့ပြန်လိုက်ပို့မှာပေါ့။ ကားမယူလာဘူး မဟုတ်လား'

ဝေလွင် နိုင်ငံခြားမှ ရောက်ရောက်ချင်း ကားမောင်းလေ့ မရှိတာကို သူသိထားသည်။ သူ အငှားကားနှင့် လိုက်ပို့မည်ဟု စဉ်းစားထားသည်။
'လိုက်မပို့ပါနဲ့ကိုဉာဏ်။ ယူ့အမေ စိတ်ပူနေရလိမ့်မယ်။ လူပါလာပြီး စိတ်ကျန်ရစ်ခဲ့တဲ့ အဖြစ်ဟာ နှစ်ယောက်လုံးအတွက် မကောင်းဘူးလေ'
'မဖြစ်ဘူး ဝေလွင်။ ဝေလွင် တစ်ယောက်တည်း အငှားကားနဲ့ပြန်မှာကို တို့လုံးဝ စိတ်မချနိုင်ဘူး'

'ဒါဖြင့် ဒေါ်လေးအိပ်တဲ့အထိ စောင့်ပေးရမှာလား'

'မစောင့်ရပါဘူး။ မေမေ့ကို ဆေးတိုက်ပြီးရင် အိပ်ရာထဲပို့ပေးခဲ့မယ်လေ'

ဝေလွင်က စိတ်မသက်သာဟန်ဖြင့် ခေါင်းယမ်းသည်။

'ဟင့်အင်း ကိုဉာဏ်။ နေခဲ့ပါ။ ယူစိတ်မချရင် တို့မိစုကို ဖုန်းလှမ်းဆက်ပြီး လာကြိုခိုင်းလိုက်မယ်'

ပြောပြောဆိုဆို သူ့လက်ကိုင်ဖုန်းလေးဖြင့် သူငယ်ချင်းဆီ လှမ်းဆက်တော့ မင်းဉာဏ် ခပ်တွေတွေပဲ ငေးကြည့်နေမိ၏။

သားအမိနှစ်ယောက်တည်းနေခဲ့ကြသည်မှာ သူ့အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ်ထိ ရောက်ခဲ့ပြီ။ မေမေတစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့သည့်ကာလတွေများစွာ ရှိသည်။ သူ မေမေ့အတွက် အခုလို စိတ်ထင့်ထင့်နှင့် ပူပင်ရလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့မိ။ မေမေသည် သူ့အတွက် လောကဓံကို ရင်ဆိုင်ရာတွင် ရှေ့မှ မားမားမတ်မတ် ရပ်ပေးခဲ့သည်ချည်းဖြစ်သည်။

မေမေ့ပိုမှာ မေမေအိပ်ရာထဲလဲမှာ မေမေစိတ်ဝေဒနာခံစားရမှာ တစ်ခါမှ တွေးကြည့်ခဲ့ဖူးသည် မဟုတ်။ မေမေသည် သူ့အတွက် ကျောက်ဆောင်ကြီးပမာ ကြံ့ခိုင်သန်စွမ်းခဲ့သည်။ မေမေ အခုလို ယိမ်းယိုင်သည့်အချိန်တွင် သူက တစ်ပြန်တစ်လှည့် အားပေး

ဖေးမရမှာပေါ့။ မေမေစိတ်ထိခိုက် တုန်လှုပ်နေတာကို သူ မမြင်ရက်သော်လည်း နှစ်သိမ့်ပေးဖို့ ကျေးဇူးတုန့် ပြန်ဖို့ အခွင့်အရေး ရလာတာကို သူကျေနပ်ရပါသည်။
မေမေသည် ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်လျက် ဓါတ်ပုံတစ်ပုံကို ငုံ့ကြည့်နေသည်။ ဘာဓါတ်ပုံလဲဟု သူစဉ်းစားဖို့ မလို။ မေမေ့ အမေနှင့် မေမေတို့ညီအစ်မ အတူရိုက်ကူးထားခဲ့သော ဓါတ်ပုံပေါ့။ ထိုဓါတ်ပုံကျကွဲပြီးကတည်းက မျက်ရည်တွေတွေကျ နေခဲ့သည်။
'တကယ်ဆို ငါ အမေ့ဆီကို ခဏတဖြုတ်တော့ ပြန်သွားခဲ့ဖို့ကောင်းတယ်။ အမေက ငါ့ကို မျှော်နေခဲ့မှာ ငါ့စိတ်နဲ့သာ အမေသေသွားခဲ့မယ်ဆိုရင် ငါ ငရဲကြီးတော့မှာ အမေကို သတ်တဲ့ တရားခံဖြစ်တော့မှာ။ အခုကိုပဲ အမေ သေနေပြီလား မသိပါဘူး ဟယ်။ ငါတော့ ကံကြီးထိုက်ပါပြီ'
အမေ တတွတ်တွတ်ပြောတတ်သော စကား။
'ဒါပေမယ့် ရွာက ဘယ်မှာရှိမှန်း မေမေမှ မသိတာပဲ'
'ဟုတ်တယ်လေ။ အဲလို မေ့တယ်ဆိုကတည်းက အဟုတ် မဟုတ်တာ။ အဲဒါကိုက ကံကြီးထိုက်နေတာ ဖြစ်မှာပေါ့'
မေမေသည် သူ့ကိုယ်သူ အတွေးတွေဖြင့် ညှင်းဆဲနေလိုက်သည်မှာ ဘေးကနေမြင်ရသူ စိတ်မသက်သာနိုင်စရာပင် ဖြစ်၏။ သူက ကလေးမလေး တစ်ယောက်အား သူ့အဖေက နှစ်သိမ့်သလို မေမေကို ရင်ခွင်ထဲထွေးပွေ့ လျက် ချော့မော့ရသည်။ မေမေက အားကိုးသလို အကြည့်မျိုးဖြင့် သူ့ကို မော့ကြည့်တတ်၏။
အခုတော့ မေမေသည် အရင်ကလို မျက်ရည်တွေတွေကျမနေတော့။ တော်ပါသေးရဲ့။ ဆရာ့ဆေးက ထက်မြက်လှပါသည်။ ဆေးသောက်ပြီး နှစ်ရက်ကြာလျှင်ပင် မေမေ သက်သာလာသည်။ နောင်တတော့ မပြေပျောက်သေး သို့သော် မစားနိုင်မအိပ်နိုင် တစ်ချိန်လုံး ငိုကြွေးနေရလောက်အောင်တော့ မဆိုးရွား။

'မေမေ'
မေမေက မော့ပဲကြည့်သည်။ ဘာမှ စကားမပြော။
သူ မေမေ့လက်ထဲမှာ ကိုင်ထားသော ဓါတ်ပုံကို အသာဆွဲယူလိုက်သည်။

'မေမေ ဆေးသောက်ချိန်ရောက်ပြီလေ'

ဓါတ်ပုံမှာမေမေငိုနေကျ အဘွားနှင့်မေမေတို့၏ဓါတ်ပုံမဟုတ်သဖြင့်သူစိတ်သက်သာသွားသည်။ သူ မဟာဝိဇ္ဇာတက္ကသိုလ် မှာ Public Health(ပြည်သူ့ကျန်းမာရေး မဟာဘွဲ့) သွားတက်တုန်းက ရိုက်ထားခဲ့သည့်ပုံဖြစ်သည်။
'ခန့်ညားတယ်နော် မေမေ'
သူ မေမေ့ကို ထုံစံအတိုင်း စနောက်ဖို့ကြိုးစားသည်။ ခါတိုင်းဆိုလျှင် ခန့်ညားတယ်နော် မေမေ ဟု စနောက်လျှင် မေမေ အမြဲရယ်မောလေ့ရှိသည်။ အခုတော့ မေမေ ပြုံးပင် မပြုံးလာ။
သူထပ်ကြိုးစားကြည့်သည်။
'မေမေ မိုရုတဲ့မျက်နှာဆိုတာ အဲဒီမျက်နှာပေါ့ မေမေရဲ့။ စကောလားရှစ်ရတဲ့ ပိုက်ဆံနဲ့ လောက်အောင်လို့ မိုတွေချည်း ဟင်းချို ချက်စားနေရတဲ့မျက်နှာလေ'
မေမေက အားနာပါးနာ ကြိုးစားပြုံးရှာသည်။

'ဆရာက ငါ့ကို စဉ်းစားခိုင်းလိုက်တာတွေ အများကြီးပဲ သားရဲ့။ ဗုဒ္ဓဟူးနေ့ကျရင် ပြောပြရမှာ'

'ဩော် ဟုတ်တယ်။ မေမေ့ဘဝမှာ အချစ်ဆုံးလူ မေမေ့ဘဝမှာ မမေ့နိုင်ဆုံးပစ္စည်း၊ မေမေ့ဘဝမှာ စိတ်ချမ်းမြေ့စရာအကောင်းဆုံး အချိန်ကာလ အဲဒါတွေကို ဆရာက စဉ်းစားခိုင်းလိုက်တာ ကျွန်တော်ကြားတယ်'
ရှာနာမည်ကို မေမေသတိရဖို့ စကားတွေ များများပြောခိုင်းခြင်း ဖြစ်လိမ့်မည်ဟု သူထင်ပါသည်။ မေမေပြောသမျှစကားတို့ကို ဆရာက ကက်ဆက်တိတ်ခွေဖြင့် သွင်းထားပြီး သူက ဖွင့်နားထောင်ရမည်။ အားသည့်အချိန်တွင် ကွန်ပျူတာဖြင့် ရေးကာ သိမ်းဆည်းထားပြီး မကြာခဏ ပြန်ဖတ်ကြည့်လျှင် သဲလွန်စတွေ အများကြီး ရနိုင်ပါသည်။
'မနက်ဖြန် မေမေ ဘာအကြောင်းပြောမှာလဲ'

'ဘဝမှာ စိတ်အချမ်းမြေ့ရဆုံး အချိန်ကာလ တဲ့'

* * *

(၄)

ကျွန်မဘဝမှာ စိတ်အချမ်းမြေ့ရဆုံးအချိန်က ပြည်မြို့ ကို ရောက်တဲ့နေ့ ပါပဲ။အဲဒီနေ့ က ပြည်ရွှေဆံတော်ဘုရားတန်ဆောင်းထဲမှာ မိုး ဝင်ခိုနေခဲ့တာ။ မိုးတွေက ရွာလိုက်တာ မပြောပါနဲ့ တော့။ကားပေါ်က ဆင်းကတည်းက ဘုရားပေါ် တက်လာခဲ့တာ။ ဘုရားပဲ အားကိုးစရာ ရှိတာကိုး။မိုးနဲ့နဲစဲသွားတော့ ဘုရားရင်ပြင်တော်ပေါ်မှာ ဟိုဟိုဒီဒီ လျှောက်ကြည့်တယ်။နားခိုစရာလေးများ တွေ့ မလားလို့ ။

အဲဒီမှာ ကောင်းကင် မိုးသားတွေ ကြားထဲကနေ ဇရာမ ဘုရားကြီးတစ်ဆူကို ဖူးမြင်လိုက်ရတော့တာပဲ။ ကျွန်မရှေ့ တည့်တည့်မှာပါ။ မိုးကောင်းကင်ကိုတောင် ဘုရားရဲ့ ဆံထုံးတော်က ထိနေပြီ။ အဲဒီလောက်မြင့်တဲ့ ဘုရားကြီးပါ။ ကျွန်မကို မေတ္တာနဲ့ တည်တည်ငြိမ်ငြိမ် ကြည့်နေတယ်။ ဘုရားရဲ့ မျက်လုံးတော်တွေက ကြည်လဲ့နေတာပဲ။ ဘုရားရဲ့ နှုတ်ခမ်းတော်က မသိမသာလေးပဲ ပြုံးနေတာ။ မျက်နှာတော်က ပန်းနုဖျော့ဖျော့။ ကျွန်မလေ ဘုရားရှင်ရဲ့ မျက်နှာတော်ကို မြင်လိုက်ရချင်းပဲ စိတ်ထဲမှာ ချမ်းမြေ့သွားတော့တယ်။ ဘာကိုမှ မကြောက်တော့ဘူး။ ဘာကိုမှ စိတ်မဆင်းရဲတော့ဘူး။ ကျွန်မရှေ့ ဆက်ရမဲ့ဘဝကို မြတ်စွာဘုရားက လမ်းပြပေးနေတယ်။

ကျွန်မ ရွှေဆံတော်ဘုရားရဲ့ ရင်ပြင်ဘေးက သမံတလင်း ကြမ်းခင်းပေါ်မှာ ဒူးထောက်ထိုင်ချလိုက်မိတယ်။ ကောင်းကင်ထဲက ထိုင်နေတဲ့ ဘုရားကြီးကို မော့ကြည့်လို့ ပေါ့။ ဦးတည်ရာမဲ့လျှောက်သွားနေတဲ့ ဒီကိုယ်ခန္ဓာဟာ တစ်နေရာရာမှာ နားခွင့်ရတော့ မှာပဲလို့ စိတ်ချ သွားမိပါတယ်။

ဆွဲလဲသံလေးတွေကသာသာယာယာ။ ကျွန်မနောက်ဘက်မှာက ရွှေရောင်ဝင်းလဲ့နေတဲ့စေတီ။ ကျွန်မရှေ့ မှာက ကောင်းကင်ထဲမှာ ထိုင်နေတဲ့ မြတ်စွာဘုရားကြီး။

တပည့်တော်မရဲ့ အပူတွေ ကုန်ဆုံးပြီး ချမ်းမြေ့မှုတွေနဲ့ ကြုံတွေ့ ရပါလို၏ အရှင်ဘုရား။

ထိုင်နေတဲ့ ဘုရားကြီးရဲ့ ခြေရင်း သစ်တောအုပ်အုပ်ဆိုင်းဆိုင်းအကြားမှာ မြေတလင်းပြောင်ပြောင်မှာ သံဃာတော်တစ်ပါး သင်္ကန်းလှမ်းဖို့ ခါနေတာကို မြင်ရတယ်။ ဘုရားရိပ်နဲ့ သံဃာ့အရိပ်ကို တစ်ပြိုင်နက်တည်း မြင်လိုက်ရတော့ ကျွန်မအေးချမ်းသွားပါတယ်။ အဲဒါက ဘုန်းကြီးကျောင်းလေးတစ်ကျောင်းပါလား။

ပြည်မြို့ တစ်ခုလုံးကို ဘုရားပေါ်ကနေ လှမ်းမြင်ရတယ်။ အကျယ်ကြီးမှ အကြီးကြီးပဲ။ သီလရှင်ကျောင်းတွေလဲရှိမှာပေါ့။ ကျွန်မစိတ်အားတက်သွားပါတယ်။ ဒုက္ခသည်မတစ်ယောက်အတွက် နားခိုစရာရှာဖွေဖို့ ကျွန်မ ထရပ်လိုက်ပါတယ်။

* * *

(၅)

ဘဝမှာ ကံကြီးပေလို့ လို့ သက်ဖိုသက်မချလိုက်ရတဲ့အချိန်လား။ အင်း မိုးသဲသဲထဲဝိသာခါသီလရှင်ကျောင်းတိုက်ရှေ့ အုတ်ခုံပေါ် ခြေချလိုက်မိတဲ့အချိန်ပါပဲ။ ခြစ်ခြစ်တောက်အပူရှိန်နဲ့ ကတုန်ကယင် အဖျားကြီးနေခဲ့တာမို့ ခွေလဲကျသွားခဲ့တာ။

သီလရှင်တွေညနေခင်း စာရွတ်သံကို ကြားတစ်ချက် မကြားတစ်ချက်။ စာရွတ်သံက အသံသာလွန်းလို့ တစ်ကိုယ်လုံးအပ်နဲ့ ဆွနေသလို ကိုက်ခဲနေတဲ့ ဝေဒနာက တစ်ဝက်လောက် သက်သာသွားသလိုပဲ။ ဒါပေမယ့် အိပ်ပျော်လုလု အဖျားနဲ့ မို့ စာရွတ်နေသံက ကျွန်မ အသုဘမှာ သရဏဂုံတင်ဖို့ လာရွတ်နေကြတာလိုလို။

ငါသေတော့မှာလား။ ဟင့်အင်း မသေရသေးဘူး။ ငါ သေလို့ မဖြစ်ဘူး။

ပိတ်ကျနေတဲ့ မျက်လုံးတွေကို ဇွတ်အတင်းအားယူဖွင့်ကြည့်။ လေးပင်ညွတ်ကျခွေနေတဲ့ ကိုယ်ခန္ဓာကို ဇွတ်လှုပ်ကြည့်တော့ လက်တစ်ဘက် လှုပ်နိုင်လာရော။ မိုးရေတွေပိတ်ဆီးနေတဲ့ မြင်ကွင်းက ဝေဝေဝါးဝါး။ အနားက ဆင်နားရွက်ပိန်းပင်စိမ်းစိမ်း အရွက်ဖားဖားတွေက ကျွန်မကို နှိုးနေသလို လှုပ်ယမ်းလို့ ။

ဟုတ်တယ်။ ငါထမှဖြစ်မယ်။ သီလရှင်ကျောင်းတိုက်တဲ့။ ငါ့အတွက် ခိုလှုံစရာတစ်နေရာတော့ သနားသဖြင့် ပေးလိမ့်မယ် ထင်ပါတယ်။

လက်တစ်ဘက်ကို ဗိုက်ပေါ်တင်ကြည့်တယ်။ မာခဲပြီး လုံးနေတဲ့ ဝမ်းဗိုက်တစ်နေရာမှာ တလှုပ်လှုပ်ခုန်နေတာ အဲဒါ သားလေးလား သမီးလေးလား။

အဲဒီအတွေးက ကျွန်မကို ကျောင်းဝင်းထဲတရွတ်တိုက် သွားနိုင်အောင် တွန်းအားပေးလိုက်တာပေါ့။မိုးရေခံထားတဲ့ ရေပုံးကိုသယ်ဖို့ အဆောင်ထဲက ထွက်လာတဲ့သီလရှင်တစ်ပါးက နွေးနွေးထွေးထွေး အဝတ်အစားတွေ၊ နွေးနွေးထွေးထွေး အိပ်ရာခင်း . . .

'မိန်းကလေး သတိရလား'

'ဟုတ်ကဲ့'
'ကွမ်းရွက်ပြုတ်ရေလေးနဲ့ ငန်းဆေးလေးသောက်လိုက်'

ကွမ်းရွက်နံ့ မွှေးနေတဲ့ အငွေ့ တထောင်းထောင်း ရေနွေးနဲ့ ဆေးသောက်ပြီးတော့ ဆန်ပြုတ်ပန်းကန်လေးရောက်လာတယ်။ သီလရှင်တွေ ညစာမစားဘူးဆိုတာ ကျွန်မသိပါတယ်။ သူတို့ ကျိုချက်ပေးတဲ့ ဆန်ပြုတ်ကိုသောက်ရတာ အားနာလိုက်တာ မပြောပါနဲ့ တော့။ ဒါပေမယ့်လဲ ဟင်းချို ပန်းကန်အပြည့်စာ ဆန်ပြုတ်တွေကို အသက်တောင် မရှူနိုင်ဘဲ ကုန်အောင် သောက်ပစ်လိုက်တယ်။
ကျောင်းထိုင်ဆရာရှင်က အသက်ငါးဆယ်ကျော်လောက် ပိန်ပိန်ပါးပါး အရပ်ခပ်ပျပ်ပျပ်။ မျက်လုံးတောက်တောက်။ ကျွန်မ အိပ်ရာဘေးလာထိုင်ပြီး လက်ကိုသွေးစမ်းကြည့်တယ်။

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ခြောက်နှစ်ပါ'
သီလရှင်ကြီး မျက်မှောင်တွန့် ကွေးသွားတာပေါ့။

'ဖြစ်မှဖြစ်ရလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ' တဲ့။

ခဏကြာတော့ ထိုင်ရာက ထတယ်။

'အေး ဒုက္ခသည်ဆိုတော့လည်း ခဏတော့ လက်ခံထားပေးမယ်လေ။ မင်းနေကောင်းသွားပြီဆိုတော့ မင်းဘဝရှေ့ရေးကို စဉ်းစားကြတာပေါ့။ အခုတော့ ဒီမှာ အနားယူအုံး'

ကျွန်မကို ကျောင်းမှာ နေဖို့ ခွင့်မပြုချင်ဘူး။ ကျွန်မ သီလရှင်ကြီးကို ခြေဖက်ပြီး တောင်းပန်ဖို့ စဉ်းစားတယ်။ အားက မရှိ။ လောလောဆယ်ဆယ်မှာ တမေ့ အိပ်ချင်လှပြီ။ အဝေးပြေးကားဂိတ်တွေမှာ အိပ်စရာ နေရာမရှိခဲ့ဘူးလေ။ ခုံတန်းရတော့လဲ မိန်းကလေးမို့ လုံခြုံမှုအတွက်စိုးရိမ်ပူပန်ရ မှေးခနဲအိပ်ပျော်မလိုရှိတုန်း ခြေသံကြားရင်ကာကွယ်ဖို့ အဆင်သင့် အနေအထားနဲ့ နေရတာ မဟုတ်လား။

အခုလို လုံခြုံတဲ့နေရာရောက်ခိုက် ခဏပဲဖြစ်ဖြစ် အိပ်ပျော်ပါရစေအုံး။ ရှေ့မှာ ကျွန်မကို စောင့်နေတဲ့ ခရီးကြမ်းတွေရှိနေမှန်း ကျွန်မသိတယ်။ အခုတစ်ခဏမှာတော့ အဲဒါတွေကို မစဉ်းစားသေးပါဘူး။ နောက်မှ နောက်မှ။
အဲဒီနောက်တော့ ပထမဆုံးအကြိမ် နွေးနွေးထွေးထွေး လုံလုံခြုံခြုံ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။
အိပ်ရာကနိုးတော့ နောက်တစ်နေ့ မနက် နေအတော်မြင့်နေပြီ။
ဆယ်ကျော်သက် မအူမလည် ကောင်မလေး ဘဝသစ်ရဲ့ မနက်ခင်းကို စလိုက်ပြီလို့ စိတ်ထဲကနေ အားတင်းလိုက်တယ်။
အဖျားငွေ့ နည်းနည်းရှိသေးပေမဲ့ ကျွန်မဖျားနေလို့ မဖြစ်ဘူး။ အမေခဏခဏပြောတဲ့စကားတစ်ခု ရှိတယ်။ တစ်လုပ်စားဖူး သူ့ ကျေးဇူးတဲ့။ ညတုန်းက တစ်လုပ်မကတဲ့ ဆန်ပြုတ်တစ်ပန်းကန်ကို ကုန်အောင် သောက်ခဲ့ပြီးပြီ။ နောက်ပြီး ဝေဒနာတွေကို ပျောက်စေတဲ့ ဆေးဝါးလဲ သောက်ခဲ့ပြီးပြီ။ သီလရှင်တွေကျေးဇူးကို ကျွန်မလုပ်အားနဲ့ ဆပ်ရမယ်။
ကျွန်မ ကုန်းကြုံးထရပ်လိုက်ရပါတယ်။

ပထမဆုံး မီးဖိုဆောင်ကို ဝင်လိုက်တယ်။

သီလရှင်ကျောင်းတိုက်ကို ကျွန်မတစ်ခါမှ မရောက်ဖူးဘူး။ ရွာမှာက ဘုန်းကြီးကျောင်းပဲ ရှိတာ။
ဘုန်းကြီးကျောင်းတွေလို ဆွမ်းခံမစားရတော့ သီလရှင်တွေဟာ ကိုယ်တိုင် ချက်ပြုတ်ရတာ။ အခုမှပဲ အသေအချာ မြင်ရ တွေ့ရတော့တယ်။
မီးဖိုဆောင်က ကျွန်မတို့ အိမ်အပေါ်ထပ်ထက်တောင် ကျယ်သေး။ ပျဉ်ခင်းကြမ်းပြင်က ရှင်းလင်းနေပေမဲ့ တချို့နေရာတွေမှာ ပြာမှုန်သဲမှုန်တွေ လွင့်လို့ လမ်းလျှောက်တော့ ခပ်ရှရှ ဖြစ်နေတယ်။ အုတ်ခဲသုံးလုံး ဖိုခနောက်ဆိုင် ထောင်ထားတဲ့ ထင်းမီးဖိုလေးတွေ အတန်းလိုက်စီထားတဲ့ မီးဖိုခုံကြီးက အကြီးကြီး။ ကျွန်မရေကြည့်တော့ မီးဖိုပေါင်း ဆယ့်လေးခု။

မီးဖိုတွေထဲက နွေးနေသေးတဲ့ပြာတွေကို ကျုံးပြီး သန့်ရှင်းလေးရေးစလုပ်တယ်။ ကြမ်းပြင်တွေကို ရေဝတ်နဲ့ သုတ်ပြီး သန့်စင်အောင် တိုက်တယ်။ ပြတင်းပေါက်သံတိုင်တွေမှာတင်နေတဲ့ ကျပ်ခိုးတွေ ချေးတွေကို ပွတ်တိုက်ပစ်ရတယ်။ ဒန်အိုးတွေကတော့ ထင်းမီးဖိုဆိုတော့ ရွာကအတိုင်းပဲ။ မီးခိုးမှိုင်းအထပ်ထပ်နဲ့ မဲတူးနေပြီ။ ဒါပေမဲ့ ဒန်အိုးအနားတွေ အဖုံးတွေကိုတော့ တိုက်ချွတ်ဆေးပေးလိုက်တယ်။

ဒန်အိုးတွေကို စပ်စပ်စုစု လှန်လှောကြည့်မိတော့ ဟင်းတွေမတူတာကို တွေ့ရတယ်။ သီလရှင် အစုတွေ ကွဲပြားနေတာကိုး။ ဆေးကြောတိုက်ချွတ်နေတုန်း။ ကျောင်းထိုင်သီလရှင်ဆရာကြီး ရောက်လာပြီး တားပါတယ်။

'မင်း နေမကောင်းသေးဘူးလေ။ နားနားနေနေ နေအုံးမှပေါ့'

'ကျွန်မ သက်သာပါတယ်'

'ကျွန်မလို ့မပြောရဘူး။ တပည့်တော်လို ့ပြော။ ဘုန်းကြီးနဲ ့စကားပြောသလိုပဲပေါ့။ သီလရှင်ဆိုတာ လူသာမန်တွေ မဆောက်တည်နိုင်တဲ့ သီလကို နေ့စဉ်ဆောက်တည်နေတဲ့ ပုဂ္ဂိုလ်တွေ' တဲ့။

သီလရှင်တွေ လေ့လာရတဲ့ ပညာ။ အားထုတ်ရတဲ့ တရားတွေကို ရက်ပိုင်းအတွင်း ကျွန်မသိလာတယ်။ သူတို့ဘဝက ငြိမ်းချမ်းလိုက်တာနော်။
သူတို့လိုပဲ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နေသွားရရင် ဘယ်လောက်ကောင်းမလဲ။

အင်းလေ။ အင်းလေ။ အခုလည်း ကျွန်မ သီလရှင်တွေရဲ ့အေးချမ်းတဲ့ အရိပ်အာဝါသအောက်မှာ နားခိုခွင့်ရလိုက်ပြီပဲ။ နာကျင်စရာတွေ ဘယ်လောက်များများ အဲဒါတွေမေ့ထားပြီး အသစ်စဖို့ အခွင့်အခါကို ရလိုက်ပြီ။
ဘယ်လောက်ကောင်းလိုက်တဲ့ ကုသိုလ်ကံလဲ။ ကျွန်မ ကြိုးစားမယ်။

* * *

(၆)

အစိမ်းရောင်ချင်းမတူသော အစိမ်းရောင်တို့၏အလယ်တွင် ကန်ရေပြင်တောင် စိမ်းလဲ့နေ၏။ ရေပြင်သည် လှုပ်ခပ်သည်ဆိုရုံမှ သာ လှိုင်းရှိသည်။ ရေပြင်ကို လှမ်းမြင်နိုင်သော သည်နေရာသို့ မိခင်ကို တစ်လှမ်းချင်း တစ်ဆင့်ချင်းဖြည်းဖြည်းခေါ်လာခဲ့ ခြင်း ဖြစ်သည်။

ရေပြင်ကို မြင်လိုက်သည့်အခါ မိခင်၏မျက်လုံးအကြည့် အနည်းငယ် ပြောင်းလဲသွားသော်လည်း ကြောက်ရွံ့တုန်လှုပ်မှုတော့ မဟုတ်ဟု သူထင်ပါတယ်။
'မေမေ ဒါ မြစ်မဟုတ်ဘူးနော်။ ဘယ်တုန်းကမှ လှိုင်းလဲ မထန်တဲ့ ကန်ရေပြင်'

ကန်တော်ကြီးသို့ ရောက်ကတည်းက သူ မိခင်လက်ကို ဆုပ်ကိုင်ထားသည်။ ယခုထိ မလွှတ်သေး။

'အိပ်မက်ထဲမှာမဟုတ်ရင် မြစ်ရေပြင်ကို ငါမကြောက်ပါဘူး မောင်မင်းဥာဏ်ရယ်'

မေမေ့အပြုံးကို ရက်တော်တော်ကြာကြာအတွင်း ပြန်မြင်လာရတော့ သူဝမ်းသာမိသည်။ ကညင်ပင်ကြီးများ၊ သက်န်းပင်ကြီးများ ဖြောင့်စင်းစွာ မိုးထိမြင့်မြင့်မတ်မတ် ပေါက်နေသော အစိမ်းရောင်တောအုပ်တွင် စိတ်သည် ဝေဒနာကင်းပလျက် ငြိမ်းချမ်းဖွယ်ရာသာ ရှိသည် မဟုတ်လား။

'ကားတွေက ပတိုးအပြင်ဘက်မှာ မြင်နေရပေမဲ့ ကားသံတွေ မကြားရတဲ့နေရာ။ ဘယ်လောက်ငြိမ်းချမ်းလဲနော် မေမေ'
'အင်း'
မေမေက အသက်ကို ဝဝရှူရှိုက်လိုက်သည်။

'သား ပန်းနံ့တစ်ခုခု မွှေးသလိုပဲ ဘာပန်းနံ့ပါလိမ့်'

သူမွှေးကြည့်သည်။ မိမိက အနံ့ခံမကောင်းပေ။ ဘာပန်းနံ့မှ မမွှေးလား။

'ကံ့ကော်များလား မေမေ'

'မဟုတ်ဘူး။ အင်ကြင်းပန်းနံ့။ ဒီမှာ အင်ကြင်းပင်ရှိလား'

'အာ ဟုတ်တာပေါ့ မေမေ။ ရှိတယ်။ ပတိုဘက်နားမှာ နဲနဲသွားရဦးမှာ'

သူမိခင်လက်ကို လက်ဆွဲပြီး ခေါ်သွားသည်။

မိခင်က သူ့ကို မယုံသင်္ကာကြည့်၏။

'သား ဒီနေရာကို ရည်းစားနဲ့လာဖူးလို့သိနေတာလား'

'ပောဇျာ'
သူ အခုရက်ပိုင်းတွင် တတ်နိုင်သမျှ ဝေလွင်ဟူသည့်နာမည်ကို ထည့်မပြောမိအောင် သတိထားနေခဲ့သည်။ မိခင်၏ပူပင်သောကကို ထပ်ဆင့်မတိုးစေလိုသောကြောင့် ဖြစ်သည်။ မိမိဘဝတွင် ဝေလွင်ဆိုတာမရှိခဲ့သလိုလို နေမိသည်။ ညအချိန်ဖုန်းဆက်လျှင်လည်း မေမေအိပ်ပျော်မှ ဧည့်ခန်းမှ ဖုန်းဖြင့် စကားပြောသည်။

'မေမေကလေ ကြုံကြုံဖန်ဖန် လျှောက်တွေးတယ်။ ကျွန်တော် ဒီကို တစ်ခါမှဝေလွင်နဲ့ မလာဖူးဘူး။ တကယ်။ ဒီကို ရည်းစားနဲ့ လာရမှာ ရှက်စရာကြီး မေမေရဲ့။ ကျွန်တော်တို့က ကော်ဖီဆိုင်တို့ စားသောက်ဆိုင်တို့ မှာပဲ ထိုင်စကားပြောကြတာ'

မေမေက မယုံပါဘူး ဟူသည့် အပြုံးဖြင့် သူ့ကို မျက်မှောင်ကြုတ်သည်။ မတွေ့ရတာကြာသော မေမေ့ချစ်စနိုး မျက်လုံးကို မြင်ရတော့ သူ ပျော်သွားသည်။

'သစ်ပင် စိမ်းစိမ်းတွေကို မြင်တော့ မေမေ ပျော်လား'

'အင်း စိမ်းစိမ်းမြမြ အေးအေးချမ်းချမ်း။ ဒါပေမဲ့ အမေ့ကိုတော့ စိတ်ပူနေတယ်'

'ကျွန်တော် ပြည်က ဝိသာခါသီလရှင်တိုက်ကို စာထည့်ထားတယ်လေမေမေ။ မေမေ့ကို တစ်ယောက်တည်းထားခဲ့ဖို့ စိတ်မချလို့ သာ၊ နို့မဟုတ်ရင် ကျွန်တော် အပြေးသွားပြီး မေးလိုက်ပြီ'

'အို သီလရှင်ဆရာကြီးမှ မရှိတော့တာပဲ သားရယ်။ ဘယ်သူက ဒုက္ခသည်လေး နှင်းမှုန်ကို မှတ်မိနိုင်ပါ့မလဲ။ ဆယ့်ငါးနှစ်အနှစ်နှစ်ဆယ် ရှိရောပေါ့တဲ့။ တို့ ထွက်ခဲ့တာ'
'မှတ်မိတဲ့လူ တစ်ယောက်ယောက်တော့ ရှိမှာပါ'

သူ မိခင်လက်ကို ဆွဲလျက် အင်ကြင်းပင်ကြီးရှိရာသို့ ခေါ်သွားလိုက်သည်။

အင်ကြင်းပန်းပွင့်တာက အလွန်ထူးခြားသည်။ ပင်စည်ကနေ ကပ်ပြီး အကိုင်းရင်းကနေကပ်ပြီး ပန်းပွင့်တာပဲ။ အင်းကြင်းပန်းတွေက ကံ့ကော်ပုံစံ ဒါပေမယ့် ပွင့်ချပ်မာမာထူထူ။ ဝတ်မှုန်ဝတ်ဆံတွေက ပိုကြီးပြီး ပိုတုတ်ခိုင်သည်။ မြက်ခင်းပြင် စိမ်းစိမ်းပေါ်မှာ အခုလေးတင်မှ ကြွေကျသွားခဲ့ဟန် ရှိသော လတ်ဆတ်သည့် ပန်းပွင့်သုံးလေးပွင့်ရှိသည်။ ဝတ်မှုန်ဝတ်ဆံ အစွန်းတွေမဲနေအောင် ကြာကြာကြွေခဲ့ပြီးသော ပန်းတချို့လည်း တွေ့ရသည်။

မိခင်က ပန်းအကြွေတစ်ပွင့်ကို ကောက်ယူလိုက်၏။ သို့သော် မွှေးကြူခြင်းတော့ မပြုပေ။

'မွှေးလိုက်တာနော် မေမေ'

ပန်းကြွေတစ်ပွင့်ကို ကောက်ယူပြီးလျှင် မွှေးကြူစရာဟုသာ မြင်စေချင်သည်။ ပန်းကြွေတစ်ပွင့်ကနေ ရောက်တတ်ရာရာတွေ အတွေးနယ်ချဲ့လျှင် စိတ်သက်သာရာရဖွယ် မရှိပေ။ မိခင်ကို အတွေးမဆန့်နိုင်အောင် သူ စကားတွေအများကြီး ပြောသည်။

'ဗုဒ္ဓမြတ်စွာဘုရားက အင်ကြင်းပင်အောက်မှာ မွေးတာနော်။ မေမေဇာခဇာ ပြောဖူးတာလေ။ လုမ္ဗနီသာမော ခက်ချင်းယှဉ်တဲ့ အင်ကြင်းတောဆိုလား'
မိခင်၏အတွေးထဲတွင် မယ်တော်မာယာလည်း ရှိဟန်မတူ၊ သိဒ္ဓတ္ထလည်း ရှိဟန်မတူ။ လက်ထဲက ပန်းအကြွေကို ငေးကြည့်နေသော မျက်လုံးတွေက မှုန်မှိုင်းလျက်။ စကားသံလည်း တိတ်ဆိတ်လျက်။

မတွေးနဲ့။ ဘာကိုမှ မတွေးနဲ့ ဟု သူသတိပေးလိုက်ချင်၏။ သို့သော် သတိပေးခါမှ ပိုတွေးမှာလား။

'ကျွန်တော် ငယ်ငယ်က မေမေဆိုဆိုပြတဲ့ ကဗျာတွေကို ကျွန်တော်မမေ့ဘူးဆိုတာ ယုံလား။ အခု ကျွန်တော် ဆိုပြမယ်'
စိမ်းမှောင်သည့် မြက်ခင်းကမ္ဗလာပေါ်တွင် သူခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အပေါ်မော့ကြည့်တော့ အင်ကြင်းပင်

အခက်တွေ အကိုင်းတွေကြားက အပြာရောင် ကောင်းကင်နှင့် အဖြူရောင်တိမ်တို့ကို တစ်ဝက်တစ်ပျက် မြင်ရသည်။ မြက်ခင်းဆီပြန်ကြည့်မိတော့ မြက်ခင်းပေါ်က မေမေ့ခြေထောက်ကို မွှားကောင်လေးတစ်ကောင် လာကပ်တာ မြင်ရသည်။ ဟာ ဒီကောင်။ သူ လက်ဖြင့် လှမ်းယပ်ခတ်ဖယ်လိုက်၏။

'အေးရိပ်သာတဲ့ ပညောင်ညို၊ ဥပြာတွန်သံချို
ဒိုးယိုစီးတဲ့နဒီတွင်း သမင်ရေသောက်ဆင်း'

မေမေ သူ့ဘက်သို့ လှည့်လာသည်။ သူပြုံးပြလိုက်၏။

'မြက်ခင်းလဲ့လဲ့ မြေညီညီ ကံ့ကော်ဝတ်မှုန်စီ
ဇာလီပျော်တဲ့ ကျောင်းသခ်ၤန်း လူလေးသွားချင်စမ်း တဲ့။
မေမေ အဲဒီကဗျာကို မှတ်မိလား'

မေမေ မဖြေ။ မေမေငိုင်နေသည်။ မေမေ့လက်ထဲက ပန်းအကြွေကို သူ အမြင်ကပ်ကပ်နှင့် ဆွဲယူလွှင့်ပစ်လိုက်သည်။
'သွား ဒီပန်းအစား ကျွန်တော် အပင်ကနေ ခူးပေးမယ်'

မေမေက သူ့စကားကို သတိထားမိပုံမရ။ သူလွှင့်ပစ်လိုက်သဖြင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားသော ပန်းပွင့်လေးကို လှမ်းကြည့်နေသည်။
သူ ပင်စည်ဘေးသို့ရောက်သွားပြီးမှ ပန်းခူးဖို့မသင့်တော်ကြောင်း တွေးမိသွားသည်။ စိတ်ညစ်နေတဲ့ အမေ့ကို ပျော်စေချင်ဦးတော့ ပြည်သူပိုင်ပန်းခြံတစ်ခုထဲက ပန်းတစ်ပွင့်ကို မခူးသင့်ပါဘူးလေ။

'မခူးနဲ့'

မိခင်က တားမြစ်သည်။

'မခူးပါဘူး မေမေရဲ့'

ထို့နောက် စိတ်ကူးတစ်မျိုးပေါက်သွားကာ စောစောက သူလွှင့်ပစ်လိုက်သော ပန်းပွင့်လေးကို ပြန်ကောက်လိုက်မိ၏။ ပွင့်ချပ်လေးနှစ်ခု ပဲ့ကြွေသွားပြီကို သတိထားမိသည်။

'ပဲ့သွားပြီးသားကြီး မယူနဲ့တော့ ထားလိုက်'

မိခင်အသံက ခပ်ဖျော့ဖျော့။ လှုပ်လှုပ်ခတ်ခတ်။
သူ ပွင့်ချပ်အကြွေနှစ်ခုကိုပါ ခပ်ဖွဖွ ကောက်ယူလာခဲ့သည်။

'ပဲ့တာလေးကိုပဲ ပြန်ဆက်ပေးမလို့ မေမေရဲ့။ မျက်လှည့် မျက်လှည့်'

သူ့အိတ်ကပ်ထဲမှာ သွားကြားထိုးတံအချောင်းလေးတစ်ခု ကပ်ကပ်သပ်သပ် ရှိနေတာကို သတိရသွားသည်။

'ဒီမှာကြည့် မေမေ'

သွားကြားထိုးတံကို မေမေမြင်အောင် အသာဝှက်ပြီး အချောင်းသေးသေးလေးတွေထပ်ဖဲ့ယူလိုက်၏။ ထိုအချောင်း သေးသေး မျှင်မျှင်လေးများဖြင့် ပွင့်ချပ်ကြွေလေးနှစ်ခုကို အပွင့်အခြေမှာ ကပ်ထိုးပေးလိုက်သည်။ ဟော ပန်းပွင့်လေး ပွင့်ချပ်စုံသွားပြီ။

'ရော့ မေမေ'

အကောင်းပကတိ ဖြစ်သွားသော အင်ကြင်းပွင့်လေးကို မေမေ့လက်ထဲသို့ ဖွဖွလေး ထည့်ပေးလိုက်သည်။ ခပ်မှုန်မှုန် ဖြစ်နေသာ မိခင်မျက်လုံးတွေ အနည်းငယ် ကြည်လင်လာသည်။ အံ့ဩသည့် ခံစားချက်ကို မြင်ရသည်။

'ဟယ် အဟုတ်ပဲ။ ဘယ်လို လုပ်လိုက်တာလဲ'

မိခင်က ပန်းပွင့်ကို လက်ပေါ်မှာ လှည့်ပတ်ကြည့်ရင်း စိတ်ဝင်တစား ဖြစ်လာသည်။ ဘယ်လို ပြင်ဆင်ထားသလဲဟု သံလွန်စခံသည့် မျက်လုံးများဖြင့် ရှာဖွေသည်။

'ဘာနဲ့ ဆက်လိုက်တာလဲ'

'အဲဒါ ပညာလေ'

သူ့မေးစေ့ကို လက်ညှိုးဖြင့် အသာသပ်ပြလျက် ကြီးကြီးကျယ်ကျယ် ပညာရှိကြီးဟန် လုပ်ပြလိုက်သည်။

'မေမေ လောကကြီးမှာ ကြွေသွားပြီးတဲ့ ပန်းတွေ အများကြီး။ အဲဒီထဲမှာ ပန်းပြန်ပွင့်သွားတဲ့ ပန်းမရှိဘူးလို့ ထင်သလား' အင်ကြင်းပန်းပွင့်ကို သွားကြားထိုးတံအကျန်နှင့် ဟိုဘက်သည်ဘက်ပေါက်အောင် ခပ်ဆဆထိုးပြီး ဆံထိုးပုံစံလုပ်လိုက်သည်။ ထို့နောက် ထိုပန်းပွင့်အား မိခင်၏ ရိုးစင်းသော ဘီးဆံပတ်ဆံထုံးအကြားတွင် သူထိုးညှပ်ပေးလိုက်လေသည်။

'တချို့ပန်းပွင့်တွေက တစ်စစီ ဖဲ့ချွေခံလိုက်ရပေမဲ့ ပန်းပြန်ပွင့်နိုင်တဲ့ သတ္တိတွေ ရှိတယ် မဟုတ်လား'

အိန္ဒိယ ကဗျာဆရာကြီး ရာဘင်ဒြာနတ်သ်တဂိုး၏ ကဗျာတစ်ပိုဒ်ကို သူ သတိတရ ရေရွတ်ပြမိသည်။

*အရုဏ်တွင် ညှိုးနွမ်းသွားသော*
*ပန်းများသည် လည်းကောင်း*
*သဲကန္တာရထဲတွင် လေလွင့်နေသော*
*စမ်းချောင်းသည် လည်းကောင်း*
*မဆုံးရှုံးသေး။*
*ဤသည်ကို ငါသိ၏။*

* * *

(၇)

ဒကာလေး ဒေါက်တာမင်းဉာဏ်

ဆရာလေး စာပြန်ရေးလိုက်ပါသည်။

ဒကာလေး ဆရာဝန်ဖြစ်သွားသည်ကို မနှင်းမှုန် စာရေးအကြောင်းကြားခဲ့သည့် အချိန်ကတည်းက ဆရာလေးတို့ သိခဲ့ပြီး ဝမ်းသာကြည်နူးခဲ့ရပါသည်။ ဆရာအရှင် ပျံလွန်တော်မူသွားပြီးသည့်နောက် ဆရာလေးတို့ စာသင်တိုက်ကို မယိမ်းမယိုင်အောင် ကြိုးစားထောက်ကန်လျက် ဆက်လက် ရပ်တည်နေကြပါသည်။

မနှင်းမှုန်လာခဲ့သည့် ရွာနာမည်တော့ ဆရာလေးလဲ မသိပါ။ မနှင်းမှုန်က ရွာနာမည်ကို အတိအကျ မပြောခဲ့ပါ။ ဒကာလေး၏မိခင် မနှင်းမှုန် နေမကောင်းဟု ကြားသိရသည့်အတွက် ဆရာလေးတို့စိတ်မကောင်း ဖြစ်ရပါသည်။ သူ့အတွက် ကျန်းမာရွှင်လန်းပါစေကြောင်း မေတ္တာပို့အမျှဝေ ဆုတောင်းပေးလျက် ရှိပါသည်။

ဒကာမ မနှင်းမှုန်ရောက်လာစဉ်က အကြောင်းတို့ကို ဆရာလေး မှတ်မိသလောက် ပြောပြပါမည်။

ဆရာကြီး ဒေါ်ဉာဏစာရီက မနှင်းမှုန်အား တစ်လနေခွင့်ပြုထားသည့် ထိုကာလအတွင်း နှင်းမှုန်သည် သီလရှင် ဆရာကြီးကို ဝတ်ကြီးဝတ်ငယ် ပြုစုရုံမျှမက သီလရှင်ကျောင်းအတွက် ဝင်ငွေကိုပင် ဖြည့်စွမ်းပေးသူ ဖြစ်လာခဲ့ပါသည်။မြေကောင်းကောင်း မိုးကောင်းကောင်းနှင့် သစ်ပင်သီးနှံတွေ ပေါသော ကျောင်းတိုက်မို့ မြင်မြင်သမျှ ငွေတွေချည်း တဲ့။

'တပည့်တော်တို့ကျွန်းထဲကိုင်းထဲမှာက သစ်ပင်ကြီးကြီးဆိုလို့ သိပ်မရှိဘူးဘုရား။ သုံးလေးနှစ်တစ်ခါ မြစ်ရေတိုက်စားလို့ အိမ်တွေ ယာတွေ ရွှေ့ရတာ။ အကြီးဆုံး သစ်ပင်က ဝါးတစ်ရိုက်လောက်ပဲ မြင့်တယ်။ မာလကာပင်တောင် ကြီးကြီးမားမား မရှိဘူး' ဟု ဆိုပါသည်။

သီလရှင်ကျောင်းတိုက်မှာတော့ သရက်သီးပင်၊ မာလကာပင်၊ ပိန်းနဲပင်။ ဒူးရင်းပင်။ ဒညင်းပင်တွေ ရှိသည်။ မနှင်းမှုန်က ဒညင်းပင်နှင့် ဒူးရင်းပင်ကို မမြင်ဖူးဘူး ဟု ပြောပါသည်။

'အသီးတွေကို မရောင်းဘူးလား ဆရာလေး'

'ရောင်းတယ် လာလာယူကြတယ်။ ထိုက်သလောက် ငွေလည်း ပြန်လှူတာပေါ့'

မကြာမီ ပိန်းနဲသီးလာဆွတ်သည့်လူတွေနှင့် မနှင်းမှုန် စကားပြောသည်။ သပ်လျှိုထားပြီးသည့် အသီးကို လာချိုင်ခြင်း ဖြစ်သည်။ မနှင်းမှုန်က ရသည့်ငွေ မတန်ဟု ပြောသည်။ ဆရာလေးတို့ ကတော့ ငွေကို ရှာဖွေရန် မသင့်တော်ပါ။ သီလရှင်ဆိုတာ အရွက်လည်း မခူးရ။ အသီးလည်း မခူးရ။ အာပတ်သင့်သည်။

'မာလကာသီးတွေလဲ တံချူနဲ့လာခူးလိုက် အပင်ပေါ်တက်ခူးလိုက်နဲ့။ အလုံးအရေအတွက်နဲ့ ငွေနဲ့မကာမိဘူး ဘုရား။ ဈေးသွားထိုင်ရောင်းရင် ဒီ့ထက်မက ပိုက်ဆံတွေရမှာ။ သီလရှင်ဆရာကြီးရဲ့စောင်က နွမ်းနေပြီ။ ခြင်ထောင်ကလည်း အပေါက်တွေပြန်ပြန် ဖာထားရတာ။ ဈေးထဲသွားရောင်းလို့ရတဲ့ငွေကို စုပြီး စောင်လေး ခြင်ထောင်လေး ဝယ်နိုင်တာပဲ။ တပည့်တော် ရောင်းပါရစေ ဘုရား'

နောက်တော့ မနှင်းမှုန်သည် ကျောင်းထဲမှာ ရှိနေသမျှ အသီးအရွက်တို့ကို နံနက်တိုင်း ဈေးပြေးရောင်းသည့်အလုပ်ဖြင့် မနားရအောင် ရှိသည်။ ပိန်းနဲ့သီးဆိုလျှင် အလုံးလိုက် တစ်မျိုး။ အမွှာတွေ တစ်မျိုး နှစ်မျိုးရောင်း၏။ ငှက်ပျောသီးအဖီးတွေ၊ မာလကာသီးတွေ၊ သရက်သီးကတော့ မနှင်းမှုန်ရောက်သည့်မိုးကာလမှာ တုံးစပြုပြီ။ သို့သော် သရက်တုံးချိန်မှာ လက်ကျန်အသီးတွေက ငွေပိုရသည် ဆိုပါသည်။

ဒကာလေးမိခင် မနှင်းမှုန်သည် ဈေးကနေ ပြန်ပါလာသမျှ ပိုက်ဆံကို အကြွေစေ့ကအစ တိုက်အုပ်သီလရှင်ကြီး ဒေါ်ဥာဏစာရီထံ တစ်ပြားမချန် အပ်သည်။

'ဟဲ့ များလှချည်လား နှင်းမှုန်' ဟု ဆရာလေးတို့က အံ့ဩနေသည်။ မနှင်းမှုန်ကတော့ ငွေစလေးတွေ များများ ရှာပေးနိုင်သဖြင့် ကျေနပ်နေရှာသည်။
သီလရှင်ကျောင်းတိုက်မှာ လစဉ်ငွေ၊ ငါးပိရေချို၊ ဆား၊ ပဲ တို့ကို လှူသည့် အလှူရှင်များ ရှိသော်လည်း ဆန်အတွက်တော့ တစ်ပတ်နှစ်ကြိမ် ဆွမ်းဆန် အလှူခံထွက်ကြရသေးသည်။

မနှင်းမှုန် ရောက်လာသည့်အခါ သီလရှင်ကျောင်းတိုက်၏အနီးအပါးက လူတွေက ပန်းတွေခူး အသီးတွေ ခူး မခူးရတော့။ ရှိသမျှ ပန်းတွေကို မနှင်းမှုန်က ခူးပြီး ဘုရားတင်လို့ပိုတာ မှန်သမျှ ဈေးထွက်ရောင်းသောကြောင့် ဖြစ်သည်။ လူဝတ်ကြောင်ကို ကျောင်းတိုက်မှာ ကြာရှည်မထားနိုင်သည့် စည်းကမ်းတင်းကြပ်မှုကြောင့် မနှင်းမှုန်သည် သီလရှင်များမနေသည့် ဇရပ်အိုလေး တစ်ဆောင်တွင် မီးမဖွားမီ ခေတ္တနေခွင့် ပြုပါရန် တောင်းပန်ခဲ့သည်။ ဆရာကြီးက မေတ္တာဖြင့် ခွင့်ပြုခဲ့သည်။ သီလရှင်တို့၏ မေတ္တာကရုဏာကလည်း နှင်းမှုန်အပေါ် စုဘူးလိုပင် ပြည့်လျှံလာတော့သည်။ အသက်ငယ်ငယ်မို့ ခိုင်းလို့လည်း ကောင်းသဖြင့် မနှင်းမှုန်သည် ဆရာလေးတို့၏ခြေမြန်တော် ဖြစ်လာသည်။ ကိုယ်ဝန်ကြီးတကားကားနှင့် သစ်ပင်ကြိုသစ်ပင်ကြား၊ တက်နေလို့ ဆရာလေးတို့ ဟန့်တား ရသည်။ ဈေးရောင်းအပြန်တွင် သီလရှင်ကျောင်းတိုက်အတွက် ဟင်းချက်စရာများ၊ အသားငါး လိုအပ်သည်များကို နောက်နေ့အတွက် ဝယ်လာခဲ့တတ်သည်။ မနှင်းမှုန် နားချိန်သည် သီလရှင်တို့ စာချချိန် ညချမ်းတွေသာ ဖြစ်သည်။

လေးတန်းအောင်ရုံသာ စာသင်ခဲ့ရသော နှင်းမှုန်သည် သီလရှင်တို့ကျက်မှတ်နေသောစာဝါတို့ကို အားကျလျက် သိပ် နားမလည်ဘဲ လိုက်နားထောင်နေတတ်သည်။
တစ်ညနေမှာတော့ စကြံန်လျှောက်ရင်း စိတ်ပုတီးစိတ်နေသော တိုက်အုပ်သီလရှင်ကြီးကို ကျုံ့ကျုံ့ထိုင်လျက်က မနှင်းမှုန် ကန်တော့သည်။
'သမီးလေးမွေးလာရင် သီလရှင်များ ဖြစ်လာမလား'

မနှင်းမှုန်က ဆရာကြီးကို လျှောက်တော့ ဆရာလေးက အေး ကောင်းတယ်ဟု ပြောလိုက်သည်။ သို့သော် မနှင်းမှုန်က ချက်ချင်းပင် ငြင်းဆန်၏။

'သီလရှင်တွေက ငြိမ်းချမ်းတာတော့ အမှန်ပါရဲ့။ ဘုန်းကြီးတွေလောက်တော့ အရေးပေး အကြည်ညိုမခံရဘူး။ လူတွေလိုပဲ ဆွမ်းဆန်ကို ထမင်းဖြစ်အောင် ချက်ပြုတ်ရ။ သူ့အစုနဲ့သူ အိုးခွဲချက်ပြုတ်စားကြရတာမို့ သူ့ထမင်း ကိုယ့်ထမင်း သူ့ဆန် ကိုယ့်ဆန်၊ သူ့ငပိ ကိုယ့် ငပိ ဝေရခြမ်းရ ထိန်းရသိမ်းရနဲ့'

အတွေးတွေကို တတွတ်တွတ် ရွတ်နေတော့တယ်။ ဒါနဲ့ပဲ ဆရာလေးကပဲ ဖြည့်ပြောလိုက်သေးပါတယ်။

'ဟုတ်တယ်။ ဒီ့ထက်ဆိုတာရှိသေးတယ်။ ခပ်ချောချော သီလရှင်ဆိုရင် လုံခြုံရေးအတွက် စိတ်ပူပင်ရသေးတယ်။ သီလရှင်ကို သာသနာဖျက်မဲ့ ယောကျ်ားတွေ ရှိတတ်သေးသကွဲ့'
ဘုရားလက်ထက်က နိပါတ်တော်တစ်ခုကို မနှင်းမှုန်သိအောင် ဆရာလေးကပဲ ပြောပြလိုက်ပါသည်။

'အလွန်လှပတဲ့ ဘိက္ခုနီမကို ယောကျ်ားတစ်ယောက်က ချစ်ကြိုက်လို့ လိုက်စကားပြောသတဲ့။
'ငါက ဘုရားသာသာနာကို လိုက်နာတဲ့ ဘုရားသမီးပါ။ တကာတော် မသင့်တော်ပါဘူး လို့ ငြင်းပယ်တားမြစ်ပေမဲ့ ဟိုလူက လက်မလျှော့ဘဲ ဘိက္ခုနီမရဲ့အလှကိုသာ တတွတ်တွတ် ချီးမွမ်းနေသတဲ့။
'မင်းရဲ့မျက်လုံးအစုံဟာ သောက်ရှူးကြယ်လို တောက်ပဝင်းလက် အရောင်တောက်ဖြာထွက်နေတာ လှလိုက်တာ။

ဒီမျက်လုံးတွေကို ချစ်လွန်းလို့ပိုင်ဆိုင်ပါရစေ။ ငါ့ကိုလက်ထပ်ပါ။
'အဲဒီ ချီးမွမ်းစကားကိုလဲ ကြားရော သီလရှင် ဘိက္ခုနီမက သူ့မျက်လုံးကို ကိုယ်တိုင် ဖောက်ထုတ်ဆွဲယူပြီး သွေးသံရဲရဲ မျက်လုံးကို အဲဒီယောကျ်ားလက်ထဲ ထည့်သတဲ့။

'မျက်လုံးဟောက်ပက် သွေးစက်စက်နဲ့ ဘိက္ခုနီသီလရှင်ကို မြင်ယောင်ကြည့်စမ်းပါ။ သွေးသံရဲရဲ မျက်လုံးကြီးကို လက်မခံရဲဘဲ တုန်လှုပ်ခြောက်ခြားထွက်ပြေးသွားသည့် ယောကျ်ားကို မြင်ယောင်ကြည့်စမ်းပါ'

'အဲဒီလို ယောကျ်ားမျိုးတော့ တပည့်တော် မမွေးချင်ပါဘူး။ တပည့်တော် သားမွေးခဲ့ရင် အဲဒီသားက လူယုတ်မာ မဖြစ်စေရပါဘူး' လို့ တုန်တုန်လှုပ်လှုပ် ပြောနေရဲ့။

စိတ်ပုတီးစိတ်ပြီးသွားသော ဒေါ်ဥာဏစာရီထံ မနှင်းမှုန်က အသာတိုးသွားပြီး မေးခွန်းမေးခဲ့သည်။

'တပည့်တော် တစ်ခုလောက်သိချင်ပါတယ်'

ဆရာကြီးက မေးပါ ဟု လက်အသာပြသည်။

'သားသမီးဆိုတာ မိဘနဲ့အကုန်တူတာပဲလား ဘုရား'

'ဘာကြောင့် မေးတာလဲ ဘာကို သိချင်တာလဲ'

'တပည့်တော် မွေးလာမဲ့သားသမီးက တပည့်တော်လို မှားမှာလဲ စိုးတယ် ဘုရား'

ဒေါ်ဥာဏစာရီက တရားဟော ကုလားထိုင်တွင် အသာဝင်ထိုင်ပြီး မနှင်းမှုန်၏ဆံပင်ကို လက်ဖြင့် ဖွဖွ သပ်သည်။

'နှင်းမှုန်က သားသမီးတွေက မိဘထက် ပိုမြင့်မြတ်တဲ့ သာဓကတွေ အများကြီးကွဲ့။ သူ့ ပါရမီနှင့် ကံကလည်း ရှိသေးတယ်။ ကြိုးစားအားထုတ်လို့ရတာလည်း ပါသေးတယ်။ တခြားဝေးဝေးမကြည့်နဲ့ တို့ဂေါတမမြတ်စွာဘုရားကို ကြည့်လေ။ သာမန်ရှင်ဘုရင်ကနေ မွေးလာတဲ့မင်းသား။ အဖေအမေထက် ပိုမြင့်မြတ်ပြီး လူသားတွေအတွက်သာမက လူနတ်ဗြဟ္မာ လောကသုံးပါးမှာကို အကြီးမြတ်ဆုံးဘုရားဖြစ်လာခဲ့တယ်။ အဲဒါ သူကိုယ်တိုင်မနားမနေ တရားကျင့်ကြံအားထုတ်ခဲ့လို့လေ'

'ဒါပေမယ့် ဘုရားရဲ့မိဘတွေကလည်း မျိုးရိုးသန့်တာကိုး'

'မြတ်စွာဘုရားလက်ထက်က အလွန်နာမည်ကြီးခဲ့တဲ့ သမားတော် ဇီဝကဆိုတာ ကြားဖူးတာ နှင်းမှုန်။ အဲဒီ ဇီဝကဆိုရင် ဘယ်နှယ့်လုပ်မလဲ။ သူ့မွေးမိခင်က ပြည့်တန်ဆာမလေ။ ပြည့်တန်ဆာကနေ မွေးပေမယ့် ဟိုဘဝပါရမီအရ၊ ဒီဘဝကျင့်ကြံအားထုတ်မှုအရ အများအသက်ကို ကယ်တဲ့ သမားတော်မြတ်ကြီး ဖြစ်လာတယ်'

'အို ဟုတ်လား'

ထိုစကားကြောင့် မနှင်းမှုန်အားတက်သွားရှာသည်။

မနှင်းမှုန် ခမျာ ရင်သွေးလေးကို ဆင်းရဲပူပန်ရသူ မဖြစ်စေချင်။ အမှားတွေကြောင့် ပူလောင်ရသူလည်း မဖြစ်စေချင်။ တည်တည်ငြိမ်ငြိမ် အသက်ရှင်စေချင်သည်တဲ့။
'လူ့ဘဝမှာ စိုးရိမ်ကြောင့်ကြကင်းကင်းနဲ့ အသက်ရှင်နေသွားနိုင်ဖို့ ဘာက အရေးကြီးဆုံးလဲ ဘုရား' လို့ မေးခဲ့သည်။

ဆရာကြီးက မဆိုင်းမတွ ချက်ချင်းဖြေသည်။

'ဉာဏ်ပညာပေါ့ တကာမလေးရယ်'

'ဉာဏ်ပညာနဲ့ပြည့်စုံသူသာ လောကရဲ့အဆိုးအကောင်းနဲ့အကျိုးအပြစ်ကို ခွဲခြားသိတယ်။ အဲဒီလို ခွဲခြားသိမှသာ

ကောင်းကျိုးချမ်းသာအတွက် ကျင့်ကြံအားထုတ်နိုင်တယ်။ အများကို ကူညီနိုင်တယ်။ ဉာဏ်ပညာမရှိရင် သီလကိုမသိဘူး။ အပြစ်ကို မသိဘူး။ အပြစ်ကို မသိရင် မိုက်မှားကျူးလွန်မိမယ်။ ဒါကြောင့် ဉာဏ်ပညာမရှိသူဟာ ငရဲနဲ့နီးတယ်' 'ဉာဏ်ပညာ အဲဒီဉာဏ်ပညာကို သားလေးရစေချင်လိုက်တာ' တဲ့။ မနှင်းမှုန်က ဆန္ဒပြုသည်။

'မောင့်မိခင်ဟာ အဲဒီလို မောင်ရင့်ကို ပညာတော်ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ သူ့ဘဝကို ထိန်းကျောင်းပြီး မောင်ရင့်ကိုလဲ ပြုစုပျိုးထောင်ခဲ့တယ်။
ကြင်ကြင်နာနာ ပြုစုပါ။ သူ့ကို တရားမှတ်ခိုင်းပါ။ ဘဝသံသရာကို ဖြတ်နိုင်တာ ဝိပဿနာပဲဆိုတာ ဒကာလေး မမေ့ပါနဲ့။

ကျန်းမာချမ်းသာကြစေဖို့ ဆရာလေးတို့ မေတ္တာပို့ လျက် ရှိပါသည်။

နိဗ္ဗာန်ရောက်ကြောင်းတရားကို ပွားများအားထုတ်နိုင်သူများ ဖြစ်ကြပါစေသတည်း။

ဆရာလေး ဒေါ်သီရိခေမာ
ဝိသာခါ ကျောင်းတိုက်
ပြည်မြို့။

* * *

(၈)

'လက်ဆောင်ရဖူးလားဆိုတော့ လက်ဆောင် ခဏခဏရဖူးတာပေါ့။ သား နိုင်ငံခြားကနေ ပြန်လာတိုင်း ကျွန်မအတွက် လက်ဆောင်တွေ ဝယ်ဝယ်လာတာကိုး'

'ဘာတွေပါလဲ'
'အို အစုံပါပဲ။ ဂျပန်ကနေ ပြန်လာတော့ ဂျပန်ပြည်ဖြစ် ကီမိုနိုစနဲ့ ထီးလေး။ ဘန်ကောက်ကနေ ပြန်လာတော့ ပိုးထည် ထမီစတွေ။ လက်ပတ်နာရီစုံလို့'

'ငယ်ငယ်တုန်းကရော လက်ဆောင်တွေ ရဖူးလား'

'မမှတ်မိဘူး မရဖူးဘူးထင်ပါရဲ့။ ကျွန်မတို့က ဆင်းရဲတယ် ဆရာ။ အဖိုးတန်တာတွေ ဘယ်ရနိုင်ပါ့မလဲ။'

'စာမေးပွဲအောင်လို့ အမေက ဆုချတာတို့ ဘာတို့'

'ဟင့်အင်း ဆုမရဘူး'

'စဉ်းစားပါဦး'

(မေမေ၏ ရယ်မောသံ)

'စဉ်းစားရတာ ရယ်စရာကောင်းသလား'

'ဟုတ်ကဲ့'
'ဘာက ရယ်စရာကောင်းတာလဲ'

'လက်ဆောင်'
'လက်ဆောင်ရဖူးတယ်ပေါ့'
'ဟင့်အင်း ကျွန်မကို ပေးတဲ့လက်ဆောင် မဟုတ်ဘူး။ အမေ့ကို ပေးတဲ့လက်ဆောင်'

'အမေ့ကို'
'ဟုတ်တယ် ဖိနပ်လေးတစ်ရံ။ သစ်သားခုံဖိနပ်လေးပေါ့'

'အဲဒီ ဖိနပ်လေးအကြောင်း ပြောပါဦး'

ဖိနပ်ကလေးက ချစ်စရာလေး။ ဦးကော့ကော့လေး။ သစ်သားအနှစ်ဖြူဖြူနဲ့ ဆိုတော့ လှတာပေါ့။ ကျွန်မအမေကို အဲဒီ ဖိနပ်ကလေး လက်ဆောင်ပေးတဲ့သူက ကျွန်မတို့ အိမ်နီးချင်း ကောင်လေး။ သူ့နာမည်က အေးညိုတဲ့။ အေးညိုတို့အိမ်က ခါးခုတ်သံ နေ့တိုင်း ကြားရတယ်။ သူတို့က ဖိနပ်ခုတ်ရောင်းတယ်လေ။ ဖိနပ်ခုတ်ရောင်းတယ်ဆိုတာ ကြည့်တော့သာ လွယ်တာ။ အလွန်ပင်ပန်းတဲ့ အလုပ်ပါ။ ကျွန်မတို့ ရွာနီးချုပ်စပ်မှာ သစ်ပင်ကြီးကြီးမားမားဆိုလို့ သဘော်မန်းကျည်းပင်တွေပဲ ရှိတာ။ အဲဒီ သဘော် မန်ကျည်းပင်တွေ လေးငါးခြောက်နှစ်သား ရှိလာရင် ပင်စည်းလုံးက လူကြီးပေါင်လုံးလောက် တုတ်လာတယ်။ အဲဒီအခါမှာ သစ်သားခုံဖိနပ်ခုတ်ဖို့ အနေတော် သစ်ကို ရတာပေါ့။

ပင်စည်အခေါက်တွေကို ခွာလိုက်ရင် အတွင်းက အနှစ်သားက ဖြူဖွေးနေတာ။ မစိမခေါက်အနေတော်ကို ခုတ်ရတာ။ ခြောက်သွားရင် ကိုယ်လိုချင်သလောက် ပုံသွင်းဖို့ ခက်သွားပြီ။
အဲဒီနေ့က ကျွန်မ အိမ်နောက်ဘက်က မေမြို့ပန်းခင်းကို ရေလောင်းနေတုန်း အေးညို အိမ်ဝိုင်းထဲ ဝင်လာတယ်။ အေးညိုက ကျွန်မနဲ့ရွယ်တူ။ အရပ်မြင့်မြင့် အသားညိုညို။ ဆံပင်ကလဲ ညိုညို။ မျက်လုံးကလဲ ညိုညို။

'အေးညို ဘာကိစ္စ' လို့ အမေက သံသယနဲ့ လှမ်းမေးတယ်။

အမေက ယောကျ်ားလေး ငယ်ငယ်ဆိုရင် ကျွန်မတို့ညီအစ်မကို ပိုးတယ်ချည်း ထင်နေတာကိုး။ ကျွန်မ မေမြို့ပန်းခင်းတွေဘက်ကနေ အိမ်ရှေ့ဆီ အပြေး ထွက်လာခဲ့တယ်။ ထူးထူးဆန်းဆန်း။ အေးညိုက ကျွန်မတို့ အိမ်ဘက်ကို လာနေကျမှ မဟုတ်ဘဲ။

ကျွန်မ အိမ်ရှေ့ရောက်တော့ အေးညိုလက်ထဲမှာ ကိုင်ထားတဲ့ ဖိနပ်လေးတစ်ရံကို မြင်လိုက်တယ်။ ဟယ်တော့ ချစ်စရာလေးလို့ စိတ်ထဲက သဘောကျသွားတယ်။

ကျွန်တော် ဖိနပ်လာပေးတာပါ လို့ အေးညိုက အထစ်ထစ် အငေါ့ငေါ့ ပြောတယ်။

'ဖိနပ် ဟုတ်လား။ ဘယ်သူ့အတွက်တုန်း ဘယ်သူက မှာထားလို့တုန်း'

အေးညိုချက်ချင်း မဖြေဘဲ ကျွန်မဆီ လှမ်းကြည့်တယ်။ ဖိနပ်က ကျွန်မခြေထောက်နဲ့ အတော်လောက်ပဲလို့ ကျွန်မထင်တယ်။ ဒါကျွန်မအတွက် သူခုတ်ထားတာများလားလို့ တွေးမိတော့ ရင်ခုန်သွားတာပေါ့။ ဒါပေမယ့် ထင်လဲ မထင်ရဲပါဘူး။ အေးညိုနဲ့ ကျွန်မနဲ့ သိပ်မှ မခင်ဘဲ။

'ဘယ်သူမှ မမှာထားပါဘူး'

'အို ဘယ်သူမှ မမှာဘဲနဲ့ များ'

အမေက မျက်မှောင်ကြီးကြုတ်ပြီး ကျွန်မနဲ့ အေးညိုကို မယုံသင်္ကာ အကဲခတ်တယ်။ အမေ့အကြည့်ကြောင့် ကျွန်မ အေးညိုကို သနားနေတုန်း အေးညိုက ဖျတ်ခနဲ ပြုံးပြီး အမေ့လက်ထဲကို အဲဒီ ဖိနပ်ထည့်ပေးလိုက်တော့တာပဲ။

'ဒေါ်လေးအတွက် ကျွန်တော် ကိုယ်တိုင်ခုတ်ထားတဲ့ ဖိနပ်ပါ။ ဒေါ်လေးကို လာပေးတာ'

အမေက အယောင်ယောင် အမှားမှားနဲ့ ကိုင်ထားလိုက်တယ်။

'ဟေ'

အမေ ပါးစပ် အဟောင်းသား ဖြစ်သွားတယ်။ ဖြစ်ချင်တော့ အဲဒီတုန်းက အမေ့ ခြေထောက်မှာလဲ ဖိနပ် မရှိပါဘူး။ မီးဖိုချောင်ကပြင်လေးကနေ ကမန်းကတန်း ဆင်းလာခဲ့တာမို့ အမြီးတို ခုံဖိနပ်ကို အမေ မစွပ်ခဲ့ဘူးလေ။

အေးညိုက အမေအံ့သြနေတုန်းမှာပဲ ကျွန်မကို ပြုံးပြပြီးတော့ လှစ်ဆို ထွက်ပြေးသွားတော့တယ်။

'ထူးထူးဆန်းဆန်းတော် ငါ့ကိုများ ဖိနပ်ပေးရတယ်လို့။ မှန်းစမ်း'

'တယ် ဒီကလေး'

ဖိနပ်လေးက သေးသေးလေး။ အမေ့ခြေထောက်နဲ့ဘယ်တော်ပါ့မလဲ။ သဲကြိုးက ရာဘာ အကြမ်း မဟုတ်။ အနုစား။ အမဲရောင်တော့ အမဲရောင်ပေါ့။ ဒါပေမဲ့ ကွင်းထိုး အပြားလိုက်မဟုတ်ဘဲ ခြေမနဲ့ ခြေညှိုးကြားမှာ ညှပ်လို့ရအောင် တပ်ထားတဲ့ ခြေညှပ်ဖိနပ်ပါ။ ခုံဖိနပ်ကို ကျွန်မတို့ရွာမှာ ကွင်းထိုးပဲ ခုတ်ကြ ဆင်ကြတာ။ ခြေညှပ်လို့ရအောင် သဲကြိုးတပ်ထားတဲ့ ဖိနပ်ကို ကျွန်မ ပထမဆုံး မြင်ဖူးလိုက်တာပါပဲ။

'ငါ့ခြေထောက်နဲ့ မတန်တဲ့ ဖိနပ်ကို ငါ့လာပေးတယ်'
အမေ့ခြေထောက် ဖိနပ်ထဲဝင်အောင် စွပ်လို့မရဘူးလေ။ ကျွန်မရယ်ချင်လိုက်တာ မပြောပါနဲ့တော့။

'ဖိနပ်က ငယ်ငယ်လေး အမေရဲ့ '

ကျွန်မ ဝင်ပြောတော့ အမေက ကျွန်မကို မျက်စောင်းထိုးတယ်။

'ငယ်မှာပေါ့။ ဘယ်ခြေထောက်နဲ့တိုင်းထားမှန်းမှ မသိဘဲ'

အင်း ကျွန်မထင်ခဲ့သလောက်တော့ အမေက မအဘူး။ အမေရိပ်မိနေလိမ့်မယ်။

'ကျွန်မစီးကြည့်မယ်လေ။ ကျွန်မနဲ့ တော်ရင် ကျွန်မစီးမယ်'

အမေ ဘာမှ မပြောတော့ ကျွန်မလဲ ဖိနပ်လေးကို စီးကြည့်လိုက်ပါတယ်။ ဟောတော့။
တကယ်ပါဘဲ။ ဖိနပ်ပေါ်ကို ခြေထောက်တင်ကြည့်လိုက်တာနဲ့ ခြေထောက်က လျှောခနဲ သက်သက်သာသာလေး အံကိုက်ဖြစ်သွားတော့တာ။
'အမေ ကျွန်မနဲ့ အတော်ပဲတော့'

'ဒီကလေး မဟုတ်မှလွဲရော ညည်းကို မျက်စိကျနေပြီ ထင်တယ်။ ဒါ ညည်းစီးဖို့ပဲ။ ရမယ်ရှာပြီး ငါ့ပေးတာ'

'အို အမေကလဲ ကြံကြီးစည်ရာ'

အဲဒီလို ပြောလိုက်ရပေမဲ့ ကျွန်မသိတယ်။ အေးညို ကျွန်မအတွက် ဖိနပ်ကို ခုတ်ခဲ့တာ။ သူကိုယ်တိုင်ခုတ်ခဲ့တာပေါ့။ သူ့လက်ရာကို ကျွန်မသိတယ်။ ကျွန်မတို့ရွာမှာ ဖိနပ်ခုတ်တဲ့လုပ်ငန်းလုပ်တာ နှစ်ဦးသုံးဦး ရှိတယ်။ အေးညို့ ဖိနပ်က လက်ရာအကောင်းဆုံး။
အဲဒီနေ့က ကျွန်မခြေဖဝါးလေး နေရတာ တော်တော်ကို အဆင်ပြေနေတယ်။ လမ်းသွားရင်လဲ သက်သက်သာသာလေး။ ကျွန်မ ဖိနပ်လေးကို စီးပြီး အိမ်ရှေ့ထွက်လာတော့ အေးညိုက ကျွန်မခြေထောက်ကို အရင်ငုံ့ကြည့်တယ်။ သူ့ဖိနပ်လေးကို ကျွန်မစီးထားတာ မြင်တော့ သူပြုံးလိုက်တာများ အရောင်ကို တောက်သွားတာပဲ။

'နှင်းမှုန် ဖိနပ်လေး တော်လား'

'အို အံကျပဲ'

လွှတ်ခနဲ ပြောပြီးမှ ကျွန်မ ရှက်သွားမိတယ်။ ဒါပေမယ့် ကျွန်မ အံ့ဩရလွန်းတာကို မမေးဘဲ မနေနိုင်လို့ မေးလိုက်မိသေးတယ်။
'ငါ့ဖိနပ် အရွယ်အစားကို နင်ဘယ်လိုလုပ် သိတာလဲ'

သူက တော်တော်နဲ့ မဖြေဘူး။ ကျွန်မနဲ့ဘေးချင်းယှဉ်ရက် လိုက်လျှောက်နေတာ အကြာကြီး။ ပြီးတော့မှ ကျွန်မရွာထဲအဝင် သူက ကိုင်းခင်းတွေဘက်အသွား လမ်းခွဲခါနီးမှာ စကားတိုးတိုးလေး ပြောသွားတယ်။

'နင့် ခြေဖဝါးလေးကို ငါအလွတ်ရနေတာ ကြာလှပြီ' တဲ့။

* * *

ငယ်ငယ်တုန်းကတော့ ပွဲဆိုတဲ့အသံကြားလည်းပျော်။ တစ်အိမ်အိမ်က အလှူပေးလို့ဗျောတီးသံ ကြားလည်း ပျော်တာပဲ။ ကြည်နူးစရာဆိုတာကို စဉ်းစားကြည့်ရင်တော့ တစ်ခုရှိတယ်။ မြစ်ရေတွေ ကြီးလို့ကမ်းပါးပြိုတော့ ဘုန်းကြီးကျောင်းနေရာက ပြိုမှာသေချာနေတာမို့ ဘုန်းကြီးကျောင်းကို ရွှေ့ပေးရတာ ကျွန်မမှတ်မိနေတယ်။ အဲဒါက တစ်ရွာလုံး ဝိုင်းဝန်းလုပ်ကိုင်ကြတာမို့ ကြည်နူးစရာလို့ ပြောရင်ရမယ် ထင်တယ်။

'မြစ်ရေ အတက်ကြမ်းတယ်ဟေ့။ ဘုန်းကြီးကျောင်းကို ဒီနေ့အပြီးရွှေ့ကြမှဖြစ်မယ်။ တစ်အိမ်တစ်ယောက်လာခဲ့ကြ' မနက် နေထွက်ချိန်မှာ အိမ်ပေါက်စေ့လိုက် နိုးဆော်တဲ့ ရွာဆော်ကြီးဦးစိန်မောင် အသံကို ကျွန်မသတိရတယ်။ လောက်စပီကာမလိုလောက်အောင် ကျယ်တဲ့အသံပါ။

'ထွေးလေးစိန်မောင် ဘယ်ကိုလာရမှာတုန်း'

'ကမ်းပါးထိပ်က ရွာဦးကျောင်းကိုပေါ့ဟ။ နင်တို့အိမ်က မလိုဘူးလေ။ ယောကျ်ားသားမှ မရှိတာပဲ'

'အို ယောကျ်ားမရှိပေမဲ့ ကျုပ်ရှိပါတယ်တော့' လို့ ကျွန်မပြောလိုက်တယ်။

ဟုတ်တယ်လေ။ အိမ်မှာ ဟိုရွာ ဒီရွာပြေးဖို့အရေးကိစ္စပေါ်လာရင် ကျွန်မပဲ ယောကျ်ားလေးတစ်ယောက်လို ကြမ်းကြမ်းတမ်းတမ်း ပြေးလွှားနေရတာ ဥစ္စာ။ ဘုန်းကြီးကျောင်းရွှေ့လုပ်ငန်းမှာလဲ အားတက်သရောပါချင်တာပေါ့။

ကျွန်မတို့ရွာက ကျေးရွာတွေ စုထားတဲ့အုပ်စုထဲက တစ်ရွာလေ။ တစ်ရွာတည်းမှာ လူနေအိမ်ခြေနည်းပေမဲ့ ဆက်စပ်နေတဲ့ရွာတွေ အားလုံးပေါင်းလိုက်ရင် ရွာအကြီးကြီးပေါ့။
ဧရာဝတီမြစ်ကြီးရဲ့သောင်ထွန်းနေတဲ့ နုံးတင်မြေနုကျွန်းပေါ်မှာ တည်ထားတဲ့ ရွာတွေဆိုတော့ ကမ်းပါးပြိုတဲ့အနေအထား အလိုက် ရွာက နေရာရွှေ့ရတယ်။ ပြောလို့ပြောတာ မဟုတ်ပါဘူး။ မြစ်ကြောင်းက ကွေ့ကွေ့လာတဲ့အခါ ကျွန်မတို့ရွာကို တိုက်စားပစ်လိုက်တယ်။ မြစ်ရေကြီးချိန် ကမ်းပါးတွေ ပြိုကျတဲ့အခါ ကမ်းနဲ့နီးတဲ့အိမ်တွေ အဆောက်အဦးတွေ အကုန်ပါသွား တတ်တယ်။ တစ်ခါတလေ ရွာလုံးကျွတ် ပြေးရ ရွှေ့ရတယ်။

ဘုန်းကြီးကျောင်းရဲ့သစ်လုံးတိုင်တွေက ကျွန်းသစ်တွေ။ ကျွန်မတစ်ဖက်စာလောက် အလုံးတုတ်တယ်။ အမိုးတွေ အကာတွေ ဖြုတ် ခေါင်မိုးနဲ့မျက်နှာကျက်ထုတ်တန်းတွေ ဖျက်ပြီးတဲ့အခါ သစ်လုံးတိုင်တွေကို မြန်မြန်တူး။ ကျွန်မလိုပဲ မနေတတ်တဲ့ မိန်းမသူ သုံးလေးယောက်က ယောကျ်ားတွေကို ဝိုင်းကူကြတာပေါ့။ ထမီတိုတို ဝတ်ထဲ့ပြီး လှေကားကို ပြေးတက်လိုက်၊ ပြေးဆင်းလိုက် လုပ်နေရတာ။ မောတော့မောတယ်။

အဲဒီအချိန်မှာပေါ့။ ကျွန်မနာမည် ခေါ်သံကြားရတာ။

'နှင်းမှုန်'
'နှင်းမှုန်' တဲ့။

အေးညိုအသံမှန်းတော့သိပါရဲ့။ အသံက ဘယ်ကလာမှန်း မသိ။ ဟိုဟိုဒီဒီလိုက်ရှာတုန်း သူက ထပ်ခေါ်တယ်။

'ဟေ့ နှင်းမှုန် ငါက အပေါ်မှာ'

ခေါင်တိုင် သစ်သား ယက်မတန်းမှာ အကျအနထိုင်၊ သံနုတ်နေတဲ့ အေးညိုက အပေါ်စီးကနေ မျက်မှောင်ကြုတ်ကြည့်နေတာ ကျွန်မ မမြင်ခဲ့ဘူး။ သူက မျက်မှောင်ကြီး ကြုတ်လို့ပါလား။

'ဘာတုန်း'
'ကြည့်လဲလုပ်အုံး ဘုန်းကြီးတွေက လှေကားအောက်က နင်က အလွှားလွှားနဲ့အမြင်မတော်ဘူး။ အသာအေးအေး ထိုင်နေတာ မဟုတ်ဘူး'
'အို ထိုင်နိုင်ပါဘူး။ သူများမ ကိုယ်လည်း မချင်တာပေါ့'

'မ မနဲ့ သူများမိန်းကလေးတွေ ထမင်းထုပ်တွေ ပေးဖို့အိမ်ပြန်ချက်ပြုတ်နေကြတယ်။ နင်ရော အိမ်ပြန်မချက်ဘူးလား'

အော် သူပြောမှပဲ တွေးမိတယ်။ ဟုတ်တယ်။ ကျွန်မတို့အိမ်တွေကနေထမင်းထုပ်လေးတွေလာပို့ကြရမှာ။ အဲ သတိရပြီ။ ဒီနေ့

အိမ်မှာ ဟင်းကောင်းမယ်တော့။ မောင်မခေါ်ပဲ ဆီပြန်နဲ့ ယင်ဘောင်စာ ငါးချက်ပေါ့။ အဲ အမေတောင် ဟင်းချက်နေလောက်ပြီ။ အမေက ငါးဟင်းချက်ရင် အိုးကပ်မချက်ဘူး။ ဆီလည်ရေလည် ချက်တာ။ ကျွန်မက မကြိုက်။ အို အိမ်ကို မြန်မြန်ပြန်ပြေးမှပဲ။ အမေ့ငါးဟင်းကို အိုးကပ်ဖြစ်အောင် လုပ်ပြီး ထမင်းလေး ထုပ်ယူလာခဲ့မယ်။ ကျွန်မတို့ ထမင်းထုပ်ကို အေးညိုစားခွင့်ကြုံရင် ကြုံမှာပေါ့။ ကျွန်မချက်မဲ့ယင်ဘောင်စာ ငါးအိုးကပ်ကို အေးညိုစားဖြစ်သွားအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ။

ကျွန်မအတွေးနဲ့ အိမ်ကို တစ်ခါတည်း တန်းပြန်ပြေးမိတယ်။
အိမ်ရောက်တော့ ထင်တဲ့အတိုင်းပဲ။ အမေက ငါးကို ဆီလည် ရေလည် ချက်နေပြီ။

'အမေ အိုးကပ်ချက်ရအောင်ပါတော့'

'အိုးကပ်ချက်ရအောင် ညည်းဆီက ဘယ်သူကပေးမှာတုန်း'

'အော် အမေကလဲ တစ်ခါတလေလေး ဆီပြန်စားရတာ။ ဘုန်းကြီးကျောင်းမှာ လူတွေ ဝိုင်းစားတဲ့အခါ ဆီပြန်လေး ကျွေးရတာ ကောင်းတာပေါ့'

ဖန်ပုလင်းထဲကျန်နေတဲ့ ဆီလေးကို ကျွန်မ ဒယ်အိုးခင်းထဲ ထည့်ချပစ်လိုက်တယ်။
အမေက အမလေးတော် ဆီတွေကုန်ပါပြီ နဲ့ အော်နေသေးတယ်။ ကျွန်မ မကြားချင်ယောင် ဆောင်လိုက်တယ်လေ။ အမေ့ဆီကို ကျွန်မ ပြန်ဝယ်ပေးပါ့မယ်တော် လို့ စိတ်ထဲကပဲ နှစ်သိမ့်လိုက်တယ်။
ဘုန်းကြီးကျောင်းကို ကျွန်မ ထမင်းထုပ်လေးနဲ့ ပြန်ရောက်သွားတော့ သစ်လုံးတွေ သစ်သားတန်းတွေ နံရံအချပ်လိုက်တွေ ဖြစ်ကုန်ပြီ။

သူတို့ အားလုံး ထမင်းစားကြတော့မယ်။

စားပွဲခုံ အကြမ်းထည်ကြီး အရှည်လိုက်ပေါ်မှာ အင်ဖက်တွေ ချင်းပြီး ထမင်းပွဲပြင်ကြတယ်။ သူ့ အိမ်က ထမင်းထုပ် ကိုယ့်အိမ်က ထမင်းထုပ် စားပွဲပေါ်ရောက်တော့ ရောနှောကုန်တာပါပဲ။
ကျွန်မက ထမင်းထုပ်နှစ်ထုပ် သယ်လာခဲ့တာ။ ကျွန်မတစ်ထုပ်စားမယ်။ အေးညိုကို တစ်ထုပ်ကျွေးမယ်ပေါ့။ အေးညိုအတွက် ထမင်းထုပ်က အင်ဖက်ထုပ်ပေါ်မှာ ချည်ကြမ်းလက်သုပ်ပဝါအဝါကွက်နဲ့ ထပ်ထုပ်ထားတာ။ သေသေသပ်သပ်လေးပါ။

အေးညိုက လူငယ်လေးဆိုတော့ လူကြီးတွေဝိုင်းမှာ မစားဘူး။ ခပ်လှမ်းလှမ်းက ကွပ်ပျစ်တစ်ခုပေါ်မှာ သွားထိုင်တယ်။ ကျွန်မ စိတ်ညစ်သွားတယ်။ ကျွန်မထမင်းထုပ်က စားပွဲပေါ်မှာ။ အေးညိုက အဝေးမှာ။ အေးညိုလက်ထဲရောက်နေတဲ့ ထမင်းထုပ်က အင်ဖက်ပေါ်ကနေ သတင်းစာစက္ကူနဲ့ ထပ်ပတ်ထားတယ်။ အဲဒါ သူ့ အမေ ဒွေးမုန်ရဲ့ လက်ရာ မဟုတ်ဘူး။ ဒွေးမုန်က အဲဒီလောက် သေသေသပ်သပ် မလုပ်တတ်ဘူး။ ဘယ်သူပေးတဲ့ ထမင်းထုပ်ပါလိမ့်နော်။

ကျွန်မ အေးညိုကို လှမ်းကြည့်နေတုန်း ကျွန်မကြည့်နေတာကို သိသလိုပဲ သူခေါင်းမော့ကြည့်တယ်။

'နှင်းမှုန် မစားဘူးလား။ နင့် ထမင်းထုပ်ကော' တဲ့။ မေးတယ်။
ကျွန်မ ထမင်းထုပ်တွေကို လှမ်းကြည့်လိုက်တော့ ထွေးလေးစိန်မောင်က တစ်ထုပ်ယူပြီး ဖြည်တောင် ဖြည်နေပြီ။

'ထမင်းထုပ်မပါရင် ငါ့ဆီကစားလေ ငါမကုန်ပါဘူး လာ'

'အို အေးညိုကလဲ စားပွဲပေါ်မှာ ထမင်းထုပ်တွေ ရှိပါသေးတယ်။ အဲဒီထမင်းထုပ်တော့ နင်ပဲ စားပါ'

မိန်းမသံတစ်ခုကို ကြားလိုက်ရတယ်။ ဩော။ အေးညိုစားနေတဲ့ ထမင်းထုပ်က မလှသန်းရဲ့ ထမင်းထုပ်ပါလား။ မလှသန်းက

ကျွန်မ အစ်မနဲ့ရွယ်တူ။ ကျွန်မစားမှာကို စိုးရိမ်နေတဲ့ပုံစံနဲ့ ဟန့်တားလိုက်တော့ ကျွန်မစိတ်ထဲ ချဉ်သွားမိတယ်။ ကျွန်မ အကြံရသွားတယ်။
ဘာရမလဲ။ ကျွန်မ စားပွဲဆီ အပြေးသွားပြီး ကျွန်မ ထမင်းထုပ်ကို သွားဆွဲယူလိုက်တော့တာပေါ့။ တော်သေးတယ်။ လက်မတင်လေးပဲ။ ဦးပြားက လက်လှမ်းနေပြီ။

'ဘကြီး ကျွန်မ ဒီထမင်းထုပ် စားလိုက်မယ်နော်'

'အေးအေး စားပါဗျာ။ စားပါ' တဲ့။

အေးညိုရဲ့ကွပ်ပျစ်နားက သစ်မြစ်ဆုံလေးတစ်ခုပေါ်မှာ ကျွန်မ သွားထိုင်လိုက်တယ်။ ဘယ်နေမလဲ။ အေးညိုက ကျွန်မအနားကို ရောက်လာတာပေါ့။

'တစ်ယောက်တည်း မစားနဲ့ဟာ။ ဘာဟင်းတွေတုန်း'
မလှသန်းတော့ ဘယ်လိုနေမလဲ မသိဘူး။ ကျွန်မတို့တော့ ဟင်းချင်းဆုံပြီး အတူတူစားလိုက်ကြတယ်။ မလှသန်းရဲ့ထမင်းက ကျွန်မတို့ထက် ဆန်ကောင်းတယ်။ ဧည့်မထဆန်။ ကျွန်မတို့ဆန်က ငစိန်ဆန်။ သူ့ဟင်းကလဲ ဖွယ်ဖွယ်ရာရာပဲ။ ဘဲဥနဲ့ဆူပုပ်ရွက်ကြော်ထားတာရယ်။ ငါးဖယ်အောင်း ငါးပိကောင် မီးကင်ရယ်။ ငရုတ်သီးမီးကင်ထောင်းရယ်။ အို သူ့ဟင်းနဲ့ ကိုယ့်ဟင်းနဲ့ မျှဝေပြီး စားလိုက်တာ။ ထမင်းထုပ်နှစ်ခုလုံး အကုန်ကုန်ပါရောလား။

ကျွန်မ အိမ်ပြန်ပြီး ငါးအိုးကပ်ဆီပြန်ချက်ရကျိုးနပ်သွားတယ်။ မလှသန်းကတော့ အပျိုကြီး အိန္ဒြေနဲ့အတူလာမစားရဲတော့ မျက်စောင်း တခဲခဲပေါ့။

ညနေရောက်တော့ စာသင်ကျောင်းဘေးက ကွက်လပ်နေရာမှာ တိုင်တွေစိုက်ပြီးပြီ။ ညရောက်တော့ အမိုးအကာတွေ အားလုံးပြီးသွားပြီ။ ကြမ်းခင်းတွေ ပြန်မရိုက်ရသေးတော့ ဘုန်းကြီးသုံးပါးကျိန်းဖို့ကွပ်ပျစ်လေးတွေ ချပေးထားရတယ်။ နောက်တစ်နေ့မနက်ကျမှ မူလကျောင်း ပုံစံအတိုင်း ပြန်ဖြစ်သွားတယ်။

လူအင်အားများများနဲ့ကျောင်းကို ရွှေ့ပေးလိုက်မိပေလို့ပေါ့။ ကမ်းပါးပြိုတဲ့အချိန်က အဲဒီနေ့ည သန်းခေါင်ကာလကြီး။
ရေသံတွေ တဝေါဝေါ ဆူညံလို့ မြေပြိုသံတွေကို ရွာလယ်ကတောင် ကြားရတယ်။ အပြေးအလွှားလာကြည့်ကြတော့ ဘုန်းကြီးကျောင်းရှိခဲ့ရာ မြေပြင်က ပဲ့ကျပျောက်ကွယ်သွားပြီ။

ကျွန်မတို့သာ တစ်ရက်နောက်ကျခဲ့ရင် ဘုန်းကြီးကျောင်းကို ပစ်လိုက်ရပြီပေါ့။ အဲဒါကို ပြန်တွေးရတာ ကြည်နူးစရာ ကောင်းပါတယ်။
ဒါနဲ့ကျွန်မ အခုထိ မျက်စိထဲမှာမြင်နေမိတာက ကျွန်မနှုတ်ခမ်းဒေါင့်စွန်းလေးကို လက်သုပ်ပဝါနဲ့သုပ်ပေးလိုက်တဲ့ အေးညိုရဲ့ မျက်နှာ။

'နှင်းမှုန် ခဏလေး ထမင်းစေ့လေးပေနေတယ်' တဲ့။

အိုး ကျွန်မ ရင်ထဲမှာ ခုန်သွားလိုက်တာ။ ဘေးနားမှာ လူတွေတစ်ယောက်မှ မရှိတော့သလို အသံတွေ အကုန်တိတ်ဆိတ်။ ကျွန်မ ကြားရတာ အသံတစ်ခုတည်း။ အဲဒါက နှလုံးခုန်သံ။ အေးညိုရဲ့နှလုံးခုန်သံလား ကျွန်မရဲ့နှလုံးခုန်သံလား။ ကျွန်မ မသိပါဘူး။ ကျွန်မ မျက်နှာတစ်ခုလုံး နွေးနေတာပဲ။

* * *

မှန်တံခါးတစ်ချပ် ဒုန်းခနဲ အသံမြည်ကာ ပိတ်သွားသံ။
သူ စာရွက်ကို ခဏချလိုက်သည်။ အပြင်မှာ လေတွေ တရကြမ်းတိုက်နေသည်။
မေမေများ လန့်သွားမလား။

မေမေ့ အခန်းထဲသို့ သူဝင်သွားလိုက်သည်။ မေမေခုတင်ခေါင်းရင်းမှာ ခေါင်းအုံးကို ကျောမှီလျက် ထိုင်နေ၏။ ခပ်မှိန်မှိန် လျှပ်စစ်မီးရောင်အောက်တွင် မေမေ့မျက်လုံးတွေ မျက်ရည်စိုစွတ်နေလား သူမသိနိုင်။ မျက်နှာကျက်ဖန်ချောင်းကို သူ ခလုပ်ဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်းထိန်သွားသည်။

'ဟဲ့'
မေမေလန့်ဖျတ်သွားသည် ထင်၏။

'အဲ မေမေ ဒီအချိန်ထိ မနေနဲ့လေ။ အိပ်မှပေါ့'

'အိပ်လို့မှ မပျော်ဘဲ သားရဲ့ အိပ်မပျော်လို့ ဟိုတွေးဒီတွေး တွေးနေတာ။ ဘုရားခန်းထဲမှာ ကြာရင်လဲ မင်းက စိတ်ပူဦးမယ်' မေမေ့ စကားသံတွေက ပုံမှန်ပဲဟု သူထင်သည်။

'အိုကေ မအိပ်ချင်ဘူး ဆိုရင် ကျွန်တော်နဲ့ စကားပြောကြမယ်လေ'

မိခင်က မယုံသလို ကြည့်သည်။

'မင်း အားလို့လား'

'အော် မေမေကလဲ အားပါတယ်'

တကယ်တော့ မေမေ့စကားတွေကို ဖတ်ပြီးလျှင် မနက်ဖြန်ပြောဆိုရှင်းပြရမည့် ဆွေးနွေးပွဲအတွက် စီကာစဉ်ကာ ဖြစ်ဖို့ ပါဝါပွိုင့်ဆလိုက်အချပ်တွေ လိုတိုးပိုလျှော့ ပြင်ဆင်ရဦးမည်။ အဲဒါက မေမေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှ လုပ်လို့ရပါသည်။ မိခင် မျက်နှာ ကြည်လင်သွား၏။

'ကဲပြော ဘာအကြောင်းတွေ ပြောကြမလဲ'

'မေမေ ကျွန်တော် အသက်ငယ်ငယ်တုန်းက ဘယ်မှ မသွားခဲ့ရတာ အခု ခရီးတွေဘာတွေ မထွက်ချင်ဘူးလား။ ကျွန်တော်တို့ သားအမိ ခရီးထွက်ရင် ကောင်းမလားလို့'

'ဘယ်ကိုတုန်း'
'ဘယ်ပဲ ဖြစ်ဖြစ်ပေါ့ မေမေရ။ ပုဂံကို ဖြစ်ဖြစ် ရှမ်းပြည်နယ်ကို ဖြစ်ဖြစ်။ မေမေ စိတ်ကူးတည့်ရာပေါ့' အမေကို အသာအကဲခတ်ပြီး ခပ်ဆဆ ပြောသည်။

'ငါ့အမေသေလားရှင်လား မသိရတဲ့ စိတ်သောကကြီးက တော်တော် ဆိုးလှတယ်ဟယ်။ ခရီးထွက်လဲ ပျော်နိုင်မယ် မထင်ပါဘူး'
'မေမေ့ရွာနဲ့ အနီးဆုံးမြို့ကို သိပြီဆိုရင် အဲဒီရွာကို ခရီးထွက်မလား'

သူ စကားလုံးကို ရွေးပြီး မေးလိုက်၏။ မေမေ မျက်မှောင်ကြုတ်သည်။

'သိမှာလား'
'သိမှာပေါ့ မေမေ။ မေမေ ဆရာကြီးနဲ့သွားစကားပြောတယ် မဟုတ်လား။ ဆရာကြီးက မေမေ့စကားတွေထဲကနေ ခြေရာခံကောက်ပေးမှာပေါ့'
'ငါ့အမေ သေသွားပြီးရင်တော့ သွားလဲ ဘာလုပ်မှာလဲ'

'အော် မေမေကလဲမတော်တဆသေသွားခဲ့ပြီးပြီဆိုရင်လဲ အဲဒီမှာဘုန်းကြီးဆွမ်းကပ်တာတို့ သင်္ကန်းလှူတာတို့ ကျောင်းဆောက်တာတို့ လုပ်ပေးနိုင်တာပဲ'

မေမေဘာမှ မပြောဘဲ တွေနေသည်။ မေမေ့စားပွဲပေါ်မှာ နံ့သာဖြူစိတ်ပုတီးနှင့် ပရိတ်ကြီးဆယ့်တစ်သုတ် အသံထွက်ရွတ်ဖတ်နည်း စာအုပ်သေးသေးလေးကို မြင်ရသည်။

စားပွဲပေါ်က မျက်မှန်ကို သူကောက်ယူကြည့်သည်။ လွန်ခဲ့သည့် ခြောက်လခန့်က လုပ်ပေးခဲ့သော မေမေ့ပထမဆုံး စာကြည့်မျက်မှန်။ ဈေးကြီးလွန်းလို့ အဲဒီမျက်မှန်စမ်းသပ်ခန်းကို နောက်တစ်ခါ မသွားဘူး ဟု ငြင်းဆန်ခဲ့သည်။

'မေမေ့မျက်မှန် ကြည့်လို့အဆင်ပြေတုန်းပဲလား။ ခြောက်လလောက်ကြာသွားပြီဆိုတော့ ဒီဂရီတွေ ပြောင်းနေရောပေါ့။ တစ်ခါလောက် ထပ်သွားရအောင်'

'မသွားဘူး။ အဲဒီဆိုင်ကို မသွားဘူး။ နင်းကန် ပိုက်ဆံတွေ ယူနေတဲ့ ဆိုင်'

သူ ရယ်မိသည်။ မေမေပုံမှန်တော့ ပြန်ဖြစ်နေပါပြီ ဟု မိခင်ကို ငေးရင်း ပင့်သက်ချမိသည်။

'အေးလေ အဲဒီဆိုင်မဟုတ်လဲ နောက်တစ်ဆိုင်ပေါ့ မေမေ'

'မောင်မင်းဥာဏ် သား မိန်းမယူတော့မလို့လား'

ရုတ်တရက်ကြီးကောက်မေးလိုက်သော မေမေ့မေးခွန်းကြောင့် သူကြောင်အသွားသည်။
မေမေသူ့ကို ကြည့်နေသည်။ ခပ်တည်တည် လုပ်ထားပေမဲ့ စိုးရိမ်ပူပန်မှုကို သူအကဲခတ်မိနေလေသည်။ ငယ်ငယ်က သူ ဘောလုံးကန်ပြီး ပြန်လာသည့်အခါ ဒဏ်ရာတွေ ဘာတွေရခဲ့လားဟု စိုးရိမ်တကြီး တစ်ကိုယ်လုံး ရှာဖွေကြည့်နေခဲ့သည့် မျက်လုံးမျိုးဖြစ်သည်။

'မေမေ မယူစေချင်ရင် မယူပါဘူး မေမေ။ ကျွန်တော်က မေမေတားတဲ့ ကိစ္စတွေကို ဘယ်နှခါများ လုပ်ခဲ့ဖူးလို့လဲ'
မေမေ့မျက်နှာ ပြုံးလာသည်။ တောသူပီပီ မေမေ လုံးဝ ဟန်ဆောင်မကောင်းပေ။

'နှစ်ခါ'
'ဟင် နှစ်ခါ ဘာတွေလဲ'

'အိမ်ကနေ ထွက်သွားတုန်းက တစ်ခါ။ အကုသိုလ် အလုပ်တွေ မလုပ်ပါနဲ့ တားထားတဲ့ကြားက ငါးကန် လုပ်တုန်းက တစ်ခါ'
သူ ဟက်ဟက်ပက်ပက် ရယ်မိပြီး မိခင် ပခုံးကို သူ့နဖူးနှင့် အသာထိတိုက်လိုက်သည်။
'မေမေကလဲ အခုထိ မမေ့နိုင်သေးဘူးကိုး'
'ဘယ်လို လုပ် မေ့မလဲ။ တစ်အိမ်လုံး ဆူညံနေအောင် ကက်ဆက်ကြီး ဖွင့်ပြီး အော်နေတာ'
ကျော်ဟိန်း၏သီချင်းကို မေမေကြားအောင် နေ့ရော ညပါ ဖွင့်ပြပြီး အခွင့်အရေး တောင်းခဲ့ခြင်းကို မေမေအခုထိ မှတ်မိနေဆဲပါလား။ သူ ရယ်မိပြန်သည်။
'တံခါးတွေ ပိတ်မထားပါနဲ့ ပိတ်မထားပါနဲ့' တဲ့။
သူမေမေ့ ပခုံးကို ပွေ့ဖက်လိုက်သည်။

'နောက် မလုပ်တော့ဘူးလေ။ အဲဒီတုန်းကလဲ မေမေငွေရှာရတာ ပင်ပန်းလွန်းလို့ကျောင်းစရိတ်ကို ကိုယ်တိုင် ရှာချင်တာပါ'
မေမေ့ပခုံးကို ကျော်၍ စားပွဲပေါ်က စာရေးစက္ကူကတ်တွင် ဆရာ့လက်ရေးဖြင့် ချရေးထားသော ခေါင်းစဉ်ကို သူ ဖတ်လိုက်သည်။

'ရွာမှာ နေ့စဉ် လုပ်ရှားရတဲ့ တစ်နေ့တာ အကြောင်းများ'

* * *

(၉)

ရွာနာမည်ကို မမှတ်မိပေမဲ့ ရွာတည်တဲ့နေရာ အနေအထားတော့ ကျွန်မ မှတ်မိပါတယ်။ ကျွန်မတို့ရွာက ဧရာဝတီမြစ်သဲသောင်ခုံကြီးပေါ်က မြေနုကျွန်းကြီးပေါ် တည်ထားတာ။ ဒါကြောင့် သုံးလေးနှစ်တစ်ခါ ရေတိုက်စားပြီး ကမ်းပါးပြိုလို့ နေရာရွှေ့ရပါတယ်။
ဘယ်လိုပဲ နေရာတွေ ရွှေ့ပြောင်းပြီး ရွာတည်ရပါစေ။ ကျွန်မတို့ညည်းညူစိတ်ပျက် မနေနိုင်ဘူး။ ဒီဧရာဝတီမြေနုကျွန်းသောင်ခုံကို မှီခိုပြီး ကိုင်းလေးယာလေး ထွန်ယက်စိုက်ပျိုး စားသောက်နေခဲ့ရတာမို့ ဒီနေရာလေးကိုပဲ ခင်တွယ်နေကြတာ။ ဒီမြေက ကျေးဇူးရှင် မြေပါ။ ဒီနေရာကနေ ခွာထွက်ပြီး တစ်နေရာရာ ပြောင်းရွှေ့နေထိုင်ဖို့ ဘယ်သူမှ စိတ်မကူးခဲ့ဘူး။

ကျွန်မတို့က သားအမိ သုံးယောက်တည်း။ ကိုင်းမြေ ကွက်မှာ ဗူးသီး၊ ခရမ်းသီး၊ သခွားသီးစိုက်တယ်။ အိမ်နောက်ဖေးမြေကွက်လပ်မှာ မေမြို့ပန်းတို့ ဂန္ဓမာပန်းတို့ စိုက်တယ်။ မိန်းမသားသုံးယောက်တည်းလုပ်တဲ့ ကိုင်းလုပ်ငန်းဖြစ်ပေမဲ့ စားလောက်ပါတယ်။ ကိုင်းက ထွက်သမျှ ဟင်းသီးဟင်းရွက်ကို မနက်တိုင်း ကျွန်မက တောင်းနဲ့ရွက်ပြီး မြို့ကို သွားရောင်းတယ်။ အစ်မက အပျိုကြီးဖြစ်နေပြီကိုး။ ကျွန်မကတော့ ဟိုမရောက် ဒီမရောက်အရွယ်မို့ ယောကျ်ားလေးလိုပဲ ဈေးရောင်းလည်းပါ ကိုင်းလုပ်လည်းပါ ပေါင်းနုတ်တော့လည်း ပါပေါ့။ ဈေးရောင်းရတာက အိမ်မှာနေပြီး ထမင်းဟင်းချက်ရတာထက် ပိုပင်ပန်းပါတယ်။

သဲနဲ့နုံးရောနေတဲ့ သောင်ခုံကို ခြေလျင်ဖြတ်ကျော်ပြီးမြစ်ကိုကူးမယ့် ကူးတို့လှေဆိပ်ကို ဆင်းရတယ်။ ကူးတို့လှေဆိပ်က နေ့တိုင်း နေရာရွှေ့နေတယ်။ မြစ်ရေကြောင်းပေါ်မှာ တည်တာကိုး။ လှေခကတော့ တစ်ကျပ်ငါးမတ်ပါပဲ။ လက်နဲ့လှော်တဲ့ လှေတွေပေါ့။ မိုးတွင်းဆိုရင် လှေက မြစ်ပြင်ကျယ်ကြီးကို အကြာကြီး ဖြတ်ရတာ။ မြစ်တစ်ဘက်ကမ်း လှေဆိုက်တဲ့အခါ သောင်ခုံကူးစရာမလိုဘဲ မြို့ကို တန်းရောက်တယ်။

ကိုယ့်ခံတောင်းလေးကို ကိုယ်ရွက်ပြီး မြို့ကဈေးကို အပြေးလျှောက်တဲ့အချိန်က မနက် ဝေလီဝေလင်းပဲ ရှိသေးတယ်။ ဈေးကြီးအပြင်က ရတနာမြဲဇူဘုရားလမ်းဟာ ကျွန်မတို့လို အာဂန္တုဟင်းရွက်သည်တွေ ဈေးရောင်းရာ ဈေးတန်းကြီးပေါ့။ စည်ကားလိုက်တာ။ မှျစ်တို့ ငရုတ်သီးစိမ်းတို့ အာလူးတို့ ရောင်းတဲ့ဈေးသည်တွေလည်း ရှိတယ်။ ကျွန်မတို့လို ကျွန်းထဲကိုင်းထဲ ဈေးသည်တွေကတော့ ချဉ်ပေါင်ရွက်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ပန်းတွေပေါ့။ ပန်းက အမျိုးမျိုး။ နှင်းဆီ၊ မေမြို့၊ ဒေါနု၊ ဂန္ဓမာ။ ဆောင်းတွင်းဆို မြတ်လေးပန်းကုံးတွေ။ မိုးတွင်းဆို ဇွန်ပန်းကုံး၊ စပယ်ပန်းကုံးတွေ။

ခံတောင်းလေးထဲမှာပါသမျှ ကုန်အောင်ရောင်းရင်း မိုးလင်းရာကနေ နေမြင့်သွားတတ်သည့် အခါတွေလည်း ရှိတာပဲ။ ကံကောင်းတဲ့ရက်တွေမှာတော့ ဖောက်သည်ယူမယ့် မြို့ခံဈေးသည်တွေက ဈေးသိပ်မနှိမ်ဘဲ လက်လွှဲဝယ်လိုက်လို့ မိုးလင်းလင်းချင်း အိမ်ပြန်ရတတ်တယ်။

ရောင်းလို့ရသမျှထဲက မုန့်ဟင်းခါးသုပ်ကလေးတစ်ပွဲတောင် မစားရက်ဘဲ ငွေလေးတွေကို ကျစ်ကျစ်ပါအောင်စုဆုပ်ထုပ်သိမ်းပြီး ရွာပြန်တာက များပါတယ်။ တစ်ခါတစ်ခါ ရောင်းလို့က မကုန်နိုင်၊ ဗိုက်ကဆာ။ ရထားတဲ့ ငွေထဲကနေ သရေစာမုန့်လေး နဲ့နဲ့စားမိသွားရင် ကိုယ့်ကိုယ်ကို ဒေါသထွက် နောင်တရနေပြန်ရော။ ပေါ့ပေါ့ရမ်းရမ်း မသုံးဖို့ အမေက အမြဲ ဆုံးမတာ။ အိမ်က ပျော်စရာလေးပါ။

တစ်ခုပဲရှိတယ်။ အစ်မ မမိုးစွေက အမေကို ကူရတာမို့ ကျောင်းမနေနိုင်တော့ဘူး။ ကျွန်မကလဲ ဈေးရောင်းဈေးဝယ်ပဲဝါသနာပါလို့လေးတန်းလည်းအောင်ပြီးရောမြစ်ကူးချောင်းခြားမြို့ ကျောင်းမှာအလယ်တန်းသွားမတက်တော့ဘဲ ကျောင်းထွက်

လိုက်တာနဲ့ ကျွန်မတို့ နှစ်ယောက်လုံး အတန်းပညာ မတတ်ကြဘူး။ သူများ သားသမီးတွေ ရှစ်တန်းတွေ အောင်ကြ ဆယ်တန်းတွေ ရောက်ကြနဲ့ အမေက အားကျသတဲ့။

ကျွန်မကတော့ လက်နှစ်ဘက်ရှိရင် ထမင်းမငတ်ပါဘူး လို့ အမေ့ကို ပြောမိတယ်။ အမေက အဲဒါမျိုးပြောရင် အရမ်းစိတ်ဆိုးတာ။ ပညာတော့ တတ်အောင် သင်မယ်မကြံဘူး တယ်တော်တဲ့ဟာမ လို့ အမေက ငေါ့တတ်တယ်။

'ဘာလဲ နင်က ဖိနပ်ခုတ်စားမယ်လို့ ဆိုချင်တာလား'

မမိုးစွေက ဟိုဘက်အိမ်ကို စောင့်ကြည့်ပြီး ကျွန်မကို ရှုတ်ချတယ်။ အမေကြားသွားရင် ကျွန်မကို ပေါင်တွင်းကြော ဆွဲလိမ်တော့တာ။

'ဟင် အမေ ကျွန်မ ဘာလုပ်လို့လဲ ပြောတာက သူ အစ်မ မိုး'

'အေး ညည်းက သူများ ပြောခံရအောင် နေတာကိုး အေ့။ အပြောမခံရချင် အပြောမခံရအောင် နေပေါ့'

အမေက ပြောပြီးတော့ မလှရှင် သနပ်ဖတ်ဆေးလိပ်ကြီးကိုပဲ သဲကြီးမဲကြီး ဖွာရှိုက်နေတော့တယ်။
အမေက ဆေးလိပ်သိပ်သောက်တယ်။ အမေ့အတွက် ပြောင်းဖူးဖက်ဆေးလိပ်တွေ ကျွန်မတို့ လိပ်လိပ်ပေးပါရဲ့။ ဒါပေမဲ့ အမေက သနပ်ဖက်ဆေးလိပ်မှ ကြိုက်တာ။ အမေအကြိုက်ဆုံးက မလှရှင် ဆေးလိပ်ပေါ့။ ကျွန်မစိတ်ပူတယ်။ အမေ ဆေးလိပ်တွေ သောက်နေတုန်းပဲလား။

* * *

(၁၀)

*မြစ်တစ်ဘက်ကမ်းမြို့ ။*

*မြစ်ရေကြီးချိန် ကမ်းပါးပြိုသည့်ရွာ။*

*ရတနာ မဍ္ဍူဘုရားလမ်း၊ သဲသောင်ခုံကျွန်း၊*

*ယင်ဘောင်စာငါး၊*

*အေးညို၊ မလှသန်း၊*

*သဘော်မန်ကျည်းပင် အနှစ်သားဖိနပ်၊*

*မလှရှင် သနပ်ဖက်ဆေးပေ့ါလိပ်။*

ရုံးမှတ်တမ်းစာရွက်တွေ ဖိုင်တွဲတွေ အပုံလိုက်ကြားထဲမှ လက်ရေးဖြင့် ချရေးထားသော ခပ်သော့သော့ စာကြောင်းများ ဖြစ်သည်။ အင်တာနက်ထဲဝင်ပြီး Google earth အစီအစဥ်ဖြင့် မြေပုံရှာကြည့်ရန် ဆိုလျှင် အနည်းဆုံး မြို့နာမည်ကိုတော့ သိရပေလိမ့်မည်။ သူ့ကွန်ပျူတာ မျက်နှာပြင်တွင် ဂူးဂဲလ် ကမ္ဘာ့ မြေပုံကို ခေါ်ထားပြီး ဆယ်မိနစ်ဆယ့်ငါးမိနစ် အချိန်အားလျှင် မြန်မာနိုင်ငံ၏ဟိုမြို့ သည်မြို့ တွေ ရှာဖွေကြည့်နေခဲ့သည်။

တယ်လီဖုန်းမြည်သံ။
'ဟဲလို'
သူ့ ရုံးက သူ့ အထက်အရာရှိ ဂီယုမ်း ဖြစ်သည်။ ပြည်ပ အစည်းအဝေးတစ်ခုသို့ သူ့ ကိုယ်စား သွားပေးနိုင်မလားဟု လှမ်းမေးခြင်း ဖြစ်သည်။ သူ့ ကိုယ်စား ဟူသည့်စကားက အလွန် စိတ်ဝင်စားဖို့ ကောင်းပါသည်။ မိမိကို ယုံကြည်စိတ်ချသည် ဆိုသော အဓိပ္ပါယ်မဟုတ်လား။

သို့ သော်

'ကျွန်တော့် အမေ သိပ်နေမကောင်းသေးဘူး' ဟု ခပ်ဆဆ ဖြေလိုက်မိသည်။

'ပြုစုစောင့်ရှောက်ပေးမယ့် တစ်ယောက်ယောက် ရှာလို့ ရနိုင်မလား'

ဂီယုန်းမ်ကမေးတော့ သူအငြင်းရခက်သွားသည်။ အမှန်တော့ ငြင်းပယ်ခွင့် သူ့ မှာ မရှိပါ။

ဝေလွင်တော့ ရှိပါရဲ့ ။ ဝေလွင်များ စီစဥ်ပေးလိုက်မလား။

'ဟုတ်ကဲ့ ကြိုးစားကြည့်ပါမယ် ခင်ဗျာ'

'နေ့လည်စာ ဆွေးနွေးပွဲမှာရော ငါမရှိရင် ဖြစ်သလား'

'ဟုတ်ကဲ့ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီနေရာကို တစ်နာရီ အရောက်သွားမှာပါ'

'ကျေးဇူးတင်ပါတယ် မင်း' ဟု တစ်ဘက်က ပြန်ပြော၏။

'ကိစ္စမရှိပါဘူး ခင်ဗျာ'

နေ့လည်စာစားရင်း ဆွေးနွေးစကားပြောမည့် ကိစ္စမှာ ဂီယုန်းမ်က ဦးဆောင်မည်ဟု မူလက စီစဉ်ထားခဲ့သည်။ အခု သူဘာဖြစ်လို့ စိတ်ပြောင်းသွားပါလိမ့်။ သူတစ်ခုခု ခေါင်းရှောင်ချင်တာ ဖြစ်မှာပေါ့။ သူ့အထက်အရာရှိက ခဏခဏ စိတ်ပြောင်းတတ်၏။ ဘာကိစ္စမဆို သူ အဆင်သင့် ဖြစ်နေအောင် ပြင်ဆင်ထားမှ လျှပ်တစ်ပြက် အစားဝင်လို့ရမှာပေါ့။ ထိုဖြစ်စဉ်များ ခဏခဏ ကြုံရသဖြင့် သူ့အတွက် မထူးဆန်းတော့ပါ။ တကယ်တော့ သူက ထိုစိန်ခေါ်မှုများကို သဘောကျပါသည်။ မြန်မာနိုင်ငံ၏မျိုးဆက်ပွားကျန်းမာရေးနှင့် အိပ်ချ်အိုင်ဗွီ အိတ်ဒ်စ် ပြဿနာများကို ဘယ်အချိန် ဘယ်ရှုဒေါင့်ကပဲ ဆွေးနွေးသည်ဖြစ်စေ၊ သူ မစိုးရိမ်ပါ။ စိုးရိမ်တာက တစ်ခုတည်း။ သည်ကနေ့ နေ့လည်စာ ရုံးနားချိန် ရသမျှ တစ်နာရီခွဲ အချိန်လေးကို ဝေလွင်က သူ့ကိုပေးဖို့ တစ်ပတ်ကြိုတင် မှာထားပြီးသား။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှ အလုပ်ကိစ္စနှင့် ရောထားသည့် နေ့လယ်စာတစ်ခုကို ရုတ်တရက်ကြီး စီစဉ်လိုက်ရသည်။

ဝေလွင် စိတ်မကောင်းဖြစ်တော့မှာ သေချာသည်။

'ကျွန်တော် မလိုက်လို့ ရမလား' ဟု မေးဖို့အားယူဆဲမှာ သူ့ဘော့စ်က သူ မလိုက်တော့ဘူး တဲ့။ ကောင်းရောဗျား။ သူ တွေ့ရမည့် လူစာရင်းနှင့် သူတို့၏ရာထူးအဆင့်များကို ခဏပြန်ဖတ်ကြည့်လိုက်၏။ ဆွစ်စ် လူမျိုးနှစ်ယောက်နှင့် ဒတ်ချ်လူမျိုးတစ်ယောက် ဖြစ်သည်။ သူတို့အဖွဲ့၏တိုက်ရိုက်အလှူရှင်တွေ မဟုတ်သော်လည်း အလှူရှင်တွေနှင့် ဆက်သွယ်ပေါင်းစပ်နေသူတွေ ဖြစ်သည်။

ဂီယုန်းမ်ပါ ပါဝင်နိုင်လျှင်ကောင်းတာပေါ့ ဟု သူတွေးသည်။ အော် သူ့မှာ ဒီနေ့လည်စာထက် အရေးကြီးတဲ့ကိစ္စ ရုတ်တရက်ပေါ်လာလို့ဖြစ်မှာပေါ့လေ။ မတတ်နိုင်ပါဘူး။

တယ်လီဖုန်း မြည်လာပြန်သည်။

ဝေလွင်များလား။ ဒီကနေ့ နေ့လည်စာလာမစားနိုင်တော့သည့်အကြောင်းဝေလွင့်အိမ်သို့ သူစောစောကတည်းကဖုန်းဆက်ထားခဲ့ပါသည်။ ကံကောင်းထောက်မစွာ ဝေလွင်မရှိ။ ဝေလွင့်အမေနှင့်ပဲ ပြောရသည်။

'မင်းနယ်ကွယ် အတန်တန် ပြောထားရက်နဲ့ များ' တဲ့။

အန်တီမိုးက သိပ်မကြည်လင်။

'ဟဲလို'
'ဒေါက်တာမင်းဉာဏ်နဲ့ ပြောပါရစေ'

'မေမေ'
ရုံးသို့ အခုလို ဖုန်းမဆက်စဖူး မေမေလှမ်းဆက်လိုက်သောအခါ သူဒိန်းခနဲ စိတ်ပူသွားသည်။

'မေမေ နေကောင်းရဲ့လား ဘာဖြစ်လို့လဲ'

'နေကောင်းပါတယ်။ မင်း အမေ့ဆီကို လူတစ်ယောက် လွှတ်လိုက်တာလား'

'ခင်ဗျာ'
'မင်းက တောင်းခိုင်းလို့ ဆိုပြီး ပိုက်ဆံတစ်သောင်း တောင်းသွားတဲ့လူလေ'

'ဗုဒ္ဓေါ'

သူ့ခေါင်းက ဆံပင်တွေ ထောင်ထသွားသည်ဟု ထင်မိ၏။

'ဘယ်တုန်းကလဲ မေမေ'

'စောစောလေးကပဲ'
သူ ဘယ်သူ့ကိုမှ အိမ်သို့မလွှတ်ခဲ့။

'ဘယ်သူတဲ့လဲ'
'သူ့နာမည်တော့ ပြောတယ်။ နှစ်လုံးပဲ စိုးပါတယ်'

ကောင်းရော။

'ကျွန်တော် မလွှတ်ပါဘူး။ သူ အိမ်ထဲဝင်လာတာလား။ မေမေက သူ့ကို တံခါးဖွင့်ပေးလိုက်သလား။ မေမေကတော့ လုပ်ပြီ။ ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးဖို့မှာထားရက် နဲ့ဗျာ။ မေမေ့ကို အန္တရာယ်ပြုသွားရင် မခက်ဘူးလား'

'ငါတံခါး ဖွင့်မပေးပါဘူး။ သံပန်းတံခါးအပြင်မှာဘဲ စောင့်ခိုင်းတာ။ မညှန့်လဲ ရှိပါတယ်။

'တံခါးဖွင့်မပေးလို့တော်တော့တယ်။ ပိုက်ဆံတော့ ပါသွားတယ်ပေါ့'

'အေးလေ မင်းမှာ မပါလို့တောင်းခိုင်းတယ်ဆိုတာကိုး'

'ကျွန်တော့်နာမည်ကို သူပြောသလား'

'ပြောပေါ့တော် အသေအချာပါ ဒေါက်တာမင်းဉာဏ်တဲ့'

'တစ်သောင်း ဟုတ်လား'

'အေး တစ်သောင်း'

တော်ပါသေးရဲ့။ မေမေ့ကြည့်ရတာ အခုတလော ဟိုမေ့ဒီမေ့နှင့် တစ်သိန်းတောင်းလျှင် တစ်သိန်းများ ပေးမလား မသိ။ 'မေမေ့ကို ကျွန်တော် ပြောထားသားပဲ။ အရေးကြီးရင် မေမေ့ဆီ ကျွန်တော်ဖုန်းဆက်ပြောမှာပေါ့။ ကျွန်တော့်လက်ရေးနဲ့ စာဖြစ်ဖြစ် တယ်လီဖုန်းနဲ့မှာတာ ဖြစ်ဖြစ် မဟုတ်ဘဲနဲ့ဘာကိုမှ မယုံပါနဲ့ လို့ အတန်တန်ပြောရက်နဲ့။ မေမေ့ကို တစ်ခုခု လုပ်သွားမှာ ကျွန်တော် စိုးရိမ်တယ်။ မေမေ နောက်တစ်ခါ ကျွန်တော့်စာမပါရင် တံခါးလဲ ဖွင့်မပေးနဲ့ဘာမှလဲ မပေးနဲ့နော်'
'အေးပါ အေးပါ'

သူ သက်ပြင်းရှည်ရှည် ဆွဲချလိုက်မိသည်။ မေမေနဲ့တော့ ဒုက္ခပါပဲ။
မေမေ ရန်ကုန်သို့ရောက်တာ ဆယ်နှစ်ပင် မကတော့ပါဘူး။ ဘာဖြစ်လို့အခုထိ တောသူဖြစ်နေသေးတာလဲ ဟု မကျေမနပ် ဖြစ်မိသည်။ ခေါင်းတစ်ခုလုံး ပူထူလျက် အခုချက်ချင်းပင် အိမ်သို့ပြန်ပြေးလိုက်ချင်သည်။

'မေမေ အခု တံခါး ပိတ်ထားနော်'

'အေးပါ အေးပါ'

မေမေဟာ ဟိုတုန်းကတည်းက ရိုးအခဲ့တာ။ အခုထိလဲ ရိုးအနေတုန်းပါပဲလား။ မေမေ့ကို လုံခြုံစိတ်ချရအောင် သူဘယ်လိုများ

စီစဉ်ဆောင်ရွက်ရပါမလဲ။ တွေးကြည့်မိသောအခါ ရင်ထဲမှာ ပူလောင်မောပန်းတာသာ ကျန်ခဲ့ပြီး အဖြေက မရ။စိတ်တထင့်ထင့်နှင့် နေ့လည်စာ ဆွေးနွေးပွဲချိန်ရောက်သွားသည်။

ကျေးလက် ပြည်သူ့ကျန်းမာရေး ဆိုင်ရာများကို ထောက်ပံ့မည့်အလှူငွေကိစ္စ ဖြစ်သည်။
သူတို့တွေက ထောက်ပံ့ပေးကမ်းရမှာ တွန့်ဆုတ်နေသည်။

'ဘာမှ လုပ်မရဘူး ဆိုတာကို ကျွန်တော် မယုံကြည်ပါဘူး။ လုပ်လို့ရသလောက် ကျွန်တော်တို့ လုပ်ကြည့်ကြတာပဲ။ လုပ်ကြည့်တော့လည်း ရနိုင်တဲ့နည်းလမ်းတွေ တွေ့လာတာပဲ'

လူမှုဗေဒ Sociology တွင် အရေးကြီးဆုံးအခြေခံ ဖြစ်သော Structure လူမှုဖွဲ့စည်းပုံနှင့် Agency အေဂျင်စီတို့၏ သဘောဖြင့်ပင် သူ ရှင်းပြလိုက်သည်။

'လူမှုဖွဲ့စည်းပုံမှာ ကန့်သတ်ထားတာတဲ့ ဘောင်တွေ စည်းကမ်းတွေ ရှိနေပေမယ့် အေဂျင်စီဆိုတဲ့ တစ်သီးပုဂ္ဂလလူသားရဲ့ ရွေးချယ်လုပ်ဆောင်နိုင်မှုတွေလဲ ရှိနေတာပဲ။
အဖွဲ့အစည်းက ဩဇာအာဏာကြီးမားပြီး သက်ရောက်လွှမ်းမိုးနိုင်ပေမယ့် အဲဒီဖွဲ့စည်းပုံထဲက တစ်ဦးချင်းစီရဲ့ ရွေးချယ်လုပ်ဆောင်နိုင်စွမ်းကိုလည်း ဖယ်ထားလို့မဖြစ်ဘူး။
ကျွန်တော်တို့အာရုံစိုက်ရမှာက အဲဒီ human agency တွေကိုပဲ။'

Structureနှင့် Agencyတို့နှစ်မျိုး၏ အစွမ်းသတ္တိနှင့်အကျိုးကျေးဇူးကို နှစ်ပေါင်းများစွာသူ့ဘက်ကိုယ့် ဘက် ငြင်းခုံနေကြပေမယ့် သူကတော့ အေဂျင်စီတို့၏ စွမ်းဆောင်ရည်ကို ယုံကြည်ပါသည်။

အိမ်အတွက် မေမေ့အတွက် စိတ်တထင့်ထင့်နှင့်ပင် ဆွေးနွေးပွဲပြီးဆုံးသွားသည်။
ဝေလွင် စိတ်ကောက်နေတာ သေချာသည်။ တစ်နေ့လုံး သူ့ထံ ဖုန်းဆက် ရန်တွေ့ခြင်း မပြုခဲ့ပေ။
ညနေ ရုံးဆင်းတော့ အိမ်ကို အရင်ပြေးရမလား။ ဝေလွင့်ဆီအရင် ပြေးချော့ရမလား ဟု တွေနေသေး၏။ ညနေခြောက်နာရီဆိုတော့ ဝေလွင့်ဆီသွားဖို့အချိန်ရသေး၏။ ဝေလွင်နှင့် တစ်နာရီလောက် စကားပြော။

နေဦး ဝေလွင် အိမ်မှာ မရှိတော့ဘဲ ကားတစ်စီးနှင့် ထွက်သွားပြီဆိုလျှင်ကော။ ဖုန်းဆက်ပြီးလာမည့် အကြောင်းပြောထားလိုက်ရလျှင် ကောင်းမလား။ စဉ်းစားတုန်းလက်က ဖုန်းနံပါတ်တွေ နှိပ်မိပြီးနေပြီ။
'ဝေလွင်'
'သွား မခေါ်နဲ့'
'ဝေလွင် တို့အလုပ်ကိစ္စတွေ သိပ်ရှုပ်နေလို့ပါ။ အခုပြီးပြီ။ အခုလာခဲ့မယ်နော်။ ခေါက်ဆွဲကျန်သေးလား'
'ခွေးကျွေးပစ်လိုက်ပြီ'
ခပ်ဆောင့်ဆောင့် ပြောစကားကို သူမနာနိုင်။

'ဒါဆိုလဲ ရေတော့တိုက်မယ် မဟုတ်လား လာခဲ့မယ်နော်'

'မလာနဲ့တို့အခု အပြင်ကို ထွက်တော့မှာ'

သူ စိတ်ရှည်ရှည် ပြုံးမိသည်။

'ဒီလိုလား ထွက်လေ ဝေလွင် တို့ ဝေလွင့်မေမေနဲ့စကားထိုင်ပြောရင်း စောင့်ပါမယ်။ သွားစရာရှိတာသွား နော်'

ထို့နောက် ဖုန်းချလိုက်သည်။
ဝေလွင် စိတ်ကောက်ပြီး သွားချင်လည်း သွားပါစေ။
သူရောက်သွားတော့ ဝေလွင် တကယ် အိမ်မှာ မရှိပေ။

'နေ့လည်က မင်းများပေါက်ချလာမလားလို့ နှစ်နာရီသုံးနာရီအထိ မျှော်နေကြတာကွဲ့ '
ဝေလွင့်အမေက သူ့ကို အပြစ်တင်ချင်သည့် လေသံမျိုးဖြင့် နှုတ်ခွန်းဆက်သည်။
အဲဒါ သူ့အပြစ်ဖြစ်ပါသည်။ လုံးဝမလာနိုင်တော့ပါ ဟု ယတိပြတ်မပြောလိုက်။ နေ့လည်စာကို အလုပ်ကိစ္စဆွေးနွေးရင်း စားရမည်မို့မလာနိုင်။ သို့သော် အချိန်ရလျှင် ရချင်း လာဖို့ ကြိုးစားပါမည်ဟု သူပြောခဲ့မိသည်။
ဝေလွင်တို့အိမ်က အဆင့်မြင့် ကွန်ဒိုမီနီယမ်တိုက်ခန်းဖြစ်သည်။ ဓါတ်လှေကားပါဝင်သည်။ ကားရပ်စရာနေရာတွေ သီးသန့်ထားပေးသည်။ အိပ်ခန်းသုံးခန်းပါဝင်သည်။ ဝေလွင့်မိဘတွေက တစ်ခန်း ဝေလွင်က တစ်ခန်း၊ ဝေလွင့်အစ်မက တစ်ခန်း ဖြစ်သည်။
သူ့ရှေ့သို့ ခေါက်ဆွဲကြော်နှင့် ကြာဇံကြော်များ လာချသူက ဝေလွင့်အစ်မ။

'အို ကုန်ပြီဆိုလားလို့ '
'ဝေလွင်က အဲလိုပဲ ပြောလား'
'ဟုတ်ကဲ့'
'စိတ်ဆိုးလို့ဖြစ်မှာပေါ့။ မလောက်မင ဘယ်လုပ်လိမ့်မလဲကွယ်၊ စား။ ကောက်ညှင်းထုပ်က ကြက်'
သူ အလွန်ကြိုက်သော ကြက်သားကောက်ညှင်းထုပ်ကို ဖြည်စားလိုက်သည်။

'မောင်မင်းဥာဏ် ကားမဝယ်သေးဘူးလား'

'ခင်ဗျာ'
စားလက်စ ကောက်ညှင်းလုပ် လည်ပင်းတွင် နင်သွား၏။

'သွားရလာရတာလဲ အဆင်ပြေ၊ အိန္ဒြေလေးလဲရအောင် ကားလေးတစ်စီးဝယ်ပါလား အမေ့လဲ ဘုရားပို့ကျောင်းပို့ပို့ရတာပေါ့'
'ကျွန်တော် ကားမဝယ်နိုင်သေးပါဘူး ခင်ဗျာ'
ဝေလွင့်အမေ လည်ပင်းတွင် ဆွဲထားသော စိန်စီဆွဲကြိုးကို သူမျက်နှာ လွှဲလိုက်ရသည်။

'အခု လုပ်တဲ့ အလုပ်က လခကောင်းတယ်ဆို ဝေလွင်က ပြောတယ်'

'ဟုတ်ကဲ့ သိပ်မဆိုးပါဘူး ခင်ဗျာ'

'ဒေါ်လာ ဘယ်လောက်ရလဲ'

ခက်တော့တာပါပဲ။ ယောက္ခမဖြစ်မည့်သူ ဆိုတော့လည်း သူ မလိမ်ညာချင်။ အထင်လည်း မသေးစေချင်။

'ထောင့်နှစ်ရာပဲ ရပါတယ် ခင်ဗျာ'

အန်တီမိုး တိတ်ဆိတ်သွားသည်။ တစ်လထောင့်နှစ်ရာနှင့် သူ့သမီးကို လူတန်းစေ့ထားနိုင်ပါ့မလားဟု တွေးပူနေမလား မသိ။
'မေမေ သမီးလည်း ထပ်စားမယ်'

တော်ပါသေးရဲ့ဝေလွင် ရောက်လာပေလို့။ ဝေလွင့်ကို မြင်တော့ ကယ်တင်ရှင်တစ်ယောက်လိုပင် အားကိုးတကြီး စိတ်ပေါ့ပါး လွတ်လပ်သွားသည်။

'ဘာတွေလဲ သမီး'
'သစ်သီးအစုံ ဖျော်ရည် ဖရူ(တ်) ကော့တေးလ်လေ'

ပါဆယ်ဘူးလေးသုံးလေးခုကို စားပွဲပေါ်တင်လျက် သူ့ထိုင်ခုံဘေးမှာ ကပ်ထိုင်လိုက်သော ဝေလွင်ကို သူအကဲခတ်ကြည့်သည်။ စိတ်ကောက်နေတုန်းပဲလား။ မျက်နှာကတော့ ခပ်တည်တည်။

'မေမေ ဖန်ခွက်တွေ သွားယူလိုက်ဦးမယ်'
ဝေလွင့်အမေ ထွက်သွားတော့ သူ ဝေလွင့်လက်လေးကို အသာဆုပ်ကိုင် တောင်းပန်လိုက်သည်။

'ဝေလွင် နေ့လည်က ဘယ်လိုမှ အချိန်ခိုးမရလို့နော်'

ဝေလွင်က စူတူတူဖြင့် မျက်စောင်းထိုးသည်။ ဘာမှတော့ မပြော။

'စိတ်မကောက်နဲ့နော် ဝေလွင်'

ဝေလွင်က သူ့လက်ကလေးကို မရုန်းချင် ရုန်းချင် ရုန်းယူလိုက်၏။

'စိတ်ကောက်လား မကောက်လား ခွဲမသိဘူးလား။ စိတ်ကောက်ရင် ဒီဖရူ(တ်) ကော့တေးလ်တွေ ဝယ်လာပါ့မလားလို့'

အော် ဟုတ်ပါရဲ့။ သူတို့နှစ်ယောက် အအေးဆိုင်သို့သွားတိုင်း သစ်သီးစုံအတုံးလေးတွေ ရောစပ်ပေးသော ဖရူ(တ်)ကော့တေးလ်ကိုပဲ သောက်လေ့ရှိသည့် မင်းဉာဏ်အကြိုက်ကို ဝေလွင် သတိတရရှိနေသည်။

'လိမ္မာလိုက်တဲ့ ကလေးမ'

သူ နှစ်နှစ်ကာကာ ပြုံးလိုက်မိသည်။

'မနက်ဖြန် မနက် ကိုဉာဏ်အားလားဟင် ဘုရားသွားရအောင်လေ တို့ပြန်ရောက်ကတည်းက ရွှေတိဂုံကို မရောက်ရသေးဘူး'

အဲဒါမှ ဒုက္ခ။ မနက်ဖြန် နံနက် ဆရာ့ဆီ မေမေ့ကို လိုက်ပို့ပေးရမည်။ ဘယ်လိုလုပ်ရပါ့မလဲ။ ဆရာ့ဆီ ခုနစ်နာရီအရောက် သွားရမှာမို့ ဆရာဆီက အပြန်ကျမှ ဝေလွင့်ကို လိုက်ပို့ပေးရမလား။ သို့မဟုတ်

'ကိုဉာဏ် တနင်္ဂနွေနော် အလုပ်ကို အကြောင်းမပြနဲ့'

'အင်း မေမေ့ကို ဆေးခန်းပို့ပြီး အပြန်မှာ ဝေလွင့်ကို ဘုရားလိုက်ပို့ပေးပါမယ်။ ဟုတ်ပလား'

'ဟင် ဆေးခန်းပြလို့ မပြီးသေးဘူး'

'အေးကွယ်။ မနက်ဖြန်လဲ မေမေ ဆရာ့ကို စကားတွေသွားပြောရဦးမှာလေ။ မကြာဘူး။ နာရီဝက်လောက်ပဲ ပြောရတာပါ'

မနက်ဖြန် မေမေပြောရမှာက ဘဝတစ်ခုလုံး စူးစူးနင့်နင့် ချစ်မြတ်နိုးမိဆုံး လူတစ်ယောက်အကြောင်း ဖြစ်သည်။ ထို ခေါင်းစဉ်ကြောင့် သူရင်ခုန်သွားမိသည့် အဖြစ်ကို ဝေလွင် စိတ်ဝင်စားနိုင်မည် မထင်ပါ။

ဝေလွင့်မိသားစု၏ရုပ်ဝတ္ထုဆန်မှုကို သူ သတိထားမိသည်။ ပညာကို တန်ဖိုးထားသည့် မိမိ ဘဝနှင့် ငွေကြေးစီးပွားကို တန်ဖိုးထားသည့် ဝေလွင့်ဘဝ။ ထိုဘဝနှစ်ခုကို ပေါင်းစပ်ဖို့ ဆိုသည်မှာ မိမိစိတ်ကူးယဉ်လွန်းနေမိတာလား။ တကယ်ဖြစ်နိုင်သည့်ကိစ္စမှ ဟုတ်ပါ့မလား။ နှစ်ယောက်ပေါင်းပြီး အောင်မြင်တဲ့ ဘဝတစ်ခုကို ဖန်တီးဖို့နှစ်ဘက်လုံးက စွန့်လွှတ်ရမယ်ဆိုရင် ဘယ်သူက ဘာကို စွန့်လွှတ်ရမှာလဲ။ တွေးမိတော့ သူ တုန်လှုပ်သွားမိသည်။

* * *

(၁၁)

ကျွန်မဘဝတစ်ခုလုံး နင့်နေအောင် မြတ်နိုးတွယ်တာရတာတော့ တစ်ယောက်တည်း ရှိတယ်။
အဲဒါက ကျွန်မရဲ့သားလေး မောင်မင်းဉာဏ်ပါ။

ဇန်နဝါရီနှင်းမှုန်တွေနဲ့အတူ ယုဇနပန်းနံ့တွေနဲ့အတူ မွေးလာတဲ့ ကျွန်မသားကလေးက ကျွန်မ ဘဝမှာ ရလိုက်သမျှ တစ်ခုတည်းသော ဆုလာဘ်တစ်ပါးပါ။

သားကို မွေးဖွားခါနီး ရက်ပိုင်းလောက်တုန်းက ကျွန်မ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ လေယာဉ်ပျံကြီးကောင်းကင်မှာ ဝဲပျံသွားတာကို သေသေချာချာ မြင်ရတယ်။ ကျွန်မလေ လေယာဉ်ပျံကို ရုပ်ပုံထဲမှာပဲ မြင်ဖူးတာ။ အပြင်မှာ ခပ်လှမ်းလှမ်းမှာမို့ မှုန်မှုန်လေး မြင်ရတာတွေ ချည်းပဲ။ အိပ်မက်ထဲမှာတော့ လေယာဉ်ပျံကြီးက သတ္တုရောင်ပြောင်လက်ပြီး ကြီးကြီးမားမား ခန့်ခန့်ညားညား လှလိုက်တာ။ တိမ်တွေကို ဖြတ်ပြီး ပျံသန်းသွားလိုက်တာများ။ အံ့မခန်းပါပဲ။

ပိတ်စအနီးဖြူဖြူလေးနဲ့ထွေးထုပ်ထားတဲ့ နီတာရဲ သားကလေးကို နို့တိုက်ရင်း ကြည့်လို့မဝ ထိလို့မဝ ရင်တလှပ်လှပ် ကြည်နူးလိုက်ရတာ ဘာနဲ့မှ မတူပါဘူး။ ကျွန်မဟာ အတိတ်ကာလ ဖြစ်စဉ်တွေနဲ့အဝေးကြီးဝေး တံတိုင်းခြားခဲ့ပြီလို့ စိတ်ချ ယုံကြည်သွားတော့တယ်။
သားကို မွေးပြီးပြီးချင်း ကျွန်မ ရင်ဘတ်ပေါ်မှာ ပူနွေးနေတဲ့ ကိုယ်ခန္ဓာ သေးသေးလေး လာတင်လို့နွေးထွေးလိုက်ဖို့သွား ကတည်းက ကျွန်မမှာ ပြီးခဲ့သည့်ကာလဆိုတာ မရှိတော့တာပါ။

သားလေးရယ်၊ မနက်ဖြန်ရယ်၊ နောက်နှစ်ရယ် ဒါပဲ။
လေယာဉ်ပျံကို အိပ်မက်မက်ပြီး မွေးဖွားလာတဲ့ သားဟာ မြင့်မြင့်မားမား ထွန်းပေါက်တဲ့ သား ဖြစ်လာမှာ အမှန်ပါပဲ။ သား လက်ဖဝါးနုနုသေးသေးလေးကို ဖြန့်ကြည့်ရင်း ဘာမှန်းမသိပေမဲ့ဒေါ်ဉာဏစာရီပြောတဲ့ ဉာဏ်ပညာဆိုတာကိုပဲ သတိရနေ တော့တယ်။

ဉာဏ်ပညာအတွက် စာတွေဖတ်ဖို့လိုမှာပေါ့နော်။
နေ့နေ့ညည စာတွေ ရွတ်ဖတ်နေတဲ့ သီလရှင်တွေကို ငေးမောလာခဲ့လိုက်တာ သားခုနစ်ရက်ပြည့်တဲ့ နေ့မှာတော့ စုထားတဲ့ ပိုက်ဆံထဲကနေ သားအတွက် စာအုပ်တစ်အုပ် ဝယ်ထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

'ယောကျ်ားလေးတစ်ယောက် စာစဖတ်ဖို့ အကောင်းဆုံးစာအုပ်က ဘာလဲ ဘုရား'

ဒေါ်ဉာဏစာရီကို မေးတော့ ဆရာကြီးက ချက်ချင်း ဖြေတယ်။

'ဆယ်စောင်တွဲစာအုပ်က အကောင်းဆုံးပေါ့၊ ဒကာမလေး' တဲ့။

ဆယ်စောင်တွဲ။
ကျစ်နေအောင် စုထားတဲ့ မုန့်ဖိုးပဲဖိုး ရတဲ့ပိုက်ဆံလေးကို ဆွမ်းဆန်ခံထွက်တဲ့ သီလရှင်ကြီး ဒေါ်သီရိခေမာကို ပေးပြီး ဆယ်စောင်တွဲစာအုပ် မှာလိုက်ပါတယ်။

ညနေ အပြန်မှာ ပါလာမယ့် စာအုပ်လေးကို မျှော်ရတယ်။ ပါလာပါတယ်တော်။ ကျွန်မ လက်ထဲ ရောက်လာတဲ့ စာအုပ်လေးကို မြတ်မြတ်နိုးနိုး ကိုင်တွယ် ပွတ်သပ်ကြည့်ရတယ်။

ပညာ အလင်းပြ ဆယ်စောင်တွဲတဲ့။

ဖယောင်းတိုင်အလင်းရောင်လေးပုံနှင့် မျက်နှာဖုံးလေးပါ။ ကျွန်မ သဘောကျသွားတယ်။ အမှောင်ကိုခွင်းပြီး အလင်းဆောင်မယ့် သဘောပေါ့။ နေအုံး သားအသက်ကြီးတဲ့အထိ စောင့်ရမဲ့ စာအုပ်ဆိုတော့ ပေကျံနွမ်းဖတ်သွားလို့မဖြစ်ဘူး။ကျောင်းမှာရှိတဲ့ ပလတ်စတစ် အကြည်စလေး တစ်ဖြတ်ကို စာအုပ်ဖုံးဖြစ်အောင် သေသေသပ်သပ် ချုပ်ပေးလိုက်တယ်။

'သား ဒီမှာ သားဖတ်ဖို့ စာအုပ်လေး အမေဝယ်လိုက်ပြီ'

စာအုပ်မျက်နှာပြင်ကို သားလက်သေးသေးလေးနဲ့ ထိအောင် တိုးကပ်ပေးလိုက်တော့ ဘာမှ မသိနားမလည်သေးတဲ့ သားလေးက ပါးပါးလုပ်လုပ် နီနီထွေးထွေး နှုတ်ခမ်းလေးကို ဟပြီး တပျပ်ပျပ် အသံထွက်လာတယ်။ ဒါကိုပဲ သားက အသိအမှတ် ပြုလိုက်သလို သတ်မှတ်ပြီး ကျွန်မပျော်ရပါတယ်။

ကျွန်မ ပန်းသွားပို့နေကျ ကျောင်းအုပ်ဆရာမကြီးအိမ်မှာ စာအုပ်စင်တွေ၊ စာအုပ်ဘီဒိုတွေကို မြင်ရတော့ အားကျလိုက်တာ မပြောပါနဲ့တော့။ ဒီစာအုပ်အထုတွေကို ငါဖြင့် ဖတ်နိုင်မှာ မဟုတ်ပါဘူးလို့အားငယ်စိတ်ဝင်မိတယ်။ ကျွန်မက ကျောင်းသင်ခန်းစွာ စာအုပ်ပါးပါးတွေတောင် အကျေမရခဲ့ဘဲကိုး။ ကိုယ့်ကိုယ်ကို သိပ်ဉာဏ်မကောင်းမှန်း သိပါတယ်။ သူများတွေ သင်္ချာကို စိတ်တွက်တွက်လို့ပြီးနေချိန်မှာ ကျွန်မက လက်ချိုးတွက်တုန်းလေ။ စာတွေကို အလွတ်ရဖို့သူများထက် လေးခါက်လောက် ပိုကျက်ခဲ့ရတာ။ စာကျက်ဖို့များ အလွန်ကြောက်လန့်ခဲ့တာ။ ဒါပေမယ့် ယုံချင်မှ ယုံပါ။ သားကလေး မွေးပြီးခါမှ ကျွန်မ စာကျက်လို့ကောင်းလိုက်တာလေ။

*ငွေဖြိုင်းဖြိုးရယ် ကျွန်တော်သွားတော့ လိုက်မှာလားကွဲ့ ပျော်လှတယ်။*
*သင့်မှာ တောင်စုံ လေဟုန်စီးရင် ဒုံးပျံကြီးထက် မြန်လိမ့်မယ်။*
*ဖိုးလဝါဝါ ပြူကာ ထွက်တော့ ကျောင်းတက်ချိန်လို့ မှတ်ရမယ်။*
*အမေ့ရင်ခွင် ထိုင်ခုံလုပ်လို့ ငုတ်တုတ်ကလေး ထိုင်ပါ့မယ်။*
*ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့။ ကြယ်ဝလုံးတွေ ရေးရတယ်။*

အမေက စာအုပ်ကြည့်ပြီး တိုင်ပေး၊ သားကလေးက လိုက်ဆို၊ မပြီကလာ ပြီကလာ အသံလေးကို ကြားတော့ ကျွန်မရင်ထဲမှာ သိမ့်ခနဲ သိမ့်ခနဲ ကြည်နူးသွားတယ်။

ငါ့သားလေး စကားပြောတတ်ရင်လည်း အဲဒီလိုပဲ တီတီတာတာ ရွတ်ဆိုနေလိမ့်မယ် ပေါ့။
နောက်နေ့တွေ အချိန်အားတိုင်း ကျောင်းအုပ်ဆရာကြီးကတော်ဆီကနေ အဲဒီကဗျာလေးကို လက်ရေးနဲ့ကြိုးစားပမ်းစား ကူးမိတော့တာပါပဲ။ စာလုံးတွေ စာပိုဒ်တွေနဲ့ဝေးခဲ့တာ ကြာပြီမို့ စတုတ္ထတန်းကျောင်းသူဟောင်းရဲ့လက်ရေးဟာ ပဲတီထွေးလို ခပ်ရှုပ်ရှုပ်ရယ်တော့။ ဒါပေမယ့် ကဗျာလေးကတော့ လှနေလိုက်တာ။

ကဗျာလေးကို သားနို့တိုက်ရင်း သားမျက်နှာကို ငေးရင်း ခဏခဏ စာဖတ်ရွတ်ဆိုနေမိလို့ သားအသက်ရက်တစ်ရာပြည့်နေ့မှာ အလွတ်ရသွားပါတယ်. ရက်တစ်ရာပြည့်သားကလေးရဲ့ကင်ပွန်းတပ်ပွဲမှာ သားကို ဒေါ်ဉာဏစာရီက နာမည်တစ်ခု ရွေးပေးတယ်။
ဉာဏ်ပညာနဲ့ပြည့်စုံမယ့်ကလေးမို့တဲ့။ မောင်မင်းဉာဏ်တဲ့။ ကျွန်မကတော့ ရက်တစ်ရာပြည့် သားကလေးအတွက် ကဗျာ၊ စာအုပ်လေး တစ်အုပ် လက်ဆောင်ပေးလိုက်တယ်။ မလှမပ ကျွန်မလက်ရေးနဲ့ကူးကူးရေးထားတဲ့ ကဗျာလေးတွေပေါ့။

မင်းသုဝဏ်၏မောင်ခွေးဖို့ ကဗျာများ တဲ့။

တကယ်တော့ သားအတွက် ရှာဖွေစုဆောင်းရင်းကပဲ သားဖတ်ရမယ့်စာတွေ ကဗျာတွေကို ကျွန်မက အရင် ဖတ်ရှုလေ့လာမိလျက်သား ဖြစ်နေတော့တယ်။
ပထမတော့ ကျောင်းအုပ်ကြီးကတော် ဖတ်ပြတဲ့ကဗျာတွေကို အသံသာလို့ သားကို ဖတ်ပြချင်စိတ်နဲ့ ကူးယူခဲ့တာပါ။ ကဗျာတွေကို သိပ်လည်း နားမလည်ခဲ့ပါဘူး။ ဖတ်ရင်းဖတ်ရင်းနဲ့ ဖတ်ရတဲ့အရသာကို ကျွန်မကိုယ်တိုင် သဘောကျလာခဲ့တာ။

အသံလေးက ချိုလိုက်တာ။ ဆိုလို့ကောင်းလိုက်တာ။ ကျွန်မ အခုထိ အလွတ်ရနေတဲ့ ကဗျာလေး။ တစ်နေ့ကတောင် သားက ကျွန်မကို ပြန်ရွတ်ပြလိုက်တဲ့ ကဗျာလေး။

အေးရိပ်သာတဲ့ ပဒေါင်ညို ဥဩတွန်သံချို
ဒိုးယိုစီးတဲ့ နဒီတွင်း သမင် ရေသောက်ဆင်း တဲ့။
ကိုယ်တိုင်က ကလေးသာသာ အရွယ်မို့ ကျွန်မမှာ ပဒေါင်ညိုပင်ကြီးပေါ်က ဥဩငှက်ကလေးကို မြင်ယောင်လာပြီး ဥဩဥဩဆိုတဲ့ အသံချိုချိုလေးကို ကြားယောင်လာတာပေါ့။ မြစ်ရေပြင်ကတော့ ကျွန်မအတွက် အဆန်းမှ မဟုတ်ဘဲ။ ကျွန်မတို့က မြစ်ကို နေ့တိုင်း နေ့တိုင်း ဖြတ်ပြီး ကူးသန်းရောင်းဝယ်နေရတာ။ သမင်ကိုတော့ ရုပ်ပုံထဲမှာပဲ မြင်ဖူးတယ်။ ဒါပေမဲ့ ဦးချိုတွေ အခက်အလက်တွေနဲ့အလွန်လှတယ်ဆိုတာတော့ သိပါတယ်။ ဘုန်းကြီးပျံပွဲမှာ ပွဲကတော့ ရာမမင်းသား သမင်လိုက်တဲ့ အက ကတယ် မဟုတ်လား။ သမင်လုပ်တဲ့ အငြိမ့်သမလေးက သူ့ခေါင်းမှာ သမင်ခေါင်းစွပ်ထားတာပဲ။ သမင်လေး ရေသောက်ဆင်းတဲ့ မြစ်ကမ်းစပ်လေးတစ်ခုကို ကဗျာဖွဲ့ထားတာ။

*မြက်ခင်းလဲ့လဲ့ မြေညီညီ ကံ့ကော်ဝတ်မှုန်စီ*
*ဇာလီပျော်တဲ့ ကျောင်းသင်ခဏ်း လူလေးသွားချင်စမ်း*

အဲ ကံ့ကော်ဝတ်မှုန်ကို ကျွန်မသိပါရဲ့။ ကံ့ကော်ပွင့်တွေ ပွင့်တဲ့အချိန် ရှားရှားပါးပါး မြို့ကနေ မမိုးစွေ ဝယ်ဝယ်ပြီး ဘုရားတင်တဲ့ ဝတ်မှုန်ဝါဝါ ပွင့်ချပ်ဖြူဖြူတွေကို ကျွန်မသိပါတယ်။ ဒါပေမဲ့ ဇာလီဆိုတာ ဘာလဲ ကျွန်မ မသိ။

မသိတော့ ဒေါ်ဥာဏစာရီကို သွားမေးလိုက်တာပေါ့လေ။ ကျွန်မမှာ စွယ်စုံကျမ်းလို အားကိုးရတဲ့ သီလရှင်ဆရာကြီးရှိနေတာပဲ။ 'နေအုံး တကာမလေးရဲ့။ ဇာလီလဲပါတယ်။ ကျောင်းသင်ခန်းလဲပါတယ်ဆိုတော့ ဝေဿန္တရာမင်းကြီးရဲ့သားလေးများလား။ ဝေဿန္တရာဇာတ်ကို ဒကာမလေး သိလား'

သိပ်မသိပါဘူး။ အလှူအတန်းရက်ရောတဲ့မင်း လို့တော့ သိတယ်။ ဒေါ်ဥာဏစာရီက ဝေဿန္တရာဇာတ်ကို ဟောပြနေခဲ့တယ်။

'ဇာလီဆိုတာ ဝေဿန္တရာမင်းကြီးရဲ့သားလေးပေါ့။ သူ့မှာ သားနဲ့သမီးရှိတယ်။ သားလေးက ဇာလီ၊ သမီးလေးက ကဏှာဇိန်တဲ့'
နောက်တစ်ခေါက် ကဗျာရွတ်ပြီး သားကို ချော့သိပ်တဲ့အခါကျတော့ ကဗျာအနက်ကိုတောင် သားကို ရှင်းပြတတ်သွားပြီပေါ့။

'ဇာလီပျော်တဲ့ ကျောင်းသင်ခဏ်း လူလေး သွားချင်စမ်း။ ဇာလီဆိုတာ သားလေးသိလား။ ဝေဿန္တရာမင်းကြီးရဲ့သားပေါ့။ ဇာလီပျော်တဲ့ ကျောင်းသင်ခဏ်းက ဝိသာခါကျောင်းတိုက်လိုပဲ အရိပ်ကောင်းကောင်း အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်တွေနဲ့ အေးချမ်းသာယာနေသတဲ့။ တစ်ခုပဲ ရှိတယ်။ ဇာလီနေတဲ့ ကျောင်းသင်ခဏ်းက မြစ်ရေပြင် ကမ်းစပ်နဲ့တော်တော်နီးသတဲ့။ အမေနဲ့ သားလေးနေရတဲ့ ဝိသာခါကျောင်းသင်ခဏ်းကတော့ ဧရာဝတီမြစ်ကြီးနဲ့ တော်တော်ဝေးတယ်နော်'
ကျောင်းခန်း သန့်ရှင်းရေးလုပ်လိုက် အသီးအရွက်တွေခူးပြီး ဈေးသွားရောင်းလိုက် မအားရတဲ့ကြားထဲမှာ အဝတ်ပုခက်ထဲက သားကလေးကို မြူရချော့ရတဲ့ အလုပ်က ကျွန်မကို အမောပြေစေတဲ့အလုပ်ပေါ့။
သားကြောင့် ပြဿနာတစ်ခုတော့ ရှိတယ်။

'တို့များ သီလရှင်ကျောင်းတိုက်မှာ အမျိုးသားတွေကို လက်ခံထားဖို့မသင့်တော်ဘူး။ နှင်မှုန် ဒကာမလေးရဲ့သား ခုနစ်နှစ်ပြည့်ရင်တော့ ဒီမှာနေလို့မဖြစ်တော့ဘူး ကြားလား။ တစ်နေရာရာကို ပြောင်းနေရမယ်'

သီလရှင်ကြီး ပြောလိုက်တော့ ထိတ်ခနဲ တုန်သွားတယ်။
'ဒါမှမဟုတ်ရင်လဲ ကလေးကို ဘုန်းကြီးကျောင်းပို့ ဒကာမလေးက ဒီမှာဆက်နေ'
မဖြစ်ဘူး။ ဘုန်းကြီးကျောင်းမှာထားရင် ကလေးကို အနီးကပ်ပြုစုပျိုးထောင်ဖို့ မလွယ်ဘူး။ ကျွန်မလဲ သားနဲ့မခွဲနိုင်ဘူး။ အဲဒီအချိန်မှာ ကျွန်မတစ်ခါမှ မတွေးမိဖူးခဲ့တဲ့ စကားလုံးတစ်ခုက ခေါင်းထဲရောက်လာတယ်။

အိမ်။
ဝါးတဲကလေးတစ်လုံးကလဲ အိမ်ပဲ။
ဟုတ်တာပေါ့။ ဝိသာခါကျောင်းတိုက်မှာချည်း ငါတစ်သက်လုံးနေသွားဖို့ ဘယ်ဖြစ်နိုင်မလဲ။

'တပည့်တော် အိမ်လေးတစ်လုံး ဝယ်နိုင်အောင် ကြိုးစားမယ် ဘုရား ဒါမှ သားလေးနဲ့မခွဲရမှာ'

မြို့အစွန်အဖျား ဖြစ်ပါစေဦးတော့။ မြေနေရာလေးတစ်ခုရရင် တော်ပြီ။ ဝါးပေါပေါနဲ့ ကိုယ့်ဟာကိုယ် ဝါးတဲလေး ဆောက်နေလိုက်မှာပေါ့။

'ဝေးဝေးလံလံကြီးမှာဝယ်ပြီး အဲဒီမှာ ဒကာမလေးတို့ချည်းနေရင် လုံခြုံမှုအတွက် ရတက်မအေးရဘူး။ ကျောင်းနဲ့နီးမှ'
'အို တပည့်တော်မှာ သားလေးရှိတာပဲ ဘုရား'

လေးလသားရွယ် အလျားမော့က်ခါစ သားကလေးကို အားကိုးတကြီး ကြည့်ပြီး ပြောတော့ သီလရှင်တွေ ဝိုင်းရယ်လိုက်ကြတာ။ တကယ်တော့ ကလေးတစ်ယောက်ကို အန္တရာယ်ကင်းကင်း လူလားမြောက်အောင် ပြုစုပျိုးထောင်ဖို့ဆိုတာ တော်တော်ခက်ခဲတာပါလား။
ဉာဏ်ပညာကြီးတဲ့ ကလေးတစ်ယောက် ဖြစ်အောင် ပြုစုပျိုးထောင်ဖို့ မိခင် ကိုယ်တိုင်က ဉာဏ်ပညာအသင့်အတင့်တော့ ရှိရမှာလား မသိဘူးလို့တွေးမိတဲ့အခါ သားအနာဂတ်အတွက် စိတ်မောရပါတယ်။ ကျွန်မဟာ လေးတန်းပဲ တက်ခဲ့ရတဲ့ မိန်းကလေးပါ။ ကျွန်မမှာ ဘာဉာဏ်ပညာမှ မရှိပါဘူး။
ပထမတော့ ကျွန်မသားလေးကို ပြုစုပျိုးထောင်ဖို့ သီလရှင်တွေနဲ့ကျောင်းအုပ်ကြီးမိသားစုကိုပဲ အားကိုးရမယ်လို့တွေးမိတယ်။

သားကလေး တစ်နှစ်အရွယ်မှာ ကျွန်မကို သီလရှင်ဆရာမကြီးက ဆူပူကြိမ်းမောင်းတာ ခံလိုက်ရသေးတယ်။ ကျွန်မ မှတ်မိတယ်။
အဲဒီနေ့က ကလေးကို သင်ဖြူးပေါ်မှာ သိပ်ထားတယ်။ ခေါင်းအုံးအဖြစ် အနီးစလေးကို ကရွတ်ခွေလုပ်၊ ကရွတ်ခွေ အဝတ်ပုံလေးပေါ်မှာ ကလေးခေါင်းကို ချသိပ်ထားတယ်။ ခြင်မကိုက်အောင် ဇာအစပိုင်းလေးနဲ့အုပ်ထားပြီး ကျွဲကောသီးတွေ သွားခူးနေတုန်း ကလေးက နိုးလာတာ။ လက်ကားရား ခြေကားရားနဲ့လှုပ်ရှားနေခဲ့မှာပေါ့။ အနီးနဲ့တစ်ဆက်တည်းဖြစ်နေတဲ့ ရေနွေးကြမ်းမတ်ခွက်ကို ဆွဲလှဲ လိုက်သလိုဖြစ်ပြီး ကလေးခြေထောက်အဖျားကို ရေနွေးအပူတစ်စက် နှစ်စက် စင်ကျသွားခဲ့ပါလိမ့်မယ်။

ကလေးက ကျွက်ကျွက်ညံအောင် အော်ငိုလိုက်ပေမဲ့ ခြံထဲရောက်နေတဲ့ ကျွန်မက မကြားလိုက်ဘူး။ ကြားလိုက်ရတဲ့ ဒေါ်ဉာဏစာရီက အပြေးရောက်လာပြီး အခြေအနေကို မြင်လိုက်ရတော့ ဘယ်ပြောကောင်းမလဲ။ ဆူလိုက်တာ မာန်လိုက်တာ။

'မှတ်ထား နှင်မှုန် ကလေးအနားမှာ အန္တရာယ်ရှိတဲ့ အရာ ဘာမှ မထားရဘူး။ ရေနွေးအပူ၊ ဓါး၊ ကတ်ကျေး၊ အပ်၊ ချွန်ထက်တဲ့အရာ၊ အသွားပါတဲ့ အရာ၊ ဆူးပါတဲ့အရာ၊ မီးလောင်တတ်တဲ့ အရာ၊ မင်း ဒီလောက်ကလေးတောင် နားမလည်ဘူးလား။ မင်းကြောင့်ကို ကလေးက ဒုက္ခရောက်လိမ့်မယ်။ ကြပ်ကြပ်သတိထား' တဲ့။

ဘုရားရေ။
အသံလေးပြာအက်နေအောင် ငိုနေတဲ့ သားကလေးရဲ့ခြေဖဝါးလေးကို နှုတ်ခမ်းနဲ့ထိကပ်နေရင်း ကျွန်မကိုယ်တိုင် ငိုမိတော့တာပါပဲ။
အပူလောင်သွားတဲ့ သားကလေးခြေထောက်ကို လိမ်းဖို့ကျောင်းအုပ်ကြီးအိမ် ဆေးသွားတောင်းရတယ်။ ဘယ်ရှက်နိုင်ပါ့မလဲ။

ကျောင်းထိုင်ဆရာလေးကတော့ ညအိပ်ရာဝင်ချိန်မှာ ကျွန်မကို ဆုံးမစကားတွေတော်တော်ကြာအောင် ပြောနေခဲ့တော့တာပဲ။

'ကလေးတွေရဲ့ အသက်အန္တရာယ်တွေက အများကြီးကွဲ့။ လဘက်ရည်ဆိုင်တစ်ခုမှာ နွားနို့ အိုး ကြီး ပွက်ပွက်ဆူနေတဲ့ အနားမှာ လသားအရွယ်ကလေးလေးကို အဘိုးဖြစ်သူက ပွေ့ ဖက် ကျီစယ်နေသတဲ့။ ကလေးကို ပွေ့ချီထားရင်းကနေ ငါပစ်ထည့်လိုက်မယ်နော်၊ ပစ်လိုက်မယ်နော်လို ့ကျီစယ်ပြီး ကလေးကို မြှောက်မြှောက်ကစားလိုက်တာ ကလေးကလည်း သဘောကျလို ့ တခစ်ခစ်နဲ ့ရယ်နေမှာပေါ့။ အကုသိုလ်အားများတဲ့အချိန်မို ့ထင်ပါရဲ ့။ ကျီစယ်နေရင်းကနေ တကယ်ပဲ အဘိုးလက်ကနေ ချော်ထွက်ပြီး ပွက်ပွက်ဆူနေတဲ့ နွားနို့ အိုးထဲ ကလေးလေး ကျသွားပါရောလား' တဲ့။

အမလေး။ ကျွန်မဖြင့် သားလေးကို ရင်ခွင်မှာအပ်ပြီး ကျစ်နေအောင် ထွေးပိုက်ထားရာက ယောင်ပြီးတော့ မျက်စိတောင် မှိတ်ပစ်မိတယ်။
အဲဒီကလေးလေး ဘာဖြစ်သွားသလဲ မေးတောင်မမေးရဲပါဘူး။ မမေးရဲပေမဲ့ ဆရာလေးက ဆက်ပြောပါတယ်။ 'ကလေးလေး သေကိုသေသွားရော' တဲ့။

ဟင့်အင်း။ ကျွန်မ သားလေး ကျန်းမာမှ ဖြစ်မယ်။ ပညာတတ်တာကနောက်မျှ သားလေး အသက်ဘေးကနေ ဝေးဖို့က ပထမ။ ကိုယ့်ကိုယ်ကို ဉာဏ်မကောင်းမှန်း သိနေတော့ ဆရာလေးပြောတဲ့ ကလေးအနားမှာ မထားရမယ့် အန္တရာယ်ပစ္စည်းစာရင်းကို မှတ်စုထဲမှာ ရေးမှတ်ယူရတယ်။

'တစ်ခါတည်း မှတ်ထားအုံး၊ ဂေါ်လီလုံးတို့ ဖန်အိုးတို့ လာမယ်။ အသက်သုံးလေးနှစ်အရွယ်မှာ ညည်းဝယ်ပေးမိမှာပဲ အဲဒီကျရင် အဲဒီအလုံးတွေကို ညည်းမမြင်ခင်မှာ ပါးစပ်ထဲကောက်ထည့် မိရင်သေတာပဲ'

ဘုရားရေ။
'ဒါဖြင့် အဲဒါတွေနဲ့ မကစားခိုင်းရဘူးပေါ့နော်'

'ကစားတော့ ကစားရမှာပဲပေါ့။ ဒါပေမဲ့ မအေက သတိထားပြီး ကြည့်ရမှာပေါ့။ ကလေးကလေးချင်း ပစ်ထားတာတို ့ ကလေးတစ်ယောက်တည်း ပစ်ထားတာတို ့မလုပ်နဲ ့။ ကစားပြီးရင် ချက်ချင်းပြန်ကောက်သိမ်းပေး။ အရေအတွက်လည်း မှတ်ထား။ ပျောက်ရင် ချက်ချင်းသိအောင်'

အဲဒီလိုနဲ့ ကိုယ့်ဖာသာလဲ လေ့လာမှတ်သားဖို့ လိုသေးတယ် လို့ သိလာပါတယ်။

မှတ်စုစာအုပ်က ဆောင်ရန် ရှောင်ရန်၊ သတိထားရန်ဆိုတဲ့ မှတ်ချက်တွေနဲ့ ပြည့်နေတာပဲ။ မှတ်စုကို မမေ့အောင် အားတဲ့အချိန် ခဏခဏ ထုတ်ထုတ်ဖတ်တယ်။

ကျောင်းအုပ်ကြီးက ဖတ်ခိုင်းလို ့ကျွန်မ ဖတ်ရတဲ့စာအုပ်ကလေးကနေ ကလေးဆိုတာ ဆော့ကကစားဖို ့လိုတယ်ဆိုတာမျိုးကို သိလာတဲ့အခါ သားကို အရာရာစိုးရိမ်တကြီး ပိတ်ပင်တားဆီးတာမျိုး မလုပ်တော့ဘဲ မျက်ခြေမပြတ်ပဲ ကြည့်နေမိတော့တယ်။

'လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ'

သီလရှင်စာရွတ်ဖတ်သံများကြားမှာ ကြီးပြင်းလာတဲ့ ကလေးဆိုတော့ သားက အဆော့ကစား မသန်ဘဲ စာဖတ်ဝါသနာ ထုံတဲ့ကလေး ဖြစ်လာတယ်။

'သန္တေ ယူခါ ဆယ်လကြာသော်
မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြုံ ရဂုံမြိုင်တွင်း'

သားကလေး သင်ပုန်းကြီးဖတ်စာကို ကျေညက်လို ့ပထမဆုံးအကြိမ် ဆယ်စောင်တွဲစာအုပ်ကို သားအမိအတူ ဖတ်နိုင်လာ တဲ့အခါ ကျွန်မလေ ရင်ထဲမှာ ကြည်နူးချမ်းမြေ့လိုက်ရတာ။

'ဒီစာအုပ်ကို မေမေ ဘယ်တုန်းက ဝယ်ထားတာလဲ သားသိလား'
မေးတော့ သားလေးက မျက်လုံးဒေါင့်ကပ်ပြုံးပြီး စဉ်းစားသေးတယ်။

'မသိဘူး မေမေ'
အေးလေ။ ဘယ်သိနိုင်မလဲ။ မေးလို့သာ မေးရတာ။

'သားနီတာရဲလေး ခုနစ်ရက်သားလေးပဲ ရှိသေးတယ်။ တစ်လတောင် မရှိသေးဘူးပေါ့ ဒီမှာတွေ့လား သားကို နာမည်တောင် မပေးရသေးလို့ မေမေရေးထားတာ ဖတ်ပါအုံး'

သားလေး ဖတ်ဖို့တဲ့။

ကျွန်မလက်ရေး ကွေးကွေးကောက်ကောက်လေးက သားအပေါ်ထားတဲ့ မေတ္တာအရောင်နဲ့ လှပလို့။

* * *

(၁၂)

နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့သော ပညာအလင်းပြ ဆယ်စောင်တွဲစာအုပ်လေးကို ထုတ်ယူကြည့်လိုက်သည့်အချိန်တွင် ညဆယ်နှစ်နာရီထိုးပြီ။
ဟုတ်ပါရဲ့။ စာအုပ်၏ပထမဆုံး စာမျက်နှာတွင် မေမေ့လက်ရေး ကွေးကွေးတွန့်တွန့်လေးဖြင့် စာလေးတစ်ကြောင်း ရေးထားသည်။

***သားကလေး ဖတ်ဖို့***

***(၁၃၃၇ခု ပြာသိုလဆုတ် ၁၄ရက်)***

တစ်လောကလုံးတွင် သူအယုံကြည်ဆုံး အမှန်တရားက မေမေ့မေတ္တာပဲ ဖြစ်သည်။
မေမေ့စကားတွေကို တိတ်တိတ်ကက်ဆက်ဖြင့် နားထောင်ပြီး ကွန်ပျူတာစာလုံးများဖြင့် ကိုယ်တိုင် စာစီပုံနှိပ် ထုတ်ယူခဲ့သော စာရွက်မှတ်တမ်းများကို သူ မြတ်နိုးစွာ သိမ်းဆည်းသည်။ အချိန်အားရတိုင်း ဖတ်ချင်သည်။ သဲလွန်စရှာဖို့လည်း ပါပါရဲ့။ သေချာသည့် အကြောင်းကတော့ ထိုစာများသည် မေမေရေးခြယ်ခဲ့သော သား၏ဘဝပန်ချီကားထဲက မေမေ့ ကောက်ကြောင်းများ ဖြစ်သည်။ သူ့အတွက် ခွန်အားတွေ ပေးသည့် စာတမ်းတွေဖြစ်သည်။ သွားလေရာသို့ သယ်ယူသွားမည်။ ပြည်ပခရီးသို့ ထိုစာရွက်များကို ယူသွားမည်ဟု ဆုံးဖြတ်သည်။ မေမေ့ ဓါတ်ပုံနှင့် အတူတူပေါ့။

သည်တစ်ခါ ခရီးထွက်ရမှာ စိတ်မဖြောင့်ဆုံးပါပဲ။

အိမ်သို့ဝေလွင်နေ့စဉ်လာလည်ပြီး မေမေ့ကို စောင့်ရှောက်ပေးမည်ဟု ဝေလွင်က ကမ်းလှမ်းလာသည်ကို ပြောတော့ မေမေမကြိုက်ပေ။
'မင်းကလဲ ခါတိုင်း ငါဒီလိုပဲ တစ်ယောက်တည်းနေလာတာ။ မင်း ထိုင်းနိုင်ငံမှာ သွားကျောင်းတက်တုန်းကတောင် နှစ်နှစ်လုံး အမေတစ်ယောက်တည်း နေခဲ့တာပါကွဲ့။ အခုဟာက တစ်ပတ်ဆယ်ရက်ကို အမေတစ်ယောက်တည်း ဖြစ်တယ်'
မေမေက မညွှန့်နဲ့ပဲ နေမည်ဟူ၏။
'အဲဒီတုန်းက မေမေ့အသက်က ၄၀ပဲ ရှိသေးတယ်။ အခု လေးဆယ့်သုံးနှစ်ကျော်ပြီလေ။ မေမေက သိပ်လဲနေကောင်းတာ မဟုတ်ဘူး'
မညွှန့်က ပညာမတတ်သူ။ မေမေနှင့် ရိုးအပုံချင်းမှာ သိပ်မကွာလှ။ ဝေလွင့်စီမံမှုတော့ လိုအပ်နေသည်ဟု သူဆုံးဖြတ်၏။

'ကျွန်တော်သွားနေတုန်း မေမေဆေးခန်းပြရမဲ့ရက် နှစ်ရက်ရှိတယ်။ ဝေလွင်လိုက်ပို့ပေးလိမ့်မယ် နော် မေမေ။ ညတွေမှာလည်း ဝေလွင် မေမေ့အနားမှာ လာစောင့်ပေးပြီး မေမေအိပ်မှ ပြန်လိမ့်မယ်'

မေမေက လိုက်လိုက်လဲလဲ မရှိလှသော်လည်း သူ စိတ်ချအောင် လက်ခံလိုက်ဟန်ဖြင့် ခေါင်းကို ခပ်လေးလေး ညိတ်သည်။
မေမေ့ကို ကျွန်တော် မြင်တယ်။ ကြားလည်း ကြားတယ်။
မေမေ့ နှလုံးခုန်သံနှင့် သွေးကြောတွေထဲ စီးဆင်းသွားသံတွေကို ပင် သူကြားလိုက်ရသည်ဟု ထင်မိသည်။ မေမေက ကျွန်တော် အထပ်ထပ် အခါခါ ဖတ်လို့ကျေညက်နေတဲ့ နိပါတ်တစ်ပုဒ်လေ။

* * *

(၁၃)

သားက စာဖတ်ဝါသနာထုံလွန်းလို ့စာအုပ်တွေကို ဝါးစားသလိုပဲ ခဏလေးနဲ ့ကုန်အောင် ဖတ်ဖတ်ပစ်တယ်။ ဒါပေမဲ့ စာကျက်တော့ နဲနဲပျင်းတယ်။
ကျွန်မက သားကို အတန်းထဲမှာ ပထမဆုရအောင် တော်စေချင်တာ။ သားက ဒုတိယ၊ တတိယပဲ ရရလာတယ်။ စာကို အလွတ်ကျက်ရမှာ ပျင်းသတဲ့။ ကဗျာတွေဆိုလဲအနက်အဓိပ္ပါယ်ကိုသူ့ စကားလုံးနဲ့ သူရေးချင်ရေးတာ။ ဆရာမက ဘယ်ကြိုက်မလဲ။

သူ ့ကိုယ်ဝန်ရစက ကျွန်မ စိတ်ကူးယဉ်ခဲ့တဲ့ စာတတ်ပေတတ် ပုဂ္ဂိုလ်လေးနေရာမှာ အင်္ဂလိပ်စာတတ်တာ မပါသေးဘူး။ ကျွန်မကိုယ်တိုင်က အင်္ဂလိပ်စာကို မသင်ခဲ့ရဘူး။ သီလရှင်တွေ ကျက်ရတဲ့စာမှာလဲ အင်္ဂလိပ်စာ မမြင်ရဘဲကိုး အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်လေးဖြစ်ဖို့ စိတ်ကူးကို သားကျောင်းနေတဲ့ အရွယ်ရောက်မှ ရတယ်။

ကျောင်းအုပ်ကြီး ဦးချမ်းအေးအိမ်က သီလရှင်တိုက်နားနီးတော့ သူတို့ အိမ်သွားကူညီညာ လုပ်ပေးရင်း ဟိုစာအုပ်အကြောင်းမေး ဒီစာအုပ်အကြောင်းမေး မေးမိတိုင်း ဆရာကြီးက ခဏခဏ ပြောတယ်။

'အေး သမီးရဲ့ သားလေးကို စာဖတ်အောင် ကျင့်ပေးတာ ကောင်းတယ်။ မြန်မာစာချည်း မဟုတ်ဘူး အင်္ဂလိပ်စာလဲတတ်မှ ကွ။ အဲဒါကို မမေ့နဲ့ ကြားလား'

အင်္ဂလိပ်စာတတ်မှ တဲ့။ ဒီစကားကို ကြားရဖန်များတော့ သားကို ပြန်ပြောပြရတယ်။

'သား မင်းဉာဏ်။ အင်္ဂလိပ်စာတတ်ဖို့ လဲ လိုသတဲ့နော်၊ မြန်မာစာချည်းပဲ တော်နေလို့ မရဘူးတဲ့တော့'

သားကို အင်္ဂလိပ်စာနဲ့ ပတ်သတ်ပြီး ပထမဆုံး ဝယ်ပေးဖြစ်တာက အင်္ဂလိပ်လိုရော မြန်မာလိုရော ပါဝင်သည့် ရွှေသွေးဂျာနယ်။

မြန်မာလို ကျွန်မဖတ်နိုင်ပေမဲ့ အင်္ဂလိပ်လိုကျ မဖတ်နိုင်ဘူး။ အမလေး သားက ဟန်ကြီးပန်ကြီးနဲ့ အင်္ဂလိပ်လို ဖတ်ပြတာကို နားထောင်ရတာများ ကောင်းချက်တော် အဲဒါမှ ငါ့သားဟဲ့။ နင်းမှုန်ရဲ့ သားနော်။ ဘာမှတ်နေလဲ။
ခဏခဏ စိတ်ကြီးဝင်မိတယ်။ ငယ်ငယ်က ကြားဖူးတဲ့ စကားပုံတယ်မှန်တာကိုးလို့ အခုမှ အပြည့်အဝနားလည်တယ်။

သား ကိုယ့်သား၊ စပါး သူများစပါးတဲ့။

သားဆိုရင် ကိုယ့်သားကမှ တော်တာ။ ကိုယ့်သားကမှ ချောတာ။ ကိုယ့်သားကမှ အမှန်။ စပါးကျတော့ ကိုယ့်တလင်းထဲ ပုံထားတဲ့ စပါးပုံက သေး၊ သူများတလင်းထဲ ပုံထားသည့် စပါးပုံကမှ ကြီးတယ် ထင်နေတတ်တာမျိုးတဲ့။

ဆရာလေးကတော့ သတိပေးတယ်။

'ကျွန်မယုံတော့ တစ်ဖက်ကန်း သားသမီးယုံတော့ စုံလုံးကန်း ဆိုသလို ကိုယ့်သားသမီးပြောတာမှ အမှန်ဆိုပြီး မယုံလေနဲ ့။ ဘာဖြစ်ဖြစ် ချင့်ချိန်' လို့ သတိပေးတယ်။

သားခုနစ်နှစ်အရွယ်မှာ ဝိသာခါ ကျောင်းတိုက်ကနေ ပြောင်းရမယ်လို့ အမိန့်ချထားတဲ့အတိုင်း ကျွန်မတို့ သားအမိ နေရာရွှေ့ရပါတယ်။ ဒါပေမဲ့ သီလရှင်ကျောင်းတိုက်နဲ့ မျက်နှာချင်းဆိုင် ဥယျာဉ်ခြံတစ်ခုမှာ အစောင့်သဘောမျိုး တဲလေးဆောက်နေခွင့်ရတယ်။ ကျောင်းထိုင်သီလရှင်ကြီးကပဲ စီစဉ်ပေးတာ၊ စာတော်တဲ့ကလေးကို အနီးကပ် ကူညီပေးနိုင်အောင်လို့တဲ့။

ရေမြင့်ရင် ကြာတင့်တယ်တဲ့။ အမေ ခဏခဏ ပြောတာ ကျွန်မကြားဖူးပါရဲ့။ ဒါပေမဲ့ အဓိပ္ပါယ်ကို လင်ယူသားမွေးလုပ်ရင် မြင့်တဲ့သူကို ယူမှ မိန်းမသားကလည်း လိုက်မြင့်မယ်လို့ နားလည်ထားတာ။ အခုတော့ သားပညာတော်ရင်လဲ အမေဂုဏ်တက်ရပါကလား လို့ သဘောပေါက်သွားပါပြီ။
မောင်မင်းဥာဏ်လေး စာတော်တော့ သူ့အမေ ကျွန်မ လူရာဝင်လာတာပေါ့။
စားမေးပွဲတွေမှာ သားက ဆုတွေရနေကျ။ သားဆုရရင်လား ကျွန်မမျက်နှာက မော့နေတော့တာ။ ဆုတွေ ရတာများလာတော့ ကျွန်မ လောဘကြီးလာတယ်။ ဘယ်လိုလောဘလဲဆိုတော့ ပထမဆုရမှ ကြိုက်တယ်။ ဒုတိယ တတိယဆိုရင် သိပ်မကြည်ချင်ဘူး။

'မေမေ သား စာစီစာကုံး ဆုရတယ်'

'ဟယ် ဟုတ်လား ပထမဆုပေါ့'

'မဟုတ်ဘူး မေမေ။ ဒုတိယဆု'

ဒိန်းခနဲပျော်နေရာက စိတ်က နဲနဲ ကွက်သွားရော။

'သားက ဘာဖြစ်လို့ ပထမ မရတာလဲ'
'မသိဘူးလေ။ ကျွန်တော်ထင်တာတော့ အဲဒီကောင်မလေးက ဆရာမကျက်ခိုင်းတဲ့အတိုင်း အလွတ်ကျက်နိုင်တာ။ ကျွန်တော်က ကိုယ့်ဝါကျနဲ့ ကိုယ်ပြန်ပြင်ရေးတာ။ အဲဒါကြောင့်လား မသိဘူး'

'အင်း'
'မေမေ စိတ်တိုသွားလား'

သားက ကျွန်မမျက်နှာကို ငယ်ငယ်ကတဲက ဖတ်နိုင်တာ။

'အမလေးတော် မတိုပါဘူး။ ဒီလောက်တော်တဲ့ ကလေးကို အမေက စိတ်တိုပါ့မလား'

စိုးရိမ်တကြီးဖြစ်နေတဲ့ သားမျက်နှာလေးကို တရှုတ်ရှုတ် နမ်းပစ်လိုက်မိတော့တယ်။

သီလရှင်တွေက ပိုက်ဆံစုထည့်ပြီး ဗလာစာအုပ်တွေနဲ့ လွယ်အိတ်လှလှလေးတစ်လုံး ဆုပေးကြတယ်။ အမေကလဲ ပေးရမှာပေါ့။ နေပါဦး ဘာပေးရပါ့။ စုထားတဲ့ ပိုက်ဆံကတော့ နဲသေးတယ်။ သားကို စာအုပ်တစ်ခုခု လက်ဆောင်ပေးရင်ကောင်းမလား။ သား ဘာစာအုပ်လိုချင်မှန်းမှ မသိတော့ မေးကြည့်တယ်။
သားက စာအုပ်ဝယ်ပေးချင်မှန်းသိတော့ ပျော်သွားလိုက်တာ။ အဲဒီမျက်နှာလေးကို ကျွန်မ တစ်သက် ဘယ်တော့မှ မေ့နိုင်မယ် မထင်ပါဘူး။

သားက စာအုပ်နာမည်တစ်ခုကို ပြောပြပါရဲ့။ အင်္ဂလိပ်နာမည်ပါလား။ ကျွန်မ နားမလည်ဘူးပေါ့'

'အဲဒီ စာအုပ်က ဘယ်မှာရှိတာလဲ'
'ရန်ကုန်မှာ'
ကဲ မဖြစ်ချေဘူး။ ဝိသာခါကျောင်းတိုက် အလှူအတွက် ရန်ကုန်တက်ပြီး ပစ္စည်းဝယ်ရတဲ့အခေါက်မှာ စာရွက်တစ်ခုပေါ်မှာ သားရေးပေးလိုက်တဲ့ အင်္ဂလိပ်စာကြောင်းလေးကို ပြပြီး သားအတွက် စာအုပ်ဝယ်ပေးခဲ့ရတာပေါ့။ စာအုပ်က

တော်တော်ထူသား။ ကျွန်မ တစ်လုံးမှ နားမလည်တဲ့ အင်္ဂလိပ်စာတွေနဲ့ မျက်နှာဖုံးကို ကြည့်လိုက် အတွင်းက စာမျက်နှာအပြည့် အင်္ဂလိပ်စာကြောင်းတွေကို ကြည့်လိုက် ပီတိတွေ ဖြာလို့ပေါ့။

ဒါသားဖတ်မဲ့ စာအုပ်။ စာအုပ်လေးကို တခြားပစ္စည်းတွေနဲ့ မရောစေရအောင် ပလပ်စတစ်နဲ့ အသေအချာ ဖုံးပြီးမှ သယ်ခဲ့တာပါ။
ရောက်ရောက်ချင်း သားကို စာအုပ်လေး ထုတ်ပေးလိုက်ရတဲ့ အရသာဟာ ဘာနဲ့မှ မတူပါဘူး။ စာအုပ်ကို ကိုင်ကြည့်လိုက်တဲ့ သားရဲ့မျက်လုံးလေးတွေဟာ တောက်ပဝင်းလက်လို့ စာအုပ်ကို မြတ်နိုးတဲ့ မျက်လုံးတွေ။ အဲဒီမျက်လုံးတွေကို မြင်ရတော့ ကျွန်မ ပျော်လိုက်တာ။

* * *

(၁၄)

မင်းဥာဏ်ပြန်ရောက်သည့်အခါ မူလက မျှော်လင့်ထားသလို လေဆိပ်မှာ ကြည်နူးစွာ စောင့်ကြိုနေမည့် မေမေ့ကို မတွေ့ရ။ အဖြူရောင် အထက်အောက်ဆင်တူဖြင့် ကစ်ကစ်လေး ချောမောလှပသည့်ဝေလွင့်ကိုသာ တွေ့ရသည်။

'ဝေလွင် နေကောင်းတယ်နော်'

'ကောင်းတယ်'
'မေမေရော နေကောင်းလား။ မေမေဘာလို့ လေဆိပ်မပါလာတာလဲ'

'မလိုက်ချင်ဘူးတဲ့။ လူတွေကြားထဲမှာ သူမနေချင်ဘူးလို့ ပြောတယ် ကိုဥာဏ်'

စိတ်ကျဝေဒနာရှင်တို့သည် လူတွေကို ရှောင်ချင်ကြ၏။ မေမေသိပ်များ စိတ်ထိခိုက်နေရသလား။ မေမေထမင်းမှ စားနိုင်ပါရဲ့လား။ မေးခွန်းတွေကို ဝေလွင့်အား ဆက်တိုက်မေးမိတော့ ဝေလွင်က ကားမောင်းရင်း စိတ်ရှည်လက်ရှည် ဖြေသည်။
'ထမင်းကို တို့ကျွေးရင် စားတယ်။ အားနာပုံရတယ်လေ။ မညွန့်ကို ဒေါ်လေးက အရှုပ်ပဲ။ မညွန့်ကျွေးရင် ငြင်းတာပဲ။ တို့က အဟာရပြည့်မယ့် အစားတွေ ရွေးကျွေးပါတယ်။ ခက်တာက ဒေါ်လေးက ချိုးစ်တို့ထောပတ်တို့ကို မကြိုက်။ လုံးဝမထိဘူးနော်။ ထမင်းနဲ့ငပိပဲစားချင်နေတာ။ ဘယ်ဖြစ်မလဲ။ ငါးကြော်တို့ကြက်ကြော်တို့ကို စိတ်ရှည်ရှည် သည်းခံပြီး ကျွေးရတယ်'

'ကျေးဇူးတင်လိုက်တာ ဝေလွင်ရယ်'
အိမ်ပြန်ရောက်တော့ မေမေ့ကို အိပ်ရာပေါ်မှာ မတွေ့ရဘဲ ဧည့်ခန်းထဲမှာ တွေ့ရသဖြင့် နဲနဲ စိတ်ချမ်းသာမိသည်။ သူ မိခင်၏လက်ကို ထွေးဆုပ်လိုက်သည်။

ကျွန်တော် ပြန်လာပြီ မေမေ။ မြစ်တစ်စင်းလို ကွေ့ဝိုက်စီးဆင်းနေရပေမဲ့ ကျွန်တော့်ရေလှိုင်းတွေက မေမေ့ကမ်းစပ်ဆီကိုပဲ ပြန်ပြန်ရောက် လာတယ်ဆိုတာ မေမေယုံတယ် မဟုတ်လား။

'မေမေ နေကောင်းလား'

'အေး ကောင်းပါတယ်'

မျက်နှာနည်းနည်း ညိုးနေသော်လည်း ဖြေသည်။ ဟန်ဆောင်ပြီး ဖြေသည်ဆိုစေဦးတော့ ဟန်ဆောင်ပြုံးနိုင်သည် ဆိုလျှင်ကို အခြေအနေ သိပ်မဆိုးလှဟု အောက်မေ့ရပါမည်။
မေမေ နှင့် ဝေလွင့်ကို ပါလာသော ပစ္စည်းတွေ ထုတ်ပြ လက်ဆောင်တွေပြတော့ သူတို့နှင့် အတူ မေမေ ရယ်မောစကား ပြောနိုင်သည်။

ဝေလွင်ပြန်သွားသည့်အခါ
'မေမေ ဝေလွင်နဲ့နေရတာ အဆင်ပြေလား' ဟု မေးမိသည်။

'ပြေတော့ ပြေပါတယ်။ ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်လဲ မေမေ'

'စိတ်ညစ်စရာ ဇာတ်လမ်းတွေ ပြောတယ်ကွဲ့'

'ဘာတွေ ပြောသလဲ'

'အိုကွယ် တစ်ညကဆို ကျောက်ခဲနဲ့ထုသတ်ခံရတဲ့ ကလေးမလေးအကြောင်းကို စီကာပတ်ကုံး ပြောနေလိုက်တာ'

သူမျက်မှောင် ကြုတ်မိသွားသည်။

'ကျောက်ခဲနဲ့ထုသတ်ခံရတယ်။ ဘယ်သူလဲ မေမေ'

'ကုလားမလေး တစ်ယောက်'

'ဟောဗျာ ဘယ်က ကုလားမလေးလဲ ရန်ကုန်ကလား'

'မဟုတ်ဘူး တခြားနိုင်ငံမှာ'

'ဘယ်သူတွေက သတ်တာလဲ။ လူဆိုးတွေကလား'

'မဟုတ်ဘူး။ တရားသူကြီးက သတ်ခိုင်းတာတဲ့ဟယ်။ အဖေမပေါ်တဲ့ ကလေးမွေးလို့တဲ့'

သူရေးရေး သဘောပေါက်သွားသည်။ အိမ်ထောင်ရေးနှင့် ပတ်သတ်ပြီး ဖောက်ပြန်မှုထင်ရှားလျှင် တရားခံကို မသေမချင်း ကျောက်တုံးဖြင့် ထုသတ်စေသည့် တရားစီရင်ထုံးများအကြောင်း သူ မေမေ့ကို တစ်ခါမှ ပြောမပြခဲ့ဖူးပါ။ ကမ္ဘာလောကကြီးတွင် မေမေ မသိသော အရာတွေ အများကြီး ရှိသည်။ မေမေတို့လို ရိုးအသူများအတွက် သေဒဏ်ကျနိုင်စရာ ကံကြမ္မာများ ရှိတတ်ကြောင်း မေမေ မသိစေချင်။

သူ မေမေ့ကို ငေးကြည့်မိသည်။ မေမေ့အင်္ကျီက ဝေလွင်ဆင်ပေးထားတာမှန်း သိသာသည့် နံ့သာနရောင် ပါတိတ် အထက်အောက် ဆင်တူ။ ခါတိုင်းဆို ပလတ်စတစ်ဘီးနှင့် ထုံးပတ်ထားသော ဘီးဆံပတ်မဟုတ်ဘဲ ကျကျနန ထုံးနှောင်ထားသော ဆံထုံးမြင့်မြင့်လေးနှင့် မေမေသည် တော်တော်ချောမောပြေပြစ်ပါလားဟု သတိထားမိသွားသည်။

'မေမေ အဲဒါက ကိုယ့်နိုင်ငံမှာဖြစ်တာမှ မဟုတ်ဘဲ ဟိုးအဝေးကြီးမှာ ဖြစ်တာလေ'

'ဒါပေမဲ့ကြောက်စရာကြီးလေ သားရယ်။ ကလေးမလေး မချိမဆန့်နာပြီးမှ သေရမှာ သူနဲ့ ဖြစ်တဲ့သူကိုတော့ မသတ်ကြဘူးဆို' အော် ဝေလွင့်နှယ်။ ဒီအကြောင်းကို မေမေ့ကိုမှ ပြောပြခဲ့လေခြင်း။

'ဘယ်သူမှ မသေပါဘူး မေမေ ဝေလွင်က မသိဘဲ စွတ်ပြောနေတာ။ ဟိုးရှေးခေတ်တုန်းကသာ ကျောက်တုံးနဲ့ထုသတ်တဲ့ စီရင်ချက်အတိုင်း တကယ်သေအောင် သတ်တာ။ အခုခေတ်မှာ စီရင်ချက်ချတော့ချပါတယ်။ ဒါပေမဲ့ အယူခံဝင်တာနဲ့ဘာနဲ့ ထောင်ပဲ ကျတာပါ။ တကယ်မသေရတော့ပါဘူး'

'ဟုတ်လို့လား သားရယ်'

'ဟုတ်ပါတယ် မေမေရဲ့။ အဲဒီကလေးမလေးက ကုလားမလေးမဟုတ်ဘူး။ နိုင်ဂျီးရီးယား မိန်းကလေးပါ။ အဲဒီရာဇသတ်ဥပဒေ

ပြဋ္ဌာန်းထားတဲ့ နိုင်ငံကလည်း ကမ္ဘာပေါ်မှာ နဲနဲလေး။ လေးငါးနိုင်ငံပဲ။ မူဆလင် နိုင်ငံတွေ။ သူတို့လည်း အခု အဲဒီအတိုင်း မစီရင်တော့ပါဘူး။ သေဒဏ်လို့သာ ပြောတာ'

'ဝေလွင်ကပြောတော့'
'ဟာ အဲဒီဝေလွင်က ဘာသိမှာတုန်း။ သူက ကြားဖူးနားဝတွေ လျှောက်ပြောတာ။ ကျွန်တော်က အသိဆုံးပေါ့။ မေမေက ကျွန်တော့်ကို မယုံဘူးလား။ ကျွန်တော်က နိုင်ငံတကာရောက်နေတာပါ။ နောက်ပြီး နိုင်ငံတကာက သတင်းတွေကိုလည်း စိတ်ဝင်တစား နားထောင်နေတာပါ မေမေရဲ့'

'ဒါပေမဲ့ ဒါတွေဟာ တကယ်ဖြစ်ခဲ့တာတွေ မဟုတ်လား'

သူမငြင်းနိုင်ပါ။

'မသိနားမလည်လို့ပဲဖြစ်ဖြစ် အတင်းအကြပ် သိမ်းသွင်းခံရလို့ပဲ ဖြစ်ဖြစ် အသဲနင့်အောင် ချစ်မိသွားလို့ဖြစ်ဖြစ် မိန်းမတွေဟာ နယ်ကျွံခံလိုက်ရရင် ဗိုက်ကြီး ရတော့တာပဲ။ ယူလို့ မဖြစ်တဲ့ လူနဲ့ဆိုရင် အဲဒါသေဒဏ်ပေါ့နော်။ အတူကျူးလွန်တဲ့ ယောကျ်ားတွေကျတော့ ဘာလို့ သေဒဏ်ကနေ လွတ်နေတာလဲ'

'မေမေ အဲဒါတွေ မေမေနဲ့မဆိုင်ဘူးလေ။ ဘာဖြစ်လို့ တွေးနေတာလဲ။ တော်ပြီ'

သူ မိခင်ကို ဖက်ပွေ့လိုက်သည်။

'ဒီဝတ်စုံနဲ့ မေမေက သိပ်လှတာပါလား'

သူ့စကားနောက်သို့ မေမေပါမလာခဲ့ပေ။

* * *

ညကျတော့ ဝေလွင့်ကို သူဖုန်းဆက်လိုက်မိသည်။

'ဝေလွင် ဘာကြောင့် မေမေ့ကို stoning punishmentအကြောင်း ပြောပြလိုက်ရတာလဲ'

ဝေလွင်သည် သူပြောပြီးတော့ သူ့ဟာသူ မေ့နေပြီ။

'ဟင် ဘာ'

'အော် ကျောက်ခဲနဲ့ထုသတ်ခံရဖို့တရားစီရင်ခံရတဲ့ ကောင်မလေးအကြောင်းလေ။ နိုင်ဂျီးရီးယန်းမလေး မဟုတ်လား'
'အော် အဲဒါလား ဖတ်လက်စ တိုင်းမ်မဂ္ဂဇင်းအဟောင်းထဲမှာ တွေ့လို့'

ဝေလွင့်အသံက ရိုးရိုးစင်းစင်း ဟု ထင်သည်။

'မပြောဘဲနေလို့လဲ ဖြစ်တဲ့ဟာကို'

'ကိုဉာဏ် စကားပြောစရာမရှိတော့ ဒီလိုပဲ ထူးဆန်းတဲ့အကြောင်းအရာတစ်ခုကို ပြောလိုက်တာပဲလေ။ အဲဒါ ဘာဖြစ်လဲ'
သူ စိတ်ထိခိုက်သွားသည်။ ထူးဆန်းတဲ့အကြောင်းတဲ့။
ဝေလွင် တကယ်မသိလို့ပြောမိတာပဲ။ သူ နားလည်ပါသည်။

'အော် ဘာမှတော့ မဖြစ်ပါဘူး။ မေမေက စိတ်ထိခိုက်တတ်တယ်ဆိုတာ ဝေလွင်ကို တို့ သတိပေးထားသားပဲ။ အဲဒီက အကြောင်းက ရင်နာစရာမဟုတ်လား မေမေက သတ်တာ ဖြတ်တာတွေဆို ရုပ်ရှင်ဇာတ်ကားတောင် မကြည့်တာ'
'ကာမပိုင်မယားကြီး ငုတ်တုတ်ရှိရက်နဲ့ ဖောက်ပြန်တဲ့မိန်းမတွေ နိုင်ဂျီးရီးယားလို နိုင်ငံမျိုးမှာသာ ဆိုရင် အဲဒီအတန်းအစားတွေ အကုန်လုံး ကျောက်ခဲထုသတ်ခံရမှာ'

'ဝေလွင်'

ဝေလွင့်စိတ်က ခက်ထန်ကြမ်းတမ်းလှချည်လား။

'တို့က ဖောက်ပြန်တာတွေကို အရမ်းမုန်းတာလေ'

နေထိုင်ကျင်လည်သည့် ပတ်ဝန်းကျင်ပေါ်မူတည်ပြီး လူတစ်ယောက်၏ဘဝအမြင်များ၊ အမုန်တရားအဖြစ်စွဲကိုင်လိုက်သော အကြောင်းအရာများ ကွဲပြားခြားနားတတ်သည်ဟု သူသိထားပါသည်။

'အခု ဒေါ်လေးနေကောင်းနေပြီ မဟုတ်လား'

'အင်း'
'အေးလေ ပြီးတာပဲ။ နောက်ကို ဒေါ်လေးရှေ့မှာ သတ်တာ ဖြတ်တာတွေ မပြောတော့ပါဘူး။ စိတ်ချ။ ဒါနဲ့ ကိုဉာဏ်'

'ဟင်'
'ဒေါ်လေးက တို့ကို လက်ထပ်တော့မှာလားလို့ မေးနေတယ်။ တို့က လက်ထပ်မှာလို့ ဖြေလိုက်တယ်'

'ဟင် ဘယ်တုန်းကလဲ'

'ကိုဉာဏ်သွားပြီး နောက်ညပဲ'

သူ ဘာပြန်ပြောရမှန်းမသိ။ တစ်ချက် ရယ်လိုက်မိသည်။ သူ့ရယ်သံက ခပ်ဖွာဖွာ ဖြစ်နေပါလိမ့်မည်။

'ကိုဉာဏ် ဘာရီတာလဲ'

'အော် တို့ကမေမေ နေကောင်းတဲ့အချိန်ထိ အချိန်ယူပြီး'

'အို ကိုဉာဏ်ကလဲ အိပ်ရာထဲလဲနေတဲ့လူမှ မဟုတ်ဘဲ။ နောက်ပြီး အခုလို စိတ်ဝေဒနာဆိုတာမျိုးက အရှင်းပျောက်ဖို့မှ မလွယ်ဘဲ။ အဲဒါကို ပျောက်အောင်စောင့်နေရင်တော့ ဘယ်တော့မှ ယူရတော့မှာ မဟုတ်ဘူး။ ကိုဉာဏ်လဲ အဖိုးကြီးဖြစ် တို့လဲ အဖွားကြီးဖြစ်တော့မှပဲ'
'မဟုတ်သေးပါဘူး ဝေလွင်ရယ်'

'အို ဟုတ်ပါတယ်။ ဒါပဲ တို့မစောင့်ချင်တော့ဘူးကွယ်။ မေမေကတော့ ပြောတယ်။ တို့ လက်ထပ်ရင် ကွန်ဒိုမီနီယမ်တစ်ခန်း လက်ဖွဲ့မယ်တဲ့'

ဝေလွင်က မရင့်ကျက်သေးသည့် ကမ္ဘာလောက အကြောင်းနားလည်ဖို့လိုနေသေးသည့် မိန်းကလေးတစ်ယောက်သာ ဖြစ်မှန်း သူ ဘာကြောင့်များ မေ့နေခဲ့ပါလိမ့်။
သူ ဖတ်ခဲ့သည့် နိုင်ဂျီးရီးယန်း စာရေးဆရာ ဘင်အောကရိ၏ A Way of Being Free စာအုပ်ထဲမှ စကားလုံးများကို သူသတိရသွားမိသည်။

'သမ္မာဒိဋ္ဌိဆိုတဲ့စကားလုံးမှာ ကျွန်တော် မြင်ယောင်လာတာကတော့ လူတွေ သူ့ တို့ ကိုယ်သူတို့ ဘာလို အဓိပ္ပါယ်ဖော်ယူသလဲ ဆိုတဲ့နောက်ဆုံးအဆင့်ထိ တိုးတက်ပြီးသွားတဲ့ ကမ္ဘာတစ်ခု' ဟု စာရေးဆရာက ရေးသည်။

'အသက်ရှင်နေထိုင်ခြင်းဆိုတာ စဉ်ဆက်မပြတ် အသွင်ပြောင်းလဲမှု တစ်ခုပါ။ အရာရာဟာ ပြောင်းလဲနေတယ်။ အရာရာဟာ နှိုင်းယှဉ်ဆက်စပ်နေတယ်။ အကြွင်းမဲ့ဆိုတာ မရှိပါဘူး။ အကြွင်းမဲ့ ကောင်းမြတ်မှု မရှိ။ အကြွင်းမဲ့ ဆိုးယုတ်မှု မရှိ။ အကြွင်းမဲ့ အသက်ရှင်နေထိုင်ခြင်း ဆိုတာ မရှိ။ အကြွင်းမဲ့ အမှန်မရှိ။ အမှန်အားလုံးဟာ ဆက်သွယ်ကူးပြောင်းပေါင်းစပ် ရောနှောပြီး နေထိုင်ခြင်းဆိုတာ ဖြစ်လာခဲ့တာ။ ရှင်သန်မှုဟာ အရာအားလုံးကို အရည်အချင်း ဖြည့်ပေးနေတယ်' တဲ့။

* * *

(၁၅)

အခုလောလောဆယ် ခံစားချက်ကတော့ ကျွန်မ ကြောက်နေတယ်။ ဘာကို ကြောက်နေလဲဆိုတော့ ကျောက်တုံးနဲ့ ပစ်ပြီး မသေမချင်းထုသတ်ခံရတဲ့ မိန်းမတွေကို စိတ်ထဲမှာ ခဏခဏ မြင်မြင်နေမိလို့။ ကျွန်မဖြင့် ဒီလိုစီရင်တာမျိုးရှိမှန်း သိတောင် မသိဘူး။
ကျွန်မသာ အဲဒီလို နိုင်ငံမှာဆိုရင် ကျွန်မလဲ ကျောက်တုံးနဲ့ ထုသတ်ခံရမှာလို့ တွေးလိုက်ရင် ကျွန်မ ကြက်သီးတွေထပြီး ငိုချင်လာတော့တယ်။ အဲဒီကုလားမလေးခမျာ အင်းလေ သားကတော့ အဲဒါကုလားမလေး မဟုတ်ဘူးတဲ့။ ဘာလူမျိုးဆိုတုန်းပဲ။ အဲဒီကောင်မလေးခမျာ သေရမယ့်ရက်ကို လက်ချိုးတွက်နေခဲ့ရတာ။ သူကကောင်းတယ်လို့ ပြောရမှာလား။ သူ့ကလေးလေးက နို့စို့အရွယ် မို့လို့တဲ့ သူသေရင် ကလေးဒုက္ခရောက်မှာစိုးလို့ ကလေးနို့ဖြတ်တဲ့အရွယ်အထိ သူထောင်ထဲမှာ နေရတယ်။ ကလေးနို့ဖြတ်ရင် သူ့ကို ကျောက်ခဲနဲ့ထုသတ်မှာတဲ့။

'မဟုတ်ဘူး မိန်းကလေး အဲဒီစီရင်ချက်ကို နောက်ပိုင်းမှာ ပြင်ဆင်လိုက်တယ်။ သေဒဏ်ကနေ အဲဒီကလေးမ လွတ်ငြိမ်းချမ်းသာခွင့် ရသွားတယ်လေ'

'ဟုတ်လားဟင်'

'ဟုတ်ပါတယ်။ ဒါက ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမှာ မရှိသင့်တော့တဲ့ စီရင်မှုလို့ အားလုံးက လက်ခံနေကြပြီလေ။ ဒါနဲ့ ပြောပါဦး။ အဲဒီနိုင်ငံမှာနေရရင် မင်းလဲ ကျောက်တုံးနဲ့ထုသတ်ခံရမှာ လို့ ဘာဖြစ်လို့ ပြောတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မောင်မင်းဥာဏ်လေးက နားနဲ့မနာ ဖဝါးနဲ့နာပါဆရာ။ ကျွန်မတရားဝင်ရထားတဲ့ ကိုယ်ဝန်မဟုတ်လို့ ပေါ့။ ကျွန်မမှာ အိမ်ထောင်မရှိဘူး။ အိမ်ထောင်မရှိဘဲနဲ့ ကိုယ်ဝန်ရခဲ့တာပါ။ ကျွန်မစိတ်ပူတာက ကလေးအတွက်ပါ။ ကျွန်မကတော့ စိတ်ထိခိုက်ခဲ့ရပြီးပြီ။ ဒါတွေကို မေ့ပစ်လိုက်ဖို့ ရှာကနေလဲ ထွက်ပြေးခဲ့ပြီးပြီ။ ဒါပေမဲ့ ကျွန်မသားလေး စိတ်ဆင်းရဲမှာ နားကျည်းမှာ ဒေါသထွက်မှာကိုလဲ ပူနေရတယ်။
ကလေး ကျောင်းနေလို့ သူငယ်ချင်းတွေရတဲ့အခါ အဖေဆိုတဲ့အကြောင်းအရာကို သိလာမှာပါ။ အဲဒီကျရင် မေးလာလိမ့်မယ်လို့ ကျွန်မသိထားပါတယ်။ ဘယ်လို ဖြေရမလဲ စဉ်းစားထားရတယ်။
အိုလွယ်ပါတယ်။ သူ့အဖေ သေပြီပေါ့။ ဘာများ ခက်ခဲနေဦးမှာလဲပေါ့။ ဒါပေမဲ့ တကယ်တန်း သားက အဖေမရှိဘူးလား အဖေဘယ်မှာလဲ မေးလာရော။ သေပြီလို့ ဖြေဖို့ တော်တော် ခက်ပါတယ်။

ဘာဖြစ်လို့ သေတာလဲလို့ သားက ဆက်မေးဦးမှာပေါ့။ အဲဒီကျတော့မှ ဒုက္ခရောက်မှာ။
သားကို ပုံပြင်တွေထဲက သူရဲကောင်းတွေကို အားကျစေရမလား။ ဒါပေမဲ့ တိုက်ပွဲဝင်သူရဲကောင်း ဆိုတာက အင်္ဂလိပ်ခေတ် ဂျပန်ခေတ်လို သားတို့ခေတ်မှာ ရှိမှရှိသေးရဲ့လား။ ဒါဖြင့် သူရဲကောင်းမဟုတ်ဘဲ ပညာနဲ့အသက်မွေးတဲ့ ကျောင်းဆရာအဖြစ် သူ့အဖေကို အားကျစေရမလား။ ကျွန်မကို စာသင်ပေးဖူးတဲ့ ကျောင်းဆရာက တစ်ယောက်တည်း။ ကျန်တာက ဆရာမတွေချည်းပဲ။ သားအားကျလောက်အောင် ထင်ပေါ်ကျော်ကြားတဲ့ ဆရာကိုလဲ ကျွန်မ မသိဘူး။'

ဆရာလေးက ပြောတယ်။

'လိမ်တယ်ညာတယ်ဆိုတာ ဘုရားမကြိုက်ဘူး ဘုရားအကြိုက်ပဲလုပ်ပါ။ ဘုရားလမ်းစဉ်ကိုပဲ လျှောက်ပါ' တဲ့။ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့သားကို အမှန်အတိုင်း ပြောဖို့ အချိန်မကျသေးဘူးလားလို့' ကျွန်မ တွေးမိလို့ပါ။

ဆရာလေးကတော့ ကလေးရဲ့ အာရုံထဲမှာ တစ်ခုပဲ ယုံကြည်ပါစေတဲ့။ ခဏနေတော့ နောက်တစ်မျိုး။ နောက်ခဏနေတော့ နောက်ထပ် တစ်မျိုး။ အဲဒီလိုဆိုရင် ကလေးက ကိုယ့်ကို ဘယ် ယုံကြည်လေးစားတော့မလဲ တဲ့။ သီလရှင်ဆရာကြီးက ပြောစေချင်တဲ့အတိုင်း ကျွန်မသားကို သူ့အဖေအကြောင်း အမှန်အတိုင်း ပြောပြလိုက်ရတယ်။ ဒါပေမဲ့ လိုတိုးပိုလျှော့လေးပေါ့။

သာမန်လူတစ်ယောက်ပါ။ ကျွန်းထဲကိုင်းထဲမှာ ကိုင်းအလုပ်နဲ့ အသက်မွေးတဲ့သူပေါ့။
မေမေက ဘာဖြစ်လို့ ဒီကိုလာတာလဲ။ ဘာဖြစ်လို့ အဖေနဲ့ အတူမနေတာလဲ။
သူက မေမေ့ကို လက်ထပ်မယူဘူး။ သိလား မင်္ဂလာမဆောင်ဘူး။ ဒါကြောင့် သူနဲ့ အတူနေလို့ မရဘူး။ ဒါကြောင့် သားကိုမွေးဖို့ မေမေဝေးရာကို ပြေးရင်း ဒီသီလရှင်ကျောင်းကို ရောက်လာတာ။

'ဒါဖြင့် အဖေ့နာမည်က ဘယ်သူလဲမေမေ' တဲ့။ ကလေးက မေးပါတယ်။
ပထမတော့ နာမည်ကို စိတ်ကူးယဉ်ဆန်ဆန်လေး မှည့်ခေါ်ပေးလိုက်မလို့ပဲ။ အို လိမ်တာ ညာတာ ဘုရားမကြိုက်ဘူး။ ကလေးက အဖေကို မမြင်ဖူးရှာပေမဲ့ အဖေနာမည်တော့ အမှန်အတိုင်း သိသင့်ပါတယ်လို့ပြန်တွေးတယ်။ ဒါပေမဲ့ ခဏကြာတော့ စိတ်ပြောင်းသွားပြန်တယ်။

မထူးတော့ဘူးလေ။ အဖေက သူ့ကိုယ်သူ အဖေလို့ခေါ်မခံချင်မှတော့ သားက အမှန်အတိုင်း သိဖို့လိုနေသေးလို့လား။ သီလရှင်ကြီး ဒေါ်ဥဂ္ဂဏစာရီက ကျွန်မညာတော့မယ်ဆိုတာကို သိနေတော့ ခပ်တည်တည်ပဲ ကျွန်မကို စောင့်ကြည့်နေတယ်။ တကယ်တော့ ဆရာလေးက ကလေးအဖေနာမည်ကို သိမထားပါဘူး။ ကျွန်မ တစ်ခါမှ မပြောဖူးပါဘူး။ ဒါပေမဲ့ ကျွန်မပြောလိုက်တဲ့နာမည်က အမှန်ဖြစ်မလား အမှားဖြစ်မလားတော့ သူက အကဲခတ်နိုင်မှာပေါ့။

အို ဘာဖြစ်လဲ ကလေးကို အဖေနာမည်ပြောတဲ့ ကိစ္စမှာတော့ ကျွန်မပြောချင်တဲ့နာမည် ပြောခွင့်ရှိပါတယ်။ သိပ်လည်း ကြာကြာစဉ်းစားလို့မဖြစ်ဘူး။ သားက လူလည်လေးမဟုတ်လား။ တော်ကြာ အမေလိမ်ဖို့လုပ်နေတာ ပေါ်သွားဦးမယ်။ မဟုတ်လား။

နောက်ဆုံးတော့ ကျွန်မ သားကို ဖြေလိုက်တယ်။
'သား မင်းအဖေနာမည်က ဦးစံလှ' တဲ့။

ဘာပဲဖြစ်ဖြစ် နာမည်တစ်ခုရသွားတော့ သားက ပျော်သွားတာပါပဲ။

'ဟေး' ခနဲအော်တောင် ရယ်လိုက်သေး။

ဒါပဲ။ အဲဒီနောက်တော့ သားက ပြန်ကစားဖို့ ပြန်ပြေးထွက်သွားပါတယ်။

ဒါပေမဲ့ ကျွန်မမှာတော့ အဲဒီအချိန်က စပြီး သားနဲ့ပတ်သတ်တဲ့ ကိစ္စတွေမှာ အဖအမည် ဦးစံလှ လို့ဖတ်ရရေးရတိုင်း နှလုံးသားတွေ ပဲ့ကြွေမတတ် နာကျင်ရပါတယ်။

* * *

(၁၆)

အဲဒီနေ့ညနေခင်းက မရန်းရောင်။ အနောက်မိုးကောင်းကင်က မရန်းရောင်။ နေဝင်ချိန်ကိုး။ ကျွန်မ မှတ်မိသမျှတော့ ပဲပင်အပွင့်လေးတွေကလဲ မရန်းရောင်၊ ကျွန်မခူးလာတဲ့ ခရမ်းသီးတွေကလည်း မရန်းရောင်။ အိုတစ်လောကလုံး မရန်းရောင်သန်းနေတဲ့အချိန်ပေါ့။
ကျွန်မ မရန်းရောင်ကို အရမ်းမုန်းသွားတယ်။

ပဲလွန်းစိုက်ခင်းတစ်လျှောက် တူရွင်းတွေနဲ့မြေထဲတူး ပေါင်းသင်နေကြတဲ့ ကျွန်မတို့အုပ်စု နေညိုချိန်ရောက်လို့ပြန်ကြတယ်။ ကိုယ့်ယာခင်းတွေထဲက မနက်ဈေးသွားရောင်းမယ့် အသီးအနှံလေးတွေကို ဆွတ်ကြခူးကြ။ ကျွန်မက ရင့်တဲ့ခရမ်းသီးတွေကို ရှာဖွေခူးရတာမို့ ဖူးသီးလေး ငါးလုံးလောက် ခူးပြီးသွားတဲ့ မခင်မြင့်ထကတော့ နောက်ကျတာပေါ့။ ဒီတော့ အပြန်လမ်းမှာ ကျွန်မက တစ်ခေါ်လောက် အဝေးမှာ ကျန်ခဲ့တာ။

ကျွန်မ မကြောက်ပါဘူး။ ရွာမှာက လူစိမ်းရယ်လို့မရှိဘဲ ကိုယ့်တစ်ရွာတည်းသားချင်းတွေချည်း။ လူသတ်မှုမရှိ။ မုဒိမ်းမှုမရှိ။ ခိုးဝှက်မှုရယ်လို ့လဲမရှိ။ အမှုအခင်းဆိုလို ့ရိုက်မှုလောက်ပဲ ရှိတာ။ နောက်ပြီး ကိုင်းခင်းပြင်အနေအထားကိုလည်း ကြည့်စမ်းပါအုံး။ အမြင့်ဆုံးအပင်ဆိုလို့ ခါးသာသာ သဘော်ကြက်ဆူပင် ကျိုးတိုးကျဲတဲ အတန်းတွေပဲရှိတာ။ အားလုံးက ကွင်းပြင်ချည်းပါပဲ။ မကောင်းမှုလုပ်စရာ ခြုံခိုလုယက်စရာ ဘာအမှောင်ရိပ်မှ မရှိဘူး။
ရွာတောင်ဖျားက ကိုစံလှနဲ ့လမ်းမှာ ဆုံတယ်။ သူက ရှိုးနဲ ့မိုးနဲ ့။ ငွေစလေးကလဲ တောင့်တော့ မြို ့ပုံစံအဝတ်တွေဝတ်တတ်တယ်။ နွားကြိမ်လုံးရှည်ရှည်ကို ဟိုရိုက်ဒီရိုက်လုပ် စတိုင်နဲ ့လျှောက် လာရင်း ကျွန်မကို နှုတ်ဆက်တယ်။

'ဘာတွေလဲ နှင်းမှုန်' တဲ့။

'ခရမ်းသီးတွေတော့် မနက် ရေနံချောင်းဈေးသွားမလို့'

'အေးအေး ခင်မြင့်တို့မပါဘူးလား'

'သူတို့ပြန်နှင့်ပြီ'

'အေး မိုးချုပ်မယ်ဟ ခပ်သွက်သွက်လေးလှမ်း၊ မြွေပါးကင်းပါးနဲ့'

'ဟုတ်ကဲ့ပါ'

ကိုစံလှရှိတော့ ကျွန်မ အဖော်ရတာပေါ့လို့ပဲ တွေးမိတယ်။ သူက ရှေ့ကနေ ယောကျ်ားခြေလှမ်းနဲ့ခပ်သွက်သွက်သွားနေခိုက် ကျွန်မက နောက်ဘက်မှာ။ ကန် ့လန် ့ဖြတ် ပေါက်နေတဲ့ ဖူးပင်နွယ်ပင်တွေ ပဲပင်နွယ်ကို ခလုပ်တိုက်လိုက်။ ခုံဖိနပ်ကျွတ်ကျန်လို ့ ပြန်လှည့် ခြေထောက်လျှိုလိုက်နဲ ့ပေါ့။ ခပ်လှမ်းလှမ်းရောက်သွားပြီးမှ ကိုစံလှက စိတ်မချသလို လှည့်ကြည့်လှည့်ကြည့်နဲ့စောင့်နေတယ်။

'နှင်းမှုန် နင်ရှေ့ကသွား'

'ရပါတယ်'
'သွားပါ'
ကျွန်မကို ရှေ့ကသွားနှင့်ခိုင်းပြီးတော့ သူက နောက်က လိုက်လာတယ်။

'ဟိုတစ်နေ့ညနေက ပဲခင်းထဲမှာ မြွေတွေ့လို့တဲ့ ထွေးလေးသိန်းမောင်တို့ပြောနေကြတယ်။ နောက်တစ်ခါဆို အဖော်တွေနဲ့ အတူပြန် လူများရင် မြွေပြေးတယ်'

'ဟုတ်'

မြွေကိုတော့ ကျွန်မ ကြောက်တယ်။ ရွာဆေးခန်းမှာက မြွေဆိပ်ဖြေဆေးရှိတာ မဟုတ်ဘူးလေ။
ကိုစံလှက ဉယျာဉ်စိုက်ပျိုးလုပ်ငန်းလုပ်တယ်။ သူတို့ခြံက နှင်းဆီနဲ့ဂန္ဓမာကို မီအောင် ဘယ်သူမှ မစိုက်နိုင်ဘူး။ သွားရင်းလာရင်းက သခွားခင်းတစ်ခုကိုရောက်တော့ အခင်းစပ်မြေပြင်မှာ အလျားလိုက်သီးနေတဲ့ ခပ်နုနုတစ်လုံးကို တွေ့တော့ မနေနိုင်ဘူး။ ခေါင်းပေါ်ရွက်လာတဲ့ ခရမ်းသီးထုပ်ကို လက်နဲ့ ထိန်းရင်း ဒူးထောက်ထိုင်လိုက်ပြီး သခွားသီးကို ကောက်ကိုင်ချိုးလိုက်မိတယ်။ ပြီးတော့ ဂွပ်ခနဲ ကိုက်စားလိုက်တယ်။ နုနုလေးမို့ ချိုလဲချို မွှမွှအေးအေးအရသာလေး ဖြစ်သည်။

စားပါအုံးလားလို့ သူ့ကိုတောင် လောကွတ်လုပ်လိုက်သေးတယ်။ သူက စား စားတဲ့။
ခဏသွားမိကြတော့ ကိုစံလှက သတိရသွားသလို

'ဟာ မေ့လို့ ငါ့မှာ မြေပဲဆားလှော်ပါတယ်ဟ' ဆိုပြီး ကျွန်မကို မြေပဲဆားလှော် ကျွေးပါတယ်။

'ဟင့်အင်း တော်ပြီ'

'ရော့ပါ။ အသန့်ပါ ပလပ်စတစ်တောင် မဖောက်ရသေးဘူး'

ကျွန်မလက်ထဲ မြေပဲဆားလှော်ထုတ်ကို ဇွတ်ထည့်ပေးတာ။ ကျွန်မက မယူဘူးဆိုပြီး မြေပဲဆားလှော်ထုတ်ကို သူ့လက်ထဲ ပြန်အထည့်။ သူ့လက်တွေက ကျွန်မလက်ကို ထိပုံက တစ်မျိုးပဲလို့တော့ထင်တယ်။ မြေပဲဆားလှော်ထည့်ပေးတာထက် ပိုကြာပြီး ထူးဆန်းနေတော့ ကျွန်မ ကြက်သီးထအောင် ကြောက်သွားတယ်။

ဘယ်လိုကြီးတုန်း။

ကျွန်မ သူ့ကို အံ့ဩတကြီးမော့ကြည့်သည်။

ဘာလုပ်ရမှန်းမသိလိုက်ပေမဲ့ ကျွန်မ လက်ကို တအား ရုန်းဖယ်လိုက်ပါတယ်။ ခေါင်းပေါ်က အထုပ်ကို လက်တစ်ဘက်က ထိန်းထားရသေးတာမို့ ကိုယ့်လက်တစ်ဘက်ကို သူ့လက်ကြီးထဲက နေ လွတ်အောင် ခြေကန်ရုန်းရတယ်။ မရတော့ ကျွန်မ တအားကြောက်တာပေါ့။
'နင်လေးနေမယ်။ နင့်အထုပ်ကို ငါသယ်ခဲ့မယ်ပေး' တဲ့။

ကိုစံလှကြီးအသံက ပြောင်းသွားတယ်။ မကောင်းဘူးဆိုတာတော့ ကျွန်မ သိလိုက်ပါတယ်။ဘယ်ဘက်လက်ကို ရုန်းမရလို့ ခေါင်းပေါ်က ပုဆိုးထုပ်ကို ထိန်းကိုင်ထားတဲ့ ညာဘက်လက်ကို ကိုယ့်ကိုယ်ခန္ဓာကို ကာကွယ်ဖို့ ဖြုတ်လွှတ်လိုက်ရတယ်။ ခေါင်းပေါ်က အထုပ်ပြုတ်ကျသွားတော့ ပြေလျော့သွားတဲ့ ပုဆိုးထုတ်ထဲက ခရမ်းသီးတွေ မြေပြင်ပေါ်မှာ ပြန့်ကျဲလို့။ မရန်းရောင်တွေ မရန်းရောင်တွေ။ ကျွန်မ မရန်းရောင်တွေကို သိပ်မုန်းတာပဲ။
အဲဒီညနေခင်းက ကျွန်မအတွက် ထိတ်လန့်တုန်လှုပ်စရာ။

သူ ကျွန်မကို လက်ထပ်မယ်လို့ပြောတယ်။ သူနဲ့သူ့မိန်းမ မစိုးကြီးနဲ့က သိပ်အဆင်မပြေဘူး ဆိုလားပဲ။ သူပြောတဲ့စကားလေ။ ဒါပေမဲ့ ကျွန်မ သူ့ကို လက်မထပ်ချင်ဘူး။ ကျွန်မ အေးညိုကိုပဲ လက်ထပ်ချင်တာလေ။

ကျွန်မ ခဏခဏ စိတ်ကူးယဉ်တဲ့ ကျွန်မ ချစ်သူက အေးညိုပဲ။

ဒါပေမဲ့ ကျွန်မ သိလိုက်ပါတယ်။ ကျွန်မ အေးညိုနဲ့ ဝေးရပြီ။

ကျွန်မ ဝမ်းနည်းလို့ ငိုမိတယ်။

* * *

(၁၇)

အဝါရောင်အတိလွှမ်းသော အချိန်ကာလတစ်ခုတွင် သူတို့နှစ်ယောက်၏ချစ်ခြင်းအဆုံးသတ်သွား ရလိမ့်မည်ဟု သူတစ်ခါမှ စိတ်ကူးမကြည့်ခဲ့ဖူးပေ။
အခန်းနံရံတွေက အဝါနုရောင်။ မှန်ပြတင်းခန်းဆီးတွေက အဝါရောင်ဇာလွှာပြင်။ မှန်နံရံဖြတ်ပြီး အပြင်ဘက်ကို လှမ်းကြည့်သည့်အခါမှာတောင် အပြင်လောကက အဝါရောင်။ ပင်လုံးကျွတ်တွဲလွဲ ဆွဲပွင့်နေသော ငုရွှေဝါများအရောင်၊ ကြွေလုဆဲဆဲ အဝါရောင်သစ်ရွက်များ၊ အောက်ခြေမြေပြင်မှာ တော့ တစ်ထပ်ပြီးတစ်ထပ် အဝါရောင်ရွက်ကြွေများ။

'ကိုယ် ဝေလွင့်ကို လက်ထပ်ဖို့ မဖြစ်နိုင်ဘူး'

သည်လိုစကားမျိုး ပြောမိသွားလိမ့်မည်ဟု ဘယ်လိုမှ မထင်ရသောအခြေအနေတစ်ခုမှာမှ အဲသည်လို ပြောမိသွားခဲ့၏။ အိပ်ခန်းသုံးခန်းပါသော အဝါရောင်တိုက်ခန်းကို လှည့်ပတ်ကြည့်နေစဉ်ကတော့ နှစ်ယောက်လုံး ရင်ခုန်ကြည်နူးလျက်။

'ကဲ လေးရာ့ရှစ်ဆယ်တန် တိုက်ခန်းတစ်ခုတော့ ရပြီ။ နှစ်ရာကျော်တန်ကားလေးတော့ ကိုဉာဏ် တာဝန်ယူမှ ဖြစ်မယ်နော်'

ဝေလွင်က စသလို နောက်သလို အတည်ပြောတော့ သူသက်ပြင်းချလိုက်သေးသည်။

'ဘာလဲ ဝေလွင်က ကိုယ့်မှာ ကားမရှိရင် ကိုယ့်ကို မယူနိုင်ဘူးလား' ဟု မေးလိုက်သေးသည်။

ထို့နောက်
ဘယ်လိုစပြီး ဝေလွင့်ကို နမ်းမိသွားပါလိမ့်။
ဝေလွင် ဝရံတာမှာ မတ်တတ်ရပ်လိုက်သည့်အချိန်က စခဲ့သည်။
ဝေလွင့်တစ်ကိုယ်လုံးက အဝါရောင်ပိုးထည်တစ်စဖြစ်နေခဲ့သည်။ လေဖြင့် တလွင့်လွင့်လှုပ်ခတ်နေသော အဝါရောင်လေး။

'ဝေလွင် အထဲဝင်။ ဆယ့်တစ်ထပ်နော်။ မူးမိုက်ပြီး ပြုတ်ကျသွားမယ်။ လာပါ'

တခစ်ခစ်ရယ်နေသော ဝေလွင့်ကို နောက်ဘက်ကနေ ပွေ့ဖက်ပြီး ဆွဲယူလိုက်မိသောအခါ ဝေလွင့် ဆီကနေ တစ်လက်မ မျှတောင် မဝေးကွာလိုတော့ပေ။ အင်္ကျီတစ်လွှာစာလေးတောင် မဝေးချင်တော့မှန်း ကိုယ့်ကိုယ်ကို အထိတ်တလန့်သိသွား သည်။ မပန်စဖူး ပန်ထားသည့် ရိုးတံရှည်ရှည် နှင်းဆီဝါလေး ဆံပင်ထက်မှ လျှောကျသွားသည်။

သည်ကနေ့မှပဲ ဝေလွင်သည် ခါတိုင်းလို ဂျင်းသားချည်ထည် ကြမ်းကြမ်းစကတ်တွေ ဘောင်းဘီတွေ မဝတ်လာဘဲ ပိုးသားလို နူးညံ့ပျော့အိသည့် ပါးလှပ်လှပ်ဝတ်စုံပွပွလေးကို ဝတ်ထားခဲ့ပါလား။

'ဝေလွင်'
အဝါရောင်ကို ဖယ်လိုက်တော့ အဖြူရောင်။

ဝေလွင့်ပုခုံးသားလေးတွေက တင်းမွတ်ဖြူဝင်းကာ နူးညံ့နွေးထွေးနေသည်။ လည်ကုပ်ကလေးကလည်း နွေးနွေး။ ဆွဲကြိုးမျှင်မျှင် လေးတစ်ခုသာ သူ့နှုတ်ခမ်းမှာ အေးစက်စက်လေးတွေ့ရသည်။ သူ့လည်ပင်းကို ခိုတွယ်နေသော ဝေလွင့်လက်ကလေး တွေကို

သူဆွဲဖယ်ဖို့ကိုင်လိုက်သော်လည်း ဆွဲမဖယ်နိုင်ဘဲ သူ့ပါးမှာ ကပ်ထားလိုက်မိသည်။ သူ့ မျက်နှာကို ပါးလွှာသည့် အဝါရောင်လေးတစ်ခုလာထိသည်။ ကြမ်းခင်းပါကေးအဝါရောင်ဆီသို့ သူ့ကိုယ်ခန္ဓာ တဖြည်းဖြည်း တိုးကပ်သွားသည်။

အဝါရောင်ပေါ်မှာ နောက်ထပ်အဝါရောင်

နောက်ထပ် အဝါရောင်။

'ဝေလွင်'

တုန်ခိုက်သည့်ဝေလွင့်ရယ်သံ တိုးတိုးလေးအောက်မှာ သူ့တစ်ကိုယ်လုံး နွေးပူလာသည်။ ဝေလွင့်နှလုံးခုန်သံကို အကျယ်ကြီး သူကြားရသည်။
'ကိုဉာဏ့်ကို ချစ်တယ်။ ဆံခြည်မျှင် သွေးကြောလေးတွေထဲက သွေးပေါက်လေးတွေကနေ ချစ်တာ'

ဝေလွင်က တိုးတိုးလေး သူ့နားနားမှာ ကပ်ပြီး တစ်လုံးချင်း ပြောသည်။ ထိုစကားသံလေး၏ရက်ရောသော ပေးဆပ်မှုကို သူနားလည်သည်။ ဟုတ်တယ်။ ကိုယ်လဲ အတူတူပဲ။ ကိုယ့်သွေးကြောမျှင်တွေက ကိုယ့်သွေးကြောမျှင်တွေ မဟုတ်တော့ဘူး။ မွတ်သိပ်တမ်းတရခြင်း၏ အရသာကို သူ ပထမဦးဆုံး အကြိမ်ခံစားလိုက်ရခြင်း ဖြစ်သည်။

မဖြစ်ဘူး။ ဘယ်လိုမှ မဖြစ်သင့်ပါဘူး။

ပြည့်စုံလှပြီဟု ထင်လေ ပိုလိုအပ်မှန်းသိလေ။ ပိုမွတ်သိပ်လေ။
ထိုအချိန်မှာပင် မိခင်၏နွမ်းဖျော့သော စကားသံကို နားထဲမှာ ကြားလိုက်ရသည်။

'သားရဲ့ကိုယ်ဝန်ရလာတော့ ရွာနဲ့ဝေးရာကို ပြေးထွက်လာခဲ့ရတာပေါ့'

သူက လက်ထပ်မယူဘဲ အမေ့ဆီမှာ သန္ဓေတည်လာတဲ့ သားကလေး။

မဖြစ်သင့်ပါဘူး။
'ဝေလွင် ကိုယ်ဝေလွင့်ကို လက်ထပ်ဖို့မဖြစ်နိုင်ဘူး'

သည်လို အချိန်မျိုးမှာ ပြောဖြစ်လိမ့်မည်ဟု သူကိုယ်တိုင် မျှော်လင့်မထားသော စကားဖြစ်သည်။

သည်စကားကိုမှ မပြောဖြစ်လျှင် နောက်ကြောင်းပြန်လှည့်ဖို့မဖြစ်နိုင်တော့သော နယ်ပယ်သစ်တစ်ခုသို့သူရောက်သွားတော့ မှာမို့ဖြစ်သည်။

အဝါရောင်သည် သူ့အတွက် ကံမကောင်းဘူးဟု မေမေ ခဏခဏပြောတာ အခုတော့ သူယုံလိုက်ရပြီ။ ထိုစကား တစ်ခွန်း ၏နောက်မှာတော့ အရာရာသည် ပူပြင်းလောင်မြိုက်စွာ တစ်ချိန်တည်းမှာပင် အေးစက်တင်းမာစွာ ပြီးဆုံးသွားတော့သည်။
ဝေလွင် ငိုလိမ့်မည်ဟု စက္ကန့်ပေါင်းများစွာ သူတွေးပြီးစိတ်လေးနေခဲ့ပေမယ့် ဝေလွင်မငို။ မျက်ရည်ရွှန်းစိုသော မျက်ဝန်းများက နာကျည်းမှုဖြင့် မာကျောနေသည်ကို မြင်ရတော့ အငိုမျက်ဝန်းတို့ထက်ပင် ပိုနာကျင်စရာကောင်းလှသည်ဟု သူသိသွား၏။

'လက်ထပ်ဖို့ကိစ္စ ယူအင်တင်တင်ဖြစ်နေတာ တို့သိပါတယ်။ တစ်ချိန်ချိန်မှာ လက်မထပ်တော့ဘူးလို့များ ယူပြောလာမလား လို့ခဏခဏ တွေးတွေးကြောက်ကြောက်ခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီစကားကို ဟောဒီအခန်းထဲမှာ ကြားရလိမ့်မယ်လို့တော့ တစ်ခါမှ မတွေးခဲ့မိဘူး။ အထူးသဖြင့် အခုလိုအခြေအနေမျိုးမှာ'

ဝေလွင့်စကားသံက တုန်ခါပြီး ပြတ်တောက်သွားသည်။

'ဝေလွင်'
သူ့ရင်ထဲမှာ စူးစူးရှရှ နာကျင်လာ၏။

'မိန်းကလေးတစ်ယောက်က ဘဝတစ်ခုလုံးပုံအပ်ဖို့ အဆင့်သင့်ဖြစ်သွားတဲ့ အခုလို အချိန်ကာလမျိုးမှာမှ အဲဒီစကားကို ပြောထွက်ခဲ့တာ ဘယ်လောက်များပြောင်မြောက်လိုက်တဲ့ အစီအစဉ်လဲ'

သူတုန်လှုပ်စွာ ဝေလွင့်ကို ငေးကြည့်နေမိသည်။

နာကျည်းမှုဖြင့် နီမြန်းသော ပါးပြင်လေးများကို လက်ဖျားဖြင့်ထိပြီး ချော့မော့ ရှင်းပြလိုက်ချင်သည်။

'တို့ဝေလွင့်ကို ချစ်တယ်။ ဒါပေမဲ့ အရာရာကို ကျော်လွန်ပြီး အချစ်နောက်ကို တို့ မလိုက်နိုင်သေးဘူး'

'အို'
ဝေလွင် ဆတ်ဆတ်ခါအောင် နာကျင်သွားပုံရသည်။

သူ့မျက်နှာကို စိမ်းစိမ်းကြည့်လျက် သူ့မျက်နှာကို လက်ဖြင့်လွှဲရိုက်ချလိုက်လေသည်။ သူ မရှောင်ပါ။ သည့်ထက်မက နာကျင်စေဖို့ကောင်းပါသည်။

'ချစ်သူက လက်မထပ်နိုင်ဘူးလို့ ငြင်းပယ်ခံလိုက်ရတဲ့ မိန်းမတစ်ယောက်မှာ အကြောင်းပြချက် ဆိုတာ ဒဏ်ရာပေါ်ထပ်ဆင့်ကျလာတဲ့ ဓါးချက်အသစ်ပဲ။ ဘယ်တော့မှ ဘာဆင်ခြေမှ မပေးနဲ့'

ထို့နောက် ဝေလွင် လှည့်ထွက်သွားသည်။ နှင်းဆီပွင့်ဝါလေးကို တက်နင်းမိသွားသည်။

နှင်းဆီဝါလေးကို နမြောတသစွာ ကောက်ပြီးနောက် ဝေလွင့်နောက်မှာ သူ ကျန်ရစ်ခဲ့သည်။

ကိုယ်ဟာ ပျားပိတုန်းမဟုတ်ဘူး။ လိပ်ပြာမဟုတ်ဘူး။ မင်းပန်းပွင့်လေးပေါ်မှာ ခဏတာ နားခိုမိသွားတဲ့ ရွက်ကြွေတစ်ခုပဲ။ ဒါကြောင့် ကိုယ့်အချစ်ဟာ အမှားတစ်ခု၊ ဝန်ထုပ်တစ်ခုသာ ဖြစ်ပါတယ်။

* * *

(၁၈)

နီတိနှင့် ကြီးပြင်ခဲ့ရသူ တစ်ယောက်မို့ နေတာထိုင်တာ ပြုမူတာအားလုံး နီတိကျင့်ဝတ်စံတွေနှင့် ချည်း တိုင်းတာမိသဖြင့် သူ့ဘဝသည် ဘောင်ကျဉ်းကြပ်ခဲ့ပါသည်။
သူ့ဘဝ၏ပထမဆုံး မှတ်မိနေသော စာအုပ်ကိုက ဆယ်စောင်တွဲ မဟုတ်လား။
သူ မှတ်မိနေသည်။

'သား ရော့၊ သားဖတ်ဖို့ သားငယ်ငယ်ကလေးကတည်းက မေမေ ဝယ်သိမ်းထားတဲ့ စာအုပ်'

မေမေက သူ့အား ထိုစာအုပ်ကြီး ထုပ်ပေးသည့်အချိန်မှာ သူ ဒုတိယတန်းအောင်ပြီး တတိယတန်း တက်သည့်အချိန်။ မေ့မေ့သေတ္တာထဲမှ ထုတ်လာသော စာအုပ်ကို သူကြည့်ပြီးနောက် လန့်သွား သည်။

'ဘာသာ စာရိတ္တ ကောင်းမွန်မှုနှင့် လိမ္မာယဉ်ကျေးမှုအခြေခံ ဖြစ်သည်' ဟူသော ပုံနှိပ်စာလုံးများသည် သူ့ကို ခြောက်လှန့်နေကြသည်။ သူလိမ္မာချင်ပါသည်။ ပင်ပန်းသော မေမေ့ကို သူ့ကြောင့် စိတ်ချမ်းသာစေချင်သဖြင့် သူလိမ္မာမှ ဖြစ်မည်ဟု သူသိပါသည်။

သူ ထိုစာအုပ်ကို ကိုင်ကြည့်လိုက်သည်။

မာရ်နတ်ကို အောင်တော်မူခန်း နာဠာဂီရိဆင်ကို အောင်မြင်တော်မူခန်း။ ရောင်စုံပန်းချီတွေနှင့် မို့ သူစိတ်ဝင်စားသွားသည်။ အတွင်းသို့ ခပ်ရှုပ်ရှုပ် လှန်လှောကြည့်သည်။
အဲသည်မှာ သူမနိုင်ဝန်ကြီး တစ်ခုကို သွားတွေ့သည်။
မိမိ နားမလည်သော နှစ်လုံးဆင့် စာလုံးတွေ။ သူကြိုးစားဖတ်ကြည့်တော့လည်း သူမသိသည့် နှစ်လုံးဆင့်စာလုံးတွေမပါသည့်နေရာမရှိ။

'ဖတ်မယ် မဟုတ်လား သား'

'အင်း'
သူ ထိုစာအုပ်ကို အိပ်ရာဘေးမှာ ချထားသော်လည်း လုံးဝ ကောက်ကိုင်မဖတ်တော့တာ စတုတ္ထတန်းအထိ။ တကယ်တော့ သူ့ကို စာဖတ်ဝါသနာအစပျိုးပေးလိုက်သည်က တစ်ပတ်တစ်ခါ ထွက်သော ရွှေသွေးရုပ်စုံစာအုပ်ဖြစ်၏။ ရွှေသွေးရုပ်စုံက တစ်အုပ်လုံး အရောင်စုံ။ တစ်ကြောင်းဆွဲ ပန်းချီတွေက ချစ်စရာ ကောင်းသည်။ လူအိုကြီးတွေကလည်း ချစ်စရာ၊ ပန်းပင်တွေကလည်း ချစ်စရာ၊ ရိုးသားသူတွေကလည်း ချစ်စရာ၊ ပန်းပင်တွေ သစ်ပင်တွေကလည်း ချစ်စရာ၊ တိမ်တွေ တောင်တွေကလည်း ချစ်စရာကောင်းသည်။

ပထမဆုံး စဖတ်မိသည့် ရွှေသွေးကစပြီး သူ စာဖတ်ဖို့ အလွန်စိတ်ပါသွားတော့သည်။ တစ်ပတ်တစ်ခါ ရွှေသွေးထွက်သည့်သောကြာနေ့တိုင်း သူ ဖတ်ရမှ။ မဖတ်ရလျှင် ထမင်းစား ရတာလည်း တစ်ခုခု လိုနေသလို၊ ညဝတ်ရွတ်ရတာလည်း စိတ်မပါသလိုလို အိပ်ပျော်စဉ်မှာတောင် အိပ်မက်ထဲမှာ ရွှေသွေးစာအုပ်ကို မက်နေတတ်သည်အထိ ဖြစ်သည်။ ရွှေသွေးဖတ်ရာကနေ တစ်ဆင့်နှစ်ဆင့်လောက်တက်ပြီး ပုံမပါသည့် စာတွေကို ဖတ်နိုင်ပြီးတော့မှ ဆယ်စောင်တွဲကို ခပ်လန့်

လန့်နှင့် ကောက်ကိုင်ဖြစ်သည်။ သို့သော် ရက်ပိုင်းအတွင်းမှာပင် ဆယ်စောင်တွဲ စာအုပ်ထဲက စာတွေကို နားလည်နိုင်ဖို့ ဖတ်ရတာလွယ်ကူစေဖို့ လျှို့ဝှက်ချက်ကို သိသွားသည်။

သိသိချင်း သူ မေမေ့ဆီ ပြေးသွားသည်။ မေမေ့ကို မှတ်စုထုတ်ရန် စာအုပ်တစ်အုပ် ဝယ်ခိုင်းခြင်း ဖြစ်သည်။ သူ လိုချင်တာက ရိုးရိုးဗလာစာအုပ် မဟုတ်ကြောင်း အနောင့်မှာ အဝတ်ဖြင့် ဖုံးထားသော ကတ်ထူဖုံးချုပ်စာအုပ် အချောဖြစ်ကြောင်း သေသေချာချာ ရှင်းပြသည်။

'နင့် ဟာက ဘာလုပ်ဖို့ ဒီလောက်တောင် အဖိုးတန်တဲ့ စာအုပ်မျိုးကို လိုချင်တာလဲ'

'ကျွန်တော် ဆယ်စောင်တွဲစာအုပ်ထဲက လောကနီတိကို ဖတ်မလို့ မေမေ'

ဟု ကြီးကြီးကျယ်ကျယ် ဖြေလိုက်သည်။

မေမေက သူ့ကို အလိုလိုက်ပါသည်။ တစ်ရက်နှစ်ရက်ပဲ ကြာသည်။ အပြာနုရောင် ကတ်ထူဖုံးစာအုပ်လေးတစ်အုပ်ပေးသည်။ သူထိုစာအုပ်လေးကို အလွန်သဘောကျ၏။ စာအုပ်ကို ရရချင်း လောကနီတိကို သူကူးလေသည်။
လောကနီတိတွင် တစ်နေရာမှာ ပါဠိလို ဖော်ပြထားပြီး နောက်တစ်နေရာတွင် အနက်ပြန်ဆိုပေးထားသည် မှန်၏။ သို့သော် ထိုအနက်တွင် ပါဠိစကားလုံးတွေ ထပ်ပါနေသေးသည်။

သုတသမ္ပန္နော၊ သုတနှင့် ပြည့်စုံသော ၊ ပဏ္ဍိတော၊ ပညာရှိသည်၊ ယတ္တ အကြောင်းအရပ်၌ အတ္ထီတိ ရှိ၏ ဟူ၍ စေသုတော၊ အကယ်၍ကြားငြားအံ့၊ တံဌာနံ၊ ထိုအရပ်သို့၊ သုတေသိနာ၊ သုတကို ရှာသော အမျိုးကောင်းသားသည်၊ မဟုဿာဟေန၊ သည်းစွာအားထုတ်သဖြင့်၊ ဂန္တဗ်ံ၊ သွားရာသာလျှင်ကတည်း ဟူသော စာပိုဒ်တွင် သူသည် သူ့မျက်စိတွင် ခက်ခဲရှုပ်ထွေးနေသော ပါဠိစာလုံးများကို ချန်လှပ်ပြီး မြန်မာစာတွေကိုချည်း သေသေသပ်သပ် ကြိုးစားလျက် ရွေးကူးသွားသည်။ ထိုအခါ သူမှတ်စု၌ သူကူးပြီးသော စာသည် အခုလို ရှင်းလင်းသွားသည်။

'သုတနှင့် ပြည့်စုံသော ပညာရှိသည် အကြောင်းအရပ်၌ရှိ၏ ဟူ၍ အကယ်၍ ကြားငြားအံ့။ ထိုအရပ်ကို သုတကို ရှာသော အမျိုးကောင်းသားသည် သည်းစွာ အားထုတ်သဖြင့် သွားရာသာ လျှင် ကတည်း'

ထိုစာပိုဒ်တို့ကို သူ စိတ်ဝင်စားနိုင်လာ၏။ ဖတ်ကြည့်သောအခါ မှတ်စရာတွေ များလှသည်ဟု သူသိလာ၏။ ထို့နောက် ဆယ်စောင်တွဲစာအုပ်သည် လောကနီတိကြောင့်ပင် သူ့အတွက် အဘိဓာန်သဖွယ် အားကိုးအားထားပြုရာ စာအုပ်ဖြစ်လာသည်။ ချစ်သားတို့အတတ်ပညာသင်ကုန်လော့။ အဘယ်ကြောင့် ပျင်းဘိသနည်း။ ချစ်သားတို့ နေ့တိုင်း နေ့တိုင်း အတတ်ပညာ သင်ကုန်လော့။ အတတ်ပညာမရှိသောသူသည် သူ၏ဝန်ထမ်း ဖြစ်တတ်၏။ အတတ်ပညာ ရှိသောသူကို လောက၌ သူတစ်ပါးတို့ ပူဇော်အပ်၏။

သူ ပျင်းချင်ချင် ဖြစ်လာလျှင် ထိုစာပိုဒ်ကို ဖတ်ပြီး သူ့ကိုယ်သူ အားပေးရ၏။
ငါ့အမေက အတတ်ပညာ မရှိလို့သီလရှင် ကျောင်းမှာ သန့်ရှင်းရေးရော အသီးအရွက် ခူးရောင်းတာရော မနားမနေ အလုပ်လုပ်ရတယ်။ ငါကပါ ပျင်းနေရင် မေမေရော ငါရော သူများ မျက်နှာကြည့်နေရတဲ့ ဘဝကနေ ဘယ်လွတ်တော့မလဲ။ ငါစာကြိုးစားမှ ငါစာတော်မှ ဖြစ်မယ်။

မင်းဉာဏ်သည် ကျောင်းတက်သည့်အရွယ်တွင် သူငယ်ချင်းဟူ၍ သိပ်မရှိခဲ့ပေ။ သူများ မုန့် ဝယ်စားနိုင်ချိန်တွင် သူက မုန့် ဝယ်မစားနိုင်။ မေမေ ပေးလိုက်သော အသီးလေးတွေကိုသာ စားရသည်။ ထို့ကြောင့် သူမုန့်ဆိုင်တွေ ဘာတွေ မသွားပေ။ အတန်းထဲမှာ စာညံ့သော ကောင်လေးတစ်ယောက် ရှိ၏။ သူက စာညံ့သော်လည်း ပေးကမ်းပြီးပေါင်းသင်းတတ်သောကြောင့် မုန့်စားကျောင်းဆင်းချိန်ဆိုလျှင် သူ့ဘေးမှာ သူငယ်ချင်းတွေ ဝိုင်းနေတတ်သည်။

ကစားကွင်းထဲမှာ ကစားရင်း သူငယ်ချင်းတွေ တိုးဖို့မဖြစ်နိုင်။ သူက စာကျက်မှတ်ရာတွင် အရည်အချင်း ပြည့်သလောက်

ကစားရာတွင် ညံ့ဖျင်း၏။ သားရေကွင်းပစ်ခြင်း ဖန်ဒိုးထုခြင်းတို့၌ သူညံ့ဖျင်းပါသည်။ ထို့ကြောင့် ထိုကစားနည်းတို့ကို သူရှောင်သည်။ ထို့ကြောင့် သူ့မှာ သူငယ်ချင်း ရှားရှားလာသည်။

အထူးသဖြင့် သူဝမ်းနည်းရသည်က သူအလွန်နှစ်သက်သော ဘောလုံးကစားပွဲတွင် သူမျက်နှာငယ်ရခြင်းကို ဖြစ်သည်။ သူက ကစားရာတွင် ပါရမီမပါသူမို့ ဘောလုံးကစားသည့်နေရာတွင် မထူးချွန်ပါ။ သူများလို ဘောလုံးကို ခြေဖြင့် ထိတို့လှည့်ပတ် ဆွဲယူ မပြေးနိုင်ပါ။ သူကအရပ်ရှည်သဖြင့် အပြေးမြန်တာတစ်ခုပဲ ရှိသည်။ မထိန်းတတ်လျှင် အရာမထင်။ ထို့ကြောင့် ကစားဖို့ အသင်းနှစ်သင်းအဖြစ် လူရွေးသည့်အခါ သူက သူများလိုချင်သည့်တန်ဖိုးရှိသူ ဖြစ်မလာ။ လူမပြည့်လို့ ယူရသည့် အပိုအဖြည့်လူသာ ဖြစ်သည်။

သူလူရာဝင်ချင်သည်။ သူ ဘယ်လိုလုပ်ရပါ့မလဲ။

သူ့မှာ မခံချင်စိတ်တော့ ရှိသည်။ ဘောလုံးကို လှည့်ပတ်ယူငင် မပြေးတတ်သော်လည်း တည့်တည့်မတ်မတ် ဂိုးသွင်းကန်နိုင်သူတော့ ဖြစ်နိုင်ချေရှိသည်။ လေ့ကျင့်ခြင်းဖြင့် ရနိုင်သည်။

မင်းဉာဏ် မေမေ့ကို ပူဆာရပြန်သည်။

'မေမေ ကျွန်တော့်ကို ဘော်လုံးတစ်လုံး ဝယ်ပေးပါ'

မေမေ ဘောလုံးဝယ်ဖို့ ပိုက်ဆံ ဘယ်လိုခက်ခက်ခဲခဲ ရှာလိုက်ရသလဲ သူမသိပေ။ ဘောလုံးဝယ်ပေးသည့်နေ့က သူသိပ်ပျော်သွားခဲ့သည်။ ဘောလုံးကို သူ မနားမနေ အကန်ကျင့်၏။
နောက်ဆုံးတော့ သူသည် ဘောလုံးကို မလွဲမချော် လိုရာရောက်အောင် ခပ်ပြင်းပြင်း ကန်နိုင်သည်အထိ တိုးတက်လာခဲ့သည်။ ထိုအခါ ဘောလုံးကစားရာတွင် သူ့ကို အသင်းတွင် ပါဝင်စေဖို့ ရွေးချယ်ခံလာရသည်။ မျက်နှာရလာသည်။ဘယ်အရာမဆို လေ့ကျင့်ရင်တော့ ရတာချည်းပါပဲ ဟု သူ ကောက်ချက်ချတတ်လာသည်။ ထိုကဲ့သို့ကောက်ချက်ချတတ်ဖို့ သူ့ကို တွန်းအားပေးလိုက်သောအရာမှာ ဘောလုံးနှင့်အတူ စာအုပ်တွေလည်း ပါ၏။ အဓိက စာအုပ်ကတော့ ကျောင်းအုပ်ဆရာကြီး ဦးချမ်းအေး အိမ်မှ သူငှားဖတ်သော ခပ်ပါးပါး စာအုပ်ကလေး ဖြစ်သည်။

ဓမ္မိက ဦးဘသန်း ဘာသာပြန်သည့် ယောနသံစင်ရော်။

မင်းဉာဏ်သည် သူ့ကိုယ်သူ သူများနှင့်မတူဘူးဟု သတိထားမိနေခဲ့သည်။ သူများဆော့ကစားချိန်တွင် စာအုပ်တွေပဲ ထိုင်ဖတ်နေသော ကလေး။ သူများ မုန့်ဝယ်စားချိန်တွင် မစားဘဲ နေသော ကလေး။ သူများ အပင်တွေပေါ်ခိုးတက်ပြီး အသီးခိုးလျှင် မပါဘဲ ဘေးထွက်နေသောကလေး။ ပထမတော့ သူများနှင့် မတူဘဲ သီးသန့်ဖြစ်နေတာကို သူအားငယ်သည်။ သို့သော် ယောနသံစင်ရော်ကို ဖတ်ပြီးသည့်အခါ၌ သူများနှင့်မတူရခြင်းကို အားငယ်စရာဟု မမြင်တော့ပေ။ သူများနှင့် မတူပေမဲ့ သီးသန့်အရည်အချင်းတစ်မျိုးစီ ရှိတတ်သည်။ ထိုအရည်အချင်းကို အသုံးချပြီး လောက၏ ကောင်းကျိုးဆောင်ရွက်လျှင် ဘာကြောင့် မဖြစ်နိုင်ရမလဲ။

နီတိနှင့် ကြီးပြင်းရသောသူသည် ကျင့်ဝတ်နှင့် အသက်ရှင်ပြီး အများကို ကောင်းကျိုးပြုသူ ဖြစ်ချင်၏။ အများကို ကူညီဖို့ဆိုလျှင်အများကိုကောင်းကျိုးပြုသူ ဖြစ်ချင်၏။ အများကိုကူညီဖို့ဆိုလျှင်မိမိကိုယ်တိုင်ကပြည့်စုံမှဖြစ်မည်ဟုလည်း သိပါသည်။ သူသည် မိခင်၏ချစ်ခြင်းမေတ္တာအပေါ် လုံးဝသံသယမရှိ အားကိုး ယုံကြည်ပါ၏။ သို့သော် ဘဝ၏ပြည့်စုံမှု လုံခြုံမှုအတွက် ချစ်ခြင်းမေတ္တာတစ်ခုတည်းကို အားကိုးလို့တော့ မရဘူးဟု သူထင်သည်။ ပညာနှင့်သတိလည်း လိုသည်။ မေမေသည် သူ့အပေါ် ချစ်ခြင်းအပြည့် ဖြစ်သော်လည်း ပညာနှင့်သတိတော့ မရှိပေ။ ထို့ကြောင့် ထိုလိုအပ်ချက်များကို သူက စာအုပ်တွေထဲမှ ရှာဖွေသည်။ အသက်ကြီးလာသောအခါ မိခင်ကို သူက ပြန်လည် စောင့်ရှောင့်နိုင်သည်အထိ ပညာနှင့် ပြည့်စုံမှ ဖြစ်မည်။ ဒါက သူ၏ဘဝရည်မှန်းချက် ဖြစ်သည်။

ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနှင့် အောင်မြင်တော့ မိခင်သည် ရှုံးရှုံးတန်းတန်း ပျော်ရွှင်ကာဂုဏ်ယူဝင့်ကြွားရုံသာမက သူ့အိပ်မက်ကို လူပုံအလယ်တွင် ပြန်ဖော်လိုက်သေး၏။

'ကျွန်မ သိပြီးသား လေယာဉ်ပျံကြီးကို အိပ်မက်မက်ကတည်းက ကျွန်မသားက နယ်နယ်ရရ မဟုတ်ဘူးလို့'

မေမေ ဝမ်းသာကျေနပ်နေသည်ကို ကြည့်ပြီး သူပျော်ပါသည်။ သို့သော် ထိုအချိန်ကစပြီး မိခင်နှင့် သူ၏ကွဲပြားဆန့်ကျင်သည့် ပဋိပက္ခကို သူသတိထားမိလာခဲ့သည်။
မေမေသည် သူ အထင်ကြီးလေးစားချင်သည့် မိခင်မျိုး မဟုတ်ခဲ့။ ဘယ်တော့မှလည်း ဖြစ်လာမှာ မဟုတ်။ မေမေသည် ပညာဉာဏ်နည်းသူသာ ဖြစ်နေခဲ့သည်။ ဘယ်စကားကို ပြောလျှင် တည်ကြည်သည်။ ဘယ်စကားကို ပြောလျှင် လူလေးစားမည်ဟု မေမေမသိ။ မေမေမသိတာကို သူက ရှင်းပြဖို့ကြိုးစားသည့်အခါ မေမေကနားထောင်ပါသည်။ သို့သော် နားမလည်။ နားလည် ချင်ယောင် ဆောင်နေတာသာ ဖြစ်သည်။

သူ့ကို မေမေက အနီးအနားမှာပဲ တက္ကသိုလ်တက်စေချင်သည်။ သူက ဆရာဝန်အနေနှင့် လူထုကျန်းမာရေးဆိုင်ရာ ပညာရှင် ဖြစ်ချင်သည်။ ပြဿနာက သူ့ကို ဆရာဝန်ဖြစ်အောင် ပညာသင်ပေးဖို့ မေမေ မတတ်နိုင်မှုန်း သူသိထားသည်။ ထို့ကြောင့် တက္ကသိုလ် မတက်ရမီအချိန်ကတည်းက သူ ရန်ကုန်သို့သွားပြီး အလုပ်လုပ်မည်ဟု မေမေ့ကို ခွင့်တောင်းသည်။ မေမေက သူ့ကို ခွင့်မပေး။ မကြားကောင်းသော စကားကို ကြားလိုက်ရသလိုပင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'အလုပ်သွားလုပ်မယ် ဟုတ်လား။ မဖြစ်နိုင်တာ။ သားအသက်က ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ။ မေမေ စိတ်မချပါဘူး။ ဆေးတက္ကသိုလ်သို့တက်မည့် ကျောင်းစာရိတ်ကို သူရှာရမည်။ သို့သော် မေမေကတော့ သူပဲ အလုပ်တိုးလုပ်ရမည်ဟု ဆိုသည်။
'တလွတ်မျက်ခေါင်မှာ မေမေသားကို ဘယ်လိုမှ စိတ်မချနိုင်ဘူး။ ကိုယ့်အဝတ်တောင် ကိုယ်စင်အောင် မလျှော်တတ်သေးတဲ့ ကလေး။ မေမေ့ရင်အုပ်မကွာထားရဦးမယ့် ကလေးပါဟာယ်'

သူ မေမေ့ကို နားလည်အောင် ရှင်းပြဖို့လောကနီတိရော လောကသာရပျို့ရော မကျန်အောင် ထုတ်သုံးရသည်။
'လောက၌ ရွာ၏အကျိုးငှာ အမျိုးကို စွန့်ရာ၏။ ဇနပုဒ်။ အကျိုးငှာ ရွာကို စွန့်ရာ၏။ မိမိ၏အကျိုးငှာ မြေအလုံးကို စွန့်ရာ၏ တဲ့မေမေ။ မြေကိုတောင် စွန့်ရသေးတာ။ ကျွန်တော်သွားရမဲ့လမ်းက ဒီမှာ မရှိဘူး'

မေမေက အထူးအဆန်းစကားတို့ကို သားထံမှ ကြားရသဖြင့် တုန်လှုပ်နေတော့သည်။

'မင်းက ဘယ်အချိန်ကတည်းက အမေကို ခွဲထားခဲ့ဖို့ကြံစည်နေတာလဲ'
မိခင်က သူ့ကိုရန်တွေ့စွပ်စွဲတော့သည်။
သူ့ကို တားမြစ်ဖို့တခြားနည်းမနိုင်လျှင် မိခင်သုံးစွဲမြဲဖြစ်သောနည်းမှာ သူ့ကို ဘယ်လောက်တောင် ဒုက္ခခံကျွေးမွေးပြုစု လာရသည်ကို ထပ်ခါ ထပ်ခါ ပြန်ပြောပြခြင်း ပင်။

'ငါ ကိုးလလွယ် ဆယ်လမွေးရတဲ့ ငါ့ရင်နှစ်သည်းချာကို ဉာဏ်ပညာနဲ့ပြည့်စုံအောင် ငါအနစ်နာခံပြီး ပန်းပျိုးသလို ပျိုးထောင်ခဲ့တာ အခုလို ငါ့ရင်ကို ခြေစုံကန်ပြီး ထွက်သွားဖို့ဖြစ်နေ ပါရောလား'

'ဟောဗျာ မေမေ၊ ဘယ်သူက မေမေ့ကို ခြေစုံကန်နေလို့လဲ'
သူက ပညာသင်ကြားခြင်း၏ သဘောကို မေမေနားလည်အောင် ရှင်းပြရသည်။ သူလိုချင်သော ပညာရပ်သည် ပြည်မြို့မှာ မရှိ။ ရန်ကုန်မှာပဲ ရှိသည်။ နောက်ပြီး ထိုပညာက ဈေးကြီးသည်။ အချိန်ကာလ ကြာရှည်အောင် သင်ရမည်။ မေမေ့ကို ခဏတော့ ခွဲရမည်။ သို့သော် မကြာခဏ ပြန်လာမည်။

မေမေက အင်တင်တင် ဖြစ်နေဆဲ။
'သားကို မေမေက မခွဲနိုင်ဘူးလေ။ မေမေလိုက်လာနေလို့ရတဲ့နေရာလဲ မဟုတ်ဘူး'
'မေမေ အဲဒီလောက်ကြီး သားအပေါ်မှာ မတွယ်တာနဲ့လေ လောကမှာက ဘယ်အရာမှ မတည်မြဲဘူး။ ဘယ်အရာကိုမှ ကိုယ်မပိုင်ဆိုင်ဘူး'
သူ တတ်သရွေ့ဖျောင်းဖျသည့်အခါ လေးတန်းအထိသာ စာသင်ရသော မေမေက အဓိပ္ပာယ်ကို မြင်လေသည်။

'အံမယ် ဘာလဲ မင်းဉာဏ် နင့်ကို ငါမပိုင်ဘူးလို့ ပြောချင်တာလား။ ငါပိုင်တယ်။ အခု မသွားနဲ့ ဆို နင်မသွားရဘူး' သူခေါင်းတစ်ချက် ကုတ်လျက် ဘွားသီလကိုပဲ ပြေးခေါ်ရမလား အကြံထုတ်သည်။ သို့သော် ဒီအချိန်က ဘွားသီလတို့ စာဝါချသည့် သင်တန်းအချိန်။ သူ ဟိုကြည့်သည်ကြည့်ဖြင့် သူ စာအုပ်စင်မှာ ရှိသော စာအုပ်တို့ကို မြင်သည်။ စာအုပ်တွေထဲမှာ သူဖတ်ဖူးသော စာတို့ဖြင့် မေမေ့ကို နားဝင်အောင် ပြောနိုင်မလားဟု အားကိုးမိသည်။

'မေမေ ပညာရှိတွေရေးတဲ့ စာတွေကို ကျွန်တော်တို့အလေးထားရမှာ မဟုတ်လား မေမေ'
မေမေက ဒီကောင် ဘာတွေ ဉာဏ်များဦးမလဲဟု သတိထားသည့် အကြည့်ဖြင့် ခပ်စွေစွေ ကြည့်နေ၏။

'ပညာရှိတွေက ရေးတဲ့စာတွေ အများကြီးပဲ ကျွန်တော်မေမေ့ကို ဖတ်ပြမယ်'

ခါလိဂျီဘရန်၏ ပရောဖက်ကို ဓမ္မိက ဦးဘသန်း ဘာသာပြန်သော 'နှုတ်ကောင်းခွန်းမြိန် သုခမိန်' ကို ကိုးကားပြသည်။ ခါလိဂျီဘရန်၏ဒဿနစာတို့ကို သူအလွန်နှစ်သက်သည်။ အတွေးအခေါ်အယူအဆတို့ဖြင့် ပြည့်စုံသော သူအဖြစ်ကို သူလိုချင်သည်။

'မေမေ နားထောင် ဒီမှာ သားဖတ်ပြမယ်နော်။ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ကျော်က ပြောခဲ့တဲ့ ပညာရှိသုခမိန်ရဲ့စကား' လူက ဆယ့်ခြောက်နှစ်မို့အတွေ့အကြုံက အမေကို မမီနိုင်သည့်အခါ အမေ မသိနိုင်သည့် ကြီးကျယ်သော စာကို ရွတ်ပြ၏။ 'တစ်ခါတုန်းက သူ့ဇာတိရပ်မြေကို ပြန်ဖို့အော်ဖာစ်ဆိပ်ကမ်းမှာ ဆယ့်နှစ်နှစ်တိတိ သင်္ဘောစောင့်နေတဲ့ ပညာရှိ သုခမိန်တစ်ယောက်ဟာ သင်္ဘောရောက်လာလို့ပြန်ရတော့မယ်ဆိုတော့ သူ့အတွေးအခေါ်တွေ သူ့အသိပညာတွေကို မျှဝေခဲ့ဖို့ လူတွေက တောင်းဆိုသတဲ့။ ဒါကြောင့် လူတွေက မေးတဲ့ မေးခွန်းတွေကို သူ စိတ်ရှည်လက်ရှည် ဖြေပေးခဲ့တယ်။ အဲဒီထဲမှာ လောကကြီးရဲ့အကျိုးတွေ၊ စိတ်နေစိတ်ထား၊ လိုက်နာရန် နီတိတွေ အကုန်ပါတာပေါ့။ အခု မေမေ့ကို ကျွန်တော် ဖတ်ပြမဲ့ စာပိုဒ်က ကလေးလေး ပွေ့ချီထားတဲ့ မိန်းမတစ်ယောက် ရောက်လာပြီး ကျွန်မကို ကလေးတွေ အကြောင်း ပြောပြပါလို့ တောင်းဆိုလို့ ပညာရှိသုခမိန်က ပြောတဲ့စကားတွေ မေမေ'

မေမေ့အား စာအုပ်ထဲမှ စာကြောင်းတွေကို လက်နှင့် ထောက်ပြလိုက်သည်။

'မင်းရဲ့ကလေးတွေဟာ မင်းရဲ့ကလေးတွေ မဟုတ်ဘူး။ သူတို့ဟာ ဘဝရဲ့ကိုယ်တိုင်မွတ်သိပ်မှု ရဲ့သားတွေ သမီးတွေပဲ ဖြစ်တယ်။
'မင်းကိုယ်ခန္ဓာထဲကနေ ဖြတ်ပြီး သူတို့လူ့လောကထဲကို ရောက်လာကြတယ်။ ဒါပေမဲ့ အဲဒါ မင်းဆီကနေ ရောက်လာတာ မဟုတ်ဘူး။
'နောက်ပြီး မင်းနဲ့အတူ သူတို့ရှိနေပေမဲ့ သူတို့ကို မင်းမပိုင်ဘူး'

'ဘာပြောတယ်'

မေမေက သူသိပ်နားမလည်သော စာပိုဒ်များမှာ မျက်ခုံးရှုံ့ပြီး အာရုံစိုက်နားထောင်နေခဲ့သော်လည်း သူနားလည်သည့် စာပိုဒ်ကျတော့ ပြူးပြူးပြာပြာ ဖြစ်သွားသည်။

မင်းဉာဏ် မေမေ့ကို ကြင်နာသနားပါသည်။ သို့သော် မေမေ့ကို တွယ်တာမှုဖြင့် ပူလောင်မကျွမ်းစေချင်။ 'မေမေ သားသမီးကို ကိုယ်မပိုင်ဘူးဆိုတာ ဗုဒ္ဓဟောခဲ့တဲ့ တရား။ ဒါ အသစ်အဆန်း မဟုတ်ဘူးလေ'

မေမေမှာ ပိုင်စိုးလိုသည့် စိတ်များလှသည်။

'မေမေ နားထောင်အုံး ဒီမှာ ဒီစကားလေးက သိပ်လှတာ။ သင်က သူတို့ကို ချစ်ခြင်း မေတ္တာကို ပေးအပ်နိုင်လိမ့်မယ်။ ဒါပေမဲ့ သင့်အတွေးတွေကို မပေးနိုင်။ သူတို့မှာ သူတို့ကိုယ်ပိုင် အတွေးတွေ ရှိနေသောကြောင့်။

'သင် သူတို့၏အိမ်တွေကို ဆောက်ပေးနိုင်လိမ့်မည်။ သို့သော် သူတို့နာမ်ဝိဉာဉ်တွေကို ဆောက်မပေးနိုင်။ အကြောင်းမှာ

သူတို့၏ဝိဉာဉ်တို့သည် မနက်ဖြန်၏ အိမ်ထဲမှာ ရောက်ရှိနေသောကြောင့်။ သူတို့၏အိမ်ကိုလည်း သင်က သွားရောက်လည်ပတ်ဖို့ မဖြစ်နိုင်ရုံသာမက အိပ်မက်ထဲတောင် မလည်ပတ်နိုင်သောကြောင့်တဲ့'

မေမေ တဖြည်းဖြည်း မျက်နှာ ပျက်လာသည်။

'သူတို့နဲ့တူအောင် သင်ကြိုးစားအားထုတ်ကောင်း အားထုတ်လိမ့်မည်။ သို့သော် သူတို့ကို သင်နှင့်တူအောင် ပြုလုပ်ဖို့တော့ မဖြစ်နိုင်။ ဘဝဆိုသည်မှာ နောက်ပြန်လည်း မသွား၊ မနေ့က ဆီသို့လည်း မသွားသောကြောင့် ဖြစ်သည်။
'သင့်ကိုယ်ခန္ဓာသည် သက်ရှိမြားများ ဖြစ်သော သားသမီးတို့ကို ရှေ့ကို ပစ်လွှတ်ထုတ်ပေးရသည့် လေးတစ်ခုသာ'

ထိုနေ့က မေမေ မျက်ရည်ကျလေသည်။

သူ့ဘဝတွင် ပညာကို အဓိက ဦးစားပေးရှာဖွေမည်။ ကြုံလာမည့် လူပုဂ္ဂိုလ်တွေထဲမှာတော့ မေမေ ပထမဦးစားပေးပါ။ မေမေ့ မျက်ရည်ကို ကြည့်ရင်း သူ ဆုံးဖြတ်ချက် ချလိုက်သည်။

* * *

(၁၉)

သူ့ဘဝ၏တံခါးတစ်ချပ်ကိုအပြီးအပိုင်ပိတ်လိုက်ရလို့လားမသိ။မေမေ့ဘဝထဲမှပိတ်ထားသောတံခါးတစ်ချပ်ကပွင့်သွားခဲ့သည်။

'မေမေ မေမေ့ရွာကိုသိရင် အဘွားဆီသွားမယ်ဆို'

မေမေက မျက်မှောင်ကြုတ်စဉ်းစားသည်။

'ဘာရွာတဲ့လဲ ရာတွေ့ပြီလား'

'ကျမ်းကိုင်ကျွန်းတဲ့'
'အေး ဟုတ်တယ် သား ဘယ်လိုသိသလဲ'

'ဆရာကြီးက ပြောတာ။ မြို့ကတော့ လွယ်သွားပါပြီ။ မြန်မာပြည်မှာ ရေနံတွင်းတွေ ရှိတဲ့နေရာက လက်ချိုးရေလို့ရတယ်။ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မြန်အောင် အဲ့ ကျွန်တော် အင်တာနက်ကနေ ရှာကြည့်မယ်။ သိရင် ကျွန်တော် တနင်္ဂနွေနဲ့ ပေါင်းပြီး ခွင့်သုံးရက် ယူလိုက်မယ်။ သွားရအောင်'

မေမေ့ကြည့်ရသည်မှာ စိတ်ထက်သန်မှု မရှိသလိုလို။ မေမေတကယ် မေ့နေတာမှ ဟုတ်ရဲ့လား။
မေ့ချင်ယောင်ဆောင်နေတာလား ဟု တွေးမိသွားသည်အထိ သူမေမေ့ကို အားမလို အားမရ ဖြစ်နေမိသည်။

'မေမေ သွားမယ် မဟုတ်လား'

မေမေက မင်းဉာဏ်ကို စေ့စေ့ကြည့်ပြီး ပင့်သက်ရှိုက်၏။

'မေမေ ဘယ်မျက်နှာနဲ့ရွာကို ပြန်ရမှာလဲ မင်းဉာဏ်ရဲ့'

'ဟောဒီ မျက်နှာနဲ့ပဲပေါ့ မေမေ။ လာ မှန်ထဲမှာ ကြည့်ပါ မေမေ့မျက်နှာကို။ ဘယ်လောက် သတ္တိရှိလိုက်တဲ့ မျက်နှာလဲ'

သူ နံရံကပ်မှန်ဆီသို့ မေမေ့ကို တွဲခေါ်သွားတော့ ဆေးခန်းသို့ခေါ်လာခံရသော ကလေးလို ဆုတ်ကန်ဆုတ်ကန်ဖြင့် မေမေ လိုက်လာသည်။
ကိုယ်လုံးပေါ်မှန်ထဲမှ အသက်လေးဆယ်အရွယ် မနင်းမှုန်။ မျက်ခုံးတွေက အခုမှ ပိုလို့ပင် နက်မှောင်လာသေးတော့သည်။

'မျက်လုံးတွေကို ကြည့်ပါအုံး မေမေရဲ့၊ လောကဓံကို ကောင်းကောင်းကြီး မြည်းစမ်းပြီးလို့ ရင့်ကျက်သွားပေမယ့် အာဃာတ ကင်းမဲ့တဲ့ မျက်လုံးတွေ။ အဲဒီမျက်လုံးတွေက ဘာကိုပဲ ကြည့်ကြည့် ရိုးသားဖြူစင်မှုနဲ့ကြည့်တာ'

'ဒါပေမယ့် မေမေ့နှုတ်ခမ်းတွေကတော့ စိတ်ထဲက ခံစားချက်တွေကို မျိုသိပ်ပြီး ငိုရလွန်းလို့ အရင်တုန်းကထက်တောင် ပါးပြီး တင်းစေ့နေခဲ့ပြီ'
သူက အမေ့ပခုံးကို လှုပ်ကိုင်ယမ်းခါလျက် ခေါင်းယမ်းသည်။

'မေမေ။ မေမေ့နှုတ်ခမ်းတွေက တစ်ခါမှ မုသားမပြောဖူးခဲ့တဲ့ မုန်ကန်ဖြောင့်မတ်တဲ့ နှုတ်ခမ်းတွေ မေမေ။ သားကိုတောင် စိတ်သက်သာရာရဖို့ အဖေအကြောင်း လိမ်ညာမပြောခဲ့တဲ့ နှုတ်ခမ်းတွေပေါ့'

မှန်ထဲမှ မေမေက သူ့ထက် အရပ်နိမ့်သည်။ မေမေ့ ဦးခေါင်းက သူ့ပခုံးတောင်မမီ။ မေမေပြုံးလိုက်သည့် အပြုံးတွေက အမြဲပင် ကလေးတစ်ယောက် အပြုံးမျိုး။ ထိုအပြုံးသည် အသက်နှစ်ဆယ်ဝန်းကျင် မိန်းမငယ်တွေမှာသာ ရှိတတ်သည့် ဖြူစင်သည့်အပြုံး။

သူ မေမေ့ကို ပခုံးမှ ပွေ့ဆုပ်ညှစ်လိုက်၏။

မင်းဥာဏ်အတွက် မေမေသည် အားကိုးရသည့် မိခင်တစ်ယောက်ဖြစ်သလိုပင် ကြင်နာရသော နမလေးလည်း ဖြစ်ဖြစ်နေလေသည်။
အမေက ကျွန်တော့်ကို လမ်းပြပေးခဲ့ပြီးပြီ။ အခုတစ်ခါ ကျွန်တော်က အမေ့ကို လမ်းပြန်ပြနိုင်ဖို့ ကြိုးစားပါမယ်။

* * *

(၂၀)

အမေ့အကြောင်းကို ပြောမယ်ဆိုရင် ကျွန်မရဲ့အတိတ်ကာလ အမဲကွက်ကြီးက ပိုပိုပြီး ထင်ရှားလာတော့မှာ သေချာပါတယ်။
အမေ့အကြောင်းကို ကျွန်မအကြောင်းမပါဘဲနဲ့ ပြောလို့မှ မဖြစ်တာ။
အမေက အိန္ဒြေကြီးတယ်။ စိတ်ခါတ်ခတ်ထန်တယ်။ မျိုးရိုးဂုဏ်ဆိုတာကို အလွန်ဂုဏ်ယူတယ်။ လူမှာအမျိုး ကြက်မှာအမျိုးဆိုတဲ့စကားကို အမေ ခဏခဏ ပြောတာပေါ့။
အမေက သူ့အဖေကို အလွန်ဂုဏ်ယူတယ်။ သူ့အဖေ ကျွန်မအဘိုးကို ကျွန်မ မမီလိုက်ပါဘူး။ အဘိုးက ရွာရဲ့ဂုဏ်သိက္ခာကို ဆောင်ပေးတဲ့ ပုဂ္ဂိုလ်တဲ့၊ အမေက ပြန်ပြောပါတယ်။

ကျွန်မတို့ရွာတွေက မြစ်ရေကြီးတိုင်း ရေမြုပ်တတ်တယ်။ ရေတိုက်စားလို့ကမ်းပါးတွေ ပဲ့ပြိုသွားတာ ခဏခဏ။ ကံဆိုးရင် တစ်ရွာလုံးကမ်းပါးပြိုတဲ့အထဲ ပါသွားတယ်။ နှစ်အတော်တော်ကြာမှ ကိုယ့်ရွာဘက်မှာ မြေနုကျွန်းလေးဘာလေး ပြန်အသစ်ပေါ် တာပေါ့။ အသစ်ပြန်ပေါ်လာတဲ့ မြေနုကျွန်းနေရာက ကိုယ့်ရွာနေရာ သူ့ရွာနေရာ ခဏခဏ စကားများရတယ်လို့ပြောတယ်။

တစ်ခါတုန်းကတော့ အမေတို့ရွာစုမှာ မြေနုကျွန်းကြီး ပေါ်လာရော။ အဲဒီကျွန်းကို ကိုယ့်ရွာနေရာပါလို့စကားတွေများ အငြင်းအခုန်တွေ ဖြစ်ကြတယ်။ ရွာသူကြီးက သစ္စာကို ယုံကြည်တဲ့သူတန်ဖိုးထားတဲ့လူတွေ ဖြစ်တော့ အဆုံးအဖြတ်ကို သစ္စာနဲ့ ပေးမယ်လို့ စီရင်တယ်။ နတ်ဒေဝတာတွေက ဒီကျွန်း ဘယ်သူရသင့်သလဲဆိုတာ အဆုံးအဖြတ် ပေးလိမ့်မယ်လို့ သူကြီးက ယုံကြည်တယ်။
ဘယ်လို လုပ်မလဲဆိုတော့ ရှေးခေတ်က လုပ်ရိုးလုပ်စဉ်ပါပဲ။ ရေငုတ်ပြိုင်ကြတာပေါ့။

ဧရာဝတီမြစ်ထဲမှာ ဟိုဘက်ရွာက ခေါင်းဆောင်တစ်ယောက် ဒီဘက်ရွာက ခေါင်းဆောင်တစ်ယောက် သစ္စာဆိုပြီး ရေငုတ်ရတယ်။ အကြာကြီးငုတ်နိုင်တဲ့သူဘက်က ဒီကျွန်းကို ရမယ်။ ပိုင်ရှင်မှန်ရင် နတ်ဒေဝတာတွေက ဒီလူကို ရေအကြာကြီး ငုတ်နိုင်အောင် ကူညီစောင့်ရှောင့်ပေးမယ်။ ပိုင်ရှင်မဟုတ်ခဲ့ရင်တော့ နတ်တွေက ဒီအတိုင်းပဲ လွှတ်ထားမယ်ပေါ့။

အဲဒီတော့ လူရွေးတဲ့နေရာမှာ အရေးကြီးလာတယ်။ ရွေးမဲ့လူက ရေငုတ်ကျွမ်းကျင်ရုံတင်မကဘူး။ သီလသမာဓိရှိဖို့လဲ လိုတယ်။ သစ္စာတည်ကြည်ဖို့လဲ လိုတယ်။ ဒါမှ နတ်က မမှာပေါ့။ လူ ဘယ်လောက်ပဲ ရေငုတ်တော်တော် နတ်ကိုတော့ မမီဘူးလို့ တွက်ကြတာကိုး။ အဲဒီမှာ အဘိုးကို ရွာက ရွေးလိုက်တယ်။ အမေက အဲဒီရေငုတ်တဲ့မြင်ကွင်းကို သူကိုယ်တိုင် လေးနှစ်သမီးအရွယ်မှာ မြင်ရကြည့်ရတာလို့ ပြောတယ်။ အဲဒီနေ့က အိုးစည်ဗုံမောင်းတွေနဲ့သံချပ်တွေနဲ့မြစ်လယ်မှာ ဝါးစင်တွေ ထိုးပြီး ပြိုင်ကြတယ်။ အဲဒီနေ့က အဘိုးက အနိုင်ရတယ်လေ။ ကျွန်မတို့အဲဒီ မြေနုကျွန်းကို အပိုင်ရသွားတာပေါ့။ ကျမ်းသစ္စာတိုင်ပြီး ရေငုတ်ပြီးတော့ရခဲ့တဲ့ နတ်သိကြားပေးတဲ့ ကျွန်းမို့ကျမ်းကိုင်ကျွန်းလို့ နာမည်တွင်သွားတဲ့အထိပါပဲ။

အမေက သူ့အဖေကို တအားလေးစားကြည်ညိုတာ။ အဘိုးရဲ့အမွေခံဖြစ်တဲ့ အမေတို့ ကျွန်မတို့ ကလည်း အကျင့်စာရိတ္တနဲ့ သီလသမာဓိရှိရမယ်လို့ခဏခဏ ဆုံးမပါတယ်။ သူကိုယ်တိုင်ကလည်း သီလသမာဓိနဲ့ပြည့်စုံတဲ့လူကိုမှ အိမ်ထောင်ပြုခဲ့တာ။ ကျွန်မအဖေက အလွန်ရိုးတာ။ အဘိုးကိုယ်တိုင် အမေ့ကို အိမ်ထောင်ချပေးခဲ့တာလို့ပြောတယ်။ ကျွန်မ မွေးပြီးခါစမှာပဲ သံပြားရှတဲ့အနာကနေ ဖျားပြီး သေသွားတယ်။ သေသာသွားရော အဖေက အမေ့ကို လက်နဲ့တောင် မရွယ်ဘူးတဲ့။ တစ်ရွာလုံးက အဖေနဲ့အဘိုးက စံပြပုဂ္ဂိုလ်တွေတဲ့။

အမေက ကျွန်မကို မိန်းကလေး ပီသစေချင်တယ်။ အားရပါးရတောင် မရယ်ရဘူး။ ကျွန်မ အော်ရယ်လိုက်မိရင် အမေက ပေါင်တွင်းကြောကို လိမ်ဆွဲတော့တာပဲ။

'မိနှင်းမှုန် ညည်း မိန်းကလေး မဟုတ်ဘူးလား။ ဟီလားတိုက်မနေနဲ့ ' တဲ့။

အမေက စကားပြော ကြမ်းတယ်။ အမေမှ မဟုတ်ပါဘူးလေ။ ကျွန်မတို့ တစ်ရွာလုံးက အမေတွေ အကုန် အပြောအဆို ကြမ်းတာပါပဲ။ ကျွန်မက အမေ့ကို ရွာကျောင်းမှာ စာလာသင်သွားတဲ့ ဆွဲခန့်ဆရာမလေး ဒေါ်ချိုချိုသင်းလို နူးညံ့သိမ်မွေ့ စေချင်တယ်။ ဆရာမလေးစကားပြောရင် တိုးတိုးငြင်သာ။ စကားသံကလည်း နာမည်နဲ့ လိုက်အောင် ချိုမြလို့ ။

'အမေ အမေစကားပြောတာကလဲ အော်ကျယ်အော်ကျယ်နဲ့ ချိုချိုသာသာ ပြောစမ်းပါတော်' လို့ ပြောမိရင် အမေက ကျွန်မကို နားမလည်ဘူး။ ဒီကောင်မလေး အူကြောင်ကြောင်နဲ့ လို့ မျက်စောင်း ထိုးတယ်။ ကျွန်မကတော့ အမေ့ကို ဆရာမလေးလို ထမီချပ်ချပ်ရပ်ရပ် သေသေသပ်သပ်လေး ဝတ်စေချင်တယ်။ အထက်ဆင့်အနက် ပေါ်အောင် ခါးမှာ လုံးထွေးထိုးထည့်ပြီး အောက်အနားက တရွဲ့တစောင်း ဖြစ်နေတဲ့ အမေ့ထမီကို ကြည့်လို့ ကိုမရဘူး။ အမေက ဘာဖြစ်လို့ ခါးတုတ်တုတ် ကြီး ဖြစ်နေတာလဲ။ အမေ ဘာဖြစ်လို့ အောက်နားတွေ ညီနေအောင် ထမီ မဝတ်တတ်တာလဲ။ အမေ့ထမီက ဘာဖြစ်လို့ ရေစော်နံနံနေတတ်တာလဲ။ ငါသာ အသက်နှစ်ဆယ်ကျော်လို့ ဆရာမ လို အပျိုကြီးဖြစ်လာရင် ထမီလှလှလေးကို အနားတွေ ညီနေအောင် ဝတ်မှာ။ အဲဒီလို တွေးတွေးကြည့်တယ်။

အိပ်ခန်းထဲက သနပ်ခါးလိမ်းတဲ့ မှန်အသေးလေးကို ခါးလေးဟိုလှည့်သည်လှည့် ကြည့်ရတာ အားမရဘူး။ ရွာလယ်က ဒေါ်နန်းခင်တို့ အိမ်က ကိုယ်လုံးပေါ်မှန်ကြီးကို သဘောကျတယ်။ အေးညိုတို့ အိမ်ရှေ့က ဖြတ်သွားတိုင်း အေးညိုရှိနေမလား အသာလေး ငဲ့စောင်းကြည့်ရတာလဲ အမောသား။ သစ်သားကို ဓါးနဲ့ ခုတ်သံကြားတိုင်းလည်း အေးညိုမဟုတ်ဘူး။ အေးညိုအဖေ ဒါမှမဟုတ် အစ်ကိုကြီးလဲ ခုတ်နေတတ်တာမဟုတ်လား။ သူတို့ ခြံဝင်းအစပ်မှာ စိုက်ထားတဲ့ သဘော်ပင်မန်ကျည်းပင်စည်ကို ဖြစ်ဖြစ် လက်ထဲက တုတ်နဲ့ အသံထွက်အောင် ရိုက်ပစ်ချင် ပစ်မိတယ်။ ဒါမှ အေးညိုလှည့်ကြည့်မှာ။ အမေ မသိအောင်လည်း နေရသေးတယ်။ အမေက လည်တယ်လေ။

အေးညို သီချင်းအော်အော်ဆိုတဲ့အခါ အမေက ကျွန်မကို မျက်စောင်းခဲတတ်တယ်။

အေဒင်ရယ် ချစ်သူရယ် အရိပ်တူ အေဒင်မှာ မင်းမရှိရင် တေးသံမချို ပန်းတွေငို နေမကာ ပူ တဲ့။ အေးညိုဆိုတဲ့ သီချင်းလေ။ သိပ်ကောင်းတဲ့ စာသားလေးတွေပဲ။

နေ မကပူ ဆိုတဲ့စကားလုံးကို ကျွန်မ ကြိုက်တယ်။ ရွာမှာ သစ်ပင်ကြီးကြီးရယ်လို့ အလွန်ရှားပါး တော့ နေက အလွန်ပူပဲ။
တစ်ထွာသာသာ လုံးပတ်ပင်စည်အပင်တွေပဲ ရှိတယ်။ ရွာက အတည်တကျမရှိဘဲ ရေမြုပ်လိုက် နေရာရွှေ့လိုက်ဆိုတော့ သစ်ပင်ကြီးကြီးမားမား မဖြစ်တော့ဘူး။ စိုက်ပြီးသား သစ်ပင်ကလဲ အဝေးမှာ ကျန်ခဲ့တာနဲ့ ကမ်းပါးပြိုလို့ ပါသွားတာနဲ့ ။ နေပူဒဏ်ကို ကျွန်မတို့ က အသိဆုံးပေ့ါ။ နွေနေပြင်းပြင်းအောက်မှာ သဲသောင်ခုံက အပူငွေ့ တွေ ဟပ် တံလျှပ်တွေ တညီးညီးနဲ့ ခေါင်းတွေ ကိုက်လာအောင် ပူတဲ့ နေအပူကို ကျွန်မသိတယ်။

မင်းမရှိရင် တေးသံမချို ပန်းတွေငို နေ မကပူ

အေးညို အော်ဆိုနေတုန်း ကျွန်မ ပြတင်းပေါက်က လှမ်းကြည့်မိရင် အမေက မျက်နှာထိမျက်နှာထားနဲ့ အိမ်ထဲမှာ တစ်ခုခု ရှာကြံခိုင်းတော့တာပါပဲ။
အမေက ကျွန်မတို့ ညီအစ်မကို အပျိုလူပျို အိမ်ထောင်သားမွေးကိစ္စတွေ ဘာမှ ကြိုရှင်းပြထားတာ မဟုတ်ဘူး။ စောစော မသိလေ ကောင်းလေလို့ တွေးတယ်။

ကျွန်မကဖြင့် မိန်းကလေး အရွယ်ရောက်ချိန် ရာသီသွေးပေါ်တဲ့ ဖြစ်စဉ်ကိုတောင် ကြိုမသိထားဘူး။ ထိတ်လန့်တုန်လှုပ်ပြီး ကြိတ်ငိုရသေးတယ်။ အမေ့ကို ပြောပြတော့ အမေက အဲဒါ အပျိုဖော်ဝင်တယ် ခေါ်တယ်တဲ့။ တိုတိုတုတ်တုတ်ပဲ။

အဲဒီနေ့တစ်နေ့လုံး အမေက ကျွန်မကို ကိုင်းစိုက်ခင်းထဲ မလွှတ်ခဲ့ဘူး။ ထမင်းတောင် မစားဘဲ အိပ်ခန်းလေးထဲမှာပဲ လှဲအိပ်လိုက် ထထိုင်လိုက် စိတ်ညစ်နေခဲ့တဲ့ ကျွန်မကို အမေက သွေးဆေးနဲ့သကြား ဖျော်တိုက်ခဲ့တယ်။
အဲဒီတုန်းက အစ်မက ရွာတောင်ဖျားက ကိုအောင်မောင်းနဲ့ရည်းစားဖြစ်နေတာ။ အစ်မမိုးအတွက် အမေက စိတ်တွေ ပူနေတတ်တယ်။ နည်းနည်း အိမ်ပြန်နောက်ကျရင် ကျွန်မကို နောက်က လိုက်ခိုင်းတယ်။

'နှင်းမုန့် လိုက်စမ်း ညည်းအစ်ကို သွားခေါ်စမ်း ဒီအချိန်ထိ ပြန်မရောက်သေးတာ ဘာများဖြစ်နေလို့လဲ'

'မိန်းကလေးဆိုတာ ဖက်ပေါ်ဆူးကျ ဖက်ပေါက်။ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲ ပေါက်တာအေ့'

အမေ ခဏခဏ ပြောလွန်းလို့အဲဒီ ဆူးနဲ့ဖက်ကို အလွတ်တောင်ရခဲ့တာ။

အမေက ကျွန်မကို ပေါင်တွင်းကြောပဲ ခဏခဏ လိမ်ဆွဲတာ။ ရိုက်တာနှက်တာ မရှိဘူး။ တစ်ခါပဲ ရိုက်ဖူးတယ်။ ရိုက်မဲ့ရိုက်တော့လဲ အရိုးထင်အောင်ပဲ။ ကျွန်မ ဗိုက်ကြီးသွားတဲ့အချိန်မှာပေါ့။

အမေက စပြီးသိတာလေ။ သိသိချင်းပဲ ကျွန်မကို မေးမေးပြီး ရိုက်တော့တာပဲ။

'ငရဲအိုးထဲ ဇောက်ထိုးကျမဲ့ဟာမ။ အဲဒါ ကာမေသုမိစ္ဆာစာရကံပဲ။ အမလေး ငါတော့သေတာ သေလိုက်ချင်တော့တာပဲ အဖေရေ မျိုးရိုးစဉ်ဆက်ထိန်းလာသမျှ ဒီဟာမနဲ့ကျမှ အရှက်ကွဲပါပြီတော့' ဆိုပြီး အမေငိုတာ။

တစ်ကိုယ်လုံးထုထောင်းရိုက်နှက်ထားခံရလို့နာကျင်နေတဲ့ကြားက ကျွန်မ အမေ့ကို ငေးကြည့်ပြီး ကြောက်လဲကြောက် သနားလဲသနားသွားတယ်။
အခုလို ဖြန်းဆို ကလေးမွေးရတော့မယ်ဆိုတော့ ကြောက်တာပေါ့။ ဆိုးတာက ကလေးတစ်ယောက် မွေးဖို့အရေးမှာ ကိုယ်ဝန်ဆောင်ထက် ကလေးအဖေနာမည်က ဘာဖြစ်လို့ပိုအရေးကြီးနေတာလဲ။

အမေ့ကိုပြောတော့–

'ဟဲ့ ကလေးအဖေမရှိဘဲ ကလေးမွေးတယ်ဆိုတာ မိန်းမပျက်မှ မွေးတာဟဲ့။ မိန်းမကောင်းဆိုတာ ခင်ပွန်းရှိတယ်' တဲ့။

အမေက တော့ ပြောပြောပြီး ငိုတာပဲ။

တစ်ရက်တော့ အမေက ကျွန်မကို မြို့ကို ခေါ်သွားတယ်။ ရပ်ကွက်တော့မမှတ်မိဘူး။ ရေနံမြေထဲပဲ။ လက်တူးရေနံတွင်းတွေ ရှိတဲ့ တဲအစုမှာပေါ့။ လက်သည်အဒေါ်ကြီး တစ်ယောက်ဆီ ခေါ်သွားတာ။ အဒေါ်ကြီးက ကျွန်မကိုယ်အောက်ပိုင်းကို စမ်းတယ်။

'အမေ ကျုပ်ကြောက်တယ်'

အမေ့ကို ဖက်ငိုတော့ အမေက ကျွန်မကို ပြန်ဖက်ပြီး ငိုပါတယ်။

'အေးပါအေ အေးပါ ငါ့သမီးအတွက် အမေကြံစည်နေပါတယ်' တဲ့။

အမေက ကျွန်မကို အိမ်ထဲက အိမ်ပြင်မထွက်နဲ့တဲ့။ လရင့်သွားရင် အဲဒီလက်သည်ကြီးဆီမှာ ကလေး သွားမွေးရမယ်။ ပြီးရင် အသာပြန်လာခဲ့။ ကျွန်မက အသက်ငယ်ငယ်လေးမို့အိမ်ထောင်ရက်သားကောင်းကောင်း ကျနိုင်သေးတယ်။ ဒီကိစ္စကို ဘယ်သူမှ မသိအောင် ဖုံးဖိထားမယ်။

အမေ့အစီအစဉ်ကြားရတော့မှ ကျွန်မလဲ စိတ်သက်သာသွားတယ်။ အမေ့ကိုလဲ ကျေးဇူးတင်လိုက်တာ။ ညတိုင်းရှိခိုးပြီးမှ အိပ်တယ်။
အမေပြောသလို တိတ်တိတ်လေး ကလေးမွေးမယ်။ အမေစီစဉ်ထားတာထက်ပိုပြီး ကျွန်မတွေးထားတာက လက်သည်ကြီးဆီကနေ ကျွန်မကလေးကို ပြန်မွေးစားမယ် လို့။ ကိုယ့်အတွေးနဲ့ကိုယ်လေ။ဒါပေမဲ့ ကျွန်မကိုယ်ဝန်မှာ သူက အဓိကတရားခံ။ အဓိကတရားခံက လွတ်ပြီး ကျွန်မက အိမ်တွင်းပုန်းလုပ်နေရတာကို မခံမရပ်နိုင်နာကျည်းလာမိတယ်။ အဲဒါ ကျွန်မရဲ့အမှားပါ။ အမေ စောင့်ကြည့်နေတဲ့ကြားက ကျွန်မ သူ့အိမ်ရှေ့ရောက်သွားတယ်။

မီးဖိုထဲမှာ ညနေစာချက်ပြုတ်နေတဲ့ မမိုးဇွေလဲ လစ်တုန်း။ အိမ်နောက်ဖေးက ပန်းခင်းတွေ ရေဖျန်းနေတဲ့ အမေလဲလစ်တုန်း။ တကယ်တော့ ကျွန်မ မစဉ်းစားခဲ့တာပါ။ တနံ့နံ့ခံပြင်းစိတ် နာကျည်းစိတ်တွေ ပေါက်ကွဲပြီး ဆင်ခြင်ဉာဏ်ရယ်လို့ မရှိတော့တဲ့ အချိန်ပေါ့။ နာကျည်းတာနဲ့ ဒေါသနဲ့ဆိုတော့ ကိုယ့်အဖြစ်ကိုယ် ရှက်ရကောင်းမှန်းမသိဘူး။

ကံဆိုးချင်တော့ သူ့အိမ်ရှေ့ကျွန်မရောက်မှာ မြင်လိုက်ရတဲ့ မြင်ကွင်းက တစ်ကိုယ်လုံး ထုပူသွားအောင် တွန်းအားပေးလိုက်တယ်။
ကိုစံလှကို မြင်ရတယ်။ ဘာလုပ်နေတယ်မှတ်လဲ။
လသားအရွယ် ကလေးလေးကို မြှောက်ချီပြီး နမ်းရှုတ်နေလိုက်တာတော်။
ကလေးက တခစ်ခစ် ရယ်လို့။ အဲဒီမှာ ကျွန်မ ဒေါသတွေ ပေါက်ကွဲတော့တာပဲ။ ပြော။ ဒါသူ့ကလေးလား။ ဘေးမှာ ကလေးခွံ့တဲ့ထမင်းဇလုံလေးကို ကိုင်လျက် ရပ်နေတာက သူ့မိန်းမ မစိုးကြီး။

ဒေါသတကြီးအိမ်ထဲ ပြေးဝင်ပြီး စီးထားသော ခုံဖိနပ်နဲ့သူ့ကို တဖုန်းဖုန်း ရိုက်ပစ်လိုက်မိတယ်။

ရုတ်တရက်တော့ ကိုစံလှကြီးက အံ့သြသွားရှာပါပဲ။

'တော့်ကြောင့် တော်ပက်စက်လို့ကျုပ်မှာတော့ ဗိုက်ကြီးနေပြီ။ တော်က ဒီမှာ အခန့်သားပေါ့လေ။ ကျုပ်ကပဲ အရှက်ကွဲခံရမယ်။ ဒီလိုလား'

ခုံဖိနပ်နဲ့တခွပ်ခွပ်ထုရိုက်နေတာကို လင်မယားနှစ်ယောက်လုံး ကြောင်ကြည့်နေကြတာ တော်တော်နဲ့ကို စကားမပြောနိုင်ဘူး။ ကိုစံလှက အရင်စပြောတယ်။ သူ့လျှို့ဝှက် ကျူးလွန်မှုကြီးကို အခုလို အထုပ်ဖြေပြခံရလိမ့်မယ်လို့ ဘယ်ထင်ထားပါ့မလဲ။

'ဟ နင်းမှုန် နင်စိတ်မှ နံ့သေးရဲ့လား။ ဘာတွေ လာပြောနေတာလဲ' တဲ့ ကိုစံလှက။ ကြောက်ကန်ကန်ပြီး ဇွတ်ငြင်းတော့ ကျွန်မ ဒေါသကို ဆွပေးလိုက်သလို နဂိုဒဏ်ရာကို တုတ်နဲ့ ဆွလိုက်သလို ဖြစ်သွားတော့တာပေါ့။

'ဘာလာပြောရမှာလဲ ပေဟာဒီဗိုက်အကြောင်းလေ တော် အခုမှ ဘာ မသိချင်ယောင်ဆောင်နေတာလဲ'

လူရှေ့သူရှေ့မှာ မပြောသင့်တဲ့အဖြစ်တွေကို ဒေါသတကြီးပြောမိသွားမှန်း နောက်ကျမှ သိလိုက်ရတာ။ ဒါပေမဲ့ လွန်ခဲ့ပြီ။

အဲဒီနောက်တော့ ကျွန်မကို မစိုးကြီးက စပြီး ပါးရိုက်တယ်။ ကျွန်မက ပြန်ရိုက်တယ်။ နောက်တော့ ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိဘူး။ ကျွန်မနဲ့မစိုးကြီး မြေကြီးပေါ်မှာ လုံးထွေးရစ်ပတ် သတ်မိကြတော့တာပါပဲ။ မြေပြင်ပေါ်မှာ သူတပြန်ကိုယ်တပြန် လိမ့်သတ်နေကြတုန်း အမေရောက်လာပြီး ဆွဲပါတယ်။ ဒါပေမဲ့ ရွာရှိလူအကုန်ပဲ အဲဒီနေရာချက်ချင်း ရောက်လာကြတယ်။ အို လူတွေမှ ဝိုင်းနေတာပဲ။

'မိနင်းမှုန် အမိုက်မ ကိုယ့်ကိုယ်ကို အရှက်မကွဲကွဲအောင်။ အရှုးမ အပေါမ သေတာပဲ ကောင်းတယ်'

အဲဒီအချိန်က စပြီး ကျွန်မရဲ့ဖုံးကွယ်ထားသမျှ ဗူးပေါ်သလို ပေါ်တော့တာပါပဲ။
အဲဒီနောက်မှာတော့ ကျွန်မတို့သားအမိသုံးယောက် ဒုက္ခရောက်ကြရတာပေါ့။

အစ်မမိုး လက်ထပ်တော့မယ့်ဆဲဆဲ ချစ်သူက အင်တင်တင်နဲ့ နောက်တစ်ဝါလောက် စောင့်ဖို့ အချိန်ဆွဲလာတယ်။ ကာလသားတွေက အိမ်ရှေ့ရောက်ရင် ခပ်ညစ်ညစ် ပျက်လုံးတွေ ပျက်သလို စကားသံကြိတ်ကြိတ်နဲ့ ရယ်ကြတယ်။ ပေါးခနဲ ဝါးခနဲ ရယ်သံတွေ ကြားရတဲ့အခါ အမေ့မျက်နှာ ညှိုးရတာပေါ့။

ကျွန်မ မခံချင်ဘူး။
မှားခဲ့တာတော့ ဟုတ်တယ်။ ဒါပေမဲ့ ကျွန်မတစ်ယောက်တည်းမှားတာ မဟုတ်ဘူး။
ကျွန်မ အပြင်မထွက်ရဘူး။ အစ်မမိုးလည်း သိပ်တော့ အပြင်မထွက်တော့ဘူး။ အမေကိုယ်တိုင်လဲ ဈေးမသွားသလောက်ပဲ။ အိမ်မှာရှိတာကိုပဲ လှည့်ပတ်ချက်စားကြရတယ်။ တစ်ခါလာလဲ ပဲရွက်သုပ်၊ တစ်ခါလာလဲ ကုလားပဲဟင်း၊ တစ်ခါလာလဲ အိမ်နောက်ဖေးက မုန်လာရွက်ဟင်းချို။ ပိုက်ဆံသုံးစရာမရှိတော့လို့ ဈေးကို ကုန်စိမ်းသွားရောက်ဖို့ အချိန်ကျလာတာတောင် သားအမိ သုံးယောက်လုံး ပေတေပြီး အိမ်တွင်းပုန်းနေကြရတယ်။

မသွားမဖြစ် အိမ်အပြင်ထွက်ရတဲ့အခါမျိုးမှာ အမေက လည်တိုင်မော့မော့မာန်တင်းထားပေမဲ့ မျက်နှာကအိုလို့ နွမ်းလို့ပါ။ အလှူဆွမ်းကျွေးတွေ၊ ဘုရားကိုးဆူတွေမှာ အမေ အရင်လို အသံကျယ်ကျယ် စကားမပြောနိုင်တော့ဘူး။ မျက်နှာကို ဘယ်လောက်ပဲ ပင့်ထားထား တစ်ယောက်ယောက်က နှင်းမှုန် ဘယ်နှစ်လရသွားပြီလဲ မေးလိုက်ရင် အမေတင်းဆည်ထားသမျှ ဟန်တွေက ပျက်ပျက်သွားရပါတယ်။

နှစ်ဦးနှစ်ဘက် အတူတူ အပြစ်ကျူးလွန်တဲ့ပြစ်မှု ကျွန်မကပဲ အရှက်ကွဲရတော့သတဲ့လား။ ဒီလူကြီးက အရှက်မကွဲဘူးလား။ ဒီလူကြီး အိမ်ရှေ့မှာတော့ ကာလသားတွေ ဘာဖြစ်လို့ ပျက်လုံးတွေ သွား မပျက်ပျက်ကြတာလဲ။နှစ်ဦးလုံးမှားတဲ့ကိစ္စ။ အပြစ်ဒဏ်ရရင် ညီတူညီမျှ ရရမှာပေါ့။ အခုတော့ ကာယကံရှင်တစ်ယောက်က အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲဘဲ ပုဝပ်နေရချိန်မှာ အဓိကကာယကံရှင်ကြီးက ဘုရားသွား ကျောင်းတက် မျက်နှာထားတစ်စက်မှ မပျက်၊ အပြစ်လွတ်နေရောလား။

မတရားပါဘူး။ လောကကြီးက လုံးဝမတရားပါဘူး။

ကျွန်မလေ ဝဋ်ကြွေးတို့ ဘာတို့နဲ့ တတ်သရွေ့ မှတ်သရွေ့ တရားနဲ့ ဖြေဖို့ ကြိုးစားပါတယ်။ မရဘူး။ တစ်နေ့ တခြား ကြီးလာတဲ့ ကိုယ့်ဗိုက်ကို ကိုယ်ငုံ့ကြည့်တိုင်း ငါ့ကြောင့် အမေရှက်ရပြီ လို့ တွေးမိတယ်။ ကျွန်မ အမေ့ကို သနားတယ်။ လူတွေမှာ စိတ်ဓါတ်အတက်အကျက မြစ်ရေအတက်အကျ လိုပဲထင်ပါရဲ့။ အမေ့စိတ်ဓါတ်ကလဲ တက်လိုက်ကျလိုက် ကျွန်မကို အားပေးလိုက် မျက်ရည်စမ်းစမ်းနဲ့ ငိုလိုက်။

ကျွန်မသေသွားရင် ကောင်းမယ်လို့ ခဏခဏတွေးမိတယ်။

* * *

(၂၁)

မေမေ့မှတ်စုများထဲက အချက်အလက်များကို အင်တာနက်၏ဂူးဂဲလ်အာ့သ် နည်းပညာနှင့် စုပေါင်းရှာဖွေလိုက်သည့်အခါ အနီးစပ်ဆုံး အဖြေတစ်ခုကို ရသွားသည်။

ရေနံချောင်း။
သားအမိနှစ်ယောက် ခရီးသည်တင် အဝေးပြေးကားဖြင့် ရေနံချောင်းသို့ ခရီးထွက်ခဲ့ကြသည်။

ကားပေါ်တွင် မေမေက လုံးဝမအိပ် လုံးဝမငိုက်မြည်းပေ။ မေမေ့ကြည့်ရသည်မှာ ခရီးထွက်လာချိန်ကစပြီး တဖြည်းဖြည်း ပိုပို စိတ်လှုပ်ရှားလာဟန် ရှိတယ်။ ကားပေါ်မှာ ပြသည့် ဗီဒီယိုကလည်း အငြိမ့်။ မေမေက အငြိမ့်ဆို အလွန်ကြိုက်တာမို့ မျက်စိကျယ်လာနေပုံ ရသည်။

သူ့အတွက်တော့ ထိုပျက်လုံးတို့သည် လုံးဝမရယ်ရ။ တစ်ခါတစ်ခါတော့ ပြုံးမိသည်။ တစ်ခါတစ်ခါတော့ ဒေါသတောင် ဖြစ်မိသည်။ မေမေ့ကိုလည်း ဒီပျက်လုံးတွေကို စိတ်မဆိုးရကောင်းလားဟု ငြင်ငြင်ချင်စိတ်ပေါ်မိသည်။

ပြည်သို့ကားဝင်တော့ ညသန်းခေါင်ကျော်ပေပြီ။ ပြည်ရွှေဆံတော်ဘုရားကို ရွှေရောင်တဝင်းဝင်းနှင့် ဖူးမြင်ရတော့ မေမေက ပြတင်းဘက်သို့ လက်အုပ်ချီရှိခိုးသည်။

'ဝိသာခါကျောင်းတိုက်ကို အပြန်ကျရင် ဝင်ကြမလား သား'

သူရသည့်ရက် တနင်္ဂနွေပေါင်းမှ လေးရက်သာ။ သို့သော် ဝင်တာပေါ့ မေမေဟု လိုက်လျောလိုက်မိ၏။ မေမေ့ဘဝ၏ကယ်တင်ရှင် သီလရှင်ကျောင်းတိုက်ကို အသက်ကြီးမှ သူပြန်ကြည့်ချင်နေပါသည်။

အောင်လံအလွန်မှာ ရွာစဉ်တွေ တော်တော်ခြားသွားပြီး ကြည့်လေရာရာမှာ ခြောက်သွေ့သော ကုန်းမြေပြင်တွေသာ တွေ့ရသည်။ သစ်ပင်ကြီးကြီးမား တောအုပ်ရယ်လို့ ခဏတဖြုတ်သာ တွေ့ ရသည်။ မြင်ကွင်းသည် ညအမှောင်မှာမို့ ပို၍ပင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာတော့သည်။ ဗီဒီယိုလည်း မပြတော့သည်မို့ သူအနောင့်အယှက်ကင်းကင်း ငိုက်နိုင်သွားသည်။

'အဘွား နေကောင်းမှာပါနော် သား'

မေမေက တစ်ချက်တစ်ချက် စိတ်ပူသလို တိုးတိုး ရေရွတ်မှ သူ ဖျတ်ခနဲ နိုးတတ်သည်။

'နေကောင်းမှာပါ။ နေမကောင်းရင်လဲ ကျွန်တော် ဆေးကုပေးမှာပေါ့ မေမေရဲ့'

မေမေ့လက်ကို ထွေးဆုပ်လျက် အားပေးရ၏။

'အေး ဟုတ်သားပဲ'

ခဏတဖြုတ်ငိုက်မြည်းရင်း မက်ရသော အပြေးအလွှားအိပ်မက်တစ်ခုမှာ အဝါရောင်ကလွှမ်းမိုး နေသည်။ဝေလွင်သည် ပါးလျလှပ်ခတ်သော အဝါရောင်ဝတ်စုံဖြင့် အဝါရောင်အခန်းထဲမှာ မတ်တတ်ရပ်နေသည်။ ဝေလွင်သည် တစ်ယောက်ယောက်ကို စောင့်နေဟန်ရှိသည်။ သူက ဝေလွင့်နောက်မှ ခပ်ဖွဖွ တိုးတိုးတိတ်တိတ်လေး ချဉ်းကပ်သွားသည်။ ပျော့ပြောင်းပါးလွှာသော အဝါရောင်စကို သူဆွဲယူလိုက်တော့ တစ်လွှာချင်း ကွာကျကာ သူ့ ဆီသို့ ပါလာသည်။ သို့ သော် ဝေလွင် သူ့ ကို လှည့်ကြည့်လိုက်သောအခါ ဝေလွင် မဟုတ်ဘဲ နွမ်းလျသောအပြုံးနှင့် မေမေ ဖြစ်နေသည်။

'သား'

သူ ဖြုန်းခနဲ နိုးသွားလေသည်။
ရေနံချောင်းသည် ကုန်းအဆင်းအတက်တွေ ပေါသော ခြောက်သွေ့ ဝါညိုသော မြို့ တစ်မြို့ ဖြစ်သည်။
ကားလမ်းဘေး အဝေးတစ်နေရာမှာ ရေနံတွင်းတူးစင်များကို နံနက်ခင်းအလင်းရောင်ပျပျမှာ မြင်ရသည်။

'မေမေ မေမေ့ရွာက ဘယ်နားလောက်မှာ ရှိမလဲဟင် မှန်းကြည့်လို့ ရမလား'

သူမေးတော့ မေမေက စိတ်လှုပ်ရှားသော မျက်လုံးများဖြင့် ဟိုဟိုသည်သည် ရှာဖွေသလို ကြည့်သည်။ ထို့ နောက် ဟင့်အင်း မသိဘူးဟု ပြောသည်။

ဘယ်ဘက်ဘေးတစ်နေရာတွင် ပြာလဲ့သော မြစ်တစ်ခုကို ပေါ်လိုက်ပျောက်သွားလိုက် မြင်လိုက်ရသဖြင့် ဒါဧရာဝတီလား ဟု မေမေ့ကို မေးတော့ မေမေက မသိဘူးဟု ဖြေပြန်သည်။ နောက်ခုံကလူက သူ့ အား ဖြေသည်။

'အဲဒါ ဧရာဝတီမြစ်ပေါ့'

ရေနံချောင်းမြို့ မှ လိုက်လှဲစွာ ကြိုဆိုပါ၏ ဟူသော ဆိုင်းဘုတ်ကို လွန်ခဲ့သည်မှာ အတော်ကြာသည်အထိ ကုန်းဆင်းလမ်းတွေ မဆုံးသေး။ တောင်ကြားလမ်းတွေ များသည်။ ကားလမ်းဘေးတစ်ဘက်တစ်ချက်မှာ ပေါင်မုန့် ကို ဓါးဖြင့် လှီးချထားသလို တောင်ကုန်း အပြတ်များ ဖြစ်နေသည်။ မြို့ နယ်တရားရုံးတို့ လူဝင်မှုကြီးကြပ်ရေးရုံးတို့ ကို လွန်ပြီးသည့်အခါ အမှတ် ၁ အစိုးရအထက်တန်းကျောင်းကို မြင်ရသည်။ မြို့ ထဲရောက်တော့ မလာသေး။

မြို့ ထဲဝင်တော့မလားဟု ထင်မိသည့်အချိန်မှာပင် ကားကရပ်သွားသည်။ ခရီးသည်များအားလုံး ဂိတ်ဆုံးပါပြီခင်ဗျာဟု စပယ်ယာက ကြွေးကြော်၏။

ခရီးသည်တော်တော်များများက မြို့ အဝင်ကတည်းက ဟိုနေရာတစ်စု သည်နေရာတစ်စု ဆင်းသွားကြသဖြင့် ယခုအခါ ကားထဲတွင် လူနည်းနည်းပဲ ကျန်တော့သည်။

ချောင်းသဲပြင်မို့ မို့ က ကားလမ်းမကို ဖုံးလွှမ်းထားသည့် နေရာတစ်ခုဖြစ်သည်။ ပွဲရုံတိုက် အဆောက်အဦးများကို ရှေ့ တွင် မြင်ရသည်။ တစ်နေရာမှာတော့ လဘက်ရည်ဆိုင်လို ဆိုင်တန်းလေးမှ မီးလင်းနေသည်။ မီးမွှေးနေသည် ထင်ပါရဲ့ ။ မီးခိုးတွေ အူနေတာလည်း တွေ့ ရသည်။ စားပွဲနှင့် ထိုင်ခုံ သုံးလေးခုကို တွေ့ ရသည်။ စားသုံးသူတော့ မတွေ့ ရ။

မေမေ့ကို အရင်တွဲပြီး ကားအောက်သို့ ပို့ လိုက်သည်။ မေမေ့ခရီးဆောင်လက်ဆွဲအိတ်နှင့် မေမေကို ကားနားတွင် ခဏထားခဲ့ပြီး သူ့ လက်ဆွဲအိတ်ကို ပြန်တက်ယူရသည်။ မိုးလင်းစပြုပြီမို့ အတော်ပါပဲ။ အနားသို့ ရောက်လာသော မြင်းလှည်းတစ်စီးကို သူမေးကြည့်သည်။

'ဈေးက ဝေးသလားဗျ'

'မဝေးဘူးဗျ။ ဒီကားလမ်းအတိုင်း ရှေ့ ဆက်သာသွား တစ်ကွေ့ ဆိုရောက်ပြီ'
လက်ဆွဲအိတ်နှစ်အိတ်ကို သူနိုင်သော်လည်း ခြင်းကို မေမေ့အား မဆွဲစေလိုသဖြင့် မြင်းလှည်းငှားလိုက်သည်။

'အို မေမေသိတယ်။ ဈေးကို မေမေသိတယ်။ မဝေးဘူး'

တက်ကြွသော မျက်လုံးများဖြင့် မေမေ့စကားသံ ထွက်လာသည်။

'မဟုတ်ဘူး မေမေ။ ကျွန်တော်တို့တည်းခိုခန်းကို အရင်သွားကြရအောင်။ မျက်နှာသစ် ရေချိုးပြီးမှ ဈေးကို သွားရအောင်လား'
'မဟုတ်သေးဘူး။ အခုအချိန်မှာမှ ကျွန်းထဲ ကိုင်းထဲက ဈေးရောင်းသူတွေ ရှိတာ။ နေ့နဲ့ နေထွက်ရင် သူတို့ပြန်ကြပြီ။ အဲဒီကျမှ ဘယ်သူ့မေးရမှန်းမသိ ဖြစ်နေမယ်လေ'

'ကောင်းပြီလေ။ ဒါဖြင့် မြင်းလှည်းပေါ်မှာပဲ ပစ္စည်းတွေ ထားပြီး လူလိုက်ရှာကြတာပေါ့။ ဆရာကြီး ကျွန်တော်တို့ကို ဈေးပဲ အရင်ပို့ပေးပါဗျာ။ ပြီးတော့ နာရီဝက်တစ်နာရီလောက် စောင့်ပေးပါ။ ကျသလောက် ပေးပါမယ် ခင်ဗျာ'

'ရပါတယ် ငါ့တူရာ မပေးရပါဘူး။ စောင့်ပေးမှာပေါ့။ ဘယ်ကလာကြတာတုန်း'

မြင်းလှည်းဆရာကြီးက ပိန်ပိန်ကိုင်းကိုင်း ကွမ်းစားထားသော သွားမဲမဲများဖြင့် ပြုံးရယ်ရင်း စပ်စုသည်။
'ရန်ကုန်ကပါ ခင်ဗျာ'

ထို့နောက် ထိုင်ခုံမပါသော မြင်းလှည်းပေါ်တွင် သူကရှေ့က မေမေက နောက်က။ ခွာသံတခွပ်ခွပ် ဘီးလိမ့်သံ တကျိကျိဖြင့် မြင်းလှည်းလေးက တအိအိ မောင်းနှင်လေသည်။ ကုန်းမြင့်အတက်လမ်းလေးကို တက်ပြီးမှ ဈေးသို့ရောက်သည်။

'ရတနာမဥ္ဇူဘုရားလမ်းဆိုတာ ဈေးနားမှာ မဟုတ်လား။ အဲဒီကို ပို့ပေးပါ'

ရတနာမဥ္ဇူဘုရားရှိသောလမ်းဖြစ်၍ ရတနာမဥ္ဇူဘုရားလမ်းဟု ခေါ်ခြင်း ဖြစ်သည်။ အဓိက အစည်ကားဆုံးဈေးလမ်းဖြစ်သည်။ စည်ပင်သာယာမြို့မဈေးက တစ်ဘက်၊ ရတနာဈေးဟူသည့် လဟာပြင်ဈေးက တစ်ဘက် ထိုဈေးနှစ်ခုကြားရှိ ကားလမ်းအသေးကို ဈေးဆိုင်များ ခင်းထားခြင်းဖြစ်ကြောင်း သူသိလိုက်သည်။

ဈေးတန်းကြီးက တော်တော်ကို စည်ကားသည်။ လမ်းအစကနေ လမ်းအဆုံးအထိပါပဲ။ သူတို့သည် ဗိုလ်ချုပ်လမ်းဈေးထိပ်တွင် မြင်းလှည်းပေါ်မှာ ပစ္စည်းများကို ထားခဲ့ပြီး လူချည်းသက်သက် ဈေးတန်းထဲသို့လျှောက်ကြသည်။ မိုးလင်းခါစဖြစ်သော်လည်း လမ်းဟိုဘက်သည်ဘက်မှာ ချခင်း ရောင်းနေသော ဟင်းသီးဟင်းရွက်သည်တွေ အပြည့်။ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်နီးပါးတုန်းက ဆယ်ကျော်သက် မိန်းမငယ်လေး နှင်းမှုန်တစ်ယောက် ခံတောင်းလေးဖြင့် ချခင်းပြီး ဈေးရောင်းခဲ့သောနေရာ ဘယ်နေရာပါလိမ့်။

ပန်းတွေ ပန်းတွေ အမျိုးစုံစုံကို မြင်တော့ ထိုနေရာသို့နှစ်ယောက်သား သွားကြည့်ကြသည်။ ခရမ်းရောင်၊ အပြာရောင်၊ အနီရောင်၊ အဖြူရောင် မေမြို့ပန်းများ။ အဝါရောင်နှင့် အဖြူရောင် ဂန္ဓမာပန်းများ၊ အညွန့်နီနီလေးများဖြင့် သပြေပန်းများ။ နှင်းဆီပန်းများ။

'မဟုတ်ဘူးသား အဲဒါက တောသည်မဟုတ်ဘူး။ မြို့သည်။ တော်သည်တွေက သူ့ဆီ ဖောက်သည်ပေးပြီး ပြန်တာတွေလလည်း ရှိတယ်။ သူ့ကို မေမေသိသလိုပဲ'

ပန်းသည် မိန်းမကြီးက မေမေ့ထက် အနှစ်နှစ်ဆယ်လောက် ကြီးနိုင်သည်။ ခပ်ဝဝညိုညို ဆံပင် ဖွာဖွာလိမ်လိမ်။

'ဘာပန်းယူမလဲ ပန်းတွေ လှတယ်လေ'

မေမေက ထိုမိန်းမကြီးကို မသိမသာ အကဲခတ်သလို စိုက်ကြည့်နေပေမဲ့ ထိုမိန်းမကြီးက မေမေ့ကို မသိပေ။

'ကျွန်းထဲက ပန်းသည်တွေ လာပြီးသွားပြီလား'

မေမေက မေးသည်။ ဈေးဝယ်မည့်သူ မဟုတ်မှန်း သိသွားပြီးသော်လည်း အဒေါ်ကြီးအပြုံးက လျော့မသွား။

'တချို့လဲ ပန်းတွေကုန်လို့ပြန်ကြပြီ။တချို့လဲ ဈေးဝယ်နေတုန်းပေါ့။ဘယ်သူနဲ့တွေ့ချင်လို့လဲ'

'မမိုးစွေ'
'မမိုးစွေ ကျုပ်မသိဘူး။ ဘယ်ရွာကလဲ'

'ကျမ်းကိုင်ကျွန်းကပဲ'

'ကျုပ်ဖောက်သည်တွေထဲမှာတော့ အဲဒီနာမည်နဲ့မရှိဘူး။ ရှေ့ညောင်ပင်ကြီးအောက်သွားစုံစမ်း ပါလား။ အဲဒီမှာ ကျွန်းထဲ တော်တော်များများက ပန်းသည်တွေ ချရောင်းနေတယ်။ ဟိုးမှာလေ။ ဟောဟို ညောင်ပင်ကြီး'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ'

သူတို့နှစ်ယောက် ညောင်ပင်ကြီးဆီသို့အားတက်သရော လျှောက်လာခဲ့ကြသည်။ ကြက်သွန်ဆိုင်များ၊ အားလူးနှင့် ငရုတ်သီးခြောက်ဆိုင်များ၊ ဒန်ကြွေရည်သုတ်စသည့် ဘန်းအမျိုးမျိုးနှင့် ထည့်ရောင်းနေသော ကြက်သားနှင့် ငါးသည်များ။ သရက်ချဉ်၊ ဆူးပုတ်ရွက်နှင့် ချဉ်ပေါင်ရွက်သည်များ၊ ဖူးသီးခရမ်းသီး။ ခံတောင်းထဲမှာ တချို့ ပုဆိုးဟောင်းများ ချည်စောင်များနှင့် ထုပ်ထားရာက ဖြည်ပြီး ရောင်းနေသူများ။

နှင်းဆီပန်းအနီတွေ ပန်းရောင်တွေကို အစည်းလိုက်ဖြန့်ခင်းရောင်းနေသော အမျိုးသမီးတစ်ယောက်အနားသို့ မေမေ ကပ်သွားသည်။ အမျိုးသမီးက မော့ကြည့်သည်။

'ပန်းတွေပေါတယ်၊ သုံးကျပ် သုံးကျပ် တစ်ပွင့်သုံးကျပ်။ အစ်မ နှင်းဆီတွေလှတယ်။ ဒီမနက်မှ ခူးလာတာ။ ဆယ်ပွင့်ယူရင် နှစ်ရာ့ငါးဆယ်နဲ့ယူသွား'

'ဘယ်ရွာကလဲ ဟင်'

'ကျွန်မ ဖရဲကျွန်းက'

'ကျမ်းကိုင်ကျွန်းက ဈေးသည်တွေ မလာဘူးလား'

'ဈေးဒေါင့်ကြေးဆိုင်သံဆိုင်နားမှာ ကျမ်းကိုင်ကျွန်းသည်တွေ ရှိပါ့ရော အဲဒီသွားမေးကြည့်ပါ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ'

မေမေ့ကို လက်ဆွဲလျက် သူ ထိုဈေးထောင့်သို့ဦးတည်ကာ လူတွေကို စတင်တိုးဝှေ့လျှောက်လေ သည်။ 'အမေတော့ သေရွာပြီနဲ့တူပါရဲ့သားရယ်။ ဒီလောက်နှစ်တွေကြာမှတော့...၊ ဘာတွေကိုပဲ ရင်မဆိုင်ရဲရဲ အမေကိုတော့ အခုလို ယတိပြတ်ပစ်ပယ် ထားဖို့မကောင်းဘူး'

ပြောရင်း မေမေ မျက်ရည်တွေ ရစ်ဝဲလာသည်ကို မြင်ရတော့ သူမေမေ့လက်ကို တအားဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

'မေမေ မေမေက ရွာနာမည်တောင် မေ့ပစ်ရလောက်အောင် စိတ်သောကတွေ ခံစားနေခဲ့ရတဲ့သူလေ။ မေမေ့ဝေဒနာနဲ့မေမေ မေ့နေတာ။ ကိုယ့်ကိုယ်ကို အပြစ်မတင်ပါနဲ့။ အခုခဏနေရင် ကျွန်တော်တို့အဖွားရွာကို ရောက်တော့မှာပါ မေမေရဲ့'

ကြေးဆိုင်သံဆိုင်ဆိုသည်မှာ ဈေးဆိုင်ခန်းများ၏ ထောင့်ခန်းလေး ဖြစ်သည်။ သံချိန်ခွင်များ ထယ်သွားများ၊ တံဇဉ်များကို

ရောင်းချသော ဆိုင်ဖြစ်သည်။ ထိုဆိုင်၏ဘေးနား လမ်းချိုးတစ်ခု ဆီတွင် ခေါင်းပေါင်းကိုယ်စီ ချည်ကွက်အပေါ်ဝတ်အနွေးထည်ကိုယ်စီဖြင့် ဈေးသည်တချို့ကို တွေ့ရသည်။ အစိမ်းကွက် ချည်တဘက်ကို ခေါင်းပေါ်ပတ်ပြီး တင်ထားသည့် သဘောကောင်းဟန်ရှိသော အမျိုးသမီးကြီးတစ်ယောက်ဆီသို့ သူချဉ်းကပ်သွားသည်။ အမျိုးသမီးကြီး၏ရှေ့မှ ခံတောင်းထဲတွင် အစိမ်းရောင် ပဲသီးတိုတို ပြားပြားတွေနှင့် ဖူးရွက်များ အပြည့်အမောက်။

'ဖူးရွက်တွေမှ နချက်တော် ငါးဆယ်ဖိုးဆို ဟင်းချိုတစ်ခွက်ရပေါ့ ဖူးရွက်ယူမလား ကလေး'

'ကျွန်တော် သိချင်တာလေးရှိလို့ပါခင်ဗျာ။ အဒေါ်က ကျမ်းကိုင်ကျွန်းကလား'

'အင်း ကျမ်းကိုင်ကျွန်းက'

'ဒေါ်လေးရှင်ကို သိလား'

'ဒေါ်လေးရှင်'
အဒေါ်ကြီး ခဏတွေ ဝေနေသည်။

'ဘယ်ရွာကလဲ'
'ကျမ်းကိုင်ကျွန်းကလေ'
'ကျမ်းကိုင်ကျွန်းက ရွာတွေ အများကြီးရယ်။ ဆယ့်တစ်ရွာတောင် ရှိတာ။ ဘယ်ရွာကလဲ'

သူမေမေ့ကို လှမ်းကြည့်လိုက်သေးသော်လည်း မေမေက ရွာအတိအကျကို ဘယ်လိုမှ မမှတ်မိနိုင်ဟု သူသိသည်။

'အဲဒါတော့ ကျွန်တော်မသိဘူး ခင်ဗျာ။ သူ့သမီးကတော့ မမိုးစွေတဲ့'

'အော် မိုးစွေဆိုရင် ပဲနွယ်ကုန်းကပေါ့'

သူ လိုက်ခနဲ ဝမ်းသာလျက် အသက်ရှူပင် မှားသွား၏။

'ဟာ အဒေါ်သိတယ်။ ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်။ အဲဒီ မမိုးစွေ အမေအခုရှိသေးလား'

'အေး ရှိသေးတယ်။ နေမကောင်းဘူးလို့ကြားတယ်'

ဘုရား ဘုရား။ သူ့ကိုယ်ပေါ် မေမေ့ကိုယ်ခန္ဓာ ယိုင်နွဲ့ကျလာသည်။ သူ မေမေ့ကို ပခုံးမှ ဖက်ပွေ့ကာ အသာထိန်းလိုက်ရ၏။

'စောစောကတောင် မိုးစွေသား ဖိုးတာကို တွေ့လိုက်သေးတယ်။ ပြန်ရောပေါ့။ မင်းတို့က မိုးစွေရဲ့အမျိုးတွေလား'

'ဟုတ်ကဲ့'

'အဒေါ်တို့ကဆူးလေကုန်းကကွဲ့တို့အပြန်မှာ လိုက်ချင်လိုက်ခဲ့လေ'

'ဘယ်တော့ ပြန်မှာလဲ ခင်ဗျာ'

'အို ဟင်းရွက်တွေ ကုန်ရင် ပြန်မှာပေါ့။ ကိုးနာရီလောက်'

သူလက်မှ နာရီကို ကြည့်လိုက်တော့ အခုမှ ခြောက်နာရီပဲ ရှိသေးသည်။

'ဟုတ်ကဲ့။ ကျွန်တော်တို့ပြန်လာခဲ့မယ်နော် ပစ္စည်းလေးတွေ သွားယူလိုက်ဦးမယ်။ မြင်းလှည်းနဲ့ သွားလို့ရလား'

'အို ကြံကြီးစည်ရာ မရဘူး။ လှည်းတော့ ရတယ်။ လှည်းဆိပ်က အနောက်တံတားဟိုဘက် ထိပ်မှာ။ လမ်းမလျှောက် နိုင်ဘူးလား'
'ကျွန်တော်တို့အထုပ်အပိုးတွေ ပါလို့ပါ ခင်ဗျာ'

မေမေ့ တစ်ကိုယ်လုံး နံ့ခွေကာ တုန်ယင်နေသဖြင့် သူတွဲပြီး လျှောက်လာရသည်။

'ကဲ မေမေ စိတ်အေးပြီ မဟုတ်လား။ ပဲနွယ်ကုန်းတဲ့။ အဘွားလဲ မသေဘူး။ နေမကောင်းတာတော့ ကျွန်တော်ကုပေးလိုက်ရင် ပျောက်သွားမှာပေါ့ နော် မေမေ'

မေမေ့အပြုံးက စိတ်လွတ်လက်လွတ် ကြည်ကြည်လင်လင် မရှိလှသော တုန်ချိချိ အပြုံးလေး။

'သားရယ် ကိုးနာရီထိမစောင့်ဘဲ သွားလို့မရဘူးလား'

'မေမေ မေမေလမ်းသိလို့လား။ နှစ်သုံးဆယ်တောင်စောင့်ခဲ့သေးတာ သုံးနာရီလောက်တော့ စောင့်လိုက်ပါနော် မေမေ။ သူတို့က အဘွားအိမ်ကို ညွှန်ပေးမှာ မေမေရဲ့။ နော်။ ကိုယ့်ဟာ ကိုယ်ဆိုရင် ဘယ်သွားလို့သွားရမှန်းမသိဘဲနေရာ'

'သောင်ခုံကြီးကို မြင်လိုက်ရင် မေမေမှတ်မိသွားမယ်ထင်ပါတယ်'

'မေမေ မေမေဘာမှလဲ မစားရသေးဘူး။ လဘက်ရည်ဆိုင်တစ်ခုခုမှာ ခဏနားပြီး မုန့်စားနေခဲ့။ ကျွန်တော် မေမေ့အတွက် လှည်းသွားရှာမှာပေါ့ လာမေမေ'

မကြာခင် မြင်တွေ့ရမည့် ကြည်နူးစရာ မြင်ကွင်းအတွက် သူ ကြိုတင်ရင်ခုန်နေမိသည်။

* * *

(၂၂)

မြစ်ကမ်းစပ်၏ရေနံ့ ။ ခြေဖြင့် ထိမိသည့်သဲပြင်စိုစို။ ကြည့်လေရာရာ သဲပြင်ဖုံးလွှမ်းနေသည့် မြစ်ကမ်းသောင်ပြင်။ သစ်ပင်ကြီးကြီးမားမား မရှိသည့် မြေနုကျွန်းကလေး။

လှေကလေးသည် သူတို့သားအမိနှင့်အတူ အခြားသော ဈေးအပြန်ရွာသူရွာသား လေးယောက်ကို တင်ဆောင်လျက် ခပ်ဖြည်းဖြည်း စတင်ထွက်ခွာသည်။

နေက ခေါင်းပေါ်တည့်တည့် မရောက်သေးသော်လည်း တော်တော်တော့ ပူနေပြီ။ သူတို့၏အရိပ်သည် လှေဝမ်းထဲတွင် ခပ်စောင်းစောင်းကျရောက်နေသည်။ ဈေးမှာ ကြုံခဲ့ရသော အတွေ့ အကြုံကို သူ့ထက်ငါဦးအောင် အလုအယက် ပြောနေကြသည်မှာ စုံလို့ ။

'တော့် ဘယ်နှပိဿာပါလာခဲ့တုန်း'

'လေးပိဿာခွဲလောက်ပါတော်'

'ဘယ်လောက် ဈေးရတုန်း'

'တစ်ပိဿာကို ရှစ်ရာ့ငါးဆယ်ရတယ်'

'တော်ပါ့ရော်။ ကျုပ်ဖြင့် ရှစ်ရာတောင် မနည်းတောင်းရတယ်'

'ကြုံတာနဲ့ သံတူရွှင်းလေး ဝယ်ခဲ့ပါတယ်။ ဈေးကြီးချက်တော်။ နှစ်ရာ့ငါးဆယ်တဲ့'

မင်းဉာဏ်သည် မြစ်ပြင်ကို တအံ့တဩ ငေးမောကြည့်ကာ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာ၏။ အော် သားကလေးခမျာ သူ့အမေရဲ့ ဇာတိဝန်းကျင်ကို အခုမှပဲ ရောက်ဖူးရတာပါလား ဟု မနှင်းမှုန် ကြင်ကြင်နာနာ ငေးကြည့်နေသည်။

သူတို့အား ဦးဆောင်လာသည့် ပဲသီးသည်က စပ်စု၏။

'မလေးရှင်ရဲ့ အမျိုးဆိုတော့ ဘယ်သူက မွေးတာတုန်း'

တိတ်ဆိတ်စွာထိုင်နေသောမိခင်ဘက်သို့ သားကလှည့်ကြည့်သည်။ မနှင်းမှုန်ကသူတို့နှစ်ယောက် ဆီမှ မျက်နှာလွှဲ လျက် မြစ်တစ်ဘက်မှာ ကျန်ခဲ့သော ခုတ်ဖြတ်ထားသလို မတ်လှသည့် တောင်ပြတ်တွေဆီသို့ ဖွတ်ပေစိုက်ပြီး ကြည့်လာသည်။ မဖြေနဲ့ ။ မနှင်းမှုန်သားလို့ မင်းမဖြေနဲ့ ။

မိမိကို မှတ်မိသူတွေ ဒီလှေပေါ်မှာ ပါမလာကြသည့်အတွက် စိတ်သက်သာမိသည်။ ရွာသို့ ရောက် ခါမှ သိပါစေတော့။ မင်းဉာဏ်ကလည်း အမေ့အရိပ်အခြေကိုကြည့်ပြီး မဖြေသင့်သေးဘူးဟု တွက်သည်။

လေ့ပေါ်မှာ ခရီးလမ်းမှာ မေမေ့ကို အေးအေးသက်သာ တည်တည်ငြိမ်ငြိမ်ပဲ ရှိစေချင်တယ်။
ထို့ကြောင့် စကားလွှဲပစ်လိုက်၏။

'ဒီနှစ်ကမ်းပါးပြိုသေးလားဗျ'

'ကမ်းပါးကတော့ နှစ်တိုင်းပြိုတာပေါ့ ဒီနှစ်တော့ တို့ရွာနဲ့လွတ်ပါတယ်။ မြစ်ကြောင်းက ကွေ့သွားပြီလေ'

'တော်တို့ရွာနဲ့လွတ်ပေမဲ့ ကျုပ်တို့ရွာနဲ့မလွတ်ဘူးတော့် နဲတဲ့ရေမှုတ်ဘူး။ တွဲဘက်စာသင်ကျောင်းရွှေ့လိုက်ရတာ ဥစ္စာ' တွဲဘက် စာသင်ကျောင်း။

ရွာအုပ်စုတစ်စုလုံးမှာ တွဲဘက်စာသင်ကျောင်းရှိသောရွာက မနှင်းမှုန်တို့ရွာပဲဟု မှတ်မိသည်။ ဒါဖြင့် ထိုအမျိုးသမီးက မနှင်းမှုန်တို့ရွာဘက်ကပေါ့။

မျက်နှာလွှဲထားရာက မသိမသာ လှည့်ကြည့်သည်။ မြင်ဖူးသလိုလို ရှိသော မျက်နှာ။
မျက်နှာကို စေ့စေ့ကြည့်မိတော့မှ မှတ်မိသွားသည်။ နေလောင်ထားသော ပါးပြင်နှစ်ဘက်ပေါ်မှ တင်းတိတ် ညိုညို ကွက်ကွက်တွေကို ဖြုတ်၊ နားထင်က ဖြူကြောင်ကြောင် ဆံပင် ကျိုးတိုးကျဲတဲ နေရာတွင် နက်မှောင်သော အုပ်လုံးသွင်းဆံတောက်ကို ဖြည့်ကြည့်လိုက်လျှင် အော် သူစိမ်းပြင်ပြင်မှ မဟုတ်ဘဲ။ ငယ်စဉ်က ကိုင်းထဲသွားဖော်သွားဖက် လေးတန်းအထိ ကျောင်းနေစဉ်က ရှေ့နောက်ထိုင်ခဲ့ရသော မခင်မြိုင်ပါလား။
မခင်မြိုင်သည် မိမိကို မမှတ်မိပေ။
ဘယ်မှတ်မိနိုင်ပါ့မလဲ။ ငယ်စဉ်က တုတ်တုတ်ခဲခဲ ကိုယ်ခန္ဓာသည် ယခုအခါ ပိန်သွယ်နေပြီကိုး။ နေပူစပ်ခါး ထွက်ခဲ့ရလွန်းသည့် အသားသည် ဘယ်တော့မှ ပြန်မစို ပြန်မဝင်းလောက်အောင် ခြောက်သွေ့ခဲ့ပြီထင်ပါရဲ့။ ရွာအပြန်မှာ မျက်နှာကို တတ်နိုင်သမျှ ကွယ်ဝှက်လိုသဖြင့် ပိုးစပုဝါကို နေကာသလိုလို ခြုံသိုင်းလိုက်သေးသည်ဆိုတော့ ခင်မြိုင် မိမိကို မမှတ်မိပေ။

လှေကလေးက ကွေ့ဝိုက်သွားနေရတာ ရောက်ပဲ မရောက်နိုင်တော့ပါလား။ ရွာကို ရောက်ချင်လှပါပြီ။ အမေ့မျက်နှာကို မြင်ချင်လှပါပြီ။ အမေ အံ့ဩတုန်လှုပ်သွားမည့် မျက်နှာကို မှန်းဆကာ ရင်တလှပ်လှပ်တုန်ရီလာသည်။

'အဲတော် ကိုရင်မှာလိုက်တဲ့ ဓာတ်ခဲ မေ့ခဲ့ပြီ'

'အဲဒါကြောင့် ငါပြောသားပဲ စာရင်းလေး တို့ထားပါဆို'

မခင်မြိုင်ကို ဘေးက အဖော်မိန်းမက ဝင်အပြစ်တင်၏။
ကမ်းစပ်သို့ လှေဆိုက်တော့ သောင်ခုံအမြင့်တစ်နေရာမှ တဲကလေးတစ်ခုဆီသို့ ပဲသီးသည်ကြီးက လှမ်းကြည့်သည်။

'ဟောဟိုက ဒေါ်လေးရှင်ရဲ့မြေးပါတော်။ လုံးပုရေ နင့်အဘွားကို တွေ့ဖို့တဲ့ မြို့ကဧည့်သည် ပါသတဲ့'

ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးမလေးတစ်ယောက် သူတို့လှေရှိရာသို့ ပြေးဆင်းလာသည်။ သူတစ်ခါမှ မမြင်ဖူးသော မြို့က ဧည့်သည်အစ်ကိုကြီးကို ပြုံးပြုလျက် ကြိုဆိုလိုက်၏။

'လာပါ အစ်ကို'

'ညီမလေး အဘွားနေကောင်းလား'

'သိပ်တော့ မကောင်းဘူး'

ခင်မြိုင်ဟု နှုတ်ဆက်ချင်သည့်နှုတ်ခမ်းကို မနှင်းမှုန်က ပြန်ထိန်းချုပ်လိုက်၏။ နေပါစေဦးလေ။ ခဏအကြာမှာတော့ တစ်ရွာလုံး သိတော့မှာပါပဲ။ အဲသည်အချိန်ကျမှပဲ သိပါစေတော့။ ရသမျှ အချိန်ကလေးကို ဆွဲထားချင်သေးသည်။ ခင်မြိုင်သည် မနှင်းမှုန်ကို သူစိမ်းအမျိုးသမီးအဖြစ် တစ်ချက်သာ ကြည့်လျက် လှေပေါ်မှ ဆင်းသွားသည်။
'လာ မေမေ'

မင်းဉာဏ်က အရင်ဆင်းလျက် ဖေးကူလက်တွဲခေါ်သည်။

လှေပေါ်ကနေ သည်ကမ်းစပ်ကို လှမ်းခနဲ ခုန်ပျံဆင်းလိုက်သည့် မိန်းကလေးငယ် နှင်းမှုန်ကို သူမ မြင်ယောင်လာ၏။ အဖေ့ပုဆိုးကွက်လေးကို ခေါင်းပေါင်းပေါင်းလို ့ပေါ့။ ထမီက ခြေသလုံးတစ်ဝက်တောင် မရောက်အောင် တိုသည်။ တိုမှ ဖြစ်မည်။ ရေထဲဆင်းပြီးမှ သဲပြင်ပေါ်တက်ရသည် မဟုတ်လား။

အခုတော့ တွဲလာသော သားလက်ကို အားပြုဆုပ်ကိုင်လိုက်လေသည်။
လှေပေါ်မှ ဆင်းလိုက်သည်နှင့် ခြေထောက်က မြစ်ရေပြင်ထဲသို့ရောက်သွားသည်။ နေပူပူမှာ ဖြစ်ပေမဲ့ ရေက အေးမြလှသည်။ ရင်ထဲမှာ ဒိတ်ခနဲ တုန်သွားသည်မှာ အေးမြသော ရေကြောင့် မဟုတ်ပါ။ ကြောက်လန် ့နာကျင်မှုတွေ ကုန်လွန်ခဲ့ပြီဟု ထင်ထားခဲ့သည်မှာ တော်တော် မှားပါလား။ နှစ်ပေါင်း သုံးဆယ်နီးပါး ချန်ထားရစ်ခဲ့သော အတိတ်သည် ယခုအခါ မျက်စရှေ့မှောက်သို့ တစ်ဖန် ပြန်ရောက်လာခဲ့လေပြီ။

'မေမေ နေကောင်းရဲ့လား'

မိခင် မျက်နှာကို အရိပ်လို ကြည့်နေခဲ့သည့် မင်းဉာဏ်က စိုးရိမ်စွာ မေးသည်။
မနှင်းမှုန် ခေါင်းပဲ ညိတ်ပြလိုက်သည်။

တကယ်တော့ သူမ နေမကောင်းပါ။ တော်တော်ကို နေလို့မကောင်းပါ။ ကတုန်ကယင် ခြေမခိုင် ယိုင်နွဲ့နေသည်မှာ ပောသည် မြစ်ကြောင်းခွဲလေးထဲသို့ရောက်အောင် သဲသောင်ပြင်ကြီးကို လှည်းဖြင့် ဖြတ်သန်းလာကတည်းကပေါ့။

'မေမေ ဘာမှ စိတ်မပူနဲ့။ ကျွန်တော် မေမေ့ရှေ့မှာ ရှိနေတယ်နော် မေမေ'

'အေးပါကွယ်'

သားကို ခပ်နွမ်းနွမ်းအပြုံးဖြင့် ပြောလိုက်ရသော်လည်း သူမသည် ဒဏ်ရာအနာပေါ်တစ်ခုခုနှင့် ထိခိုက်မိမှာစိုးနေသည့် ကြိုတင်နာကျင်မှုမျိုးကို ခံစားနေရသည်။

'အိတ်တွေ ကျွန်မ သယ်ခဲ့မယ်လေ'

ကလေးမလေးက မင်းဉာဏ်ဆီက အိတ်တွေကို ဆွဲယူဖို့ပြင်သည်။

'ဟာ နေနေ ညီမ ဒီအဒေါ်ကိုသာ တွဲလိုက်နော် အစ်ကို နိုင်တယ်'

ရေပြင်ထဲမှာ ခြေသုံးလေးလှမ်း လျှောက်ရပြီးမှ ကမ်းစပ်ကုန်းမြင့်ဆီ ရောက်သည်။ လှမ်းနေကျ ခြေထောက်တွေကတော့ သောင်ခုံ စိုက်ခင်းစိမ်းတွေဆီပင် ရောက်သွားကြပြီကို မြင်ရ၏။ ခြေလှမ်းအတက် လှမ်းမော့အကြည့်မှာ သဲမြေကုန်းမို့ပေါ်မှ တစ်ထွာခန် ့သာ မြင့်သေးသည့် ပဲခင်းများကို မြင်ရသည်။ အဲသည်ပဲခင်းကို လွန်မှ ရွာကို ရောက်မည်။ ရွာက တစ်ခေါ်လောက်ဝေးသေးသည်။ မခင်မြိုင်တို ့က ခပ်သုတ်သုတ် လျှောက်နိုင်သဖြင့် မျက်စိအောက်ကနေ ပျောက်သွားပြီ။

ပဲခင်းတွေကို နယ်နမိတ်ခြား ကာရံထားသော ကိုင်းပင်ဖြူဖြူရှည်ရှည်တို ့ဟိုခါသည်ရမ်း ယိမ်းနွဲ ့ နေကြသည်။

သည်မြေကို ဘယ်တော့မှ ခြေမချတော့ဘူးဟု သူမ ဆုံးဖြတ်ချက်ချခဲ့သည်။ ဘယ်တော့မှ ပြန်မလာပါဘူး။ သေသည်အထိ သူတို့ ငါ့ကို မမြင်စေရပါဘူး။ အဲသည်လိုပင် အရှုံးပေးထွက်ပြေးခဲ့သူပါ။
အခုတော့ဖြင့် ရွာအဝင် ရေအိုးစင်ကိုတောင် လှမ်းမြင်နေရပြီ။ ရေစိမ့်ပြီး စိုလက်နေသော သဲအိုးနှစ်လုံး၏အောက်ခြေစင်ပေါ်မှ စိမ်းဖန့် ဖန့် စပါးပင်ပေါက်လေးတွေ စိုက်ထားသည့် ရေချမ်းစင်ကို မနှင်းမှုန် မှတ်မိသွားသည်။ ငယ်စဉ်တုန်းက ဆာလောင်စွာ သောက်ခဲ့ဖူးသည့် ရေချမ်းစင်လေး အခုထိ ရှိနေသေးပါလား။
ရွာအဝင် ဂိတ်တံခါးသည် နဂိုကတည်းက တံခါးရွက်မရှိသော သစ်လုံးတိုင်မှခ်ဦးသက်သက် ဖြစ်သည်မို့ အထူးဖွင့်စရာ မလို။ သူတို့ သုံးယောက် အတူယှဉ်လျက် လျှောက်လာခဲ့သည်။ ဂိတ်ကလွန်သည့်အခါ ရွာအဝင်လမ်း။

သပိတ်ကိုယ်စီပိုက်ထားသည့် ဘုန်းကြီးနှစ်ပါး ခြံဝင်းတစ်ခုထဲမှ ထွက်လာကြသည်။ ဘုန်းကြီးတို့၏သပိတ်ဖုံးပေါ်တွင် ငှက်ပျောသီးနှစ်လုံးစီတင်ထားတာ တွေ့ရ၏။
ရှေ့မှ အပြေးလာနေသော လူငယ်လေးတစ်ယောက်။ သူနှင့်အတူ ဖုန်တထောင်းထောင်း ပါလာသည်။ ရှေ့ကလူတွေ ပြောလိုက်ပြီထင်ပါရဲ့။

'ကိုဖိုးတာ အစ်ကို့ ဆီက အိတ်တွေ သယ်ပေးလိုက်'

ဒါ မိမိ၏ညီဝမ်းကွဲလေး ဖြစ်မည်ဟု မင်းဥာဏ် သိသည်။ ကောင်လေးက သူ့ ထံမှ အိတ်နှစ်လုံးကို ဆွဲယူလိုက်သည်။

'မမိုးစွေ ငယ်ငယ်က ရုပ်ပဲ အစ်မမိုးသားလား'

'ဟုတ်တယ်ဗျ။ ရောက်ပြီ။ ဟောဟို အိမ်ပဲ'

မနှင်းမှုန် မမှတ်မိသော အိမ်တစ်အိမ်ဆီသို့ သူက ညွှန်ပြနေသည်။ ခြေတံရှည်ရှည် အိမ်အိုဟောင်းဟောင်း။ ခွေးတစ်ကောင်က ဆီးဟောင်လေသည်။

* * *

(၂၃)

ခြေတံရှည် အိမ်သည် ခြံစည်းရိုးမရှိဘဲ သဘော်မန်ကျည်းနှင့် သဘော်ကြက်ဆူပင်များဖြင့်သာ ဝိုင်းပတ်ကာရံထားသည်။ သဘော်မန်ကျည်းပင်လည်း ခေါ် ကုလားမန်ကျည်းပင်လည်း ခေါ်သော အပင်များကို မြင်သည့်အခါ မနှင်းမှုန်သည် သူမတစ်ခါတုန်းက စီးခဲ့ဖူးသည့် ခြေညှပ်သစ်သားခုံဖိနပ်များကို သတိရသွားသည်။ အိမ်ဝင်းထဲအဝင်မှာတော့ ပုံစံမပြောင်းလဲသေးသည့် ဖိနပ်များကို လှေကားခုံမှာ သုံးလေးရံ စုပုံလျက် တွေ့ရသည်။

'ဘယ်ကလာတဲ့ ဧည့်သည်တွေတုန်း'

အစိမ်းနှင့်အနီကွက် ချည်ကြမ်းခေါင်းပေါင်းကို ခေါင်းမှာ ပေါင်းထားသည့် အသက်ငါးဆယ်အရွယ် မိန်းမတစ်ယောက်က လှေကားခုံဖိနပ်ချွတ်မှာ မတ်တပ်ရပ်လျက်က ကြိုဆိုသည့်အခါ မနှင်းမှုန်သည် ထိုမိန်းမဆီသို့ ခပ်ဆုတ်ဆုတ် တိုးကပ်သွားသည်။

'အစ်မမိုး'

အစ်မမိုးဟု ခေါ်လိုက်သူ ဧည့်သည်အမျိုးသမီးကို မမိုးစွေက အလန့်တကြား ငုံ့ကြည့်၏။ လောကကြီးတစ်ခုလုံးမှာ သူကို အစ်မမိုးဟု ခေါ်သူသည် တစ်ယောက်တည်း ရှိသည်။ အဲသည်တစ်ယောက်ကို သေပြီဟုပင် သူထင်ထားခဲ့သည်။

'ဟင် ညည်း ဘယ်သူလဲ'

ပိန်ပိန်သွယ်သွယ် ဆံထုံးမြင့်မြင့် မြို့သူအပြင်အဆင်နှင့် မိန်းမကို ကြည့်ရင်း ပြည့်ဖြိုးသော နှုတ်ခမ်းအစုံး ဝိုင်းစက်မဲမှောင်သော မျက်လုံးအစုံကို မှတ်မိသွားသည့်အခါ ကြောင်အသွား၏။

'ကျွန်မ နှင်းမှုန်'

'ဟော့တော်'

မမိုးစွေသည် စကားတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ပြူးကျယ်သောမျက်လုံးများဖြင့် ခပ်ကြာကြာ စိုက်ကြည့်နေရာမှ လှေခါးပေါ်သို့ တဒိုင်းဒိုင်း ပြေးတက်သွားသည်။

'အမေ အမေ။ အမေ့သမီး နှင်းမှုန်ရယ်တော့'

သားသည် လက်ဆွဲအိတ်နှစ်ခုကို မြေပြင်ပေါ်သို့ လွှတ်ချပစ်လိုက်ရသည်။ မျက်ရည်တွေ ကျလျက် ယိမ်းယိုင်သွားသော မိခင်ကို လှေကားအတက်တွင် တွဲပွေ့ရန် ဖြစ်သည်။
လှေကားထစ်သည် လူနင်းပါများသဖြင့် ချောမွတ်ပြောင်လက်နေသော ခပ်ဖြူဖြူ သစ်သားပြားများ ဖြစ်သည်။ ကျွန်းလှေခါး မဟုတ်။ ရွာတွေမှာ သုံးလေ့ရှိသော ရရာသစ်သား လှေခါးဖြစ်သည်။ လှေခါးပေါ်သို့ လူတက်သည့်အခါ အိမ်သည် သိမ့်ခနဲ သိမ့်ခနဲ လှုပ်သွားလေသည်။

လေ့ခါးတက်တက်ချင်း မျက်နှာချင်းဆိုင်လိုက်ရသည်က အိမ်နံရံမှ တစ်ပေခွဲလောက် အပြင်ထုတ်ထားသော ဘုရားစင်ဖြစ်သည်။ ဝါးကြမ်းခင်းပေါ်မှာ ဖျာကြမ်းများခင်းထားသော်လည်း ဖျာလွတ်သည့်နေရာတို့တွင် ဝါးခြမ်းများ စီရီလျက် နီးဖြင့်တွဲထားသည်ကို မြင်ရသည်။

အမေ ဘယ်မှာပါလိမ့်။

ရှာဖွေသော မျက်စိက လေ့ကားထိပ်တစ်ဘက်ခြမ်းရှိ အိမ်တွင်းခန်းဆီသို့ ရောက်သွားသည်။ ပွင့်ရိုက်ချည်ထည်ပါးပါးခန်းဆီးကို ဖြတ်လျက် မြင်နေရသည်က ခြင်ထောင်ပါးပါးအတွင်းမှ လဲလျောင်းနေသော ဂွမ်းစောင်စင်းကြားခြုံထားသည့် သဏ္ဌာန်တစ်ခု။ မနှင်းမှုန်၏ရင်ထဲဆို့နင့် တင်းကျပ်သွားခါ ဘယ်သူကမှ မဖိတ်ခေါ်ပါဘဲ အခန်းဝင်ပေါက်အောက်ခြေတန်းကလေးကို ကျော်လိုက်ပြီး အတွင်းသို့ဝင်လိုက်မိသည်။
ဖျာလွတ်နေသည့်ကြမ်းပြင်သည် ခြေဖဝါးတွင် ကြမ်းရှလှပါတကား။
သားက တွဲထားပါလျက် မနှင်းမှုန်သည် ခြင်ထောင်ဘေးသို့လွှင့်ခနဲ ယိုင်ရင်း ထိုင်ကျသွားသည်။
ခြင်ထောင်ဘေးမှာ ဒူးထောက်ထိုင်နေသော မမိုးစွေသည် လူမမာကို လှုပ်ခါလှုပ်ခါ စကားပြောနေသည်။

‘အမေ့သမီး မသေလောက်ဘူးဆိုတာ တကယ်မှန်နေပါပေါ့လား။ အခု အမေ့ဘေးမှာ ရောက်နေတာ အမေ့သမီးတဲ့အမေ။ ကြည့်ပါဦး အမေမြင်ရလား’

လူမမာသည် အရိုးပေါ်အရေတင် ပိန်လှီးလှ၏။ အားစိုက်ပြီး ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်သော မျက်လုံးတို့သည် မနှင်းမှုန်တမ်းတနေကျ ခွန်အား အပြည့်မျက်လုံးများ မဟုတ်ကြတော့ပေ။

‘နှင်းမှုန်လား’

နှစ်ပေါင်းများစွာ ကြာသွားပေမဲ့ အမေ့အသံက လုံးဝမပြောင်းလဲပါလား။ အိပ်မက်တွေထဲမှာ ခဏခဏကြားနေရသည့်အမေ့အသံ။
သည်ဘဝမှာဖြင့် မကြားရတော့ဘူးဟု ထင်ထားခဲ့သော အမေ့အသံကို ကြားလိုက်ရသောအခါ မနှင်းမှုန် မျက်ရည်တို့ကပါးပြင်ပေါ်သို့ အဆက်မပြတ် လိမ့်ဆင်းကျလာလေသည်။

‘ဟုတ်တယ် အမေ’

အသံက တိုးတိမ်လွန်းသဖြင့် ကိုယ့်ဟာကိုယ်တောင် မကြားရ။ အမေကြားပါ့မလား။
အရောင် မှိန်ဖျော့ခဲ့ပြီဖြစ်သော အမေ့မျက်လုံးတို့သည် စကားသံလာရာသို့ မှန်းဆရှာဖွေဟန် ရှိသည်။ အမေ မမြင်ရဘူး။ မနှင်းမှုန်သိလိုက်သည်။ မနှင်းမှုန်က မိမိလက်ဖြင့် အမေလက်ကို အသာဆုပ်ညှစ်လိုက်သည့်အခါ အမေက ထိုလက်ကိုပြန်ဆုပ်ညှစ်ထားလိုက်လေသည်။ ဖျစ်ညှစ်ထားပုံက မြဲမြံလှသဖြင့် မနှင်းမှုန် လိုဂ့က်ခနဲ အံ့ဩဝမ်းသာသွားသည်။ အမေ့နှုတ်ခမ်းတို့က မပွင့်တပွင့် ဟာကာ လှုပ်လာပြီး တော်တော်ကြာမှ တိုးဖျော့၊ အားယူသော လေသံလေး ထွက်လာသည်။

‘အမေ စောင့်နေတာ ကြာပြီ’

တစ်လုံးချင်း ပြောသောစကားသံအဆုံးမှာတော့ မနှင်းမှုန်သည် မိခင်၏လက်ကို မျက်နှာမှာ အပ်လျက် ရှိုက်ငိုတော့သည်။

‘အမေ’

ကျုပ်မလာရဲလို့ပါအမေရယ်။ အမေ့ဆီကို ကျုပ်ညတိုင်း ပြန်ပြန်လာကြည့်ပါတယ်။ မရောက်လာခဲ့တာ တစ်ခုပါပဲ။

‘ကလေး ကလေးရော’

အမေသည် မိမိ၏ကိုယ်ဝန်ကို သတိရနေခဲ့သည်ပါလား ဟု သိလိုက်ရသည့်အခါ ရင်ထဲမှ ဆို့နစ်နာကျင်မှုက တရိပ်ရိပ် ဝေဒနာသည်းလာ၏။

'ရှိတယ် အမေ အမေ့မြေးကြီး ရှိတယ်။ အခု အမေ့အနားမှာပါပဲ'

'ဟင်'

'သား ဘွားဘွားလက်ကို ဆုပ်လိုက်ပါဦး'

သားက ဘွားအေ၏အရိုးပြိုင်းပြိုင်း အကြောတွန့်လိမ်နေသည့်လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်နှုတ်ဆက်သည်။

'ဘွားဘွား'

'ဘုရား ဘုရား'

တတွတ်တွတ် ရေရွတ်နေသော ခြောက်သွေ့ညိုးနွမ်းသည့် နှုတ်ခမ်းအစုံကို စောင့်ငေးနားထောင်ရင်း မနှင်းမုန် တလှပ်လှပ် မောပန်းလာသည်။ အမေရယ်။

အမေ့နှုတ်ခမ်းဆီမှ မကြည့်ရက်သဖြင့် မျက်နှာလွှဲလိုက်မိတော့ ခေါင်းရင်းထရံမှာ ပုံကြီးချဲ့ပြီး မှန်ဘောင်သွင်းထားသည့် ဓါတ်ပုံတစ်ပုံကို တွေ့ရသည်။ ရှိုက်ငိုမိတော့မည့် အသံကို ဖွတ်အတင်း ထိန်းချုပ်မျိုချပစ်လိုက်ရသည်။

ရွာဦးကျောင်း ဆွမ်းလုံးချပွဲတုန်းက အဝတ်သစ်တွေဖြင့် ရိုက်ထားခဲ့သည့် မိမိဓါတ်ပုံလေး။ မိမိတစ်ခါမှ မမြင်ရသေးသည့် ဓါတ်ပုံ။ ထိုဓါတ်ပုံထဲတွင် အနာဂတ်ကို ဘာမှ ကြိုစဉ်းစား မကြည့်မိသည့် နှင်းမုန်က အားရပါးရ ပြုံးလို့ပါလား။

* * *

(၂၄)

'မိုးစွေ ရေ အေ မိုးစွေ'

အိမ်ရှေ့ခြံဝင်းဆီက ခေါ်သံကြောင့် မင်းဥာဏ်ပြတင်းမှ အောက်ငုံ့ကြည့်လိုက်သည်။ အဘွားကြီးတစ်ယောက် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို လက်ကကိုင်လျက် အိမ်ဝင်းထဲသို့ ဝင်လာသည်။

'မေမေ အောက်မှာ ဧည့်သည်လား မသိဘူး မိုးစွေလို့ခေါ်နေတယ်' သူ အိမ်ခန်းထဲသို့ ဝင်ပြီး အသိပေးလိုက်သည်။

'ဟုတ်လား ဘယ်သူများပါလိမ့်'

'မိုးစွေ'

'တော်'
'နှင်းမှုန်ရောက်တယ်ကြားလို့ ဟုတ်ကဲ့လား'

အဘွားကြီးက အောက်မှ လှမ်းအော်မေးနေ၏။

'ဘယ်သူတုန်း အစ်မမိုး'

'ဒွေးမှန်လေ'

'ဒွေးမှန်'

'အေးညို အမေရယ်လေဟယ်။ ဟုတ်တယ် ဒွေးမှန်ရေ ရောက်လို့တော့'

အော်ဟစ်ပြောရင်း မမိုးစွေ အခန်းထဲမှ ထွက်သည်။ ပြီးမှ တစ်ခုခုကို သတိရသွားသလို မနှင်းမှုန် ဘက် လှည့်ကြည့်၏။

'ဟုတ်ပါ့ရော မေ့နေလိုက်တာ ငါ့နှယ်။ အေးညိုရော'

'ဟင်'
'အေ မိုးစွေ ငါတက်ခဲ့မနော်'

'လာလာ'
မမိုးစွေ အပြင်သို့ရောက်သွားသည်။

အေးညိုအမေတဲ့။

အိမ်ပေါ်သို့ တက်လာသော အဘွားကြီးသည် မနှင်းမှုန် မှတ်မိနေသော ဒွေးမှန် မဟုတ်တော့ပေ။ ဆံပင် ဖြူဖြူ ကျဲကျဲ ၊ ရေ့သွားနှစ်ချောင်းကျိုးနေပြီး ချည်ကြမ်းရောစောင်ကို ပခုံးပေါ်မှာ သိုင်းခြုံထားသည့် အဘွားကြီးသည် အိပ်ခန်းထဲမှ ထွက်လာသော မနှင်းမှုန်ကို မျက်လုံးပေါ်မှာ လက်ကာမိုးလျက် မျက်စိမှေးစင်းရှုံ့ကြည့်သည်။

'နှင်းမှုန်လားဟဲ့ ညည်းတို့ အေ နေ နေနိုင်လွန်း။ စာမလာ သတင်းမကြား။ အေးညိုပါလာသလား'

ထိုမေးခွန်းကြောင့် မနှင်းမှုန် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

'ရှင်'

'အေးညိုရောလို့'

'မသိဘူးလေ'

'ဟော့တော့် အေးညို ညည်းနဲ့ ပါသွားတာမဟုတ်လား'

'အို မဟုတ်တာ ကျွန်မနဲ့ ဘာဆိုင်လို့ လဲ'

'ဟဲ့ ဘယ်လို ဖြစ်ကုန်တာတုန်း ဘုရား ဘုရား'

အဘွားကြီး တုန်တုန်ခိုက်ခိုက် ဖြစ်ကာ အိမ်တိုင်ကို မှီလိုက်လေသည်။

'ဟုတ်ရဲ့ လား နှင်းမှုန်ရယ်'

'အေးညို အေးညို ရွာမှာ မရှိဘူးလား'

'အေးညိုရွာမှာ မရှိတော့တာ နှစ်နှစ်ဆယ်ကျော်ပြီ အေ့။ ငါက ညည်းနဲ့ တော့ ပါသွားပြီ။ တစ်အိုးတစ်အိမ် ထူထောင်နေကြပြီ ထင်နေတာ။ ညည်းထွက်သွားတဲ့ ညကတည်းက အေးညိုလည်း မရှိတော့တာလေ။

အဘွားကြီးစကားအဆုံးတွင် တစ်အိမ်လုံး ခဏတိတ်ဆိတ်သွားသည်။
မင်းဉာဏ်သည် ရွာရောက်ကတည်းက မိခင်မျက်နှာကိုသာ အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက် ကြည့်နေခဲ့သူ ဖြစ်သဖြင့် မျက်နှာတဖြည်းဖြည်း ညိုးနွမ်းလာသည်ကို သတိထားမိသည်။ သူ မေမေ့ အနားသို့ ကပ်သွားလိုက်၏။

'ငါ့သားကို ငါစောင့်ခဲ့တာ နှစ်နှစ်ဆယ်တောင် ကျော်ပါပြီ။ ဒါဖြင့် အခု သူဘယ်မလဲ။ ငါ့သား ဘယ်မလဲ'

အဘွားကြီးက ကူကယ်ရာမဲ့ဟန်ဖြင့် မေးသည်။

အားလုံး ဘာမှမဖြေနိုင်။ ဒွေးမှန်ကိုသာ ငေးနေမိကြ၏။

ကမ္ဘာကြီးမှာ ကိုယ်ကိုယ်တိုင်တောင် မသိလိုက်ဘဲ ကိုယ့်ဘဝက တခြားဘဝတစ်ခုနဲ့ ချိတ်ဆက် နေတတ်တာတွေ ဆက်ဖော်ထုတ်စရာတွေ ရှိနေတတ်ပါလား။

* * *

(၂၅)

မြစ်ကမ်းပါးလှေဆိပ်သည် လူသူမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ သက်ရှိသတ္တဝါဆိုလို့ ကမ်းစပ်ကိုင်းတော အပင်တွေကြား နိမ့်နိမ့်လေး ပျံသန်းသွားသည့် ငှက်တို့ ပဲ ရှိသည်။ ရေပြင်သည် ကမ်းစပ်မှာ လှိုင်းမရှိဘဲ ငြိမ်သက်နေသဖြင့် အောက်ခြေက သဲပြင်ကိုပင် ထွင်းဖောက် မြင်နေရသည်။ ကမ်းဦး သဲပြင်မှာ လှေနှစ်စင်း ရှိသည်။ လှေများကို သောင်ပြင်မှာ စိုက်ထားသည့် ငုတ်တွင် အုန်းဆံကြိုးဖြင့် ချည်နှောင်ထား၏။
မျက်စိရှေ့တွင် အရှေ့ဘက်ကမ်း ရေနံချောင်းဆီကို စိမ်းမြမြမှုန်မှုန် လှမ်းမြင်ရသည်။

'မြစ်ကြောင်းက အခုလိုနွေရာသီမှာ ကျဉ်းကျဉ်းလေးပေါ့။ ဝါဆိုဝါခေါင် မြစ်ရေတက်ချိန်မှာဆိုရင်တော့ လှိုင်းတွေ တဝုန်းဝုန်းနဲ့ မြစ်ပြင်ကြီးဟာ ကမ်းမမြင်ရလောက်အောင် ကျယ်တယ်'

မနှင်းမှုန်က ရေစပ်သဲပြင်စိုစိုမှာ မတ်တတ်ရပ်လျက် ငေးရင်း ပြောနေသည်။

'ဒီနေရာမှာ အခု မေမေရပ်နေတဲ့အခါ မေမေနဲ့အတူရှိနေစေချင်လိုက်တာလို့ တစ်ယောက်ယောက်ကို မေမေသတိရသွားမိလား။ အဲဒါ ဘယ်သူလဲမေမေ'

ပညာသားပါလှသော သား၏စကားကို မနှင်းမှုန်က မနဲစဉ်းစားပြီး အဓိပ္ပါယ်ဖော်ယူရ၏။ အဓိပ္ပါယ်ကို သိသွားသောအခါ မချိတင်ကဲ ပြုံးမိလေသည်။

'ကျုပ် ဘယ်သူ့ကိုများ သတိရစရာ ရှိသေးလို့လဲ'

'မေမေကလဲ ရှိမှာပေါ့။ ဥပမာ ကိုအေးညို'

မနှင်းမှုန်၏မျက်လုံးများ မှုန်ရီဝေသွားသည်။

'ကျုပ်အနားမှာ သူ့ကိုရှိစေချင်တဲ့ အချိန်တွေက ကုန်ခဲ့ပေါ့'

'သူအခု ဘယ်ရောက်နေလဲဟင်'

မင်းဥာဏ်က မျက်စိအောက်က မြစ်ကြောင်း အလွန်မှ သဲသောင်ခုံကြီးကို ကြည့်ရင်း မြစ်ရေကြီးချိန် ကို စိတ်မှန်းဖြင့် မြင်ယောင်ကြည့်သည်။ သံလွင်မြစ်ကြီးကို ခဏခဏ ဖြတ်သန်း ခဲ့ဖူးတာမို့ဧရာဝတီဖြစ်ပြင်ကျယ်ကြီး၏ မိုးကာလရေပြင်လှိုင်းများကို မြင်ယောင်လာသည်။

'မေမေ ဒီရွာကနေ တိတ်တိတ်လေးထွက်တဲ့ညက မြစ်ပြင်မှာ လှိုင်းတွေ ထန်လိုက်တာ'

'မေမေ အဘွားမသိအောင် ဘာဖြစ်လို့ထွက်သွားတာလဲ'

'မနေနိုင်တော့လို့ ပေါ့ သားရယ်။ မေမေထွက်သွားရတာ အကြောင်းနှစ်ကြောင်း ရှိတယ်သား။ တစ်ခုက အသွားစိတ်ဆင်းရဲတာ မကြည့်ရက်လို့ နောက်တစ်ခုက အေးညိုကြောင့်'

မေမေ့ အသံတွင် အတိတ်ကို ပုံဖော်သည့် လွမ်းဆွတ် နာကျင်မှုများကို ခံစားလိုက်ရသည်။

* * *

(၂၆)

တစ်ည အိမ်သို့ မမျှော်လင့်ဘဲ မစိုးကြီး ရောက်လာသည်။
တစ်ခါမှ အိမ်သို့ မလာဖူးသော မစိုးကြီး အိမ်ထဲ ဝင်လာချိန်က အမေက လက်နိပ်တုံကင်မှ ရေခပ်နေခိုက် ဖြစ်သည်။ မှောင်မှောင်မဲမဲနှင့်မို့ မစိုးကြီးမှန်းမသိပေ။ လူရိပ်တော့ မြင်သည်။ ဘယ်သူမှန်း မသိ။
အိမ်မှာ ရေနံဆီကုန်နေသဖြင့် မီးထွန်းမထားရသေး။ ရေနံဆီသွားဝယ်သော နှင်းမှုန်ကို စောင့်နေကြချိန်ဖြစ်သည်။

'ဘယ်သူလည်း ခင်မြိုင်လား'

အမေက အသံပေးတော့လည်း အရိပ်က မဖြေ။ အိမ်ထဲသို့ သာ စွတ်ဝင်သွား၏။

'စံလှ စံလှ ထွက်ခဲ့စမ်း'

လှေကားရင်းမှာ ခပ်ကျယ်ကျယ် လာအော်တော့မှ မခင်မြိုင်မဟုတ်မှန်း အမေသိသည်။ မစိုးကြီးဟုလည်း မသိသေး။

'ဟဲ့ ဘယ်သူတုန်း ဘယ်အကောင်နာမည် လာခေါ်နေတာတုန်း'

ဒေါသဖြင့် ဟစ်အော်လိုက်၏။ အနားတိုးကပ်သွားတော့ အမှောင်ထဲမှာ မျက်မှန်းတန်းမိသော မျက်နှာတစ်ခု။

'ကျုပ်ယောကျ်ား ဒီလာသလားလို့ '

'အလိုတော် စော်စော်ကားကား'

အမေ့နှုတ်ခမ်းတို့မှ ထိုစကားသာလျှင် တုန်ခိုက်စွာ ထွက်လာခဲ့သည်။

'တော့် သမီးရော'

အမေ့ရင်ထဲမှာ ပူလောင်နာကျင်သွားသည်။ မေးခွန်း၏အဓိပ္ပါယ်က စံလှနှင့်ပဲ သမီးပြန်ဆက်နေ သလိုလို။ စော်ကားလှသော မေးခွန်းကြောင့် ဒေါလေးရှင်သည် မစိုးကြီးကို လှေကားခုံမှာ ထောင်ထားသော သံတုတ်ဖြင့် ရိုက်ချပစ်လိုက်ရမလားဟု စဥ်းစားသည်။
ထိုအချိန်မှာပင် နှင်းမှုန်တစ်ယောက် ရေနံဆီပုလင်းလေး လက်ကကိုင်လျက် အိမ်ထဲ ပြန်ဝင်လာသည်။

'ဟင်'
မစိုးကြီးမှန်းသိတော့ နှင်းမှုန် ခဏခဏ ကြောင်အသွားသည်။
သူ ဘာလာလုပ်တာလဲ။ ထူထူပူပူဖြင့် အမေ့အနားသို့ ကပ်သွားသည်။

'အမေ ဘာဖြစ်လို့ လဲ'

တစ်ခုခု ထူးခြားလျှင် အမေ့ကို ကာကွယ်ဖို့အဆင်သင့် အနေအထား။

'မိနင်းမှုန် မစိုးကြီးက သူ့လင် ဒီလာသလားတဲ့'

'ဘာ'
ပထမတော့ ပူထူလျက် နွေးသွားသော နှုတ်ခမ်းအစုံက ဘာစကားမှ မထွက်လာ။ အခြေအနေကို ရိပ်မိသွားသော မစိုးကြီးက သူမှန်းဆချက် လွဲပြီဟု သိလိုက်ကာ အပြင် ပြန်ထွက်သည်။ မစိုးကြီး ပြန်ထွက်တော့မှ နင်းမှုန်က ရေနံဆီပုလင်းနှင့် ပေါက်ဖို့ အပြေးလိုက်သည်။

'ဟဲ့ သမီး မလုပ်နဲ့'

အမေက ဆွဲထားသည်။

'အမေရယ် စော်ကားလွန်းလို့ပါ'

'ယောကျ်ားရှားလွန်းလို့ ငါ့လင်ကိုခိုးတဲ့ ကောင်မကများ'

ဟု မကြားတကြား ရေရွတ်သွားပေမဲ့ အမေကတော့ ကြားလိုက်သည်။ ထိုစကားအဆုံးတွင် အမေတင်းဆည်ထားသမျှတွေ လျော့ကျကာ မာန်ချလိုက်တော့သည်။

လင်ခိုးမ ဟူသော စွပ်စွဲမှုကို ဆွေစဉ်မျိုးဆက် တစ်ခါမှ ခံခဲ့ရဖူးသည် မဟုတ်။

'ညည်းကြောင့် ညည်းကြောင့်'

'ဟုတ်ပါတယ် အမေ ကျုပ်မှားမိပါတယ်။ ကျုပ်ကို သေအောင်သာ သတ်ပစ်လိုက်ပါတော့'

စိတ်ညစ်ညစ်နှင့် နင်းမှုန် ငိုချလိုက်မိသည်။

တကယ်လည်း လောကမှ အသက်ရှင်နေရတာ ရက်ရွံ့ဖွယ်ဟုသာ ထင်လာ၏။ ဘာပြီးလျှင် ဘာဖြစ်မည်ဆိုသည့် မျှော်လင့်ချက်လည်း မရှိ။ နေ့ရှိသရွေ့ဘယ်သူကများ ဘာစကားဖြင့် စောင်းမြောင်းအတင်းဆိုမလဲ။ ဘယ်သူကများ အိမ်ရှေ့ဖြတ်သွားရင်း ထွီခနဲ တံတွေးထွေးသွားမလဲ။ ဒါကိုပဲ စိုးရိမ်ကြောင့်ကြ နေရသည့်ဘဝ။
အမေသည် ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့ထိုင်လျက် မျက်ရည်တွေတွေ ကျနေခဲ့သည်။
အမေ့မျက်ရည်တို့သည် နင်းမှုန်အတွက် ပူလောင်ရှိသာမက ကျွမ်းလုမတတ် ဝေဒနာတွေပါ။
ထိုအချိန်မှာပင် နင်းမှုန် ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည်။

အမေ့ကို သည့်ထက်ပိုပြီး စိတ်မဆင်းရဲစေရ။ မှားယွင်းမိသူက မိမိ။ ဘာမဆိုင် ညာမဆိုင် အမေ့ခမျာ စိတ်သောက ရောက်ရရှာလေသည်။ ငါရှိနေသမျှ ဒီ အရှက်ကြီး ရှိနေမှာပဲ။ ဒီတော့ငါ မရှိမှ အေးမယ်။
သို့သော် ထွက်ပြေးဖို့ဆုံးဖြတ်ချက်ကို ချဖြစ်အောင် တွန်းအားပေးလိုက်တာက အမေ့မျက်ရည် အပြင် အေးညို၏ ဒေါသလည်း ပါသည်။
ထိုည မစိုးကြီး အော်ကြီးဟစ်ကျယ် ရန်တွေ့သွားပြီး သည့်နောက် မကြာခင်မှာပင် တစ်ဘက်အိမ်ဆီမှ အော်သံတွေ ကြားလိုက်ရသည်။

'ဒွေးမှန် ဒွေးမှန် အေးညိုရယ် ဓါးနဲ့လိုက်ခုတ်နေလို့ လာပါအုံး'

အမျိုးသမီးသံတစ်ခု အသံပျာပျာနှင့် အော်သည့်အသံ။

'အေးညို ဟုတ်လား'

'ရွာတောင်ဖျားမှာ ကိုစံလှကို ဓါးနဲ့လိုက်ခုတ်နေတယ် သေကုန်ပြီလားမသိဘူး။ သွားပါအုံး။ ကိုအေးကို ရှိလား'

ထိုအချိန်မှာ ဒွေးမှန်လည်း သားဇောနှင့် ပြေးထွက်သွားချိန် နှင်းမှုန်ကလည်း မိမိအရှက်နှင့် ပတ်သက်နေပြီဟု သိသွားကာ ဒွေးမှန်နောက်နေ အပြေးအလွှား လိုက်သွားမိသည်။

ဘုရားရေ မမြင်ဝံ့သာတွေ သွေးသံရဲရဲ မဖြစ်ပါစေနဲ့။ မသေပါစေနဲ့။
ရသမျှ ဘုရားစာတွေ အမြီးအမောက်မတည့်ဘဲ ရွတ်ဆိုလျက် ဖိနပ်တောင် မပါဘဲ ပြေးရသည်။
ရွာတောင်ဖျားရောက်တော့ လူအုပ်ကြီးက နည်းတာမှ မဟုတ်ဘဲ။ ထွေးလေးဦးစိန်မောင်ကိုလည်း တွေ့သည်။

'နှင်းမှုန် ပြန်ပြန် နင်မလာနဲ့'

သူက လှမ်းအော်တော့ နှင်းမှုန် ပိုစိတ်ပူသွားသည်။ လူအုပ်ထဲ အတင်းဝင်မိသည်။

ဒွေးမှန်ကလည်း 'သားလေး အေးညို သား' ဟု အော်ကာ လူအုပ်ထဲ ပြေးသည်။

'လွှတ်စမ်းပါ ဒီခွေးသားကို ကျုပ်သတ်ရမှ ဖြစ်မယ်'

ဒေါသတကြီး တုန်ယင်နေသည့် အေးညိုအသံကို ကြားရမှ နှင်းမှုန် ရင်ထဲက အလုံးကြီး ကျသွားသည်။ အေးညိုဘာမှ မဖြစ်ဘူး။ ဟိုလူ့ကိုလည်း မသတ်ရသေးဘူး။
လူအုပ်က နှင်းမှုန်နှင့် ဒွေးမှန်ကို နေရာဖယ်ပေးသဖြင့် အတွင်းသို့ရောက်သွားသည့်အခါမှာတော့ ကိုစံလှ ပခုံးဆီမှ သွေးသံရဲရဲကို မြင်လိုက်ရတော့ မိုက်ခနဲ မူးဝေသွားသည်။

'အေးညို လာလာ။ ဒေါသမကြီးနဲ့လေ။ ငါ့ညီ အမေ့ကိုလည်း မင်းငဲ့အုံးမှပေါ့။ လာလာ'

ကိုအေးကိုက သူ့ညီကို ချော့မော့ ဆွဲခေါ်သည့်အချိန်တွင် နှင်းမှုန်က လူကြားထဲတွင် ယိုင်ခနဲ လဲကျသွားသည်။

နှင်းမှုန်ကို ပွေ့လိုက်သူက သန်မာသော ယောကျ်ားတစ်ယောက်မှန်းတော့ သိပါရဲ့။ ဘယ်သူလဲ ဆိုတာ လုံးဝမသိလိုက်။ နှင်းမှုန် သတိလစ်သွားသောကြောင့် ဖြစ်သည်။ သတိရလာသည့်အခါ အိမ်ပေါ်ထပ် ဘုရားစင်ရှေ့မှာ နှင်းမှုန် ရောက်နေပြီကို သိလိုက်ရသည်။
ထိုညမှာ ကျစ်နေအောင် စုထားသော ပိုက်ဆံလေးတွေနှင့် အမေ့ဓါတ်ပုံလေး လက်တစ်ဝါးလောက်ကို ခရီးဆောင် အိတ်သေးသေးထဲ ထည့်လိုက်သည်။ ဝတ်စုံသုံးစုံလောက် ထည့်လိုက်သည်။

အမေ့ကို ခြင်ထောင်ချပေးလိုက်ပြီး အမေ့ခြင်ထောင်ခြေရင်းမှာ နှင်းမှုန် အကြာကြီး ထိုင်နေခဲ့သည်။
အမေ့ကို ဒီတစ်သက် ပြန်မြင်ရတော့မှာ မဟုတ်ဘူးဟု ဆုံးဖြတ်ချက်ကို ချအပြီးမှာ နှင်းမှုန် ပါးစပ်ကို လက်ဖြင့် အုပ်လျက် အသံမထွက်အောင် ဆင်းရဲပင်ပန်းစွာ ကြိတ်ငိုရလေသည်။

* * *

(၂၇)

ညဆယ်နာရီ လူခြေတိတ်ချိန်တွင် မှောင်မဲနေသော ရေစပ်စပ်သဲမြေရွာလမ်းတစ်လျှောက် နှင်းမှုန် တစွတ်စွတ် လျှောက်လာခဲ့သည်။ အိမ်တိုင်အခြေတွေထိအောင် ရေတက်စပြုနေပြီ။ အိမ်တွေဆီမှာ မီးခွက်အလင်းရောင် မရှိကြတော့ဘဲ တစ်ရွာလုံး အိပ်မောကျနေခဲ့ပြီ။ နှင်းမှုန် ထွက်ခွာမည့် ယနေ့ ညကျမှ မိုးကသည်းသည်းမဲမဲ ရွာသွန်းနေလေသည်။ နှင်းမှုန် ဆုံးဖြတ်ပြီးပြီ။ သည်အချိန်က တိတ်တဆိတ်ထွက်ခွာရန် အသင့်တော်ဆုံးအချိန်။ ခွေးတွေတောင် အပြင်မှာ မရှိကြတော့သည့်အချိန်။ နှင်းမှုန်ကို ဘယ်သူမှ မြင်မှာမဟုတ်။ ရန်ပြုမည့် အန္တရာယ်လည်း မရှိ။ တားမြစ်မည့် အနှောင့်အယှက်လည်း မရှိ။ ထီးကို ယူမလာခဲ့ချင်သဖြင့် ခမောက်လေးကိုပဲ ဆောင်းပြီး ခရီးဆောင်အိတ်ပျော့လေးကို လွယ်လျက် ရေထဲမှာ သုတ်သုတ် လျှောက်လာသော နှင်းမှုန် တစ်ကိုယ်လုံး မိုးရေဖြင့် ရွှဲစိုနေတော့သည်။

လှေမှ ရှိပါ့မလား။ လှေမရှိလျှင်ဖြင့် ဘယ်လောက်ပဲ လူမသိအောင် ပြေးချင်သည်ဆိုဦးတော့ မပြေးသာ။ နံနက်ဝေလီဝေလင်း အများအမြင်မှာ ပြေးဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်။ အမေက ဆွဲရုန်းထိုးကြိတ်ခေါ်မှာအမှန်ပဲ။ ဘုရားရေ လှေတစ်စင်းတော့ ရှိနေပါစေ။ နောက်ပြီး လှော်တက်လည်း လှေဝမ်းထဲမှာ ရှိနေပါစေ။ လှော်တက်မရှိလျှင် အိမ်ပြန်ပြီး အိမ်အောက်တိုင်မှာ ချိတ်ထားသော အဖေရှိစဉ်က သုံးခဲ့သည့် လှော်တက်ကို ပြန်ယူမှပဲ။ ထိုလှော်တက်ကြီးက လေးလံလှသည်။ ခြေထောက်မှာ ရေက ပိုမိုနစ်လာသည်။ ဒူးဆစ်ထိနစ်မှ ကမ်းစပ်လှေဆိပ်သို့ ရောက်တော့မည်ဟု သိလိုက်သည်။ ညာဘက်ကို နည်းနည်းကွေ့မှ။ မဟုတ်ရင် သောင်ခုံချိုင့်ကြီးထဲ ကျသွားလျှင် လူတစ်ရပ်လောက် နက်သွားလိမ့်မည်။ နှင်းမှုန် သတိထားလျက် ရေထဲမှာ ဗွမ်းခနဲ ဗွမ်းခနဲ အသံမပြည်အောင် ထိန်းကာ လျှောက်လာနေခဲ့ရသည်။ လရောင်မရှိသော ညမို့ အရာရာသည် ခပ်မှိန်မှိန်ပျပျ အလင်းရောင်မှာ ဝေဝေဝါးဝါး။ နှင်းမှုန် အလောတကြီး မျှော်ကြည့်လိုက်၏။

ဟောဟိုဟာ လှေမဟုတ်လား။ မဲမဲအရိပ်ရှည်လျားလျားသည် ရေဘောင်ဘင်တွင် ဟိုယိမ်းသည်ယိမ်း လှုပ်ရမ်းနေသည်။ ကံကောင်းလို့။ နှင်းမှုန်ရင်ထဲမှ အလုံးကြီးက ကျသွား၏။ လှေအနီးသို့ သတိဖြင့် ကပ်သွားသည်။ မြွေတွေ ဘာတွေ လှေမှာ ခွေနေတတ်သည်ဟု ကြားဖူးသည်။ လှေချည်သော ငုတ်တိုင်မှာခွေနေတာက မြွေမဟုတ်။ ကျပ်လုံးခန့် အုန်းဆံကြိုးဖြစ်သည်။ လှေနံကို လက်ဖြင့် ထိန်းကိုင်လျက် လှေထဲသို့ ကြည့်လိုက်သည်။ လှော်တက်။ လှေဝမ်းထဲမှာ လှေဝမ်းနံရံဘောင်ကို ကပ်လျက် လှော်တက်တစ်ခုကို စမ်းတွေ့သည်။

နှင်းမှုန် လွယ်ထားသော အိတ်လေးကို လှေထဲကို ဘုတ်ခနဲ မြည်အောင် ပစ်ချလိုက်ပြီး အုန်းဆံကြိုးကို ဖြည်ဖို့ လက်လှမ်းလိုက်စဉ်မှာပင် ကျောထဲမှာ စိမ့်ခနဲ အေးစက်တုန်လှုပ်သွား၏။ ရေပြင်မှာ ဗွမ်းဗွမ်းမြည်သော အသံတစ်ခုကို နောက်ကျော ဘက်ကနေ ကြားလိုက်ရလေသည်။

အမလေး။ ဘာပါလိမ့်။

ခေါင်းထဲမှာ ပူထူသွားပြီး ကြောက်ကြောက်လန့်လန့်နှင့် လှည့်ကြည့်လိုက်သည်။

ရေကို ဖြတ်လျက် ခပ်သွက်သွက်လျှောက်လာနေသော လူတစ်ယောက်သဏ္ဍာန်။ ဘယ်သူလဲ။ လူဆိုးလား။ ဘာလိုချင်လို့ ငါ့ဆီလာနေတာလဲ။ နှင်းမှုန်သည် အုန်းဆံကြိုးကို ဖြည်နေသည့် လက်တို့အေးခဲထုံကျင်ကာ ထိလို့ထိမှန်းမသိဘဲ

လိုရာမရောက် တဆတ်ဆတ်တုန်နေ၏။ လှိုင်းတွေပုတ်သဖြင့် လှေက ဟိုယိမ်း သည်ယိမ်း ယိမ်းနေရာမှ ကြိုးကလည်း ပိုပို တင်းကျပ်နေသည်။

'နှင်းမှုန်'

'ဟင်'

ဒီအသံ။ ခပ်သွယ်သွယ်မြင့်မြင့် ကိုယ်ခန္ဓာကို ကြောင်အစွာ ငေးနေမိတော့သည်။

'အေးညိုလားဟင်'

'အေး'

'အမလေး။ ငါ့ တခြားလူဆိုးမှတ်လို့ ဟယ် သေတော့မှာပဲ လန့်လိုက်တာမှ'

နှင်းမှုန်ပူထူသွားခဲ့သော ရင်ဘတ်ကို လက်ဖြင့် အခုမှ ဖိလျက် ပင့်သက်ချနိုင်တော့သည်။

'နင်ဘာတွေလုပ်ဖို့ကြံစည်နေတာလဲလို့ ငါလိုက်ကြည့်တာ'

'အေးညို ငါဒီမှာ နေလို့မဖြစ်တော့ဘူး။ ငါ သွားတော့မလို့'

အနီးသို့ အေးညိုရောက်လာသည်။

'ဘယ်ကို သွားမှာလဲ'

'ဘယ်ရယ်လို့တော့ မသိသေးဘူး။ ရောက်ရာ ပေါက်ရာပေါ့'

အေးညို၏လက်ထဲတွင် ခပ်ဖောင်းဖောင်း လွယ်အိတ်တစ်လုံးကို မြင်ရတော့ ဘာလုပ်မည့် လွယ်အိတ်လဲဟု တစ်ချက်နားမလည် လိုက်။ အေးညိုက သူ့လွယ်အိတ်ကို လှေဝမ်းထဲသို့ ပစ်ချလိုက်သည်။

'မသွားရဘူး။ ဘာမှ စိတ်မကူးနဲ့'

ထို့နောက် အေးညိုက နှင်းမှုန် ခက်ခက်ခဲခဲဖြည်နေသော ကြိုးကို တစ်ချက်ပဲ ဖြည်လိုက်သည်။ ထို့နောက်ကြိုးကို လှေပေါ်သို့ ပစ်တင်လိုက်၏။ ကြိုးလွတ်သွားသော လှေက လှိုင်းဖြင့် လူးသွားသည့်အခါ အေးညိုက လှေနံရံကို ထိန်းကိုင်ပေးသည်။

'တက်'

'ဟင်'

'တက်လေ။ နင်တစ်နေရာရာကို ပြေးချင်တယ်ဆိုရင် နင်တစ်ယောက်တည်းတော့ မသွားရဘူး။ ငါလိုက်ခဲ့မယ်' 'ဘာပြောတယ်'

နှင်းမှုန်သည် မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အံ့ဩတကြီး ကြောင်သွား၏။

'နင့်နောက်ကို ငါလိုက်ခဲ့မယ်လို့ပြောတာ'

'ဟင် ဘယ်ဖြစ်မလဲ'

'ဘာလို့မဖြစ်ရမလဲ'

နှင်းမှုန်သည် အေးညို၏မျက်နှာကို မှောင်ထဲတွင် မော့ကြည့်ရင်း မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

'အေးညိုရယ်'

နှင်းမှုန်သည် အေးညိုကို တွယ်ငြိမိလိမ့်မည်ဟု တစ်ခါမှ တွေးမကြည့်ခဲ့ဖူးချေ။ ရင်ခုန်စရာကောင်းသည့် သူ့အကြည့်တို့ကို ခဏခဏ ပြန်သတိရနေတာ၊ သူ့ကို စိတ်ကူးထဲမှာ ရည်းစားထားကြည့်တာတော့ ရှိပါရဲ့။ သို့သော်

'မဖြစ်နိုင်တာကြီးကို ဟယ်။ ငါ့ဟာငါ တစ်နေရာကို သွားမယ်။ နင်နဲ့ငါ့ဒုက္ခနဲ့ဘာဆိုင်လို့လဲ'

'နင့်ဒုက္ခက ငါ့ဒုက္ခပဲပေါ့ နှင်းမှုန်ရာ။ နင့်ကို ငါစောင့်ရှောက်မယ်လေ။ ငါသားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါ့မယ်။နင်မယုံဘူးလား။'
အေးညိုက အသံ အက်အက်ဖြင့် ပြောသည်။

'ဟင့်အင်း'

ဒီစကားကို ဘာဖြစ်လို့အခုမှ လာပြောနေရသလဲ အေးညို။ ဟိုတုန်းက နင်ငါ့အနားမှာဘာဖြစ်လို့နီးနီးကပ်ကပ် ရှိမနေခဲ့တာလဲ။ နင်သာ ငါ့အနားမှာ ရှိခဲ့ရင် ငါ့ကို ဘယ်သူစော်ကားရဲမှာလဲ အေးညိုရဲ့။

'နှင်းမှုန်'

'ငါငါ နင့်ကို ယုံပါတယ်။ ဒါပေမဲ့ မရဘူး။ ငါ့မှာ ဗိုက်ကြီးနဲ့လေ။ ငါ့ကို နင်မရွံဘူးလား'

'ဟာ ဘာဆိုင်လို့လဲ'

'ဟင့်အင်း မဖြစ်ဘူး။ ငါ့ဟာ ငါသွားမယ်။ နင်လုံးဝမလိုက်ရဘူး။ ဖယ် နင်ပြန်တော့'

ပျော့ညံ့စွာ အားကိုးချင်လာသည့်စိတ်ကို ပြန်တင်းလျက် နှင်းမှုန် လေသံမာမာဖြင့် ပြောချလိုက်သည်။

'ဖယ်လေ။ ငါ့ဟာငါ လှော်မယ်။ နင်မလိုဘူးလေ'

'ငါလိုက်မယ်။ နင့်တစ်ယောက်တည်းကို ငါမလွှတ်နိုင်ဘူး။ သူစိမ်းတွေအလယ်မှာ ဒုက္ခရောက်သွားမှာပေါ့'

'ရောက်ပစေပေါ့ဟာ။ ငါ့အပြစ်နဲ့ငါပဲ။ နင်က ဘာမှမဆိုင်ဘဲ ဝင်ခံစရာမလိုဘူး။ ဒါပဲနော် နင် ပြန်မလား မပြန်ဘူးလား။ နင်မပြန်ရင် ဟောဟိုဘက်က ရေဝဲထဲကို ငါကူးသွားပြီး သတ်သေပစ်လိုက်မယ်'

'အခုလဲ ဘာထူးလဲ နင်ဒီလှေကို တစ်ယောက်တည်း လှော်သွားရင် သေမှာပဲ'

'ဘာလို့သေရမလဲ။ ငါလှေလှော်တတ်ပါတယ်'

နှင်းမှုန်ငြိမ်သွားသည်။ မှောင်ကြီးမဲကြီးမှာ ဝုန်းခနဲ ဝုန်းခနဲ မြည်ဟိန်းနေသည့် လှိုင်းလုံးကြီးများသည် နှင်းမှုန်တို့ရပ်နေရာ

ကမ်းစပ်ကိုပင် အရှိန်ဖြင့် လိုမ့်လိုမ့်ရိုက်လာနေခဲ့သည် ဖြစ်ရာ မြစ်လယ်ခေါင် ဝါးဆယ်ပြန်လောက်နက်မည့် ရေပြင်ကျယ်ထဲမှာ ဘယ်လောက်များ လှိုင်းတန်ပိုးထန်လိုက်လေမလဲ။
မျှော်ကြည့်လိုက်ရင်း ရင်ထဲမှာ ပူလောင်သော သောက ဝင်ရောက်လာသည်။

'အို သေလဲ အေးတာပါပဲ။ သေရင်သေ မသေရင် ဒီရွာကနေ လွတ်မယ်။ ငါတော့ ဘာဖြစ်ဖြစ် သွားမှာပဲ'

နောက်ဆုံးမှာတော့ အေးညိုက ခေါင်းမာသော နှင်းမှုန်ကို အလျှော့ပေးလိုက်သည်။

'ကဲဟာ ကောင်းပြီ။ မြစ်ဟိုဘက်ကမ်းရောက်အောင် ငါလှေလှော်ပြီး လိုက်ပို့ပေးမယ်။ ကြာရင် လူတွေ ရိပ်မိပြီး နင့်အကြံအစည်ပျက်မယ်။
ထိုညက မိုးသည်းသည်းတွင် နှစ်ယောက်လုံး ရွှဲနစ်ကာ ခိုက်ခိုက်တုန် ချမ်းအေးလျက် မြစ်ပြင်ကျယ်ကို လှေဖြင့် ကူးဖြတ်လာခဲ့ကြသည်။ ဝုန်းခနဲ ပုတ်ခတ်လိုက်သော လှိုင်းတို့က တစ်ခါတရံ လှေထဲသို့ပင် ဝင်ရောက်လာ၏။ လှေက ဝမ်းသိပ်မလုံသဖြင့် နှင်းမှုန်က စိမ့်ဝင်လာသော ရေတို့ကို လက်ခုပ်ဖြင့် ခပ်ခပ်ပတ် နေရသည်။

ကျွန်းထဲကိုင်းထဲ မြစ်နားနီးနီးနေလာကြသူမို့ မြစ်ရေမှာ လှေနှင့် သွားရတာ မထူးဆန်းသော်လည်း အခုလို လူကြီးတွေမပါဘဲ သူတို့ချည်း လှိုင်းထန်သည့် မြစ်ပြင်မှာ လှော်ခတ်နေရသောအခါ နှင်းမှုန်တစ်ကိုယ်လုံး တင်းကျပ်လျက် ရင်ထဲမှာ တဒိုင်းဒိုင်း ခုန်အောင် ကြောက်လန့်နေခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးသီးမိုးပေါက်တွေဖြင့် မှောင်မဲနေသည့်ည။ လှိုင်းတို့သည် တော်လဲသံလို အသံကြီးဖြင့် အော်အော်ပြီး တက်လာကာ လှေကို ဝုန်းခနဲ ဆောင့်လာသည်။

'နှင်းမှုန် ငါတစ်ယောက်တည်း ဒီရေစီးကို မနိုင်ဘူး။ နင် ကူခတ်ဦး။ ဟိုပျဉ်ချပ်လေးနဲ့ ခတ်'

ကမ်းမမြင် လမ်းမမြင် မှောင်ကြီးမဲကြီးမှာ ဝဲဆီကို မရောက်အောင် သူတို့ကလေး နှစ်ယောက် ကြိုးရုန်းလှော်ခတ်နေရ၏။ အေးညို၏ယောက်ျားလေးအားဖြင့်ပင် လှေသည် လိုရာမရောက်ဘဲ ရေလှိုင်းတွင် ချာလည်လျက် ရှိသည်။

'အေးညို ဝဲ ဝဲ ဝဲ ရှိတယ်နော်'

'အေး အေးပါ။ နင်ဘာမှ မကြောက်နဲ့ မကြည့်နဲ့ ခဏ မျက်စိမှိတ်ထား'

မကြောက်နဲ့ ဟု နှစ်သိမ့်သော အေးညို၏အသံတွေက ခြောက်သွေ့တုန်ခါနေခဲ့သည်။

အမေ။ ကျုပ်မှားသွားပြီလား မသိဘူး။
နှင်းမှုန်သည် ဘုရားစာကို ရသလောက် တတွတ်တွတ် ရွတ်လာရင်း ပျဉ်ချပ်လေးဖြင့် နိုင်သမျှ ဝန်ကို ထမ်းလျက် ကူလှော်ခတ်ပေးနေမိသည်။ လှိုင်းက ပုတ် လှေကစောင်း။ ခပ်မထုတ်နိုင်သည့်ရေတွေက လှေဝမ်းထဲမှာ အပြည့်။ မျက်စိဖွင့်ကြည့်လေတော့ ရေနံချောင်းဘက်က မီးရောင်တွေက ပိုများ ဝေးသွားသလား ဟု အားလျော့သွားသည်။ မြစ်ပြင်ကျယ်ကြီးရယ် ဟိုဘက်ကမ်းကို မရောက်နိုင်တော့ဘူးလားကွယ်။

'ဝဲက ကျွန်ခဲ့ပြီ နှင်းမှုန်။ မကြောက်နဲ့နော်။ ငါတို့ တစ်ဘက်ကမ်းကို ရောက်တော့မှာပါ'

ရေနံချောင်းကမ်းစပ်ဘက်သို့ နီးလာတော့မှ အေးညိုက သက်မချနိုင်သည်။ ရေနံချောင်းဘက်မှ မီးရောင်လက်လက်တို့ကို မြင်ရတော့ အားတက်သွားသည်။

'မကြောက်နဲ့နော် မနှင်းမှုန် ငါတို မသေနိုင်တော့ဘူး။ အန္တရာယ်ကနေ လွတ်ပြီဟေ့'
အေးညိုလတ်တလော အသက်အတွက် စိတ်အေးရပြီမို့ နှင်းမှုန်ကို စိတ်ပြောင်းအောင် ချော့မော့ဖို့ ကြိုးစားပြန်သည်။

'တို့နှစ်ယောက်ရဲ့သီးသန့်ဘဝလေးတစ်ခု မထူထောင်ချင်ဘူးလား။ အေဒင်ဥယျာန်လေးလိုပေါ့'

သူ ခဏခဏသီဆိုနေကျ အေဒင်ဥယျာဉ်မှာ ပန်းရနံ့တွေ မွှေးပျံ့နေမှာပဲဟု နင်းမှုန် စိတ်ကူးယဉ်ဖူးသည်။ ငါးလလောက်ရှိပြီဟု အမေပြောသော ကိုယ့်ဗိုက်ကို ငုံ့ကြည့်လျက် နင်းမှုန် အံတင်းတင်းကြိတ် တိတ်ဆိတ်နေလိုက်သည်။

'နင်းမှုန် နင်သိလား။ နင်မရှိရင် ငါ့ဘဝကလဲ ခြောက်သွေ့နေတဲ့ ရိုးပြတ်တောကြီးလိုပဲ မီးလောင်ပြီးကျန်တော့မှာ'

နင်းမှုန် အမှောင်ထဲသို့သာ စူးစိုက်ကြည့်နေလိုက်သည်။

'နင်ရော ငါမရှိဘဲနဲ့အဆင်ပြေမယ်ထင်လို့လား နင်းမှုန်'

အေးညိုရယ်။ နင်ပြောတဲ့စကားတွေက ငါ့အတွက် အားတက်စရာတွေပါပဲ။ နင့်ရဲ့ဖေးမကူညီမှု ကိုလည်း လေးစားပါတယ်။ ဒါပေမဲ့ နောက်ကျသွားပြီ။
ရေနံချောင်းကမ်းပါးသို့ရောက်သည့်အခါ မိုးစဲသွား၏။
ထိုညက ရေနံချောင်းကမ်းစပ်သို့အတက်တွင် နင်းမှုန်သည် မြစ်ဟိုဘက်ကမ်းက အမေတို့ ရှိရာရွာဆီ မှန်းဆပြီး လက်အုပ်ချီကန်တော့ခဲ့သည်။

'ကျုပ်ကို အမေ ဘယ်တော့မှ ပြန်တွေ့မှာ မဟုတ်တော့ဘူး။ သမီးမိုက်ကို ခွင့်လွှတ်ပါ အမေ'

အေးညိုက နင်းမှုန်အား ကမ်းနဖူးအိမ်လေးတွေ ဆီမှ မီးရောင်မှိန်မှိန်ပျပျတွင် ခပ်ကြာကြာငေးစိုက်ကြည့်နေခဲ့သည်။ နင်းမှုန်သည် လှေဖြင့် ပြန်လှော်ခတ်သွားမည့် အေးညိုအတွက် စိုးရိမ်ပူပန်မိပြန်သည်။

'အေးညို နင် သတိထားလှော်နော်'

အေးညိုက သူနှင့်အတူ လှေပေါ်မှ လိုက်ဆင်းသည်။

'ငါမပြန်တော့ဘူး နင်းမှုန်။ ငါထွက်လာကတည်းက ပြန်ဖို့ထွက်လာတာမဟုတ်ဘူး'

ပြောပြီး ရေစိုရွှဲနေသည့် သူ့လွယ်အိတ်လေးကို ကောက်ယူလိုက်သည်။

'ဟင်'

နင်းမှုန် မျက်မှောင်ကျုံ့သွားသည်။

'နင့်ကို စောင့်ရှောက်မယ်ဆိုတဲ့စိတ်နဲ့ယတိပြတ်ဆုံးဖြတ်ချက် ချခဲ့တာ'

နင်းမှုန် နောက်သို့ခြေလှမ်းတစ်ချက် ဆုတ်လိုက်မိ၏။

'ဒါပေမဲ့ စိတ်မပူပါနဲ့နင်းမှုန် ငါက သူများမပေးတာ တစ်ခုကိုလဲ အဓမ္မမတောင်းပါဘူး။ နင်မလိုက်စေချင်ရင် ငါမလိုက်ပါဘူး'

'ဒါဖြင့်'

အေးညိုက နင်းမှုန်နှင့်မျက်နှာချင်းဆိုင်တည့်တည့် ရပ်၏။ နင်းမှုန် သူ့ကို နားမလည်နိုင်စွာ မော့ကြည့်မိသည်၏။

'တို့နှစ်ယောက်မှာ တစ်ယောက်က မိုက်မိုက်မဲမဲ ခြေဦးတည့်ရာ လျှောက်သွားတော့မယ်လို့ ဆုံးဖြတ်ထားပြီးတဲ့သူ ဖြစ်နေတယ်

မဟုတ်လား။ တစ်ယောက်က သွားနေရင် ကျန်တဲ့သူက တစ်နေရာတည်းမှာ ရပ်နေမှ ဒီနှစ်ယောက် ပြန်ဆုံနိုင်မှာလေ'

အေးညိုက နှင်းမှုန်ကို အကြာကြီး ငုံ့ကြည့်နေသည်။ အမှောင်ထဲမှာ အေးညို၏မျက်လုံးတွေကို အသေအချာမမြင်ရသော်လည်း လက်ခနဲ ဖြာသွားလိုက်တာ အကြင်နာတွေပဲ မဟုတ်လား။

'ဒီတော့ ငါစောင့်မယ်နော် နှင်းမှုန်။ ငါနင့်ကို ရပ်စောင့်နေမယ်'

အေးညိုက ခိုင်မာသော လေသံဖြင့် တစ်လုံးချင်းပြော၏။

'တောင်တွင်းကြီးအထွက်မှာ ချောင်းနက်ဆိုတဲ့ ရွာလေးတစ်ရွာ ရှိတယ်။ အဲဒီမှာ ငွေဘုံသာဆိုတဲ့ ဘုန်းကြီးကျောင်းတစ်ခု ရှိတယ်။အဲဒီမှာနင့်ကိုငါစောင့်နေမယ်။ နင်စိတ်ပြောင်းသွားတဲ့တစ်နေ့ ဒါမှမဟုတ် နင်ဒုက္ခတွေ့လာ လို့ငါ့ကို လိုအပ်လာတဲ့ တစ်နေ့မှာ နင် အဲဒီကို လိုက်လာခဲ့ပါ နှင်းမှုန်။ ငါနင့်ကို စောင့်နေမယ်။ ရွာမပြန်ဘဲ စောင့်နေမယ်။ ဘယ်မှမသွားဘဲ စောင့်နေမယ်'

နှင်းမှုန် မမျှော်လင့်သောစကားတွေကြောင့် မယုံကြည်နိုင်စွာ ငေးကြည့်နေမိသည်။

'နင်လိုက်လာခဲ့နော် နှင်းမှုန်'

နှင်းမှုန် ဘာစကားမှ မပြောနိုင်။

'တစ်ခုတော့ ငါ့ကို ကတိပေးပါ နှင်းမှုန်။ နင် ကိုယ့်ကိုယ်ကို သတ်မသေရဘူး။ ဘယ့်နှယ့်လဲ'

နှင်းမှုန် ခေါင်းကို သုံးလေးကြိမ်ဆက်တိုက် ညိတ်ပစ်လိုက်၏။

'နောက်ပြီး နင်ဘယ်သူ့ကိုမှ ဒီအကြောင်းမပြောရဘူး။ နင့်ကို ဒီဘက်ကမ်းလိုက်ပို့တာလဲ မပြောရဘူး။ ငါငွေဘုံသာမှာ ရှိနေတဲ့အကြောင်းလဲ မပြောရဘူး'

နှင်းမှုန် ခဏခဏ တွေဝေသွားပြီး ခေါင်းထပ်ညိတ်လိုက်ပြန်၏။

အေးညိုက နှင်းမှုန်၏လက်ထဲသို့ တစ်ခုခု ထည့်ပေးသည်။ ပိုက်ဆံထည့်သည့် အဝတ်အိတ်ပြားလေး ဖြစ်သည်။ ထိုအထဲတွင် မာခေါက်ခေါက်အရာလေးတွေ ရှိမှန်း နှင်းမှုန် သတိထားလိုက်မိ၏။

'ဟင့်အင်း ငါ မယူဘူး။ ငါ့မှာပါတယ်'

'ယူ သွားစမ်း'

မာကျောသည့်လေသံဖြင့် အေးညိုက ပြော၏။ နှင်းမှုန် အသာငြိမ်သက်နေရသည်။

'ငါနဲ့နင်နဲ့အတူ ထွက်သွားတယ်လို့ ရွာက ထင်ကြပါစေ'

သူတို့လမ်းခွဲကြသည့်အချိန်မှာ ကြမ်းတမ်းသော မိုးသက်လေကြောင့် ကမ်းပါးထိပ် ဘုရားစေတီဆီက ဆွဲလဲသံလေးတွေကို ကြားလိုက်ရသည်။

နှင်းမှုန်က လှည့်ထွက်ပြီဆိုမှတော့ နောက်မဆုတ်ချင်သူပါ။ သို့သော် ရပ်ကျန်ခဲ့သည့် အေးညိုကို တစ်ချက်တော့

လှည့်ကြည့်မိသည်။
အမှောင်ထဲတွင် ရှည်သွယ်သော သဏ္ဌာန်သည် မတုန်မလှုပ်။ စကားတစ်ခွန်းတော့ ထပ်ပြောသည်။

'ငွေဘုံသာနော် နှင်းမှုန်။ ချောင်းနက်က ငွေဘုံသာ။ နင့်ကို ငါစောင့်နေမယ်။ တစ်သက်လုံး စောင့်နေမယ်'

* * *

(၂၈)

နောက်ကျောဘက်မှ ဆည်းဆာနေရောင်ကြောင့် သူတို့ရှေ့မှ မြစ်ပြင်မှာ နီမြန်းတောက်ပလျက် ရှိသည်။ ငှက်တစ်အုပ် ကောင်းကင်မှာ ခပ်နိမ့်နိမ့်လေး ပျံသန်းသွား၏။ ဘာငှက်တွေလဲဟု သူသတိမထားမိလိုက်။
မင်းဥာဏ်သည် အချစ်ဆိုသောအရာကို လှုပ်ရှားတက်ကြွစေသော တွန်းအားအဖြစ်သာ တွေးထင်ခဲ့ဖူးသည်။ အချစ်ကို ရပ်တန့်စောင့်ဆိုင်းဖို့ ထိန်းချုပ်သောအားအဖြစ် တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပေ။
အချစ်ဆိုတာ လူတစ်ယောက်ကို ကျောက်ရုပ်တစ်ခုလို ရပ်တန့်နေချင်စိတ်ကို ပေးစွမ်းသလား။ အဲဒါ တကယ်လား။

'ချောင်းနက်ဆိုတာ ဘယ်နေရာလောက်လဲ မေမေ'

မိခင်က သူ့ကို လှည့်ကြည့်သည်။ မိခင်၏မျက်လုံးများ ရီဝေမှုန်မှိုင်းနေသည်ကို မြင်ရသည်။

'မသိဘူး'

'မေမေ ဘယ်လိုထင်လဲ သူ အဲဒီမှာ အခုထိ'

'ဒီလောက် နှစ်တွေကြာအောင် ဘယ်စောင့်မလဲ။ သူတစ်နေရာရာမှာ အိမ်ထောင်တွေ ဘာတွေ ကျနေရောပေါ့'

မင်းဥာဏ်သည် သူတစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်၏နေရာမှာ ဝင်ကြည့်ဖို့ကြိုးစားသည်။ မိမိသာ သူ့နေရာမှာ ရှိခဲ့လျှင် ဘယ်တော့မှ ရောက်မလာသည့် ချစ်သူကို ဆက်စောင့်နေမလား။
လွန်ခဲ့သည့်နှစ်ဆယ့်ခုနစ်နှစ်တုန်းက ဆယ်ကျော်သက် ယောကျ်ားတစ်ယောက်၏အချစ် ကတော့အရိပ်ပေးဖို့ ခိုင်မြဲစွာအမြစ်တွယ်ပြီး ရှင်သန်ကျန်ရစ်ခဲ့သည့် သစ်ပင်တစ်ပင် ဖြစ်နေလေသည်။

'မေမေ သူ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့တာ ဘာဖြစ်လို့လဲ'

မိခင်က သက်ပြင်းချသည်။

'ဒီလောက် နှစ်တွေအကြာကြီး ရွာကို ပြန်မလာဘဲနေလိမ့်မယ်လို့လဲ ဘယ်သူကတွက်မိမှာတုန်း သားရယ်'

'မေမေ ကျွန်တော်တို့အဘွားမှန်ကိုတော့ အမှန်အတိုင်း ဖွင့်ပြောကြမှ ဖြစ်မယ်နော်'

'ပြောရမလားဟင်'

'ပြောမှ ဖြစ်မှာပေါ့ မေမေ'

'မေမေ ဘယ်လိုစပြီး ပြောရမလဲ။ မေမေ မပြောတတ်ဘူး။ သားပဲ ပြောပေးပါကွယ်'

'မဖြစ်ဘူး မေမေ။ ဒါက မေမေပြောပြရမဲ့ ကိစ္စ။ သားမှာ အဲဒီအခွင့်အရေး မရှိဘူး။ မေမေ့မှာပဲ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့သားကို နောက်ဆုံးတွေ့ပြီး နှုတ်ဆက်ခဲ့ရတဲ့သူက မေမေလေ'

မနှင်းမှုန် စိတ်ကိုလျှော့ချလိုက်ပြီး ခေါင်းညိတ်လိုက်၏။

လေ့ဆိပ်ကနေသားအမိပြန်တက်လာတော့ ရွာကလေးတွင် ရေနံဆီမီးခွက်နှင့် ဘက်ထရီအိုးတို့၏ အရောင် တွေပင် လက်နေပြီ။ အိမ်ကို မပြန်ခင် ဘွားမှန်တို့အိမ်သို့ အရင်ဝင်လိုက်ကြသည်။
ဘွားမှန်တို့ ထမင်းစားဖို့ ပြင်ဆင်နေကြသည်။

'စောနွယ်ရေ နှင်းမှုန်တို့အတွက်ပါ ထမင်းထည့်ခဲ့'

'မစားတော့ဘူး ဒွေးမှန် ကျွန်မ ဒွေးမှန်ကို ပြောစရာတစ်ခု ရှိလို့။ ဒွေးမှန်တို့ တောင်တွင်းကြီး ဘက်မှာ ဆွေမျိုးတွေဘာတွေ ရှိလား'

'ဟေ တောင်တွင်းကြီး မရှိပါဘူး'

ဒွေးမှန်၏မြေးမက ပန်းကန်နှစ်ချပ်တွင် ထမင်းတွေ ထည့်ယူလာသည်။

'နေပါစေ စောနွယ် တို့မစားပါဘူး'

'အိုစားသွားပါအေ။ ဟင်းကတော့ မကောင်းဘူးပေါ့။ ဘူးသီးနဲ့ငါးခြောက်။ ငရုတ်သီးမီးကင် ထောင်းနဲ့'

မိသားစု ထမင်းဝိုင်းမှာ မင်းဥာဏ်တို့က အနှောင့်အယှက်ဖြစ်နေမှာစိုး၍ ခပ်မြန်မြန် ပြန်ထွက်လိုသည်။ သို့သော် အခုပြောလိုက်လို့ ဒွေးမှန် စိတ်လှုပ်ရှားပူပင်သွားကာ ထမင်းစား ပျက်သွားမှာကိုလည်း မလိုလားပေ။

'ဘာလို့မေးတာလဲ'

'အော် ကျွန်မ သတိရတာတစ်ခုရှိလို့ တကယ်အဲဒီအတိုင်း ဟုတ်လား မဟုတ်လားတော့ ကျွန်မလဲ မသိတော့ဘူး'

ထို့နောက် အေးညိုပြောခဲ့သော စကားကို ဒွေးမှန်အား ပြောပြလိုက်လေသည်။

ဒွေးမှန်တစ်ယောက် မတ်တတ်ရပ်နေရာကနေ ထမင်းစားမည့် ကွပ်ပျစ်ပေါ်သို့ ပျော့ခွေစွာ ထိုင်လျက် ကျသွားသည်။

* * *

(၂၉)

အိမ်ပြန်ရောက်သည့်အခါ အဘွားဒေါ်လေးရှင်၏အိမ်မှာ ဧည့်သည်တွေဖြင့် စည်ကားလျက် ရှိသည်။ နှစ်ပေါင်းအစိတ် ကျော်ကြာမြင့်ခဲ့ပြီးသည့်နောက် သတင်းသန့်သန့်လေးတောင် မကြားရဘဲ ဇာတ်မြုပ်သွားခဲ့သော နှင်းမှုန်ကို မေ့မေ့လျော့လျော့ ပင် ဖြစ်နေကြပြီမို့ နှင်းမှုန်ဆိုတာ ဘယ်သူလဲဟု မေးယူရသည့် လူကြီးတွေလည်း ရှိပါရဲ့။ အများစုကတော့ မနှင်းမှုန်ဆိုသည့် နာမည်ကြားရုံနှင့် အဖြစ်အပျက်ကို မနေ့တစ်နေ့ကလို သတိရသွားကြသည်။
ရွာကလူတွေသည် နှင်းမှုန်၏ယခု ရုပ်ရည်ကို မြင်ချင်ကြသည်။ နှင်းမှုန်၏ဗိုက်ထဲက ထွက်လာသော ကလေးကို မြင်ဖူးချင်ကြသည်။

'နှင်းမှုန်တဲ့လား ဟုတ်လား ဒါဖြင့် မနက်က ငါတွေ့ခဲ့တဲ့ မိန်းမ ခပ်ချောချောဟာ နှင်းမှုန်ပဲပေါ့'

မခင်မြိုင်က ဘက်ထရီမီးချောင်းအလင်းရောင် အောက်မှ မနှင်းမှုန်အား အတည့်ကြည့်လိုက် စောင်းကြည့်လိုက် မေးဖျားကို ကိုင်ကြည့်လိုက်နှင့် တုန်တုန်ခိုက်ခိုက် ရယ်လေသည်။

'အမလေး ငါက ညည်းကို သေပြီလို့အောက်မေ့နေတာတော့။ ညည်းနယ်အေ ဒီလောက်အကြာကြီး ရွာကို ပစ်ထားခဲ့ရတယ်လို့ ညည်း ဘယ်မှာရောက်နေတာလဲ။ အိမ်ထောင်ကျသွားပလား။ ညည်းမှာ သားတစ်ယောက်ပါလာတယ်ဆို အဲဒါ ဘယ်သူနဲ့ ရတဲ့သားလဲ။ ဟိုဗိုက်ကရော ဘယ်ရောက်သွားခဲ့တာလဲ'

ဟောဟောဒိုင်းဒိုင်း မေးချပစ်လိုက်သည်။

မနှင်းမှုန်သည် မိမိလက်ကို နွေးထွေးစွာ ဆုပ်ညှစ်လိုက်သောသားလက်ကို ပြန်လည် ဆုပ်ကိုင်လျက် ပြုံးဖို့ကြိုးစား၏။ မပြုံးနိုင်။ ဖြေဖို့လည်း အားယူဆဲမှာ သားက ဖြေလိုက်၏။

'အဲဒီ ဗိုက်ထဲက ကလေးက ကျွန်တော်ပဲ'

'ဟေ'

ဖြူဆွတ်သော ရှတ်အင်္ကျီလက်ရှည်၊ အနက်နှင့်မရမ်းကွက် စိတ်စိတ်ချည်ပုဆိုးနှင့် ထည်ထည်ဝါဝါ တည်ငြိမ်လှသော လူငယ်ကို မခင်မြိုင်က ပါးစပ်အဟောင်းသားနှင့် မော့ကြည့်ရသည်။ တစ်ခဏတော့ ဘာပြောရမှန်း မသိဘဲ ဆွံ့အသွား၏။

'ဟယ် ဟုတ်လား အေး ကြီးလှပါပကောလား'

မနှင်းမှုန် ပြုံးနေရသည်။ မခင်မြိုင်ကို ကြည့်ရင်း လွန်ခဲ့သည့် နှစ်ပေါင်းများစွာက တစ်ညနေခင်းကို ဖျတ်ခနဲ တွေးမိသွားတော့ မနှင်းမှုန် အံ့ကြိတ်လိုက်မိသည်။ သားကို ကြည့်မိပြန်တော့ တင်းကြပ်နေသော မျက်နှာက နူးညံ့ပျော့ပျောင်းသွားပြန်၏။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့။ ဘာနဲ့ပဲ လဲခဲ့ရလဲခဲ့ရ။ သားကို ငါ့ဘဝထဲမှာ ရလိုက်တဲ့အတွက် ထိုက်တန်တယ်။ ကြည့်ပါလား။ အခုအိမ်ပေါ်မှာ ပြည့်လျှံနေတဲ့ ပရိသတ်ထဲမှာ ငါ့သားလောက် ဥပဓိရုပ်ကောင်းပြီး ထည်ဝါခန့်ညားတာ ဘယ်သူများ ရှိလို့တုန်း။ မနှင်းမှုန် ဘဝင်မြင့်ချင်လာ၏။

'နှင်းမှုန် ညည်း အခု ဘာတွေများ လုပ်ကိုင်စားသောက်နေတုန်း အဆင်ပြေရဲ့လား'

မနှင်းမှုန် ဖြေစရာ မလို။'

'အခုတော့ မေမေက ဘာမှ လုပ်စရာ မလိုတော့ပါဘူး ခင်ဗျာ။ ကျွန်တော့်လုပ်စာနဲ့ပဲ သားအမိနှစ်ယောက် ပိုလျှံပါတယ်'

'မင်းက ဘာအလုပ်များ လုပ်သလဲ'

မေးခွန်းတကာ့မေးခွန်းတွေထဲမှာ ထိုမေးခွန်းကို မနှင်းမှုန် အမျှော်လင့်ဆုံး။ ဖြေရတာလည်း အရသာအရှိဆုံး။

'သားက ဆရာဝန်တော့'

ထိုမေးခွန်းကျမှ ဝင်ဖြေလိုက်သော မိခင်ကို သားက ကျေနပ်စွာ ပြုံးကြည့်နေသည်။

'ဟေ ဆရာဝန်'

သူတို့ရွာမှာ ဆရာဝန်မရှိ။ ကျန်းမာရေးမှူးတောင် ဒီရွာမှာမရှိ။ ဆရာဝန်ဆိုတာကို တွေ့ဖို့ ရေနံချောင်းအထိ သွားရတာ။

'မင်း အဘွားကို ဆေးကုပေးလို့ရတာပေါ့ဟဲ့'

'ဟဲ့ နှင်းမှုန်သားက ဆေးဆရာတဲ့လား'

'ဆေးဆရာ မဟုတ်ဘူးဗျ ဆရာဝန်။ ဒေါက်တာ တင်အောင်တို့လို ဆရာဝန်။ အရီးမြနုကလေ၊ နားစွန်နားဖျားကြားပြီး စွတ်မေးနေပြန်ပြီ'

မမိုးစွေ၏သား ဖိုးတာက ခပ်ကြွားကြွားလေး ဝင်ပြောသည်။

'ဟေ တယ်လည်း မြင့်လိုက်ပါလား'

'ဘယ်ဆေးရုံမှာလုပ်တုန်း'
ညှော်ပရိတ်သတ်အလယ်မှာထိုင်လျက် လက်ရှိနေထိုင်သော ရပ်လိပ်စာ၊ အလုပ်အကိုင် လူမှုရေး စသည်တို့ကို ဒိုင်ခံဖြေပေးနေသော လူငယ်သည် အမေဖြစ်သူ တစ်ချိန်က ရင်ဆိုင်ခဲ့ရသော အရှက်တို့ကို တစ်စချင်း တစ်လွှာချင်း ပြန်လည်ဖယ်ရှားပေးနေသလိုပါပဲ ဟု မနှင်းမှုန်တွေးနေသည်။

'ဒီကလေးက ရွာက ပါသွားတဲ့ ကိုယ်ဝန်ဟုတ်ကဲ့လား'

'ဟုတ်ပါတယ် ခင်ဗျ မေမေ့မှာ ကိုယ်ဝန်ဆိုလို့တစ်ခါပဲ ရှိတာ။ အဲဒီကိုယ်ဝန်က ကျွန်တော့်ကို မွေးလာတာပေါ့။ မေမေက အိမ်ထောင်မှ မပြုဘဲ'

'နှင်းမှုန်တို့များ ကံကောင်းချက်တော်'

'မေမေက ကံမကောင်းပါဘူး အရီး။ ကံဆိုးလို့သာ မလိမ်မိုး မလိမ်မာအရွယ်မှာ လူတကာ တံတွေးခွက်မှာ မျောရတာပေါ့။ မိန်းကလေးတစ်ယောက်အနေနဲ့မမှားသင့်တဲ့ အဖြစ်ကြီးနဲ့ ကြုံရတာပေါ့။ မိန်းမတစ်ယောက်အနေနဲ့မနှင်းမှုန်ဆိုတဲ့ မိန်းမဟာ အမှားတွေ အမဲစက်တွေနဲ့ပါ။ ဒါပေမဲ့ မိခင်တစ်ယောက်အနေနဲ့တော့ မနှင်းမှုန်ဟာ စံပြပါပဲ။ မေမေ့ကြောင့် ကျွန်တော် အခုလို လူရာဝင်တဲ့သား ဖြစ်ခဲ့ရတာပါ'

မိခင်ကို ပြုံးကြည့်လျက် ပေါ့ပေါ့ပါးပါး ဖြေလိုက်နိုင်သည့်အတွက် သူ့ကိုယ်သူ ကျေနပ်နေမိသည်။
ရေနံချောင်းမြို့၏မီးရောင်ကို သောင်ခုံကျော်လျက် ခပ်ပျပျ လှမ်းမြင်နေရသည့် နေရာမှာ ရှိပေမဲ့လည်း ဤရွာတွင် လျှပ်စစ်ဓါတ်အားမရှိ။
ဘက်ထရီဖြင့် ထွန်းထားသော တစ်ပေမီးချောင်းအလင်းရောင်လေးတွင် ဧည့်သည်တွေကို မေမေထုတ်ပြထားခဲ့သည့် သူ့ဓါတ်ပုံအယ်လ်ဘမ်တွေကို ဘာရယ်မဟုတ်။ လှန်လှောကြည့်နေမိသည်။ မေမေဘာယ်တုန်းက ဒီအယ်လ်ဘမ်တွေကို သယ်ယူလာလိုက်မှန်း မသိခဲ့ရ။ သူ့သားအကြောင်း ကြွားချင်လို့ဖြစ်မှာပေါ့။ အလင်းရောင်အားနဲသဖြင့် သူစကော်ပူမှာ စာတမ်းသွားဖတ်တုန်းက ဓါတ်ပုံမှာ မှုန်ဝါးဝါးသာ ဖြစ်နေသည်။
သူ လက်လျှော့လိုက်ကာ အယ်လ်ဘမ်ကို ပိတ်လိုက်၏။
မေမေ ဤရွာမှ ဝေးနိုင်သမျှ ဝေးအောင် ပြေးခဲ့သည်မှာ အံ့ဩစရာကောင်းလှသည်။ မေမေ့ကို ခရီးမိုင်ပေါင်းများစွာသို့ ရောက်အောင် တွန်းပို့လိုက်သည်မှာ ရှက်ရွံ့သိမ်ငယ်စိတ်တစ်ခုတည်းက အဓိက ဖြစ်လေမလား။ အကယ်၍သာ မေမေ့မှာ ကိုယ်ဝန်ရခဲ့သည့်မှားယွင်းမှုမဖြစ်ခဲ့ဘူးဆိုလျှင် သာမန်ရွာက မိန်းမငယ်အဖြစ် ရွာမှာအိမ်ထောင်ကျ ရွာမှာပဲ အလုပ်လုပ်လျှင် မိမိရော ဘယ်လိုသားမျိုးဖြစ်လာမလဲ ဟု တစ်ခါတစ်ခါ တွေးကြည့်၏။

ညနေက မြင်ခဲ့ရသည့် တွဲဘက်အလယ်တန်းကျောင်းမှာ ကျောင်းဆရာဖြစ်ချင် ဖြစ်နေမှာပေါ့လေ။ သီလရှင်ကြီးတွေနှင့် တွေ့ခွင့်မကြုံခဲ့လျှင်တောင် အဘွားကတော့ မြေးကို ပညာဆည်းပူးစေချင်မှာပါ။ သူ့မြေးဖိုးတာက ရှစ်တန်းတောင် ရောက်ခဲ့ပြီးမှ ကျောင်းထွက်လိုက်သည်ဟု သိရသည်။ မိမိကို ပညာဆည်းပူးဖို့အဘွားက တိုက်တွန်းခဲ့လိမ့်မည် ထင်ပါသည်။ လူ့ဘဝကြီးဟာ မထင်မှတ်တာတွေ ဖြစ်တတ်တာပါပဲ။ မေမေကိုယ်တိုင်ကလည်း သူ့သားကို ယခုလို ပညာတတ်ပြည်သူ့ကျန်းမာရေးစီမံမှုဆရာဝန်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်တတ်ခဲ့မည် မဟုတ်တာ သေချာသည်။
စာတတ်ပေတတ်ဖြစ်စေချင်တာကလွဲလို့ မေမေသည် သူ့ကို လမ်းကြောင်းချပေးနိုင်သည့် အရည်အချင်းမရှိခဲ့။

တကယ်တော့လည်း မိမိဘဝက ကံကောင်းလွန်းလို့သာ ယခုလို ဘဝမျိုးသို့ ရောက်ခဲ့ရတာပါ။ ပညာမတတ်သည့် ဆယ်ကျော်သက် မိန်းကလေး၏ အဖေမပေါ်သော ကိုယ်ဝန်ဆောင်ဘဝတွင် ဆိုးရွားသည့် ကိစ္စတွေ ဖြစ်ပျက်သွားနိုင်သည်။ ဖြစ်နိုင်သည့် ဒုက္ခတွေက များလှသည်။
အဝေးပြေးကားဂိတ်တွင် ထမင်းဆိုင်တစ်ခုတွင် ညစာအတွက် ပန်းကန်ဆေးသည့်အလုပ်လုပ်ပေးခဲ့စဉ် ဆိုင်ရှင်က မေမေ့ကို ကျွေးမွေးခဲ့သည့် ထမင်းက စေတနာမပါသည့် စားကြွင်းစာကျန်တွေသာ မဟုတ်ခဲ့ဘူးဆိုလျှင်၊ ပြည်ကို ပြည်ကို ဟု အဝေးပြေး မော်တော်ကားကြီးစပယ်ယာသည်သာ အသံကုန် အော်ဟစ် လူခေါ်မနေခဲ့ဘူးဆိုလျှင်။ ယခုအချိန်မှာ မင်းဥာဏ်၏နာမည်သည် ပင် မင်းဥာဏ် ဖြစ်လာမည် မထင်။

ကားပေါ်သို့မတက်မီ စဉ်းစားချိန် ငါးမိနစ်လောက်ပဲ ရှိသည်ဟု မေမေကပြောတော့ ဆန်းကျယ်လှသော ကံကြမ္မာကို သူ ယုံကြည်မိသွားသည်။

* * *

(၃၀)

ဖိုးတာ၏လက်ပြတ်ဖြစ်အောင် ဆုပ်ဖြတ်ထားသော ချည်ထည်အင်္ကျီနောက်ကျောနဲနဲရှိနေသည်ကို သတိထားမိသဖြင့် ရှပ်အင်္ကျီတစ်ထည် ဝယ်လိုက်သည်။ လက်ဆောင်အဖြစ်ပေးမည်။ ခေါင်းအုံးတွေ စောင်တွေပါ ဝယ်လိုက်တော့ ဖိုးတာ နဲနဲအံ့သြဟန်ရှိသည်။ သို့သော် ဘာမှ မပြော။ အသွားအတွက် နို့မှုန့်၊ အိုဗာတင်းမော့လ်တ်မစ်လ်ခ်၊ ကော်ဖီမှုန့်၊ ခရက်ကာ မုန့်များကို ဝယ်သည်။ မျက်စိအောက်မှာ တွေ့တာတွေကို ခပ်မြန်မြန်ပင် သိမ်းကျုံးဝယ်ပြီး ဈေးမှပြန်တော့ နေလည်း အတော်ပူနေပြီ။ ဆယ့်တစ်နာရီလည်း ထိုးပြီ။

ဝယ်သည့်ပစ္စည်းတွေက လေးလံသောအရာ သိပ်မပါပေမယ့် ပွယောင်းရှုပ်ထွေးသည့် ပစ္စည်းတွေ။ ညီအစ်ကိုနှစ်ယောက် လက်တစ်ဘက်ဆီ ဆွဲလာရလောက်အောင်တော့ များ၏။
ရေနံချောင်းမြို့ကမ်းနားရပ်မှ သစ်တွေ၊ ဝါးစိုတွေ၊ ကြက်သွန်တွေ လှောင်ရာ ပွဲရုံတန်းကို ကျော်ကျော်ခြင်း သဲသောင်ပြင်ကို စမြင်ရလေသည်။ သဲသောင်ပြင်အစပ်မှာ လူနေအိမ်ခြေတွေနှင့် နီးလို့အမှိုက်တွေ ဟိုတစ်စသည်တစ်စ သဲထဲမှာ နစ်နေတာ တွေ့ရသည်။ တချို့နေရာက မဲနက်သည့် ရွှံ့ဗွက်တွေမို့ဝက်တွေက လူးလိမ့်နေတာလည်း မြင်ရသည်။
တော်တော်သွားမိတော့မှ သဲပြင်ကို စရှန်းရသည်။

ကျမ်းကိုင်ကျွန်းမှ ရေနံချောင်းသို့အလာတုန်းက သောင်ပြင်ကို ဖြတ်ချိန်တွင် လှည်းတစ်စီးတွေ့ လို့လှည်းပေါ်တက်လိုက်လာခဲ့နိုင်သော်လည်း အခုအပြန်မှာတော့ နွားတစ်ကောင်တောင် မတွေ့ရ။ နွားတွေနေပူပြီမို့သည်အချိန်သောင်ပြင်ကိုလည်းမသွားတော့ဟု သိရသည်။
သဲပြင်သောင်ခုံအကျယ်ကြီးကို ရှန်းပြီးတော့ ရွာကလေးတွေထဲကနေ ဖြတ်ရသည်။ ရွာတွေမှာ ဆိုက်ကယ်တွေ စီးနေပြီ။ သဲပြင်ထဲကို ရှန်းရသည့်ဆိုက်ကယ်တွေမှာ ဖုံအလိမ်းလိမ်း ကပ်နေသည်။ ဆိုက်ကယ်စီးထားသည့် လူငယ်တစ်ယောက်က ဖိုးတာကို ဘောလုံးပွဲသတင်း ပေး၏။

'ဘယ်မှာ သွားကြည့်ရမှာတဲ့လဲကွ'

'ဟိုဘက်ရွာဗျ။ အစ်ကို ကြည့်ချင်လား'

'မကြည့်ချင်ပါဘူးကွာ။ မေးကြည့်တာပါ။ ဘောလုံးပွဲပဲ ကြည့်ကြတာလား။ ဂျာနယ်တွေ မဂ္ဂဇင်းတွေ မဖတ်ကြဘူးလား'

ဖိုးတာက ရှစ်တန်းထိကျောင်းနေခဲ့ဖူးသူမို့ မေးကြည့်မိသည်။

'တစ်ခါတစ်ခါတော့ မြို့ကနေ ဝယ်လာတာတွေ ရှိပါတယ်'

'မင်းတို့ရွာမှာ စာကြည့်ခန်းတို့ ဘာတို့ရှိလားကွ'

'မရှိဘူးဗျ။ စာအုပ်တွေတော့ ရှိတယ်။ နေရာအတည်မရှိဘူး။ ကမ်းပါးလွတ်အောင် ဟိုရွှေ့ရ ဒီပြောင်းရနဲ့။ ထင်းရှူးသေတ္တာထဲက ထုတ်ရတယ် မရှိဘူး။
စာကြည့်တိုက်ကလေးတစ်ခု မတည်ပေးလျှင် ကောင်းမလားဟု တွေးနေမိသော မင်းဥာဏ် ဦးနှောက်ခြောက်သွား၏။

'အိုး မိဘိုင်းလ်လိုက်ဘရေရီလေး လုပ်မှ ထင်တယ်'

လွန်ခဲ့သော နှစ်ဆယ့်ရှစ်နှစ် မေမေ ငယ်စဉ်ကလည်း ဒီရွာက လူနေအိမ်ခြေနှင့် အဆောက်အဦး တွေက ဒီလောက်ပဲ။ အခုလည်း ဒီလောက်ပဲဖြစ်မည်ဟု သူလောင်းရဲသည်။

'မင်းတို့ မြစ်သောင်ခုံမှာ ကမ်းပါးတွေ ပြိုလိုက် နေရာရွှေ့လိုက်နဲ့ နေမယ့်အစား ရေနံချောင်းဘက် ရွှေ့ဖို့ မကောင်းဘူးလား'

'အစ်ကိုကလည်း ရေနံချောင်းရွှေ့ဖို့ဆိုတာ ပိုက်ဆံရှိမှ ဖြစ်တာဗျ။ နောက်ပြီး လက်ချည်းသက်သက်ရွှေ့ရုံနဲ့လဲ မရဘူး။ စိုက်ခင်းတွေ ပျိုးမြေတွေ ယာခင်းတွေက ဘယ်က ရမှာလဲ။ ဒီမှာကမှ တစ်နှစ်တစ်နှစ် စားလောက်အောင်တော့ အခင်းတွေက ငွေရသေးတာ'

ဒါလည်း ဟုတ်တာပဲ။

လှေဆိပ်ရောက်တော့ မင်းဥာဏ် ချွေးပြန်နေပြီ။ မမိုးစွေ ယူခိုင်းသည့် ခမောက်လေး ယူလာခဲ့ရ အကောင်းသားဟု တွေးသည်။ လှေက ခပ်သေးသေးတစ်စီးတည်းပဲ ရှိသည်။ အလာတုန်းက လှေမဟုတ်။ အလာတုန်းကလှေက စက်ဖြင့် ခုတ်မောင်းသည့် လှေ။ ယခုလှေက လှော်တက်နဲ့ ချည်းလှော်သည့်လှေ။ ထို့ကြောင့် နည်းနည်း ပိုကြာလေသည်။

ဖိုးတာက လှေသမားနှင့် အတူသွားထိုင်ပြီး စကားတွေ ပြောလာခိုက် မင်းဥာဏ်ကတော့ ဧရာဝတီမြစ်ပြင်ကို ငေးမောလာခဲ့သည်။ သည်မြစ်ပြင်က တကယ့်မြစ်ပြင်မဟုတ်သေးဘူး ဟု မေမေ ပြောသည်။ ဒါက သောင်ခုံ၏သည်ဘက် မြစ်ကြောင်းအသေးတဲ့။ တကယ့်ဧရာဝတီမြစ်ပြင်ကျယ်ကြီးက ရွာတွေရှိရာ သောင်ခုံကြီး၏ဟိုးတစ်ဘက်မှာတဲ့။ အချိန်ရလျှင်တော့ ရွာတွေ၏ အနောက်ဖျားဘက် လမ်းလျှောက်ထွက်ရင်း အဲဒီတကယ့်ဧရာဝတီ မြစ်ကြီးကို သွားကြည့်ဦးမည်ဟု သူစဉ်းစားလိုက်သည်။

ကမ်းစပ်မှာ လှေဆိုက်တော့ သူဆာလောင်နေပြီ။ အူက တကြုတ်ကြုတ်တောင် မြည်နေပြီ။

သူ့ထံမှ အိတ်တို့ကို လှမ်းယူလိုက်သည့် ဖိုးတာက ကမ်းပေါ်သို့ လှမ်းကြည့်သည့်အခါ မျက်နှာထားပြောင်းသွားသည်။

'အဲဗျ'

ဖိုးတာ ခပ်တိုးတိုးရေရွတ်လိုက်၏။

သူ ဖိုးတာကြည့်ရာ လှမ်းကြည့်သည်။

ကမ်းပါးထိပ်သဲသောင်ခုံပေါ်က တဲလေးရှေ့တွင် ရပ်ပြီး လှေဆီလှမ်းကြည့်နေသော လူကြီးတစ်ယောက်။

လေတိုက်ခတ်နေသဖြင့် တဲကိုမိုးထားသည့် အရွက်ခြောက်တွေက လေဖြင့် လွင့်နေသည်။

'ဦးစံလှကြီးပါရော'

ဦးစံလှဆိုသဖြင့် နေရှိန်ဖြင့် ပူခြစ်နေသော သူ့ဦးခေါင်းကို တူကြီးကြီးဖြင့် ထုလိုက်သလို လေးပင်သွား၏။

ရေထဲမှ ကမ်းစပ်သဲပြင်သို့ အတက်မှာ မင်းဥာဏ်ခြေလှမ်းတွေ နှေးသွားသည်။

လှေဆိပ်တဲကလေး ရှေ့မှာ ရပ်နေသည့် လူကြီး ဘာကို လာစောင့်နေသည်ဟု တွေးကြည့်ဖို့ မလိုပါ။

* * *

(၃၁)

ယခုလို ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့ရလိမ့်မည်ဟုမထင်ခဲ့သဖြင့် သူတစ်ခဏတော့ပူထူသွားသည်။ မျက်နှာကို ဘယ်ဘက်မူထားပြီး မျက်လုံးက ဘယ်ဆီကြည့်ရမှန်း မသိပေ။

ထို့ကြောင့် သဲပြင်ပူပူကိုပဲ ရှုန်းတက်ဖို့နေရာရှာမိသည်။ အဲသည်တဲနှင့် ဝေးဝေးကနေလျှောက်ဖို့ဆုံးဖြတ်ထား၏။ စက္ကန့်ပိုင်းအကြာမှာတော့ ဖိုးတာလျှောက်ရာ ခြေလှမ်းအတိုင်း သဲပြင်ကုန်းမြင့်ကို လှမ်းတက်နေရင်းက မျက်စိက တဲဆီတည့်မတ်မတ် ကြည့်မိလျက်သား ဖြစ်သွားသည်။

အသက်ခြောက်ဆယ်အရွယ် အရပ်ရှည်ရှည်ပိန်ပိန်ကိုင်းကိုင်း လူကြီးတစ်ယောက်။ အထက်အညာရွာတွေမှာ တွေ့မြင်လေ့ရှိသော ရွာသားကြီးတစ်ယောက်ပါပဲ။ ညိုးခြောက်နွမ်းလျတာတစ်ခုပဲကွာသည်။ သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည့်မျက်လုံးတွေနှင့် သွားဆုံမိသဖြင့် ဖြုန်းခနဲ မျက်နှာ လွှဲပစ်လိုက်ရ၏။
မျက်လုံးချင်း ဆုံမိသည်မှာ တစ်စက္ကန့်မျှသာ ကြာမည်ဖြစ်သော်လည်း ထိုတစ်ခဏမှာပင် မင်းဉာဏ်နှင့် ထိုလူ တစ်ယောက်၏သဘောထားကို တစ်ယောက်က ရိပ်မိသွားသည်။

မင်းဉာဏ်သူ့ကို သိနေမှန်းလည်း ထိုလူသိပြီး သွားပြီ။ မင်းဉာဏ်၏ခါးသီးမုန်းတီးမှုကိုလည်း ထိုလူမြင်ပြီးသွားပြီ။ ထိုလူ၏ပိုင်စိုးပိုင်နင်း ရင်းနှီးဟန် မျက်လုံးများကိုလည်း မင်းဉာဏ် ခါးခါးသက်သက် မြင်တွေ့လိုက်ရပြီးလေပြီ။

'ဝယ်လာတာတွေ မနည်းပါလားကွ'

သူပထမဆုံး ကြားလိုက်ရသည့် ထိုလူ၏စကားသံသည် မသေမသပ် တုန်တုန်ခိုက်ခိုက်ဟု ထင်သည်။ စကားပြောရင်း ထိုလူကြီး ခြေလှမ်းစတင်လှမ်းတာကို မျက်စိဒေါင့်မှ မြင်ရသည်။

'ဟုတ်တယ်ဗျ။ အဘွားအတွက်ပါ။'

'ပေးလေ မင်းတို့များနေမယ်။ ငါသယ်ခဲ့ပါမယ်'

သူတို့အနားသို့ရောက်လာသော ထိုလူကြီးကို မင်းဉာဏ်ခပ်တင်းတင်း မျက်နှာထားဖြင့် ကြည့်ပစ်လိုက်သည်။ မျက်ခုံးက ခပ်ပါးပါး မျက်လုံးက ခပ်ခွက်ခွက်။ ပါးရိုးငေါငေါ ချိုင့်ချိုင့်။ အဖြူရောင်နှင့် မီးခိုးရောင်ရောစွတ်နေသော မုတ်ဆိတ်တိုတို ထောင်ထောင်တွေက လောကဓံ၏ထုထောင်းမှုကို လက်လျှော့ အရှုံးပေးထားသူမှန်း ဖော်ပြနေသယောင်။

'ရပါတယ် ဦးကြီး'

ဖိုးတာက ငြင်း၏။ သူတို့အနားသို့ထိုလူကပ်လာသည်မှာ လူချင်းတောင် ထိလုမတတ် ဖြစ်သည်။ ထိုလူဆီမှ ရေစိုအဝတ်နံ့နှင့်တူသော အောက်သိုးသိုး အနံ့တစ်ခုရသည်။ မင်းဉာဏ် ခပ်ဝေးဝေးသို့ရောက်အောင် ခြေလှမ်း အမြန်လှမ်းလိုက်၏။ မင်းဉာဏ်ခြေလှမ်းတွေက သဲပြင်မှာမို့လိုရာသို့မရောက်သည့်မပြင် သဲထဲမှာ တစ်ပိုင်းပေါ်နေသော ပလတ်စတတ် ရေသန့်ပုလင်းခွံတစ်ခုကို ခလုပ်တိုက်မိသွားသည်။

'လူလေးတို့အဘွားနေကောင်းလား'

နောက်မှာ ကျန်ခဲ့သော ထိုလူ၏အသံကို ကြားရသည်။ ဖိုးတာကိုမေးတာလား။ သူ့ကိုမေးတာလား။ သူမဲ့ပြုံးပြုံးလိုက်မိသည်။ ရင်ထဲမှာတော့ ပူပြင်းခြောက်သော သဲပြင်နှင့် အပြိုင် အရှိန်တညီးညီးဟပ်နေသလိုပဲ။
သူ လှည့်မကြည့်။

'မကောင်းသေးဘူးဗျ'

ဖိုးတာက ဝတ္တရားမပျက် ဖြေ၏။ ဖြေရင်းလည်း ခပ်သွက်သွက် လျှောက်နေ၏။ နေပူပူမှာ ပူပြင်းလှသည့် သဲသည် စီးထားသည့်ဖိနပ်ကို ဖောက်ထွင်းကာ ခြေဖဝါးကို ပူကျွမ်းစေသည်မို့ သူခြေလှမ်း ခပ်ဆဆ ဖြစ်သွားသည်။ စောစောက သူမြင်ခဲ့ရသည့် ထိုလူကြီး၏ ခြေဖဝါးမှာဖြင့် ဖိနပ်တောင်မပါပါဟု သူမှတ်မိသည်။
ရွာအဝင် လှည်းလမ်းတစ်လျှောက် လှည်းဘီးရာတွေက ချိုင့်နက်နက်။ သူ ထိုလှည်းဘီးရာအတိုင်း နင်းလိုက်လာရင်း ဆူးခက်လေးတွေကို ရှောင်ရှားလာရသည်။ သူဆွဲလာသည့် ကြွပ်ကြွပ်အိတ်က လေးလာသည်။ လက်ချောင်းတွေ ပြတ်ထွက်တော့မလိုပဲ။ လက်နှစ်ဘက်ဆွဲရခြင်းဖြစ်သဖြင့် အိတ်ကို လက်လဲဖို့မဖြစ်နိုင်။

'ပေးပါ လူလေး မင်းလက်တွေ နာနေရောပေါ့'

နောက်ကျောဆီမှ နီးကပ်သော အသံ။ ဟား ဘလိုင်းကြီးပါလား။ သူ့နားထဲတွင် ခါးသက်လှသည်။ စကားလည်း မပြန်လို။ လှည့်လည်း မကြည့်လို။ မကြားချင်ယောင်ဆောင်လျက် သဲထဲသို့ခြေကို ခပ်ပြင်းပြင်း နှစ်၍ နှစ်၍ လျှောက်လာခဲ့လေသည်။ ရွာအဝင်လမ်းက မူလထက် ပိုရှည်နေသလိုပဲ။ ရွာသည် မနေ့ကထက် ပိုဝေးသည်ဟု ထင်ရသည်။ မင်းဥာဏ်က ရှေ့ဆုံးမှ ထိုလူက မင်းဥာဏ်နှင့် ကပ်နိုင်သမျှ ကပ်လျက် နောက်ဆုံးက ဖိုးတာ။ သုံးယောက်လမ်းလျှောက်နေကြခိုက် စကားသံတွေ တိတ်ဆိတ်နေသည်။ ကြားရသမျှမှာ သဲထဲသို့ခြေထောက်မြှုပ်သံ၊ သဲတွေ ဖွာလွင့်ကျန်ရစ်သံ၊ သဲမှုန်တို့ကြွပ်ကြွပ်အိတ် သို့ စင်သည့်အသံ။

ဒီလူ ငါ့ဆီက ဘာလိုချင်တာလဲ။ ငါ့ဆီက ဘာရမယ်လို့သူထင်နေသလဲ။ ငွေလိုချင်သလား။ ငွေတစ်ပြားတစ်ချပ်မှ ငါမပေးဘူး။ သူ့ကိုပေးမဲ့အစား ရွာကို စာအုပ်တွေ ဝယ်ပေးခဲ့မယ်။
မင်းဥာဏ် ကြိုတင်စီစဉ်နေသည်။
ရွာတံခါးကို လွန်သည့်အခါမှာတော့ လှည်းလမ်းကြောင်းအစွန်းမှာ သူလျှောက်လာသည်။ ဘေးမှာ ဝါးခြမ်းခြံစည်းရိုးတွေနှင့် အိမ်တွေ စတွေ့ရပြီ။ ခြူသံခလောက်သံ ဆူညံစွာဖြင့် နွားကြီးတစ်ကောင် ရှေ့မှ ပြေးလာနေတော့ သူ လန့်ဖျတ်ကာ ဘေးသို့ ကပ်လိုက်၏။

'မကြောက်နဲ့မကြောက်နဲ့ ဒီနွားက မခွေ့တတ်ဘူး'

နောက်ကလူက သူ့ကို လှမ်းအားပေးသည်။ သူ မကြားချင်ယောင်ဆောင်လိုက်ပြီး ရှေ့ဆက် လျှောက်သွားလိုက်၏။ ငါ့ကို မွေးဖွားလာဖို့သူ ဘာတွေများ တာဝန်ယူခဲ့လို့လဲ။ ငါ့အပေါ်မှာ သူ့ကျေးဇူး ဘာတစ်ခုမှ မရှိဘူး။ ငါနဲ့သူနဲ့ဘာမှ မဆိုင်ဘူး။

နှမထွေးလေးအရွယ်လောက်ရှိတဲ့ ကလေးမလေးကို မြူဆွယ်ဖျက်ဆီးရက်တဲ့လူ။ အဲဒီလူက ငါ့အဖေ မဟုတ်ဘူး။ ဒီလောက် ကိုယ်ကျင့်တရား ပျက်ယွင်းတဲ့လူဟာ ငါ့အဖေ မဟုတ်ဘူး။
အိမ်ဆီသို့အသွားလမ်းမှာတွေ့သမျှ သဘော်မန်ကျည်းပင်ပင်စည်တို့ကိုလက်သီးဖြင့်ထိုးပစ်ချင်သော်လည်းလက်နှစ်ဘက်လုံးက မအားသဖြင့် ခြေထောက်နှင့် ကန်ကန်ပစ်ခဲ့သည်။ အိမ်ကို မြင်လိုက်ရသည့်အခါ သူ အားတက်သွားသည်။ ငယ်စဉ်က ကျောင်းမှ အပြန် လိုက်ရန်စခံရစဉ် အမေ့ခြံတံခါးဝသို့အရောက် ကြောက်လန့်တင်းကြပ်သမျှတွေ ပြယ်လွင့်ကုန်သလို ယခုလည်း စိတ်သက်သာရာရသွားသည်။

မေမေ။

ထူးဆန်းလှချည့်လား။ သူသည် မေမေကို သူ့ ရင်ခွင်မှာ ကာကွယ်ပေးဖို့ အားမာန်ဖြင့် သည်ရွာသို့ လာခဲ့သည်။ ယခုတော့ သူ့ ကို ထိုလူ့ အကြည့်စူးစူးမှ ကာကွယ်ပေးဖို့ မေမေ့ကို လိုအပ်နေမှန်း သိသွားလေသည်။
သူအလောတကြီးပင် အိမ်ထဲသို့ ပြေးဝင်လိုက်၏။

'ဖိုးတာ ခဏနေရင် ဟင်းလေးတစ်ခွက်လောက် လာယူကွာ။ ငါ့အိမ်ကိုနော်'

ထိုလူက အိမ်ရှေ့ လမ်းအထိတော့ မလိုက်ပေ။ တစ်ဘက်မှာပင် ရပ်ကျန်ခဲ့သည်။

'နေပါစေ ဦးကြီးရဲ့ ကျွန်တော်တို့ မှာ ပြည့်စုံပါတယ်'

ဖိုးတာက ပြေပြေပြစ်ပြစ် ပြောသည်။

'အေ ပြည့်စုံပေမဲ့ ငါကလဲ ဟင်းခွက်လေး ပေးချင်သေးတာပေါ့ဟ။ ငါ့သားလေးစားဖို့ '

ထိုလူအော်ပြောလိုက်သည့် စကားထဲမှ ငါ့သားလေး ဟူသော စကားလုံးသည် ဖိနပ်ချွတ်လှေကားခုံပေါ် တက်လှဆဲဆဲ မင်းဥာဏ်အား ခလုပ်တိုက်မိသွားအောင် ပူလောင်သွားစေသည်။ ခလုတ်တိုက်လက်စနှင့် သူ လှေကားခုံကို ကန်ပစ်လိုက်သည်။ ဝေါ့လ်ကင်းရှူးစီးထားတာ မဟုတ်ဘဲ သားရေညှပ်ဖိနပ်သာ စီထားမိပါလားဟု သိလိုက်သည့်အချိန်တွင် ခြေထောက်က သစ်သားခုံကို ပြင်းထန်စွာ ကန်လိုက်မိပြီးနေပြီ။

နာလိုက်တာ။ သို့ သော် နာကျင်မှုက ဆူပွက်နေသည့် ဒေါသကို လမ်းလွှဲပေးလိုက်သဖြင့် သူစိတ်သက်သာရာ ရသွားသည်။

* * *

(၃၂)

သီးသန့် မီးဖိုဆောင်လေးကနေ အိမ်မကြီးပေါ်သို့ ထမင်းဟင်း ပန်းကန်များ သယ်ဆောင်ပြီး ထမင်းစားပွဲပေါ် ချနေကြသည့် အချိန်မှာ အိမ်ရှေ့သို့ လူရိပ်တစ်ခုနှင့်အတူ အသံက ရောက်လာသည်။ 'ကိုအောင်မောင်း။ ကျုပ်ဝင်ခဲ့မနော'

နှစ်ပေါင်းများစွာ အတွေးထဲမှ ခါးခါးသီးသီး မောင်းထုတ်ထားပြီးသော ကိုစံလှအသံကို မနှင်းမှုန် မမှတ်မိတော့ပါ။ သို့သော် စိတ်ထဲက ထင့်ခနဲတော့ ဖြစ်သွားသည်။ ထို့ကြောင့် သတိအနေအထားနှင့် မီးဖိုဆောင်ကပြင်ပေါ်ကနေ ဆင်းခါနီးဆဲဆဲ မဆင်းဘဲ တိုင်ကွယ်လျက် လှမ်းကြည့်လိုက်သည်။

'အော် ကိုစံလှ ဘာများ ကိစ္စရှိတုန်း'

မမိုးစွေ ခင်ပွန်း ကိုအောင်မောင်းက သဘောရိုးနှင့် မေး၏။ ဟုတ်ပြီ ဒင်းပါပဲ။

'အော် ဒီမှာ ဟင်းခွက်လေးလာပို့တာ'

မှောင်စပျိုးနေသည့် ခပ်မှိန်မှိန်ကောင်းကင် အလင်းတွင် မနှင်းမှုန် မြင်လိုက်ရသူက သူစိမ်းလူကြီးတစ်ယောက်။

မနှင်းမှုန်အတွေးတွေထဲတွင် နှစ်ပေါင်းများစွာ အိပ်မက်ဆိုးဖြင့် ခြောက်လှန့်ခဲ့သော ကိုစံလှကြီး မဟုတ်တော့ပါလား။ ယခုမြင်တွေ့နေရသူက ဆံပင် ဖြူဖြူ၊ ထိုးထိုးထောင်ထောင် မုတ်ဆိတ်တိုဖြူဖြူ။ ငေါထွက်နေသော ပါးရိုးချိုင့်ချိုင့်ခွက်ခွက်။ နေလောင်ခံ ပြာမွဲမွဲ အသားအရေ၊ မျက်လုံးကဟိုးနက်ခွက်ထဲမှာ။ ဘုရားဘုရား။ ဒီလူကြီး ဒီလောက်တောင် ဖြစ်သွားမှကိုး။ အဝါရောင် ကြွေရည်သုပ်ဟင်းထည့် သံဇလုံကို ကိုအောင်မောင်းက လှမ်းယူလိုက်၏။

'ဆရာဝန်လေးတို့ စားဖို့ ကျုပ်ကိုယ်တိုင် ချက်လာတာ'

ဟင်း။ ကောင်းအုံးတော့မှာပဲ။ မနှင်းမှုန် ဒေါသတကြီးဖြစ်နေသည်။ ဟင်းပန်းကန်ကို မယူဖို့ ကိုအောင်မောင်းကို ပြောချင်သည်။ သို့သော် ဒင်းမျက်နှာကိုလည်း မကြည့်ချင်။ မိမိကိုလည်း မြင်မသွားစေချင်။ ထို့ကြောင့် ဟင်းခွက်ကိုပဲ အဆိပ်ခွက်ပမာ ခါးခါးသီးသီး လှမ်းကြည့်နေမိသည်။

'ထားခဲ့မယ် မလှယ်နဲ့ နက်ဖြန်ခါကျမှ ကျုပ်လာယူမယ်'

ထိုလူလှည့်ထွက်တော့မည့် အချိန်တွင် မနှင်းမှုန်သည် အကောင်းဆုံး အကြံတစ်ခုရသွားပြီး မီးဖိုဆောင်ကပြင်မှ ကမန်းကတန်း ဆင်းကာ ကိုအောင်မောင်းတို့ ဆီ ပြေးသွားလိုက်၏။

မမိုးစွေက ထမင်းဇလုံကို ကိုင်ရင်းတန်းလန်း။ သူ့ညီမ ဘာလုပ်လိမ့်မည်ဟု မတွက်မိတော့ တအံ့တသြ ဖြစ်နေသည်။ မနှင်းမှုန်သည် ကိုအောင်မောင်းလက်ထဲမှ သံဇလုံကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

နနွင်းရောင် ခပ်ဝါဝါ၊ ဆီဝေ့ဝေ့ရေပေါ်လောပေါ် ကြက်သားဟင်းတွေကို တစ်ချက်ကြည့်လိုက်ပြီး ဘာစကားမှမပြောဘဲ ခွေးစာခွက် စဥ့်အိုးကွဲအပိုင်းထဲသို့ မှောက်သွန်ချလိုက်၏။

'ဟဲ့ နှင်းမှုန် မလုပ်နဲ့လေ'

ကိုအောင်မောင်းက လွှတ်ခနဲ အောင်တော့ အိမ်ဝိုင်းထဲမှ ခြေလှမ်းထွက်သွားပြီးသော ထိုလူက လှည့်ကြည့်သည်။ ခွေးစာခွက်ထဲ ဟင်းတွေသွန်ထည့်လိုက်တာကို သူမြင်သွားသည့်အခါ ပါးစပ်အဟောင်းသားနှင့် ကြောင်ကြောင်ကြီး ရပ်နေတော့သည်။ တစ်အိမ်လုံး အသံမထွက်ဘဲ တိတ်ဆိတ်နေတာ တော် တော်ကြာ၏။ မနှင်းမှုန်က သံဇလုံကို အိမ်ရှေ့က သစ်သားကြမ်းစားပွဲကြီးပေါ် အသံမြည်အောင် ဆောင့်ချပစ်လိုက်တာက ပထမဆုံးအသံ။ ကိုအောင်မောင်း ချောင်းဟန့်လိုက်သံက ဒုတိယအသံ။ တတိယအသံကတော့ ကိုစံလှ ခေါင်းငိုက်ဆိုက်ချလျက် လှည့်ထွက်သွားသော ခြေသံဖြစ်သည်။

နောက်ထပ် အသံမှာ စဥ့်အိုးကွဲထဲသို့ နှုတ်သီးလျှိုပြီးစားလိုက်သော ခွေး၏မာန်ဖီသံနှင့် ဝါးမျို ကိုက်ဖဲ့သံဖြစ်သည်။

* * *

(၃၃)

ရွာတောင်ဖျားတွင်ရှိသော ဦးစံလှ၏အိမ်သည် ပြုံကွဲပျက်စီးမှု၏ပြယုဂ်တစ်ခု ဖြစ်သည်။ အိမ်ဝိုင်းကတော့ ကျယ်ဝန်းပါ၏။ အဘွားအိမ်ထက် နှစ်ဆလောက်ကျယ်သည်။ သို့သော် မျက်စိအောက်မှာ မြင်မြင်သမျှသည် ဖရိုဖရဲတွေချည်း။ထရံတို့ ပေါက်ပြဲနေသော ခြေတံရှည်အိမ်သည် အောက်ထပ်မှာ အကာမရှိ။ ရွာအိမ်တွေ ထုံးစံအတိုင်း ကွပ်ပျစ်ကြီးတစ်ခုရှိပြီး ထိုကွပ်ပျစ်ပေါ်တွင် ခံတောင်းများ၊ ဘူးသီးခြောက် ရေဘူးများ ပြန့်ကျဲ နေသည်ကို ဖိုးတာ၏လက်နှိပ်ဓာတ်မီးအောက်တွင် ဖျတ်ခနဲ မြင်လိုက်မိသည်။ မီးရောင်ခပ်မှိန်မှိန်သည် အပေါ်ထပ် ပြတင်းပေါက်မှ ဖြတ်လျက်အိမ်ဝိုင်းထဲသို့ ကျလျက် ရှိသည်။ လူသံမကြားရ။ အိမ်အဝင်တွင် နွားတင်းကုပ်အဟောင်းတစ်ခု ရှိသည်။ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ထိုနွားတင်းကုပ်ထဲမှာ နွားစာခွက်နှင့် တိုလီမုတ်စအသုံးအဆောင်တွေ ပြန့်ကျဲနေသည်ကို မြင်ရသည်။ ဝါးဦးထုပ်ဟောင်း၊ ဆီချေးတွေ တက်နေသော လေးဒေါင့်ဆီပုံးများ၊ ရေခပ်သည့် ရေပုံးဝိုင်းများ၊ ဂါလံဆန့် ပလတ်စတစ်ဘူးခွံများ၊ ဖင်မဲညစ်နေသော ထမင်းအိုးဟောင်းများ။

တစ်နေရာမှ ခွေးတစ်ကောင်ထွက်လာပြီး ထိုးဟောင်လိုက်သည်။

'ဦးကြီးစံလှ ခွေးကြည့်အုံး ဆရာဝန်ပါလာပြီ'

'အေး မကိုက်ပါဘူးဟ လာကြ။ ဟဲ့ခွေး တော်ရာသွားစမ်း'

လှေကားပေါ်မှ ရှည်ရှည်ကိုင်းကိုင်းဖြင့် ဦးစံလှ ဆင်းလာပြီး ခွေးမောင်းသည်။

'လာပါ လာပါ အပေါ်ထပ်ကို တက်ပါ'

မဲညစ်ညစ် ဖျာကြမ်းများ အပြည့်ခင်းထားသော အပေါ်ထပ်ကြမ်းပြင်သည် ခြေနင်းလိုက်တိုင်း တကျွိကျွိ မြည်နေ၏။ ဘုရားစင်က လှေကားတည့်တည့်တွင် ထရံအပြင်ဘက်အထိ ထုတ်ထားသော အဆောင်သပ်သပ်မှာ ဖြစ်သည်။ သည်ရွာက အိမ်တွေ တော်တော်များများသည် တစ်ပုံစံတည်း ဖြစ်လေသည်။

ဘုရားစင်ရှေ့တည့်တည့်တွင် အသစ်စက်စက် သင်ဖြူးဖျာချောတစ်ချပ်ကို ခင်းထားသည်။ သင်ဖြူးပေါ်တွင် ရေနွေးခရားနှင့် အကြမ်းပန်ကန်သုံးလေးလုံး ထည့်ထားသော လင်ပန်းကို တွေ့ ရသည်။ မုန့်အတုံးတွေ ထည့်ထားသည့် ပန်းကန်ပြားတစ်ခုနှင့် လဘက်အုပ်တစ်ခု။

'ထိုင်ကြ ထိုင်ကြ'

သူမထိုင်သေးဘဲ အိမ်တွင်းပတ်လည်ကို လှည့်ပတ်ကြည့်သည်။

'လူနာရော'
'ရှိတယ်။ အခန်းထဲမှာ။ ခဏနားပါဦး။ ရေနွေးကြမ်းနဲ့ အချိုမုန့် လေးစားပါ'

'မစားတော့ဘူးဗျ။ လူနာကိုပဲ ကြည့်ရအောင်ပါ'

လူနာက အိမ်ခန်းထဲမှာ ရှိလေသည်။

အသက်ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ယောက်။ ချည်စောင်ခပ်ပါးပါး နွမ်းနွမ်းကို ခါးမှ ခြေထောက်ထိ ခြုံထားပြီး ပက်လက် အိပ်နေသည်။ အနီးတွင် စောင်ခြင်ထောင်အပုံတစ်ခု ရှိ၏။ သနပ်ခါးကျောက်ပြင်နှင့် စဥ့်ရေခွက်ငယ် ရှိ၏။ မိန်းကလေးက သူတို့ဝင်လာသောအခါ သူ့ကို စူးစိုက်ပြီး ကြည့်နေသည်။ ကလေးမ၏ ခေါင်းရင်းမှာ သံဘူးဟောင်း တစ်ခုပေါ်မှာ ဖယောင်းတိုင်စိုက်ထွန်းထားသည်။

မင်းဥာဏ် လူနာကို စမ်းသပ်ရန် ကလေးမဘေးတွင် ထိုင်ချလိုက်သည်။

'ဘာဖြစ်လဲ နေမကောင်းဘူးလား'

'မူးလို့'

အသံက ကလေးသံလေး။ ခပ်တုန်တုန်။ ဆရာဝန်ဆေးထိုးမှာကို ကြောက်နေသည့်ဟန် မပဟုတ်ဘဲ နွမ်းနယ်သိမ်ငယ်နေသည့် အသံ။ သူနည်းနည်း သနားသွားသည်။

လေဖြင့်လှုပ်ခတ်နေသော ဖယောင်းတိုင်မီးမှိန်မှိန်အလှုပ်အောက်မှာ လူနာကိုသူစမ်းသပ်သည်။ တကယ်တော့ သူသည် လူနာကုသသည့် ဆရာဝန်မဟုတ်တော့။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အတွက် စီမံကိန်းတွေ လုပ်ငန်းဆောင်တာတွေကို အစီအစဉ်ရေးဆွဲညွှန်ကြားပေးသည့် ဆရာဝန်အဖြစ် လမ်းကြောင်းကို ရွေးချယ်ခဲ့ပြီးပြီ။ ညနေခင်းတွေမှာ ဆေးကုသည့်အလုပ်ကို သူမလုပ်ပေ။ ထို့ကြောင့် မိန်းကလေးကို အရေးပေါ် သူကုသပေးပြီးလျှင်လည်း ရေနံချောင်းမှာ သူတို့ပြနေကျ ဆရာဝန်ဆီ လွှတ်ပေးဖို့ စဉ်းစားထားသည်။

သို့သော် ရေနံချောင်းသို့လွှတ်ပြီး ဆေးကုသရန်မလိုပါ။ လူနာသည် သွေးဖိအားရော၊ နလုံးခုန်နှုန်းရော အားလုံးကောင်း သည်။ ဝမ်းဗိုက်နှင့် ဆီးအိမ်အားလုံးကောင်းသည်။ ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေး မူးသည် ဆိုသောကြောင့် ကြိုတင်စိုးရိမ် ထားသည့် မတော်မတဲ့ အဖြစ်မျိုးကိုလည်း သူမတွေ့ရ။ ကလေးမ၏လက်ဖျားတွေနှင့် မျက်ခမ်းအောက်ခြေတွင်မှာတော့ သွေးအားနဲသည့်လက္ခဏာကို တွေ့ရသည်။

'ဘာမှ မဖြစ်ပါဘူး။ ဘယ်တုန်းက စမူးတာလဲ။ ဘယ်လိုမူးတာလဲ'

မေးတော့ ကလေးမက ဖျာအစွန်းတွင် လာထိုင်နေသော ဦးစံလုကို လှမ်းကြည့်သည်။ ကလေးမလေး၏မျက်လုံးတွင် ရှက်ကိုးရှက်ကန်း အရိပ်လိုလို။

'အခုညနေက ယာခင်းထဲက အပြန်မှာ မူးတယ်ပြောတာပဲသားရယ်။ မင်းနမက မနက်ဆိုလဲ လေးနာရီဆို အိမ်ကနေ ထွက်ရတာ။ ညနေဆိုလဲ မိုးချုပ်မှ အိမ်ပြန်ရောက်တာ'

သူနားလည်သဘောပေါက်လိုက်တာကတော့ မိန်းကလေးမှာ ဘာရောဂါမှ မရှိ။ နေမကောင်းချင်ယောင် ဆောင်ခိုင်းလို့ပဲလား။ နဲနဲမူးတာမိုက်တာကို နေမကောင်းဘူးဟု ဖွတ်ပြောပြီး အိပ်ရာထဲ လှဲခိုင်းလို့လား။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဒါဒီလူကြီးရဲ့ အကြံအဖန်ပဲ ဖြစ်မယ်။

ဘာပဲ ဖြစ်ဖြစ် သူ ဘေးအန္တရာယ်မရှိတတ်သည့် အားဆေးတော့ ထိုးလို့ရပါသည်။ ဘီတွဲ ဘီဆစ်က်စ်ကို နှစ်ဆယ့်ငါးရာခိုင်နှုန်း ဂလူးကို့စ်ထဲ ထည့်ပြီး အကြောဆေးထိုးပေးလိုက်သည်။ ထို့နောက် အဘွားအတွက် ဝယ်လာသော အားဆေးတွေထဲကနေ ကလေးမနှင့် သင့်တော်မည့် အင်နာဗွန်စီကို အနည်းငယ် ခွဲပေးရသည်။ သံဓါတ်ပါသော ဆေးရည်ကို အဘွား၏ဘူးထဲမှ အနည်းငယ်ခွဲထည့်ရန် ပုလင်းတစ်ခုတောင်းတော့ သူတို့အိမ်မှာ ဘာပုလင်းမှ သန့်ရှင်းပြီးသား အဆင်သင့်မတွေ့။

'ကဲ နေ နေ ဒီနေ့ညအတွက် အခုပဲ တိုက်ခဲ့မယ်။ မနက်ဖြန်ကျတော့မှ ဖိုးတာက လာပေးလိုက် ဟုတ်လား'

ဆေးကို အကြမ်းပန်းကန်ထဲထည့်ပေးတော့ ကလေးမက မသောက်သေးဘဲ သူ့အဖေကို စိုးရိမ်တကြီး ကြည့်တာ တွေ့၏။ သူ့ အဖေက ခေါင်းညိတ်ပြတော့မှ သောက်ချလိုက်သည်။

ဆေးဖိုးဘယ်လောက်ကျလဲဟု တစ်ခွန်းမှ မမေး။ ဆွေမျိုးချင်းတွေပါ ဟူသော အချိုးမျိုးလားဟု သူတွေးသည်။ ဆေးဖိုးကို သူကစပြောပစ်လိုက်ဖို့စဉ်းစားသည်။ သို့သော် ထိုစကား၏မူလ ရည်ရွယ်ချက်အမှန်ကို သူတို့မသိဘဲ မိမိ၏စိတ်ကို တစ်ခုခု ကောက်ချက်ချလိုက်လျှင် မကောင်းပါ။ ထို့ကြောင့် ဘာမှ မပြောခဲ့ပါ။ လူနာနှင့် ပတ်သက်တာတစ်ခုခုပြောတိုင်း မောင့်နမက မောင့်နမကဟု ထည့်ပြောနေသော လူကြီးကို သူ ခပ်ချဉ်ချဉ် အော့နှလုံးနာလာလျက် တစ်ခွန်းတော့ နက်ပစ်ခဲ့မိသည်။

'မိန်းကလေး'

သူသည် မိမိထက် ငယ်ရွယ်သော မိန်းကလေးများကို အမြဲလိုလို ညီမလေး ညီမဟု ခေါ်လျက် စကားပြောသောအကျင့် ရှိပါသည်။ ဤကလေးမကိုလည်း ညီမအရွယ်မို့ချစ်စနိုးညီမဟု ခေါ်လိုပါသည်။ သို့သော် တမင်ပင် မိန်းကလေးဟု ခေါ်လိုက်၏။

'အဖေကို လုပ်ကျွေးတာ မင်းကုသိုလ်ရမှာပါ။ တစ်ခုတော့ သတိထားနော်။ ယာခင်းက အပြန်တို့ ဘာတို့မှာ အဖော်တွေနဲ့ ကွဲကျန်ခဲ့တာမျိုးတော့ မဖြစ်အောင်ဂရုစိုက်။ လူယုတ်မာဆိုတာက နမအရွယ် တူမအရွယ်ရယ်လို့ရှောင်မှာ မဟုတ်ဘူး'

သူ ဦးစံလှ၏ မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောပစ်ခဲ့ရတာ အရသာ ရှိလှသည်။ ကလေးမက ထိုစကားနောက်ကွယ်က အဓိပ္ပါယ်ကို နားလည်ဟန်မတူဘဲ ကြည်ကြည်လင်လင်လေး ပြုံးလေသည်။

'ဟုတ်ကဲ့ပါ အစ်ကို စိတ်ချပါ'

သူထွက်လာသောအခါ ဦးစံလှတစ်ယောက် ခေါင်းငိုက်စိုက်ကျလျက် ကျန်ရစ်ခဲ့သည်။ ရေနွေးကြမ်းနှင့် မုန့်ပင် သူ့ကို ဧည့်မခံလိုက်နိုင်တော့ပေ။

* * *

(၃၄)

ချစ်ခြင်းမေတ္တာကို မေမေသိခွင့်မရခဲ့ဘူးဟု သူထင်ခဲ့သည်။ သို့သော် အေးညိုကို သူသွားရှာမည်ဟု ပြောတော့ မေမေ့မျက်ဝန်းမှ တစ်ဆင့် မေမေ့ရင်ခုန်သံကို သူကြားနေရပါသည်။

ချောင်းနက်သည် တောင်းတွင်းမှ အောင်လံသို့ အထွက် အဝေးပြေးလမ်းမပေါ်မှာပင် ရှိသည့် ရွာကြီးတစ်ခုဖြစ်သည်။ တောင်တွင်းပြည်ကားပေါ်က ဆင်းလိုက်သည်နှင့် ရွာထဲချက်ချင်း ရောက်သည်။ ချောင်းနက်တွင် ဘုန်းကြီးကျောင်းများ၊ ဘုရားများ စုံလင်လှသော်လည်း ငွေဘုံသာဘုန်းကြီးကျောင်းကို အလွယ်တကူပင် မေးစမ်းလို့ ရသည်။

ရွာ၏အစွန်တွင် ရှိသော ငွေဘုံသာတောရကျောင်းသည် သစ်ရိပ်ဝါးရိပ်ဖြင့် စိမ်းညို့အုပ်ဆိုင်းကာ အေးစိမ့်နေလသည်။ နေပူထဲကနေ ကျောင်းဝိုင်းထဲသို့ ဝင်လိုက်သည်နှင့် ခြေဖဝါးနင်းလိုက်သည့် မြေက အေးအေးမြမြ။ ဘုန်းကြီးကျောင်းသည် ရှေးခေတ်လက်ရာ အခန်းဆောင်တွေ အများကြီးနှင့် သစ်သားကျောင်းဆောင်ကြီးဖြစ်သည်။

ကျောင်းဝိုင်းမြေပြင်တွင် တံမြက်စည်းလှဲနေသော လူတစ်ယောက်ဆီ မင်းဉာဏ်နှင့် မျိုးထွန်း ကပ်သွားသည်။

‘ဦးကြီး’

အသက်လေးဆယ်ကျော်ငါးဆယ်အတွင်း အညာသားပြီသသည့်အသွင်အပြင်နှင့် အမျိုးသားကြီးကို မင်းဉာဏ်အကဲခတ်ကြည့်ရင်း စုံစမ်းလိုက်သည်။

‘ဘုန်းကြီးရှိလား။ ကျွန်တော်တို့ တခြားကလာတဲ့ ဧည့်သည်တွေပါ။ ဘုန်းကြီးကို လျှောက်မေးစရာလေးတွေ ရှိလို့ ပါ’

‘အေး ရှိတယ်။ ကျောင်းပေါ်တက်ကြ။ ဘုန်းကြီးတွေ ဆွမ်းစားပြီးရုံပဲ ရှိသေးတယ်’

‘ဦးက ဒီမြို့ကလား’

မင်းဉာဏ် လာရင်းကိစ္စကို ချက်ချင်းအကောင်အထည်ဖော်လိုက်သည်။

‘ဟေ မဟုတ်ဘူးကွ အနန်းပင်က’

သူ အေးညိုမဖြစ်နိုင်။ မျိုးထွန်းကို သူပြုံးပြလိုက်ပြီး ကျောင်းကြီးရှိရာသို့ သူတို့ လျှောက်လာခဲ့ကြသည်။

တိုင်လုံးပေါင်း လေးငါးဆယ်မက ပါဝင်သော ရှေးခေတ်လက်ရာ သစ်သားကျောင်းအိုကြီးသည် သက်ရှိတစ်ယောက်မှ မရှိသလိုပင် တိတ်ဆိတ်နေသည်။ တံစက်မြိတ်စွန်းမှ အောက်သို့ ချထားသော ပန်းကနုတ်ထွင်းပျဉ်ပြားတို့ သည် ရှေးဆန်ဆန် လှပနေကြသည်။ ကျောင်းက ခုနစ်ဆောင်ပြိုင်ကျောင်းဟု ခေါ်နိုင်မည် ထင်သည်။ ခြေတံရှည်ရှည်။ ကျောင်းအောက်မှာ ခုတင်တစ်ခုတလေတောင် မရှိ။ ထင်းပုံတစ်ခုသာ တွေ့ သည်။ တိုင်ခုနစ်တိုင် အခန်းခုနစ်ခန်းစာ အပြည့် စကြ်ံ လျှောက်လမ်း လွန်တော့မှ ပျဉ်နံရံတွေကာထားသည့် ကျောင်းဆောင်ကြီးထဲ အဝင်ဖြစ်သည်။ ကျောင်းအဆောက်အဦး စကြံပတ်ပတ်လည်မှာ ကာရံထားသော ခါးသာသာ လက်ရမ်းပျဉ်ကာက ပန်းကနုတ်တွေ ဖော်ထားသည့် ပွတ်လုံးတန်း လက်ရမ်းတွေ ဖြစ်သည်။

သူတို့သည် အပေါ်ထပ်လှေကားမှ တက်သွားပြီး စင်္ကြံကြမ်းခင်းမှာ ရပ်လျက် အကဲခတ်ကြသည်။ စင်္ကြံခေါင်းရင်းမှာ သပိတ်ဆေးရာနေရာအဖြစ် အသုံးပြုကြောင်း မြင်တွေ့ရသည်။ တစ်ဆင့်လှမ်းတက်ရသော ကြမ်းခင်းအမြင့်ကို တက်ပြီးမှ ကျောင်းပေါ်သို့ရောက်သည်။

ဘုန်းကြီးမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိသည်။ ဝဝဖိုင့်ဖိုင့် အသားဖြူဖြူ ဥပဓိ ရုပ်ကောင်းသည်။အသက်နှင့်အသားအရည်ကို ခန့်မှန်းပြီး ဒါတော့ ဦးအေးညို မဟုတ်ဘူး ဟု မင်းဥာဏ်သိလေသည်။

ဘုန်းကြီးအား ပါလာသော အားဆေးဘူးများ၊ မုန့်ဘူးများကို လှူဒါန်းလျက် ကန်တော့လိုက်သည်။

'ဒါကာလေးတို့က ဘယ်ကတုန်း'

'တပည့်တော်တို့ ရေနံချောင်းဘက် ကျမ်းကိုင်ကျွန်းကပါဘုရား'

'အော် ဝေးသကိုး'

'မှန်ပါ့ဘုရား ဘုန်းဘုန်းဒီကျောင်းမှာ သီတင်းသုံးတာ ကြာပါပြီလား ဘုရား'

'အေး ကြာပြီပေါ့။ ရဟန်းခံပြီကတည်းက ဆိုတော့ နှစ်ပေါင်းနှစ်ဆယ်လောက်တော့ ရှိမှာပေါ့'

'တင်ပါ့ဘုရား။ တပည့်တော်တို့ ဘုန်းဘုန်းကို လျှောက်ထား မေးမြန်းစရာလေး တစ်ခုရှိလို့ပါ။ ခွင့်ပြုတော်မူပါ ဘုရား'
'အေး ဘာသိချင်တုန်း'

'လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ့်ခုနစ်နှစ်တုန်းက ဒီကျောင်းကို တစ်ရွာသားလူငယ်တစ်ယောက် ရောက်လာခဲ့သလားလို့ သိပါရစေ။ အဲဒီလူက အခု အသက်ထင်ရှားရှိသေးလား။ ဘယ်ရောက်သွားသလဲဆိုတာ'

'ဒီကျောင်းကိုတော့ တစ်ရွာသားတွေ ရောက်ရောက်လာကြပါတယ်။ တချို့လဲ ကိုရင်ကြီးဝတ်ဖို့ တချို့လဲ အနီးအနားက အလုပ်အကိုင်လေး ဘာလေးလုပ်ဖို့။ ဒကာလေး သိချင်တာက ဘယ်ရွာသားတုန်း ဘယ်သူတဲ့တုန်း'

သူတို့စကားပြောနေစဉ် ဘုန်းကြီးခပ်ရွယ်ရွယ်တစ်ပါးက စာအုပ်ဘီဒိုထဲမှ စာအုပ်တစ်အုပ် ထုတ်ယူဖို့ရောက်လာသည်။ ထိုဘုန်းကြီးမှာ အသက်သုံးဆယ်လောက်ပဲ ရှိသေးသည်။ ဦးအေးညိုမဟုတ်။

'ကျမ်းကိုင်ကျွန်းကပဲ ဘုရား နာမည်က အေးညိုတဲ့'

'ကိုအေးညို အေး နှစ်တွေက ကြာပြီဆိုတော့လဲ ငါမသိတော့ဘူး။ လာတော့ လာကြတာကွဲ့'

ဤဘုန်းကြီးသည် အေးညိုကို မသိ။ သေချာပါသည်။ လူမသိရုံမျှမက အဖြစ်အပျက်ကိုလည်း မသိ။

'အတိအကျ ပြောရရင်တော့ ၁၉၇၄ခုနှစ် မိုးကာလလောက်ကပါ ဘုရား'

'ကျုပ်ဒီကျောင်းကို ရောက်တာက ရှစ်ဆယ်ခုနှစ်ဗျ။ ဒါဆိုရင် ကျုပ်မရှိခင်က ဖြစ်မယ်။ ကျုပ်ရောက်ပြီးမှတော့ အဲဒီနာမည်နဲ့ တစ်ယောက်မှ ကျောင်းမှာ မတွေ့ပါဘူး'

မင်းဥာဏ်နည်းနည်း အားလျော့သွားသည်။

'အရင် ဒီမှာကျောင်းထိုင်တဲ့ ဘုန်းကြီးကရော'

'ပျံလွန်တော်မူသွားပြီဗျ။ အဲဒီဘုန်းကြီးလက်ထက်တုန်းက ဘုန်းကြီးကျောင်းကို လှူဒါန်းဝေယျာ ဝစ္စတွေ လုပ်ပေးနေတဲ့ အဘိုးကြီးတော့ ရှိသေးတယ်။ သူများ သိမလား'

အဲဒီ အဘိုးက ဘယ်မှာပါလဲ ဘုရား'

ကျောင်းထောင့်က ဇရပ်လေးမှာ ဖိုထိုးလို့ရှိမယ်ဗျ။ အခုလေးတင် သူ့အတွက် ထမင်းပို့ခိုင်း ထားတယ်'

သီးသန့်ဇရပ်ဆောင်တစ်ခုတွင် ဖိုထိုးနေသော အဘိုးကြီးသည် အရပ်ပုပုပျက်ပျက် ကတုံးမှာ ပေါက်ခါစ ဆံပင်တိုတိုတို့က ဖြူဖြူဖွေးဖွေး။
အဘိုးကြီးဘေးတွင် လုံအကွဲများ၊ ချော်ရည်ဖြင့် အရောင်ပြောင်းနေသော လုံအကောင်းများ၊ မီးသွေးအကြေများ၊ ပြာများနှင့် အမှုန့်မျိုးစုံထည့်ထားသော ဖန်ဘူးအသေးအကြီးရှယ်စုံကို တွေ့ရသည်။ မီးကျီခဲရဲနေသော ဖိုကို လေမှုတ်ပန်ကာ တစ်ခုဖြင့် လှည့်လျက် မှုတ်ပေးနေသော အဘိုးကြီးက မင်းဥာဏ်တို့သိချင်သော အကြောင်းအရာကို စီကာပတ်ကုံးပြောပြခဲ့လေသည်။

'အေး အေးညိုလား။ ဟုတ်တယ် သူ့နာမည်က အေးညို မိုးတွင်းကြီးမှာ ရောက်လာတဲ့ သူငယ်။ အဲ အဲ ဟောဒီ လူငယ်ရဲ့ အရွယ်လောက်'
မင်းဥာဏ်နှင့်အတူ အုတ်ခဲပေါ်မှာ ထိုင်နေသည့် ဦးအေးကိုသားအကြီး မျိုးထွန်းကို ပြသည်။

'သူရောက်လာတာက ဆွမ်းခံပြန်ချိန်လောက်ကွဲ့။ သူက စိတ်သဘောလေးလဲ ကောင်းတယ်။ အလုပ်လဲ တော်တော် ဖင်ပေါ့တယ်။ ဘာခိုင်းခိုင်း အဆင်ပြေတယ်။ ထင်းခွဲရေခပ်အလုပ်ကြမ်းလဲ လုပ်တယ်။ ခါးတို့ဆောက်တို့နဲ့ပန်းပုထွင်းတာ ထုတာလဲ လုပ်တယ်'

အဘိုးကြီး၏စကားကို ဖြတ်ပြီး မေးချင်လှပြီ။ သို့သော် သူ့စိတ်ကို ထိန်းချုပ်ပြီးအပြုံးမပျက် နားထောင်နေခဲ့၏။

'ဘုန်းကြီးကျောင်းကို သူက သူငယ်ချင်းတစ်ယောက်နဲ့တစ်ခေါက်ရောက်ပြီးသားလို့ ပြောတယ်။ သူ ဒီကျောင်းအရိပ်ကို ခိုဖို့ ဆုံးဖြတ်ပြီးရောက်လာတာတဲ့။ ကျုပ်က ပထမတော့ သူ့ကို သံသယရှိတာပေါ့။ ဘယ်က ရောက်လာမှန်းမသိ။ရာဇဝတ်သား လား မသိ တရားခံပြေးလား မသိ။ ဒီတော့ ဘုန်းကြီးကို ပြောရတယ် သတိထားပါ။ ဘုန်းကြီးကျောင်းပေါ်မှာတော့ မထားပါနဲ့ လို့။ ဘုန်းကြီးက ဒါဆိုလဲ ခင်ဗျား ဇရပ်ခေါ်ထားပေါ့ဗျာတဲ့'

ဆယ်ပေပတ်လည်လောက် ရှိသည့် ဇရပ်လေးသည် မီးခိုးကျပ်ခိုးများဖြင့် မှောင်မဲနေသော်လည်း ခုတင် ဘီဒိုနှင့် စားပွဲတို့က သေသေသပ်သပ်။ အနံ့ဆိုးလည်း မရှိ မီးသွေးနံ့နှင့် ပြာနံ့သာ ရှိသည်။

'ဒီဇရပ်က ကျုပ်ဆောက်လှူထားတဲ့ ဇရပ်ပဲဗျ။ လှူပြီးတော့လဲ ကျုပ်ပဲ ခဏခဏ ရောက်လာ တရားထိုင် ဖိုထိုးပေါ့ဗျာ။ ဒါနဲ့ အဲဒီလူငယ်ကို ကျုပ်ခေါ်ထားလိုက်တယ်။ အမယ် ဒီသူငယ်ရောက်ကတည်းက ကျုပ်ဖြင့် တော်တော် စိတ်ချမ်းသားတာဗျ။ ကျုပ်သားအရင်းထက်တောင် ကျုပ်ကို ရိုသေသေးတယ်ဗျ'

သူ ထိန်းချုပ်ထားသည့် ခံနိုင်ရည် လွန်သွား၏။

'အဘိုး အဲဒီ ကိုအေးညို အခု ဘယ်ရောက်သွားလဲဟင်'

'ဟေ နေအုံးလေ ပြောပြမှာပေါ့။ စကားအိမ်ကျယ်အောင်ပြောမှ ဇာတ်ရည်လည်မှာ မဟုတ်လား'

သူ တစ်ချက်ရယ်ပြီး ခေါင်းကုတ်လိုက်မိသည်။

'သူက ပန်းကနုတ်အထွင်းတော့ အလွန်တော်တာမောင်ရေ။ အခုမင်း ဘုန်းကြီးကျောင်းအပေါ်ထပ် စကြံန်ပတ်လည် ရင်ထားတွေ မြင်တယ်မဟုတ်လား'
'ဟုတ်'
'အဲဒါ သူ့လက်ရာပေါ့။ သူ့လက်ရာကို ကြည့်ပြီးတော့ အနီးအနားက လက်သမားအပ်ကြတယ်။ သူက လက်သမားတော့ မတတ်ဘူးတဲ့ ပန်းအထွင်း ဆောက်အဖြတ်ပဲ တတ်တာတဲ့။ သူ့ကို အလုပ်တွဲလုပ်ဖို့တစ်မြို့တစ်နယ်ကတောင် လာကြတာ မောင်ရင်။ ဒါပေမဲ့ သူက လူထူးလူဆန်း၊ ဒီကျောင်းကနေ ဘယ်ကိုမှ မခွာနိုင်သေးဘူးတဲ့။ ညအိမ်ညဥ့်နေတောင် သူဘယ်ကိုမှ

သွားတာ မဟုတ်ဘူး။ ဒီကနေ တစ်ခါမှလဲ ခရီးမထွက်ဖူးဘူး။ ညနေတိုင်ဆိုရင် ရွာထိပ်ကားလမ်းက လဘက်ရည်ဆိုင်မှာ သွားသွားထိုင်ပြီး ညမိုးချုပ်မှ ပြန်ပြန်လာတယ်'

'အဘိုး သူ အခု ဘယ်မှာလဲ'

သူ မအောင့်နိုင်တော့ဘဲ မေးလိုက်သည်။

သည်တစ်ခါတော့ သူမေးသည့် မေးခွန်းကို အဘိုးကြီးက တိုက်ရိုက်ဖြေလေသည်။

'မရှိရှာတော့ဘူး။ ကြာလှပြီ'

'သူ ထွက်သွားတာလား'

'ဆုံးသွားတာ'
'ဟင်'
သူ့ရင်ထဲတွင် ဟာခနဲ ခံစားလိုက်ရသည်။

'သူရောက်လာပြီး တစ်နှစ်လောက်ပဲ ရှိအုံးမယ်ကွဲ့ ကျုပ်လက်ပေါ်မှာပဲ ဟောဟို ခုတင်ပေါ်မှာပဲ ဆုံးသွားတာ' အိပ်ရာခင်း၊ ခေါင်းအုံးသေသေသပ်သပ်ဖြင့် ခုတင်ကို သူလှမ်းကြည့်လိုက်သည်။

'သူတစ်ရက် မိုးမိပြီး ပြန်အလာမှာ ငှက်ဖျားဝင်လာတယ်။ အပြင်းဖျားတယ်။ ကျုပ်နဲ့ဘုန်းကြီးလဲ ဗမာဆေးရော အင်္ဂလိပ်ဆေးရော အစုံပင့်ပြီး ကုတာပဲ။ ဒါပေမဲ့ မရပါဘူး။ ကယောင်ကတမ်းတွေ ပြောရင်းပဲ ဆုံးသွားတာပဲ'

မျက်နှာညိုးလာသော မျိုးထွန်းကို ပခုံးဖက်နှစ်သိမ့်ရင်း သူ သက်ပြင်းချလိုက်မိသည်။

'သူသေတော့ သူ့လွယ်အိတ်ထဲကနေ အဝတ်အစားတချို့၊ ပစ္စည်းလေးတွေနဲ့ ငွေတွေ တွေ့တယ်။ ငွေတွေက အရွက်သေးလေးတွေပါ။ သူစုဆောင်ထားတဲ့ ငွေလေးတွေ ဖြစ်ဟန်တူပါရဲ့။ ထူးဆန်းတာကတော့ သူ့အိတ်ထဲမှာ မိန်းကလေး အင်္ကျီတစ်ထည် တွေ့ရတာပဲ။ အင်္ကျီက အသစ်ဗျ။ သူ ဘယ်ကရထားမှန်းမသိ။ ဘယ်မိန်းကလေးနဲ့မှလဲ သူ အရောတဝင် နေတာ မမြင်ရဖူးဘူး'

သူ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။ မေမေ့ကို သတိရလိုက်မိသောကြောင့် ဖြစ်သည်။

'သူလဲ ကုသိုလ်ရအောင် သူ့ငွေလေးတွေကို အခုမြင်နေရတဲ့ ဘုရားတွေ့တယ် မဟုတ်လား။ ရှစ်မျက်နှာဘုရားလေးတွေ ထည့်ပူဇော်ဖို့ပလ္လင်တစ်ခုဝယ်ပြီး လှူလိုက်တယ်။ အဲဒီမှာ သူ့ နာမည်နဲ့ကမ္ပည်းထိုးထားလိုက်တယ်။ ခဏနေ သွားကြည့်လိုက်ပေါ့'

အဘိုးကြီးလက်ညိုးညွှန်ပြရာသို့လှမ်းကြည်လိုက်သည်။ ရွှေရောင်ပျက်ပြယ်နေသော စေတီကြီးတစ်ဆူ၏ အဝေးမြင်ကွင်းကို ပြတင်းမှ တစ်ဆင့် မြင်လိုက်ရသည်။

'သူ့မွေးနေ့လဲ ကျုပ်မသိ။ ရက်လည်း မသိတော့ ကမ္ပည်းထိုးတဲ့အခါ သူ ဒီရောက်လာတဲ့ နေ့နဲ့ ဆုံးသွားတဲ့ နေ့ကိုပဲ ထည့်ရတော့တာပေါ့'
သူနှင့် မျိုးထွန်းသည် ဘုရားစေတီသို့သွားပြီး ပလ္လင်တော်ကို သွားကြည့်သည်။ တနင်္ဂနွေနံ ဘုရားမှာ ဖြစ်သည်။ ပလ္လင်က တော်တော်ကြီးပါသည်။

မောင်အေးညို
(၂၈-၇-၇၄ တွင် ရေးသား၍
၁၂-၉-၇၅တွင် ကွယ်လွန်)

သူတို့၏အပြန်ခရီးတွင် အဘိုးကြီးပေးလိုက်သော အမှတ်တရပစ္စည်းနှစ်ခု ပါလာခဲ့၏။

ဘွားမှန်အတွက်က ဦးအေးညို မသေမီတွင် ထုခဲ့သော ပွတ်လုံးသစ်သားခေါင်းအုံးတန်းလေး တစ်ခု။

မေမေ့အတွက်ကတော့ ဇာနားတပ် မိန်းကလေးဝတ် အင်္ကျီကြည်ပြာရောင်လေး တစ်ထည် ဖြစ်လေသည်။

* * *

(၃၅)

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မိုးသဲသဲ ရေဘောင်ဘင်တွင် ပုန်းလျှိုးကွယ်လျှိုး တိတ်တိတ်လေး ထွက်ပြေးခဲ့ရသည့် ခရီးကို မိခင် သတိရနေမလားဟု သူစဉ်းစားမိသည်။ အခုတော့ မိမိတို့ အပြန်မှာ လိုက်ပါပို့ ဆောင်သည့် ဆွေမျိုးများ မိတ်ဆွေများဖြင့် မြိုင်ဆိုင်နေတော့သည်။
ကမ်းစပ်မှာရပ်နေသည့် လူအုပ်စုကို မင်းဥာဏ်ဓါတ်ပုံရိုက်တော့ မင်းဥာဏ်ကန်တော့ထားသော နားကပ်သစ်လေးဖြင့် ဘွားမုန် ၏မျက်နှာမှာ တောက်ပခန့် ညားနေသည်။
ဘွားမုန်အတွက် မိမိမှာပါသည့် ငွေထဲက တစ်ဝက်ကို သူ ့သားအတွက် ကောင်းမှုကုသိုလ် တစ်ခုခု ထည့်ဝင်နိုင်ရန် လှူခဲ့သည်။ ငွေအတိုင်းပေးလျှင် အဘွားကြီး ဝမ်းနည်းအားငယ်မှာ စိုးသဖြင့် တရားနာဖို ့ဟု ခရီးဆောင် ဓါတ်ပြားဖွင့်စက် အသေးလေးကို လက်ဆောင်ပေးရင်း ငွေပါထည့်ပေးလိုက်သည်။
ရိုးသားလှသော အဘွားကြီးက အတင်းငြင်းဆန်နေခဲ့၏။
မင်းဥာဏ်က မေမေ့ကိုယ်စား အဘွားကို လက်ဆောင်ပေးတာပါဟု ရှင်းပြလိုက်သည်။

မေမေသည် အဘွားသားကိုအေးညိုကြောင့် ဘေးမသီရန်မခ မြစ်ကူးနိုင်ခဲ့သည်။ မေမေသာ လှိုင်းတံပိုးထန်သည့် မြစ်ပြင်မှာ အသက်ပျောက်ခဲ့ရလျှင် မင်းဥာဏ်ဆိုသော သားလည်း လူ့ ဘဝထဲသို့ ရောက်လာခွင့်ရတော့မှာ မဟုတ်။

'အဘွား အဲဒီသေးသေးပြားပြားလေးပေမဲ့ အထင်မသေးနဲ ့ဗျ။ အဲဒီထဲမှာ အမ်ပီသရီးစနစ်နဲ ့ နားထောင်တဲ့ဟာ ပါတယ်။ သီချင်း အပုဒ်တစ်ရာကျော်တောင် ဆန့် တာဗျ'

လူငယ်မို့ ခေတ်သိပ်နောက်မကျသော သူ့ မြေးမျိုးထွန်းက အားရပါးရပြောသည်။

'ဟေ ဘာတွေလဲဟဲ့ ငါ့ အဲဒါ ဘယ်လိုလုပ်ရမှာလဲ'

အဘွားမုန်က ဓါတ်ပြားဖွင့်စက်အပြားလေးကို လှည့်ပတ်ကြည့်ရင်း ဘာမှမသိသော်လည်း ပီတဖြာနေခဲ့၏။
မနှင်းမုန်သည် လှေပေါ်တွင် မိခင်နှင့်အတူ ထိုင်ရင်း သဲသောင်မြေကုန်းပြင်ကို လှမ်းကြည့် နှုတ်ဆက်လိုက်သည်။ နောက်တစ်ကြိမ်ရောက်ခဲ့လျှင်လည်း ရွာသည် ယခုထက် ပိုပြီး ထူးခြားပြောင်းလဲမှာ မဟုတ်။ ရွာ၏မြေဩဇာနှင့် ဝမ်းရေး အဟာရကို ဧရာဝတီမြစ်က ပေးစွမ်းနေခဲ့သည်မှာ မှန်၏။ သို ့သော် ရွာ၏ချဲ ့ထွင်တိုးတက်မှုကိုလည်း ဧရာဝတီမြစ်ကပဲ ကန့် သတ်ထားလေသလား မသိပါ။

ရွာအစု၏တစ်ခုတည်းသော အလယ်တန်းကျောင်းလေးတွင် တွဲလျက် တည်ဆောက်ရန် စာကြည့်တိုက်ဆောင်လေးတစ်ခု အတွက် မတည်ငွေကို သားက ရွာဦးဘုန်းကြီးကျောင်းမှာ လှူပေးခဲ့သည်။ ထိုစာကြည့်ဆောင်လေးဖွင့်လှစ်သည့်အခါ ချိတ်ထားရန်ဟု မင်းဥာဏ်က အမေ့အား ရွာနောက်ခံဖြင့် ဓါတ်ပုံရိုက်ယူခဲ့သည်။

'မေမေ ဘယ်နေရာမှာ ရိုက်ချင်လဲ။ မေမေ့အတွက် ဒီရွာမှာ ဘယ်နေရာက သတ္တိတွေ ခွန်အားတွေ ပေးလိုက်သလဲ မေမေ သိလား'

'အို ဘယ်သိပ့ါမလဲ'
သားမေးခွန်းတွေက တစ်ခါတစ်ခါ အဖြေရ တော်တော်ကြပ်ပါလား။

'ဒါဖြင့်လဲ ဧရာဝတီနောက်ခံနဲ့ရိုက်မယ်'

'အေး'
မိခင်အား မြစ်ကမ်းပါးအစွန်းမှာ ရပ်စေပြီး ဧရာဝတီမြစ်နောက်ခံဖြင့် ဓါတ်ပုံရိုက်ခဲ့သည်။

'မြစ်ပြင်က စီးဆင်းနေတဲ့ ရေတွေက မေမေ့ကို တစ်နေရာကနေ နောက်တစ်နေရာဆီ ခရီးဆက်ဖို့ ပေးခဲ့တဲ့ ခွန်အားတွေ ဖြစ်ချင်ဖြစ်မှာပေါ့ နော်မေမေ'

မိခင်က ပြုံးလျက်သာ ရှိသည်။

နံနက်ခင်းနေခြည်အောက်မှာ ဧရာဝတီမြစ်သည် ငြိမ်းချမ်းလျက်။ လှေဆိပ်က သူတို့လာခဲ့စဉ်က နေရာမဟုတ်တော့ဘဲ ခပ်လှမ်းလှမ်းသို့ ရွှေ့သွားခဲ့ပြီမို့သဲသောင်ပြင်ပေါ်မှာ ခရီးတိုတို လမ်းလျှောက်ကြရသည်။ မင်းဥာဏ်က အဝေးမှာ ကျန်ရစ်ခဲ့သော ရွာကို ဓါတ်ပုံတွေ တဖျတ်ဖျတ် ရိုက်လို့အားမရနိုင်အောင် ရှိတော့သည်။
ရေပြင်မှာ တာတုတ်သည့်အနေဖြင့် စိုက်ထားသော သစ်ကိုင်းအတန်းလိုက်ကို ဓါတ်ပုံရိုက်လိုက်တော့ သစ်ကိုင်းခြောက် အဖျားမှာ နားခိုနေသော ငှက်လေးတစ်ကောင်ကို သတိထားမိသည်။

'ငှက်တစ်ကောင်တည်း တွေ့ရရင် ဝမ်းနည်းရတတ်တယ်'

ဝေလွင် မကြာခဏပြောဖူးသည့် စကားသံ။

ဝေလွင်။

သူ့ဘေးနားမှာ ဝေလွင် မရှိနိုင်တော့သည့် မြို့ကြီးကို သူပြန်ရတော့မည်။ ဒီရွာမှာ ရောက်နေသည့် သုံးရက်အတွင်း သူ့ဘေးမှာ ဝေလွင်မရှိခြင်းအတွက် သူ့ကိုယ်သူ လှည့်စားထား လို့ရနိုင်သေးပေမဲ့ ရန်ကုန်မှာတော့ သူ့အနားမှာ ဝေလွင်မရှိတော့သည့် အဖြစ်ကို ဘာနှင့်မှ လှည့်စားလို့ရတော့မှာ မဟုတ်။

သူ့မိုးကောင်းကင်အောက်မှ ဝေလွင် ထွက်ခွာသွားအောင် သူကိုယ်တိုင်ပဲ နှင်ထုတ်ခဲ့ပြီးပြီ။

မနေ့က တောင်တွင်းကြီးမှအပြန် မကွေးမြို့မှာ အင်တာနက် အသုံးပြုနိုင်သည့်နေရာ ဝင်ရှာတော့ တွေ့သည်။ ရုံးနှင့်ကင်းကွာနေ သည့် သုံးလေးရက်တွင် သူပထမဆုံးအကြိမ် အီးမေးလ်စာများကို ဖွင့်ဖတ်ရသည်။ စာပေါင်းငါးဆယ်ကျော်သည်။
သူခွင့်ယူထားမှန်းသိရက်နှင့် သူ့ဘော့စ်က သူ့ကို လှမ်းထည့်ထားသော စာတွေလည်း ပါသည်။ သူသွားမည့်နေရာသည် အင်တာနက် မဆိုထားနှင့် တယ်လီဖုန်းတောင် ဆက်သွယ်လို့မရသည့် သေးသေးမွှားမွှားရွာကလေး တစ်ခုဟု သူမပြောခဲ့ပေ။ စာတွေထဲတွင် သူ့ကို ရင်နင့်သွားစေသည်ကတော့ တစ်စောင်တည်းသော ဝေလွင့်စာ။

*နင့်ကို ငါမုန်းတယ်။ အမုန်းတကယ် မုန်းတာ။*

*ငါနဲ့ ပတ်သတ်သမျှအရာရာက နင်နဲ့ ပတ်သတ်သမျှ အရာရာကို မုန်းတယ်။*

*ငါ့လက်ကောက်ဝတ်လှုပ်ရှားမှုက နင့်ကို မုန်းတယ်။*

*ခဲတံကို ငါကိုင်နေတဲ့ပုံစံက နင့်ကို မုန်းတယ်။*

*ငါ့ရဲ့ အသေးမွှားဆုံး အရိုးလေးတွေက ထွက်လာတဲ့အသံက နင့်ကို မုန်းတယ်။*

*သူ့ဆံခြည်မျှင် သွေးပြွန်လေးတွေထဲမှာသူ သီချင်းဆိုနေတဲ့ သွေးဥလေးတိုင်းက နင့်ကို မုန်းတယ်။*

*ပောဒီ သေ့ဘွဲလေးရဲ့ ရာဇဝင်က နင့်ကို မုန်းတယ်။*

*ပိတ်ထားတဲ့ ပြတင်းတစ်ခုဟာ ပိတ်ထားတဲ့ပြတင်းတစ်ခုလည်း ဖြစ်သလို ငါနင့်ကို ဘယ်လောက်မုန်းတယ်ဆိုတဲ့ သင်္ကေတလည်း ဖြစ်တယ်။*

*ငါရဲ့ 'မင်္ဂလာပါ' လို့ နှုတ်ဆက်တဲ့အသံ–အမုန်း*

*နင်သိလား ငါအိပ်ချင်မူးတူးဖြစ်နေတဲ့အခါ နင့်လက်မောင်းအောက်မှာ ငါ့ခေါင်းကို ဘယ်လိုမှီလိုက်လဲ– အမုန်း*

*မနက်ကနေ ညအထိ နှလုံးသားကို သိမ်းဆည်းထားတဲ့ငါ့ရင်ညွန့် က နင့်ကို မုန်းတယ်။*

*ငါနင့်ကို ဆဲလ်တစ်ခုချင်း ခွဲစိတ်ဖြတ်တောက်ကြည့်နေတယ်။ တစ်ခုချင်းကို တစ်ခုစီ ငါမုန်းနိုင်အောင်လို့ ။*

*(ဂျူလီရှိုဟန်)*
*ဝေလွင်*

ဝေလွင်၏ထိန်းချုပ်ထားလျက်က ပြိုကျလိမ့်ဆင်းလာမည့် မျက်ရည်တို့ ကို သူမြင်ယောင်လိုက်သည်။

ဝေလွင့်ဆီ သူ စာပြန်ရေးလိုက်၏။

*ချစ်သောဝေလွင်*

*ခါလီဂျီဘရန်က ပြောခဲ့ဖူးတယ်။ နာကျင်မှုတော်တော်များများဟာ တို့ တွေ ကိုယ်တိုင် ရွေးချယ်ယူခဲ့တာ ဖြစ်တယ် တဲ့။*

*တို့ လူသားတွေရဲ့ စိတ်ဝိညာဉ်ဆိုတာက မကြာခဏဆိုသလို စစ်တလင်းတစ်ခု ဖြစ်ဖြစ်နေတတ်တယ်။ ကိုယ်တို့ ရဲ့ အလိုရမ္မက်တွေ၊ မွတ်သိပ်မှုတွေကို ဆင်ခြင်တုံတရားတွေ စီရင်ချက်တွေနဲ့ ခုခံတိုက်ခိုက်နေရတဲ့ စစ်မြေပြင်ပေ့ါ။*

*ဆင်ခြင်တုံတရားနဲ့ အလိုရမ္မက်ဟာ စိတ်ဝိညာဉ်ပင်လယ်ပြင်ခရီးမှာ တက်မနဲ့ ရွက်ပမာ တူတယ်။*

*တက်နဲ့ ရွက် တစ်ခုခုပျက်ရင် ကိုယ်တို့ လွင့်စင်မျောပါသွားမှာပဲ။*

*ဆင်ခြင်တုံတရားတစ်ခုတည်းနဲ့ ဆိုရင် ဒါဟာ အတင်းခမ္မ အကျဉ်းကျ ခံနေရသလိုပဲ။ အလိုရမ္မက်နဲ့ ချည်းဆိုရင်လဲ ကိုယ့်ကိုယ်ကို ဖျက်ဆီးပစ်မယ့် မီးတောင်မီးလျှံပဲ။ ဒီနှစ်ခုကို ဟန်ချက်ညီအောင် ထိန်းတတ်ဖို့ ကြိုးစားကြရမှာပါပဲ။*

*ဝေလွင်မရှိတော့တဲ့ တို့ ရဲကမ္ဘာက ငရဲတစ်ခုပါပဲ။ အဲဒီငရဲကို ကိုယ်တိုင် ဖန်ဆင်းယူခဲ့ရတာပါ။*

*မေတ္တာဖြင့်*
*မင်းဥာဏ်*

ဝေလွင်နှင့်နီးပြီး အဝေးကြီးဝေးရသော နေရာဆီသို့ ပြန်ရတော့မည်။ မေမေ့အတွက် သူလုပ်ပေးချင်သမျှ အရာရာဖြင့် ပြီးပြည့်စုံသွားပြီဖြစ်သော ရွာကလေးကို သူ နောက်ဆုံး နှုတ်ဆက်ခဲ့သည်။

ကမ်းစပ်မှ လှေခွာလာခဲ့သည့်အချိန်တွင် မင်းဥာဏ်သည် သေးသေးမွှားမွှားရွာလေးအား နောက်ဆုံးတစ်ချက် ဓါတ်ပုံရိုက်လိုက်သည်။ ဒီရွာသေးသေးမှာ မွေးဖွားခဲ့သည့် မေမေက မိမိကို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် မွေးဖွားပြုစုဖို ့အင်အားကို ဘယ်ကနေရခဲ့ပါလိမ့်။ မင်းဥာဏ်ကရော ကိုယ့်ကိုယ်ကို ဘယ်လိုရှာတွေ့သွားခဲ့သလဲ။

ထိုအချိန်မှာ ကင်မရာ၏အဝေးကြည့်မှန်ဘီလူး မြင်ကွင်းမှာ မျက်နှာတစ်ခုဝင်လာသည်။

ထိုမျက်နှာသည် မင်းဥာဏ်ဆီသို့ တည့်တည့်ကြည့်နေခဲ့သည်။ ဆွေးမြေ့နာကျင်မှု၊ ရက်ရွံ့ သိမ်ငယ်မှု၊ လက်လျှော့အရှုံးပေးမှုတို့ဖြင့် ဘောင်ခတ်ထားသည့် ပိန်ပိန်ချုံးချုံး မျက်နှာ။

မင်းဥာဏ်၏ နှလုံးသားဆီတွင် တစ်ချက်မျက်ခနဲ နာကျင်သွားသည်။

သူ ့မျက်စိအောက်မှာ မြင်နေရသော လူသည် ရုပ်ထွေးပျောက်ဆုံးသွားခဲ့သော ဘဝတစ်ခု၏ ပြယုဂ်ဖြစ်သည်။ ဒီလူဟာ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့မှုမှာ ဘဝကို ပျောက်ဆုံးခဲ့ရတာ ဖြစ်လိမ့်မည်။

လှေက ကမ်းစပ်မှ ဝါးတစ်ရိုက်လောက် လွန်လာခဲ့ပြီ။ ထိုအချိန်မှာ မင်းဥာဏ် မေမေ့ကို တစ်ချက် လှည့်ကြည့်လိုက်သည်။

'မေမေ မေမေ ယူလာတဲ့အယ်လ်ဘမ်ရော'

'ပါပါတယ် သားရဲ့ ။ မေမေ့အိတ် အပြင်ဘက် ဇစ်ထဲမှာ'

သူအိတ်ကို ဖွင့်ပြီး ဓါတ်ပုံထည့်သည့် အယ်လ်ဘမ်ကို ထုတ်ယူလိုက်သည်။

မိမိနိုင်ငံခြားခရီးတို့တွင် အစည်းအဝေးခန်းမများ၊ စာသင်စင်မြင့်များတွင် ဟောပြောနေစဉ် ရိုက်ခဲ့သော ဓါတ်ပုံများ ပါဝင်သည့် အယ်လ်ဘမ်ကို ရွေးယူလိုက်သည်။ ထို ့နောက် အယ်လ်ဘမ်၏မျက်နှာဖုံးပေါ်တွင် စာကြောင်းတစ်ခုကို ခပ်သွက်သွက် ရေးခြစ်လိုက်သည်။

'ညီလေး ခဏလေး ကမ်းကို ပြန်ကပ်ပေးပါလား။ ငါမေ့သွားတာ တစ်ခုရှိလို့ '

လှေသမားလေးကို အရေးတကြီးပြောတော့ လူငယ်က 'ရပါတယ် အစ်ကို' ဟု လှေကို ပြန်လှည့်ပေးသည်။

'ဟော သား ဘာမေ့ကျန်ခဲ့ပြန်ပြီလဲ'

မေမေ့ကို ပြုံးသာပြလိုက်၏။ စိတ်ထဲကတော့ ကျိုးပဲ့ကြေမွသွားတဲ့ ဘဝတစ်ခုကို သတိရမိသွားလို ့ဟု ရေရွတ်မိသည်။ ကမ်းပေါ်မှာက အုပ်စုက ပြန်လှည့်ထွက်နေပြီ။ ပြန်လှည့်ထွက်သူများ၏နောက်နားမှ ခေါင်းငိုက်စိုက်ဖြင့် တစ်ယောက်တည်း လျှောက်သွားနေသောလူ။
လှေကပ်သည့်အခါ သူရေထဲသို ့ဝုန်းခနဲ ခုန်ဆင်းပြေးလိုက်သည်။ စိုက်ခင်းတွေဆီသို ့ရောက်နေပြီဖြစ်သော လူစုက ရေသံကြောင့် လှည့်ကြည့်သည်။

သူ ဦးစံလှဆီ လျှောက်သွားလိုက်သည်။

အံ့ဩနေသော ဦးစံလှလက်ထဲသို့ ပါလာသော အယ်လ်ဘမ်ကို ပေးခဲ့ပြီး ချက်ချင်းပင် ပြန်ပြေးထွက်လာခဲ့သည်။

လှေပေါ်သို့ ကမန်းကတန်း တက်ပြီး ရပြီ ဟု သူပြောလိုက်သည်။ မေမေ့ မျက်လုံးတွေ ပြုံးကျယ်ဝိုင်းစက်နေ၏။

'သား ဘာလုပ်တာလဲ'

'ဘာမှ မလုပ်ပါဘူး'

ကမ်းပေါ်မှာ ကျန်ခဲ့သူသည် မမျှော်လင့်ဘဲ လက်ထဲသို့ ရောက်လာသော ဓါတ်ပုံစာအုပ်လေးကို ဖွင့်ကြည့်လိုက်၏။

ထို့နောက် အံ့ဩစွာပင် ထွက်ခွာစပြုသော လှေဆီသို့ လှမ်းကြည့်လိုက်သည်။

လှေသည် တရွေ့ရွေ့ ဝေးကွာသွားပြီ။ လှေပေါ်မှလူအားလုံးသည် ရွာဘက်သို့ လှည့်ကြည့်နေ ကြသည်။

သူ့လက်ထဲမှ အယ်လ်ဘမ်ကို နောက်တစ်ကြိမ်ကြည့်မိသည့်အခါ စာအုပ်အဖုံးတွင် စာကြောင်းတစ်ကြောင်းကို မြင်မိသည်။

'အဖေဂုဏ်ယူဖို့ သားတစ်ယောက်ရဲ့ ခရီးများ' ဟူသည့် ခပ်သော့သော့ မင်အနက် လက်ရေးများ။

သူ့မျက်လုံးတွေ စိုစွတ်ရီဝေလာ၏။

နောက်တစ်ကြိမ် လှမ်းကြည့်သည့်အခါ ရွေ့လျားနေသော လှေ၏မြင်ကွင်းသည် ဝေဝါးနေလေသည်။

ဂျူး
၃၊ ဩဂုတ်၊ ၂၀၀၆
(ပြင်ဦးလွင်)